အညာသွား ငစည့်ကူး စား ဟောင်း နှင့် ငမောင်တို့သည်ပြည်ထဲရေး မှုကိုလို
ခြံအောင်မထိန်း ၊ ဆင်းရဲသား ကျွန်တော်မျိုး တို့ထက်ပေါ်း အောင်ပြုကျင့်သော
ကြောင့်သတ္တဝါအပေါင်း တို့ကိုသနား ဂရုဏာရှိ တော်မူလှသည်ဖြစ်၍ ငါခမည်း တော်
ဘုရား နောင် တော်ဘုရား တို့အရိုက်အရာ တော်ဖြစ်သော ရွှေထီး ရွှေနန်း
ကိုတက်သိမ်း စမ္ဗာယ် တော်မူသည်။ အညာသွား လူတို့အိမ်ယာင မောင်အပါအဝင်
လူတို့အိမ်ယာများ ကိုအစောင့်အနေအထိမ်း အသိမ်း ခန့်ခြဲခန့်၊ လွှတ်တော်ရုံး
တော်ကမခန့်မထား သည်ကိုဆင်းရဲသား ကျွန်တော်မျိုး တို့အိမ်ယာများ ထွင်
ပစ္စည်း ဥစ္စာများ ကိုနိုင်တက်စီး ကဲမလုမယူ မဖျက်မဆီး စေနှင့်၊ လုံခြုံအောင်
သတိဂတိရှိသူကိုလူ ၅ ဝတန်သည် ၆ ဝတန်သည်အသီး အသီး ပေး အပ်၍ ၂ ရပ်တန်သည်
၃ ရပ်တန်သည်နိုင်နင်း လုံခြုံအောင်ရှာယူဘမ်း ဆီး၍ တွေ့မိလျှင်ထင်ရှား အောင်
ကွပ်။

II February 1782

(သက္ကရာဇ်) ၁၁၄၃ ခုတပို့တွဲလပြည့်ကျော် ၁၄ ရက် နေ့နား ခံစမြောင်
မှူး ထွင်ပြန်။
(ဆင်တဲ၄၁)

ငစည့်ကူး စား ဟောင်း နှင့်ငတုတ်ကြီး ငထွန်း တို့ရှိရာတပ်တော်ကြည်း ဘက်
ရေဘက်အလျှင်အမြန်ချီသွား လုပ်ကြံစေသင့်မည်ဝန်တို့ကဆက်သွင်း သည့်အတိုင်း ချီ
သွား မည့်အခါကိုပညာရှိတို့ကိုထုတ်ချက်ရွေး ချယ်စေရာတွင်သက္ကရာဇ်၁၁၄၃ခု
တပေါင်း လဆန်း ၁ရက်၁နေ့နေ့၂ချက်တီး ကျော်၅နာရီတပါတ်ဗီဇနာပြည့်
လျှင်အနောက် မြောက် ထောင့်ကိုမျက်နှာရှေ့ရည်စေလျှက်ရတနာ၁၃ပါး စသော
သမာဒေဝနတ်မြတ်တို့အား ပူဇော်တိုင်ကြား စေပြီး မှမင်္ဂလာအောင်တပ်
တော်ချီစေရာကြောင်း နှင့်အခါစါဆက်သွင်း သည့်အတိုင်း ကြည်း ဘက် ရေဘက်
လုံခြုံအောင်ခန့်ထား၍ချီသွား လုပ်ကြံစေ၊ တိုင်း ရေး ပြည်ရေး ကိုထိန်း သိမ်း
ရသည်ဆိုသည့်အရာသည်တရား ကိုစောင့်မှတရား စောင့်သည်ဖြစ်သည်၊ အရက်
ဂဇော်လော်စာစိန်ပင်ဘင်း သောက်စား ယစ်ဝခြင်း ။တယောက်ကိုတယောက်
နိုင်ထက်စီး ကဲကျင့်ခြင်း ၊ သား ကြီး ငါး ကြီး သတ်ခြင်း အမှုများ ကိုလည်း နိုင်
နင်း အောင်ကွပ်ညှပ်စီရင်မှပြည်ရွာသာယာစည်ပင်ရာသည့်အကြောင်း ဖြစ်
သည်၊ မျက်နှာကြီး ငယ်မရွယ်မထောက်ဂတိ၄ပါး ကိုမငဲ့မကွက်ကြပ်ကြပ်တည်း တည်း
နိုင်နင်း တွေ့မိအောင်ဘမ်း ဆီး ၍ကွပ်ညှပ်စီရင်။

II February 1782

(သက္ကရာဇ်)၁၁၄၃ခုတပို့တွဲလပြည့်ကျော်၁၄ရက်နေ့နား ခံစမြောင်
မှူး ဖွင်ပြန်။
(ဆင်တဲ၄၁)

ငစည့်ကူး စာဟောင်း နှင့်ငမောင်တို့သည်တိုင်း ပြည်ကိုငြိမ်ဝပ်သာယာအောင် မသိမ်း မပိုက်မအုပ်မချုပ်( သောကြောင့် )သတ္တဝါအပေါင်း တို့ဆင်း ရဲကြီး စွာ ဖြစ်ကြသည်ကိုသနား ဂရုဏာရှိတော်မူလှသည်ဖြစ်၍ပြည်သူလူတကါတို့( ချမ်း သာရာ ရ) စေကြောင်း ကိုတရား သဖြင့်ငါအသျှင်ဓမ္မရာဇာမင်း မြတ်ရွှေထီး ရွှေနန်း တက်သိမ်း စံမှာယ်သည်ကိုနေ့ရက်မရှည်( မကြာစေရ )နိုင်ငံတော်အတွင်း အဝေး အလံမြို့ပြ ကျေး ရွာစော်ဘွား မြို့စား မြို့ဝန်စစ်ကဲမြို့သူကြီး ရွာသူကြီး တို့မကြား မ သိလေသေး ။ ရှမ်း ပြည် မြေလတ်တပြင်မြို့စား စော်ဘွား တပ်ပေါင်း စား တို့ သို့သတိဂတိနှင့်အကျိုး အပြစ်သိမြင်သူတို့ကို ရွေး ချယ်၍ ဝန်တို့မှတ်စာမှာစာနှင့် နေ့ညအလျှင်ရောက်အောင်သွား စေ၊ အောက်မြစ်ငိုး မြစ်စဉ့်တလျှောက်ချင်း တွင်း မြစ်ငိုး မြစ်ညာ ကျေး ရွာများ သို့လည်း ခန့်ထား ၍ မှတ်စါမှာစာနှင့်အ လျှင်သွား စေ။

I2 February I782

(သက္ကရာဇ်၁၁၄၃ ခုတပေါင်း လဆန်း ၁ ရက်နေ့နား ခံစမြောင် မှူး ပြန်။

(ဆင်တဲ၄၁)

ငစည့်ကူး စား ဟောင်း သည်အကျင့်အကြံမမှန်သော ကြောင့်ထီး နန်း မှကွာလွှတ်
လျှင်ဇာတ်သဘာဝတူ ရာကျွန်ခံမည်မကြံမစည်တကျွန်း တနိုင်ငံတရပ်တရက်တို့ကိုအ
မှီပြုမည်ကြံစည်ထွက်ပြေး ကြောင်း သင်း တို့ထွက်ပြေး ရာလိုက်လံဘမ်း ဆီး သတ်ညှစ်
ပါမည်မင်း ရဲရန်နောင်ယူ တော်မူမြင်း မှူး ၊ နောက်ဝင်း မှူး သမန္တရဲ၊ ပ
ညား ဦး တို့တစုက ရွှေဘဝါး တော် အောက်ရှိခိုး သံ တော်ဦး တင် ရောက်သည်
မှာ ကျေး ဇူး သစ္စာ တော်ကိုခံ သောက်ရပြီး ဖြစ်လျှင်သနား တော်ခံကြသည့်အ
တိုင်း ရန်သူ ရှိရာအမှု တော်ကိုလိုက်လံထမ်း ရွက် စေမှာထား ရမည်၊ ကျေး ဇူး
သစ္စာ တော်ကိုမခံမ သောက်ရ လေ သေး ဖြစ်သည်၊ ရွှေဘဝါး တော် အောက်ပြန်
လာ စေ၍ ကျေး ဇူး သစ္စာ တော်ကိုခံ သောက် စေပြီး မှအမှု တော်ကိုထမ်း ရွက် စေ၊
မင်း ရဲရန်နောင်တို့ကလဲလု မင်း သား ငကြွက်၊ ဗေါင်ပြင်ငမြတ်၊ နား ခံ ရွှေ
တောင်နန္ဒမိတ်၊ ဥဒိန် ဝေရ၊ ကုလား သာဓါ၊ ငစိုင်၊ ဒဝယ်စစ်ကဲငလွှံ၊ ငှင်း
မြင်း ခေါင်း ငတ၊ အာဏာစိုး ငမြတ်တို့တစုမှာလည်း တော်သင့်ရာထမ်း ရွက်
စေရမည်၊ သစ္စာ တော် ပေး ၍ ရုံး တော်တွင် နေ စေ၊ တုရင်မြဲမြန်ရဲ လှေတိုက်
ကျေး ရွာကသိမ်း ခေါ်ခဲ့သည့်လူ ရဝကို ရွှေလှတ် တော် မြောက်တွင်တုရင်မြဲမြန်ကို
အအုပ်ခန့်၍ စောင့် နေထမ်း ရွက် စေ၊ တုရင်မြဲမြန်ကိုလည်း သစ္စာ တော် ပေး
မြဲ ပေး ၊ ငစည့်ကူး စား ဟောင်း ကျောက် မြောင်း ကအညာသို့ဆန်တက် ပြေး
ကြောင်း သတိုး သီဟသူ၊ မင်း ရဲမင်း လှကျော်သူ၊ မြို့လပ်ဝန်၊ ကင်း ဝန်၊ ယွန်း
စုဝန်၊ အမြောက်ဝန်၊ အနောက်ဝင်း မှူး ၊ နန္ဒကျော်၊ အနောက်ဝန်မဟာ
ပကြံ၊ မိဘုရား ဝန်တို့တစုကတိုင်ပင်၍ကြည်း ဘက် ရေဘက်လိုက်လံဘမ်း ဆီး ကြောင်း
များ ကိုရှိခိုး သံ တော်ဦး တင် ရောက်သည်မှာ လျှောက်ချက်အတိုင်း ဘမ်း ဆီး မည်
မှန်လျှင် ပြေး သွား မှုဘမ်း ဆီး ကောင်း သည်မဟုတ်၊ အတူ နေကြကတည်း ကပင်
ဘမ်း ဆီး ၍ ဆောင်ယူ သိမ်း ရုံး ကဲ့ရမည်ဖြစ်သည်၊ ထွက် ပြေး မှုဘမ်း ဆီး သည်၊
နောက်လည်း ဘမ်း ဆီး ပါမည် လျှောက်သည့်စကား များ ကိုအမှန်ယူ၍ဘမ်း လေ
လိုက် လေ တော့မဆိုသာ၊ င ကျေး ဇူး သစ္စာ တော်တို့ကိုလည်း မခံမ သောက်ကြ သေး
သည်ဖြစ်သည်၊ ဘမ်း ဆီး တွေ့မိလျှင်လည်း စီး ပွါး တော်ဘဏ္ဍာ တော်မပျက်ဆီး
ရုံး ဆောင်ယူ ခဲ့စေ၊ မတွေ့ ( မမိမဘမ်း ဆီး နိုင်လျှင် ) ရွှေဘဝါး တော် အော

သာညီညွတ်နှိုး ဆော်၍ပြန်လည်ခဲ့ရမည်၊ ဆင်တော်မြင်း တော် လှေတက်စီး ပွါး ဘဏ္ဍာ (ဥစ္စာများ ကို) မလစ်မဟင်း စေရ၊ သိမ်း ရုံး၍ ပါစေ၊ ဝန်တို့ကသင့် အောင်မှာ။

I2 February I782

(သက္ကရာဇ်) ၁၁၄၃ ခုတပေါင်း လဆန်း ၁ ရက်နေ့နား ခံစမြောင် မှူး ပြန်အမိန့်တော်။

(ဆင်တဲ၄၁)

I3 February I782

အညာပါမှုး မတ်အမှုထမ်းတို့၊ ဥစ္စာအိမ်ရာများ မှာလုံခြုံအောင်သာထိန်းသိမ်းစောင့်နေစေ၊ သည်ပြင်ဆင်းရဲသားတို့ဥစ္စာများကိုနိုင်ထက်စီးကဲ မလုမယူမဖျက်မဆီး စေနှင့်အမိန့်တော်ထုတ်ပြန်၍ရှိလေပြီး သည်ကိုမငြိမ်မသက် သိမ်းယူပြန်ကြောင်းများနှင့်ငွေနားတော်ကြားတော်မူပြန်ရသည်၊ ဝန်တို့မှာမကြားမသိလော၊ အမိန့်တော်ထုတ်ပြန်ရင်းအတိုင်း နိုင်နင်းအောင် ဘမ်းဆီး၍ကွပ်၊ ငစည့်ကူးစား ဟောင်းသည်မင်းကျင့်တရားနှင့်လျော်ညီ အောင်မကျင့်မဆောင်လူဆိုး လူသွမ်းတို့အမူအရာကိုသာကျင့်ဆောင်သောကြောင့် ငွေနန်းတော်ရွှေမြို့တော်ထီးချက်တော်ကိုစောင့်သောသမာဒေဝနတ်အပေါင်းတို့နန်းမှာမရပ်မနေဝံ့အောင်နှင်ပြီး မှပြေးသွားသည်ကိုသတိုးသီဟသူမြို့လပ်ဝန်တို့တစုလိုက်လံဘမ်းဆီး ရာတွင်ငဘုန်းတော်ကြောင့်မထွက်မလွတ်နိုင်၊ စမ္ဗာယ်နဂိုရ်ကင်းတွင်တွေ့မိ၍ရွှေဘဝါး တော်အောက်ဆက်ပို့ယိကြောင်းကိုကြားတော်မူရသည်မှာသင်းတို့တစုမကောင်းမှုကံအားကြီးလှသောကြောင့် ဖြစ်ပျက်ကြသည်ဖြစ်သည်၊ ငစည့်ကူးစား ကိုဘမ်းမိကြောင်းနှင့်မြို့တွင်းမြို့ပြင် ပြည်သူပြည်သားတို့ကြားသိအောင်မောင်းကြော်စေ။

I3 February I782

(သက္ကရာဇ်) ၁၁၄၃ ခုတပေါင်းလဆန်း ၂ ရက်နေ့နား ခစမြောင်မှုး ပြန်အမိန့်တော်။

(ဆင်တဲ ၄၁)

သတိုး သီဟသူ၊ မြို့လပိဝန်၊ ကင်း ဝန်၊ ယွန်း စုဝန်၊ အနောက်ဝင်း မှူး ၊ နန္ဒ
ကျော်၊ သဇ္ဈနရဲတို့တစုကငစည့်ကူး စား ဟောင်း လင်မယား သား အမိတစုနှင့်
ငါဘုရာတော် အောင်ပန်း လှေတက်ဆင်မြင်း များ ကိုမလစ်မဟင်း စေရသိမ်း
ရုံး၍ ငါ့ကျေး ဇူး သစ္စာ တော်ကိုမခံမ သောက်ရ သေး သော်လည်း ငါဘုန်း တော်
အာဏာ တော်အမိန့် တော်အရိပ်အသံကိုကြား နာရလျှင်ပင် ကျေး ဇူး သစ္စာ တော်
ကိုခံ သောက်ရသည့်ကျွန်များ ကဲ့သို့သိမ်း ရုံး ဘမ်း ယူခဲ့ ကြောင်း ၊ ငထွန်း ငတုတ်
ကြီး ငကျင်တို့ထွက် ပြေး ရာအ မြောက်ဝန်ကိုခန့်ထား လိုက် စေ ကြောင်း များ
နှင့် ရွှေဘဝါး တော် အောက်ရှိခိုး သံ တော်ဦး တင် ရောက်သည်မှာအမှု တော်
ပြေကုန်သည်ပင်ဖြစ်သည်၊ အရေး အရာကိုလည်း အထူး အထွေထင်မှတ်ကြ ရမည်မ
ဟုတ်၊ ငါ့ခမည်း တော်အလောင်း မင်း တရား ကြီး အဝထီး နန်း ပျက်စီး သည်
နောက်ပြည်ရွာတည် ထောင်ပြုစု၍ထီး နန်း ကိုစိုး အုပ် တော်မူသည်၊ ခမည်း
တော်ဘုရား နတ်ရွာစံ တော်မူလျှင် နောင် တော်အကြီး ခမည်း တော်အရာကို
ထီး နန်း ဆက်ခံ တော်မူသည်၊ ငါနောင် တော်အကြီး နတ်ရွာစံ တော်မူလျှင်ငါ
နောင် တော်အလတ်ဆင်ဖြူရှင်နန်း စံ၍ထီး နန်း ကိုစိုး အုပ်ပြန်သည်၊ ငါ့နောင်
တော်အလတ်နတ်ရွာစံပြန်လျှင်(ဆက်ခံစိုး အုပ် သော) စည့်ကူး စား ဟောင်း
သည်ငါနောင် တော်အရိုက်အရာကိုတရား သဖြင့်ထိမ်း သိမ်း စိုး အုပ်ခြင်း ကို
မပြု၊ လူကြီး (သူကြီး အမတ်) ပညာရှိတို့စကား ကိုမနာမယူ၊ လူသိမ်လူငယ်လူဆိုး
လူသွမ်း တို့စကား ကိုသာ ပေါင်း ဘက်နာယူ၍ မင်း ကျင့်တရား (ဆယ်ပါး နှင့်
မညီ) လူဆိုး လူသွမ်း ကျင့်သာကျင့် သော်လည်း သတ္တဝါအ ပေါင်း တို့ကံ ကြောင့်သာ
ဖြစ်သည်တရား ကိုယူ၍ စည်း စိမ်ကိုမယူမသိမ်း သင့်၊ ကံနှင့် လျော်စွာဖြစ် ပျက်၍
နန်း တော်မှထွက်သွား ကင်း လွတ်လျှင်ငါထီး နန်း စိုအုင်ထိုက်သူရှိလျှက်ငမောင်
ငယ်သည်ငါ့ကိုမှူအား မနာမ ထောက်မချင့်ရာရာသသူလူဆိုး လူသွမ်း တို့နှင့်ထီး
နန်း ကိုခိုး ယူသိမ်း ရုံး ပြန်လျှင်လည်း တရား နှင့် လျော်ညီ အောင်မကျင့်မ ဆောင်
မသိမ်း မရုံး ပစ္စုပ္ပန်သံသရာ ရေး ကိုမ ထောက်ပြည်သူပြည်သား တို့ကိုမငြိမ်မဝပ်
အောင်ပြုကျင့်ပြန် သော ကြောင့်သတ္တဝါအ ပေါင်း တို့ကိုတရား သဖြင့်သိမ်း ရုံး ၍
ထီး နန်း ကိုစိုး အုပ်သိမ်း မြန်း တော်မူပြန်ရသည်၊ စည့်ကူး စား ဟောင်း

ထွက်ပြေး၍အရေး မကုန်ကျွန်သည်ကိုလည်း သတိုး သီဟသူ၊ မြို့လပ်ကင်း ဝန်တို့နှင့်
မှူး မတ်တစုတို့အရေး ကုန် အောင်သိမ်း ရုံး ဆောင်ယူခဲ့လေပြီး သည်၊မင်း ညီ
မင်းသား မှူး တော်မတ် တော်တစုတို့မှာ စိတ်နှလုံး အထူး အထွေထင်မြင်ခွင့်မ
ရှိကြပြီ၊ ပြည်ရွာသာယာငြိမ်ဝပ် အောင်ရွက် ဆောင်စီရင်ကြရမည်အမှုသာဖြစ်
သည်၊ သတိုး သီဟသူမြို့လပ်ဝန်တို့တစုကငစည့်ကူး စား မိသား တစုကိုသာ ငါ ရွှေဘ
ဝါး တော် အောက်အလျှင် ဆောင်ယူခဲ့ရမည့်အကြောင်း ကိုဝန်တို့က မှာထား၍ကြို
ဆိုဆောင်ယူစေ၊ ဇော်တသိခ်၊ ရန္တမိတ်စည်သူတို့၂ယောက်ကိုလည်း လှေလူ တော်
သင့်အောင်ပေး၍တိုက်စေ။

I4 February I782

(သက္ကရာဇ်၁၁၄၃ခုတပေါင်း )လဆန်း ၃ ရက်နေ့
(ဆင်တဲ၄၁)

I8 February I782

ဝါအရှင်ဧကရာဇ်မင်း မြတ်ရွှေထီး ရွှေနန်း သိမ်း မြန်း စိုး စံတော်မူ၍အ-
ထွက်အမြွက် ရောက်တော်မူကြောင်း ကိုအဝေး အလံနိုင်ငံတော်အတွင်း အရပ်
ရပ်ထီး ဆောင်း မြို့စား မြို့ဝန်စစ်ကဲတို့မကြား မသိလေသေး ဖြစ်သည်၊ ရှေး
ထုံး စံအစဉ် ရှိသည့်အတိုင်း အမိန့်တော်ပြန်၍သဗ္ဗာ တော်ပေး ခန့်၊ ရွှေဘဝါး
တော်အောက် ခေါ်၍သဗ္ဗာ တော်ပေး သင့်သူတို့ကိုလည်း သဗ္ဗာ တော်ပေး မြဲ
ပေး ။

I8 February I782

(သက္ကရာဇ်) ၁၁၄၃ ခုတပေါင်း လဆန်း ၇ ရက်နေ့စ မြောင်မှူး နေမျိုး(နန္ဒ)
သူထွင်ပြန်။
(ဆင်တဲ ၄၁)

ငါအရှင်ဧကရာဇ်မင်း မြတ်ရွှေထီး ရွှေနန်း တိုင်း ခန်း နိုင်ငံတော်အလုံး ကိုတရား သဖြင့်စိုး အုပ်တော်မူသည်၊ နေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း ရှမ်း ပြည်ယွန်း ပြည်အကြေအညာအရပ်ရပ်မြို့ပြ ကျေး ရွာ များ တောင်ထန်း ရည် အရက်ဇိန်ပင်ကစော် လော်စာဘင်း ဘိန်း ယစ်မျိုး နှင့်စပ်သမျှကိုမပေါ်မ ချက်မရောင်း မဝယ်မသောက်မစား စေနှင့်၊ သား ထိုး ငှက်ဘမ်း (ငှက်) ခတ်ကြက်တိုက် လောင်း စား မှုများ ကိုလည်း မပေါ်မရှိစေရ၊ (ဆိုင်သင့်ရာ ဆင့်ဆို၍ နိုင် အောင်မြစ်)၊ ဗဟိုရ်ရိစည်အိမ်ရှင်စည်မင်္ဂလာစည်ဓါတ်တံခါး ၄ ရပ် ဆွဲစည့်စည့်တော်စုံ ရွှေမြို့တော်အတွင်း ပြင်ဓါတ်(တံခါး များ ထွင်ဆွဲထား၏) ရှိသည်၊ အလေး တောင်း တင်း တံဆိပ်ခပ်လုပ်ရန်များ လည်း ရှိသည်ကို ရှေး ထုံး စံနှင့် အညီယခုကဆိုင်ရာဆင့်ဆို၍လုပ် ဆောင်စီရင်စေ။

20 February I782

(သက္ကရာဇ်) ၁၁၄၃ ခုတပေါင်း လဆန်း ၉ ရက်နေ့နား ခံစမြောင်မှူး ပြန်။

(ဆင်တဲ၄၁)

ငစည့်ကူး စား ဟောင်း ငမောင်တို့နှင့်ငလှ၊ ငသာတို့သည်ပြည်ထဲရေး ကိုသာ ယာငြိမ်ဝပ် အောင်မကြံမစည်မကောင်း သောကြံခြင်း ဖြင့်သာကြံစည်ကြသော ကြောင့်သင်း တို့ဆိုး သွမ်း ကြသည်လူတို့သာပျက်စီး ခြင်း သို့ရောက်ရသည်မဟုတ် သင်း တို့ကိုအမှီပြု၍ စွဲလမ်း ထမ်း ရွက်ရိပ္ပန်း နှမ်း နယ်ကြသော ကြောင့်တိုင်း နိုင်ငံတုန်လှုပ် ချောက်ခြား ချင်း ရှိရသည်၊ ငါဘုန်း တော်နှင့်သိမ်း ရုံး တော် မူလျှင်လက်ဝါး ပြင်ထက်ပြတင်သကဲ့သို့သိမြင်ရသည့်အတိုင်း ရန် ခြေရန်မြစ် ရှင်း လင်း လေပြီး သည်၊ သင်း တို့လူဆိုး လူသွမ်း မစောင့်မရပ်သည်လူမှန်၍ကွပ်မျက် ရာပါသည်လူတို့ဥစ္စာပစ္စည်း တို့ကိုသာဆိုင်ရာအမိန့်တော်ရင်း နှင့်အညီစစ်ကြော ၍တိုက်တော်ကြတော်သွင်း ၊ သင်း တို့နှင့်ပေါက်ဘော်စပ် သော်လည်း ငကျွန်တော် မျိုး ချည်း ပင်ဖြစ်သည်၊ အမျိုး ပေါက်ဘော်တော်စပ်ရာလိုက်လံစစ်ကြောကြလျှင် ပြည်ရွာငြိမ်ဝပ်ခဲတော့မည်၊ ရာဇဝတ်တော်ရေး မကင်း မလွတ်ကွပ်မျက်ရာ ပါသူတို့ပစ္စည်း ဥစ္စာကိုသာစစ်ကြောဆက်သွင်း စေ၊ မိဘပေါက်ဘော်တော်စပ် သော်လည်း အတူနေအတူစား ဥစ္စာမရှက်မတင်သမျှကိုမစစ်မကြောစေနှင့်၊ ငြိမ်ဝပ်စေ၊ မစစ်မကြောတန်စစ်ကြောသူကိုလည်း နိုင်အောင်မြစ်၊ ငါအရှင် ဧကရာဇ်မင်း မြတ်တရား သဖြင့်ရွှေထီး ရွှေနန်း သိမ်း မြန်း စိုး စံ( တော် မူသည် )၊ ငစည့်ကူး စား ဟောင်း နှင့်ငမောင်တို့လက်ထက်များ ကတယောက်ကို တယောက်လုသည်ကြေသည်နှုတ်လွန်လက်လွန်များ ကိုအညိုး ထား၍ထို့ပင့်လှုတ်ရှား လျှောက်ထား ပြောဆိုသည့်စကား များ ကိုနာယူ၍ မစစ်မကြောကြစေနှင့်၊ ပယ် ရာပရာ သောတရား နှင့်အညီငြိမ်ဝပ် အောင်စီရင်၊ အထက်လုယက်သိမ်း ယူဘူး သည်ဥစ္စာအထည်အလိပ်မပျောက်မပျက်ပြသနိုင်၍ထင်ရှား ရှိသော်မူကား ရှိ သည့်ဥစ္စာမှန်သမျှကိုပြန်၍ ပေး အပ်စေ၊ အမှုအခင်း ဖြစ်သည့်အတွင်း လွတ်နိုး ကင်း နိုး ထင်မှတ်၍အပ်မိန့်မိသည့်ဥစ္စာများ ကိုလည်း ထိန်ကြဲ့ရှက်လက်ခံသိမ်း ထား သူဖြစ်သည်၊ ခွဲယူ၍အမှုမပွါး မများ အကုန်အကျမရှိစေနှင့်၊ အပ်နှံရင်း ဥစ္စာမှန်သည်ကိုသာပြန်အပ်စေ၍! ဆိုင်သင့်ရာဖြစ်စေ၊ ရွှေပြည်တော်မှစ၍ပြည် ထဲငမျက်နှာသိယါစေကြောင်းကို ကျေးဇူးသစ္စါတော်ဝမ်း ထွင်ရှိကြသည့်အတိုင်းအမြဲနှ လုံးသွင်း၍ ဖြောင့်ဖြောင့်ရိုး ရိုးငြိမ်ဝပ် အောင်စီရင်။

22 February I782

( သက္ကရာဇ် ) ၁၁၄၃ ခုတပေါင်း လဆန်း ၁၁ ရက်နေ့နား ခံစ မြောင်မှူး ပြန်။



( ဆင်တဲ ၄၁ )

ရွှေပြည်တော်မြို့တွင်း မြို့ပြင်မှစ၍အရပ်ရပ်ကျေး ရွာများ မှာပနည်း ဥဿာ ကြောင့်အလုအယက်ခိုက်ပွါး ရန်စည်မဖြစ်တန်ဖြစ်ကြ၍ မငြိမ်မသက်ရှိရသည်ကိုမြင် သောကြောင့်ငြိမ်ဝပ်စေခြင်း ငှါ(သက္ကရာဇ်)၁၁၄၃ ခုတပေါင်း လဆန်း ၁၂ ရက်နေ့ညအမိန့်တော်ထုတ်ပြန်၍ ဝိသည်ကိုငါ့အမိန့်တော်အတိုင်း တည်ရစ် အောင်မကွပ်မညှပ်မစီရင်ကြသောကြောင့်ကုလား တို့ဥဿာကိုငအောင်မြင်၊ ငလွန်း ဘုယ်တို့လုယူကြောင်း များ နှင့်ကြား တော်မူရပြန်သည်၊ ဝန်တို့မှာမကြား မသိလေသ၊ လုယက်သူတို့ကိုဘမ်း ဆီး၍မြို့ထွင်း မြို့ပြင်ဗမောင်း ကျော်ပြီးလျှင်တံခါး ဇရပ်မှာကြား မြင်သမျှလူတို့ကြောက်ရွံ့အောင်ထား ၊ နောင်သည်ကဲ့သို့ကြား တော်မူပြန်ရလျှင်၂ ခွန်း ချေရမည်မမှတ်နှင့်။

24 February I782

(သက္ကရာဇ်)၁၁၄၄ ခုတပေါင်း လဆန်း ၁၃ ရက်နေ့နံနက် ခံစ မြောင်မှူး ပြန်။

(ဆင်တဲ၄၁)

ဘုန်းတော်ကြီး မြတ်တော်မူလှသော အသျှင်ဘဝရှင်မင်းတရားကြီး ဘုရား အမိန့်တော်ရှိသည်၊ ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း အရပ်ရပ်တိုက်စု မြို့စုတိုက်လွတ်မြို့လွတ် ကျေးရွာမြို့စား စော်ဘွား တပ်ပေါင်းစား တို့စီရင်နက် မြို့ရွာများမှာ ဘေးလောင်းတော်ဘိုးလောင်းတော်တို့လက်ထက် ရွှေတိုက်စါရင်း ဝင်စါရင်း ကျကြီးစိုးဘွားစား စီရင်ရိုး ပယ်နယ်အပိုင်း အခြား ရှေးထုံး စံအစုအစည် စော်ဘွား စော်ကန်နှင့်အဆက်ဆက်လက်မကွာကြီးစိုးဘွားစား စီရင်၍ ရှိကြသည်ကိုသတ္တဝါတို့ဥပါတ်အလျောက် ငစည့်ကူးစား ဟောင်းလက်ထက်အ သေအချာဌာဝရအပိုင်း အခြား မြေမှုရေမှုဖြစ်ချေသည်မစွဲမယူမင်း ဧကရာဇ် အဆက်ဆက်သူကြီး ကလံမြို့စား စော်ဘွား တို့လက်မကွာမသိမ်း မပိုက်မစီမရင်ရ ပြတ်လတ်လေပြီးသည်ကို ကောက္ကသံ၊ ဂေါဏာဂုံ၊ ကဿပဘုရား သခင်လက်ထက်တော် များ ကကမ္ဘာကျေသော်လည်း ဥဒါန်း မကျေအစည်ရှည်စွာကအဆက်အလက်မပျောက် မှတ်သားထားသည့်စာပေရှိသော်လည်း နောက်နောက်သောမင်း တို့လက်ထက် လွှတ်တော်ရုံး တော်အသုံး အဆောင်မပြုပယ်သင့်ပသင့်သည်ကို မထောက်မြို့ရွာပယ် နယ်အကျယ်အဝန်း မပွါးမများ တန်ပွါးများ၍ကြီးစိုး စီရင်ဘွားစား ကြသည် အရာများ ကြောင့်မြို့ရွာမငြိမ်မသက်ဆင်းရဲသား ကျွန်တော်မျိုး အပေါင်းတို့ မခံမရပ်နိုင်ခိုက်ရန်ပွါးများ၍ ရှိကြသည်ဖြစ်သည်၊ ငစည့်ကူးစား ဟောင်း လက်ထက်ပိုင်း ခြားသမုတ်၍ကြီးစိုး စီရင်ဘွားစား ကြသည့်မြို့ရွာပယ်နယ်များ ကိုအပဖြစ်စေ၍ လွှတ်တော်ရုံးတော်သူကြီး ကလံမြို့စား စော်ဘွား အဆက်ဆက်လက်မကွာစီရင်မြဲ ရွှေတိုက်စာရင်း ဝင်စာရင်း ကျကိုသာကြီးစိုးဘွားစား စီရင်ကြစေ၊ ၄င်း မြို့ရွာပယ်နယ်အတွင်း တွင် ရှေးမင်း ဧကရာဇ်အဆက်ဆက်အစုအမှုထမ်း တို့မှာ အမှုတော်ကိုအရှည်ထမ်း ကုန်နိုင်စေခြင်း ငှါလုပ်မြေ နေမြေစား မြေပေး ချရင်း မြေမိုး အကျယ်အဝန်း ပေးရုံး ချရုံး လူနှင့်ရှိလျက်လူဆိုး လူသွမ်း တို့စကား ကိုနာယူ၍လုပ်မြေ နေမြေစား မြေမပေး မချတန်ပေး ချသည်အရာများ ကို လည်း အပေး အချခံသူတို့ကိုမထိန်း မသိမ်း မစီမရင်စေနှင့်၊ ရှေးပေး ချရင်း မြေကိုသာထိန်း သိမ်း စီရင်ထမ်း ရွက်ကြစေ။

ဝန်စုဝန်ငန်း မြို့ရွာအင်း အိုင်ရွာစား မြေစား ဆိပ်တည်ပွဲကင်း

ကုတို့အစား အသောက်မခန့်မထား မပေး မကမ်း တန်အရိုး အစည်ရှိသည်မရှိ
သည်မရွေး မချယ်ပေး ကမ်း၍သိမ်း ခံစား သောက်ကြသည့်အရာများ ကလည်း
မထိန်း မသိမ်း မစီမရင်မသိမ်း မခံမစား မယူကြစေနှင့်၊ ငါ့လက်ထက်တော်
ထုံး စံရှိသည့်အတိုင်း အမိန့်တော်ထုတ်ပြန်၍သနား တော်မူသည်ကိုသာစီရင်သိမ်း
ခံစား ယူကြစေရမည်၊ ရွှေပြည်တော်ပတ်လည်အကြေအညာစီး တော်ရွေး ဝင်း
မနက်ပလာအောက်မား ဆင်များ ကိုစား ကွက်စား ကျက်မြက်ဖျား ရေဖျား
ပေး ချသည်များ မှာလည်း ငစည့်ကူး စား ဟောင်း လက်ထက်ထွင်မှစီး တော်
ရွေး ဝင်း မနက်ပလါအောက်မား ဆင်ရှိသည်မဟုတ်မင်း ကေရာဇ်အဆက်ဆက်
ဝင်း ကိုယ်ရံစောင့်နေထိန်း သိမ်း ကျောင်း စာကျွေး မွေး ရသည်ဖြစ်သည်၊
အဆက်ဆက်ထိန်း ကျောင်း ကျွေး မွေး ရသည့်စား ကျက်စား ကွက်ပေး ချရင်း
မြေရှိလျက်မပေး မချတန်ပေး ချသောကြောင့်ကိုင်း ကျွန်း လုပ်ရိုး စွဲလုပ်သား
တို့ငြိမ်ဝပ်စွာမလုပ်မဆောင်ရ၊ ဆင်ကျွေး မွေး ဂုံစား ကျက်စား ကွက်မျက်ဖျား
ရေဖျား သာပေး ချေသည် မစွဲမယူမြေစား ရေစား ပေး သကဲ့သို့ထင်မှတ်စွဲ
ယူ၍မကောက်မစား တန်ကောက်စား သိမ်း ခံကြသောကြောင့်စွဲလှမ်း ထိန်း
သိမ်း ရင်း လုပ်ရိုး စွဲဆင်း ရဲသား ကျွန်တော်မျိုး တို့မခံမရပ်နိုင်ရှိကြသည်၊ရှေး
ထုံး စံနှင့်မညီပေး အပ်သည့်စာချွန်ကိုသိမ်း ၊ ရှေး ပေး ရင်း စား ချက်စား
ကွက်ကျွန်း မြေကိုသာအပေး အချအမှန်ဖြစ်စေ၍ ကျွေး မွေး ကျောင်း စား စေ၊
ရွှေပြည်တော်မှစ၍အကြေအညာနိုင်ငံတော်အတွင်း ဆိပ်တည်ပွဲကင်း ကူး တို့အ
ကောက်အစား အမှုများ ကိုလည်း ပြည်ရွာသာယာစေအပ် သောအပရိဟာနိယ
တရား နှင့်အညီသာကောက်စား သိမ်း ခံပေး ကမ်း ခြင်း ကိုမဖြစ်စေရ၊ မ
ပေး မကမ်း မကောက်မစား မသိမ်း မခံစေသင့်သည်များ ကိုပင်မတရား သူ
တို့လက်ထက်ရှေး ထုံး စံနှင့်မညီခေတ္တကောက်စား သိမ်း ခံဘူး သည်များ ကိုထုံး
ကောင်း စံကောင်း ပြု၍အလွန်အကြူး မကောက်မစား မသိမ်း မခံတန်ပြတ်
ကောက်သိမ်း ခံစား ယူကြသောကြောင့်ကုန်သည်တဲကား သွား လာရောင်း
ဝယ်သူဆင်း ရဲသားကျွန်တော်မျိုး အပေါင်း တို့မခံမရပ်နိုင်ပြည်ထဲရေး စနောင့်
စနင်း မသာမယာရှိရခြင်း ဖြစ်သည်၊ ရှေး ထုံး စံနှင့်မညီမညွတ်သည်ကိုဆိပ်တည်

ပွဲကင်း ကူး တို့အပြုတ်အကောက်ထား ၍ မပြုတ်မကောက်စေနှင့်၊ အရပ်ရပ်ဆိပ်
တည်ပွဲကင်း ကူး တို့အပြုတ်အကောက်အဘို့ အခွန်အသိမ်း အခံများ မှာဟံသာဝတီ
(ပါ) မင်း ဘိုး တော်ခမည်း တော်တို့လက်ထက်ပြုတ်ကောက်သိမ်း ခံမြဲကိုသာပြုတ်
ကောက်သိမ်း ခံ စေ၍တိုက် တော်ကျ တော်သွင်း တန်သည်ပြင်လွင်ဆိုင်သင့်ရာသုံး
တန်သည် ကျောင်း ဘုရား ကိစ္စကိုသုံး စေတန်သည်ကို ရွေး ချယ်စီစစ်၍သိမ်း သွင်း
သုံး ဆောင်ကြစေ၊ အရပ်ရပ်မင်း ညီမင်း သား မျိုး တော်မတ် တော်စာရေး
စာချီဒိုင်း မျိုး သင်းမျိုး အမှုထမ်း အရံထမ်း သူကြီး ကလံစော်ဘွား မြို့စား တပ်
ပေါင်း စား တို့ကိုငစည့်ကူး စား ဟောင်း လက်ထက်ထိုက် လျောက် တော်သင့်သည်
မတော်သင့်သည်အနိမ့်အမြင့်မချင့်မထောက်မရွေး မချယ် ရှေး ထုံး ရှေး စံ
နှင့်မညီမညွတ်ဘဲအမည်နေရာအဆောင်အရွက်အစီး အနင်း အိမ်ခြံ ပေး ကမ်း ၍
ခေါ် ဝေါ် ဆောင်ရွက်တက်သက်နေထိုင်ကြသည့်အရာများ ကိုလည်း ပေး အပ်
သည့်စာချွန်ဘွဲ့အမည်များ ကိုသိမ်း ၊ ငါ့နောင်တော်ဆင်ဖြူရှင်လက်ထက်ပဥ္စမ
မဟာဥကင်တော်သသဘင်ပွဲတော်တွင်သနား တော်ခံကြရသည့်အမည်နေရာ
အဆောင်အရွက်များ ကိုသာ ခေါ် ဝေါ် ဆောင်ရွက်သက်တက် နေထိုင်နှင့်ကြစေ၊
လက်ထက် တော်မဟာဥကင် တော်သဘွင့်သည့်ကာလမှတိုး ၍အသနား တော်ခံကြ
စေရမည်၊ ရှေး မင်း စိုး တို့လက်ထက် ကောင်း မှုကုသိုလ်ပွါး များ စေခြင်း ငှါ
ကျောင်း ဘုရား သို့ရေစက်ချသွန်း ရည်သွန်း လှူဒါန်း သည် ကျောင်း အသည်ဘုရား
အသည်လူစုတို့မှာလည်း ဆိုင်သင့်ရာမထမ်း မရွက်ကြမင်း မှုထမ်း တို့နှင့်ထွေး ရော
ရှက်တင်ပါဝင်ထမ်း ရွက်ကြသည်အရာများ လည်း ရှိရာသည်၊ ပစ္စုပ္ပါန်သံသရာမ
ကောင်း တိုင်း ရေး ပြည်မှုထိခိုက်နာကျင်သမှုဖြစ်သည်၊ သိခက်မြင်ခက်သည့်လူစု
ကိုသာအရေး ကို ထောက်၍ ရှိနှင့်စေရမည်၊ အထက်စစ် ကြောထွက်ဆိုချက်များ နှင့်
သိသာမြင်သာရှိလေပြီး သည်လူစုတို့မှာအရပ်ရပ်မင်း ညီမင်း သား မျိုး တော်
မတ် တော်တို့ကသိမ်း ထား လက်ခွဲ၍မလျောက်မထား မဆောင်မရွက်ကြစေနှင့်၊
ဆိုင်သင့်ရာ ကျောင်း ဘုရား မှာသာထမ်း ရွက်ကြစေ၊ ဝန်တို့မှာ ရှေ့ သို့အ
သေး အနုတ်စိတ်ဖြာ၍ စီရင်ခန့်ထား ရန်များ ပြား စွာရှိသော်လည်း အမှု
တော်အရေး တော်စုံငြိမ်း သည့်မရှည်မကြာ သေး သောကြောင့်ဆင်း ရဲသား

ကျွန်တော်မျိုး အပေါင်း တို့မခံမရပ်နိုင်လှသည့်အမှုကိုသာထုတ်ပြန်စီရင်နှင့်စေ ရသည်ဖြစ်သည်၊ ထုတ်ပြန်သည့်အမိန့်တော်အတိုင်း တည်တန့်ရပ်နေအောင်ဂတိ၄ ပါး သို့မငဲ့မကွက်ကြပ်ကြပ်တင်း တင်း စီရင်။

25 February I782

(သက္ကရာဇ်) ၁၁၄၃ ခုတပေါင်း လဆန်း ၁၄ ရက်နေ့နား ခံစ

မြောင် မှူး ထွင်ပြန်

(တက်ဗဟို ၄၅၂၁၃၊ ဆင်တဲ ၄၁)

အဝေးမြို့စား စော်ဘွား တို့ကိုသစ္စာတော်ပေး ခန့်မြဲခန့် ကြောင်း ရွှေဘဝါး
တော်အောက်လိရောက်၍သစ္စာပေး သူကိုပေး ကြောင်း အဝေး မြို့ဝန်စစ်ကဲ
တို့ကိုသစ္စာတော်ခံ ခေါ်သိမ်း စေ ကြောင်း များ မှစ၍ စီရင်ရန်ရှိသည်ကိုစီ
ရင်၍ပြီး နှင့်ကြောင်း ရှေ့သို့ခန့်ထား စီရင်ရန်များ ကိုလည်း ခန့်ထား စီရင်
ကြောင်း များ နှင့် ဝန်တို့ကစါဆက်သွင်း သည့်အတိုင်း သင့်ပြီ၊ ပြည်ထဲ ရေး ဆိုသည့်
အရာသည်တစကောင်း မှဆယ်စကောင်း သည်ဖြစ်သည်၊ ယုံမှတ်သနား တော်မူ
သော ကြောင့်လွှတ်တော်ရုံး တော်ချုပ်ကိုင်စီရင်ရမည်ဝန်ကြီး ဝန်ထောက်အရာ
နှင့်ခန့်ထား တော်မူချက်ဖြစ်ပေသည်၊ နေ့ညအမြဲနှလုံး သွင်း၍စီရင်ခင်း စီ
ရင်ဘွယ်ရှိသမျှကိုဆန္ဒါဒေါသာဘယာမောဟာဂတိ ၄ ပါး သို့မငဲ့မကွက် တော်တည့်မှန်
ကန်၍ပြည်ထဲ ၄ မျက်နှာသာယာငြိမ်ဝပ် အောင်ကြပ်ကြပ်တင်း တင်း စီရင်။ 28 February 1782

(သက္ကရာဇ်) ၁၁၄၃ ခုတပေါင်း လပြည့်ကျော် ၂ ရက်နေ့နား ခံ
စမြောင်မှူး ထွင်ပြန်။
(တက်ဗဟို ၄၅၂၁၉)

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အသျှင်ဘဝရှင်မင်းတရားကြီး ဘုရား
အမိန့်တော်ရှိသည်။ ရွှေပြည်တော်မှစ၍အရပ်ရပ်ဆင်းရဲသား ကျွန်တော်မျိုး အ
ပေါင်းတို့တွင်တယောက်နှင့်တယောက် ကြွေးမြီ ချေးယူရှက်တင်ကြ၍ တောင်းထုတ်
ကြသည်များ မှာမြီရှင်အား ရှိ၍မြီစား အား နည်း ဆင်း ရဲပင်ပန်း ခြင်း နှင့်
မပေး မဆပ်နိုင်သူလည်း ရှိရာသည်။ မြီရှင်အား နည်း ၍မြီစား အား ရှိလျှက်
မင်း မှီစိုး ကပ်ပြုကျင့်သော ကြောင့်မတောင်း မဆိုဝံ့ရှိသူလည်း ရှိရာသည်။ သု
မြီကိုမရရအောင်ကြံဆောင် ချေး ယူပြီး လျှင်မပေး မဆပ်ရအောင်ပုန်း လွှဲ
ရှောင်နေ၍လူဆိုး လက္ခဏာကျင့်ကြံသူလည်း ရှိရာသည်။ မြီစား တို့ကတဖြည်း ဖြည်း
ကျိုး စား အား ထုတ်ကြံဆောင်ပေး ဆပ်လျှက်နှစ်လများ သည်ကိုမြီရှင်တို့ကတွက်ချက်
ပြီး လျှင်သတ္တရာဇ်စာတမ်း အဟောင်း ကိုအသစ်ပြန်၍ထား ခြင်း အလေး ချိန်
ခွင်ပြန်ခြင်း များ ကိုကျင့်ဆောင်သော ကြောင့်(ဆင်း ရဲသား တို့)အပြန်ပြန်
အပေး အဆပ်ကိုခံစား ၍တရား ကိုမစောင့် လောဘရမ္မက်ကိုလိုက်သဖြင့်ကျင့်ကြံ
သူလည်း (ရှိရာ၏) ချေး ယူသူမှန်လျှက်မြီစား တို့ဆင်း ရဲသည်ကိုထောက်၍မပေး
မဆပ်စေနှင့်ဆိုရလျှင်လည်း ပစ္စုပ္ပန်သံ(သရာအကြောင်း )မတော်မသင့်ဖြစ်
သည်။ မြီစား အား ရှိ၍ကြံဆောင်ပေး ဆပ်နိုင်မည်သူမှန်လျှင်ရိုး ကိုး ကပ်ခို၍
မနေစေနှင့်။ (ကြွေးမြီ ချေး ယူသည့်)သတ္တရာဇ်တွက်ကိုထောက်၍နှစ်လစေ့သော်
၎င်း နှစ်လကလွန်သော်၎င်း ရှိလျှင်ရင်း ပွါး တစုလတ်တန်သည်တပိုး တန်သည်ကို
တွက်၍ ပေး ဆပ်စေ။ မြီရှင်အား ရှိ၍မြီစား အား နည်း မပေး မဆပ်နိုင်ရှိ
သည်မှန်လျှင်လည်း မြီရှင်တို့ကတကြိမ်တခါတည်း နှင့်အပြေအလည်ပေး ကောင်း သည်
မဆိုမတောင်း စေနှင့်။ အရင်း တန်သည်ရင်း ပွါး တန်သည်မြီစား လက္ခဏာကို
ထောက်၍တလမပိုင်တလပိုင်တနှစ်မပိုင်တနှစ်ပိုင်မုဆိုး မဝန်ကဲ့သို့တဖြည်း ဖြည်း
ပေး ဆပ်စေ။ မြီစား တို့မုဆိုး မဝန်ကဲ့သို့တဖြည်း ဖြည်း ဖြည့်ဆပ်ပေး လျှက်လနှစ်
များ သည်ကိုမြီရှင်တို့ကတွက်ချက်၍အလေး ချိန်ခွင်စဉ်း လဲပြန်ခြင်း လောဘရမ္မက်
ကိုလိုက်၍မပြုမကျင့်စေနှင့်။ ပင်ရင်း ထက်အခက်မစည်မပွါး စေသင့်ကြောင်း ကို
စာဟောင်း နှင့်ညီအောင်ဝန်တို့ကဆိုင်သင့်ရာဆင့်ကဲပြန်ဆိုစီရင်ကြစေ။ ရွှေ
ပြည်တော်မှစ၍နိုင်ငံတော်အတွင်း ဆင်း ရဲသား ကျွန်တော်မျိုး အပေါင်း တို့တွင်

တယောက်ကိုတယောက်နိုး မှုရိုး မှုနှုတ်လွန်လက်လွန်အိမ်မှုယာမှုမှစ၍တရား စကား အရှက်အတင်အရပ်ရပ်အမှုအခင်း များစွာရှိရာသည်၊ တရား မှုသာမှ (န်)သည်ကိုရာဇဝတ်မှုပြု၍စစ်ဝတ်ကြေး ငွေအကုန်အကျအပွါး အများ မစား မယူမစီရင်စေနှင့်၊ (ရာဇသတ်) ဓမ္မသတ်ထွက်ထုံး စံနှင့်လျှော်စွာသာစစ်ကြောစီရင်စေ၊ တရား မှုကိုရာဇဝတ်မှုပြု၍စီရင်သည်ကိုကြား သိလျှင်စီရင်သူကိုနောင်မဝံ့အောင်ဆုံး မစီရင်၊ တရား ထုံး စံဆိုသည်အရာသည်တတ်သိမျှော်မြင်ကြွမ်း ကျင်လိမ္မာခဲ့သည်၊ အသိအလိမ္မာနှင့်ပြည့်စုံသော်လည်း ပစ္စုပ္ပန်သံသရာ (၁၀) နှစ်ပါး ကိုထောက်၍ ဖြောင့်ဖြောင့်ရိုး ရိုး သူတော်ကောင်း သဘောသို့သက်ခဲ့သည်၊ မစောင့်မရပ်လျှို့ဝှက်ကြံစည်၍ကိုယ်ကျိုး ကိုယ်စီး ပွါး များ အောင်လောဘရမ္မက်သို့လိုက်သဖြင့်ကျင့်ကြံ လေ့ပြုသူများ သည်တရား ထုံး စံမမှန်မကား မတရား သဖြင့်ကျင့်ကြံလျှင်တိုင်း ပြည်မသာမယာ စေတတ်သည်အမှုဖြစ်သည်၊ ငစည့်ကူး စား ဟောင်း လက်ထက်အရပ်ရပ်မင်း ညီမင်း သား မှူး မတ်ပြုသူတို့ အိမ်ယာများ မှာခုံသမတ်ပြု စေသူတို့ကိုတရား စကား တတ်သိ မြော်မြင်သည် ရွေးချယ်စီစစ်၍ ရှေး ထုံး ရှေး စံနှင့်အညီမခန့်မထား မြင်မြင်ရာရာခန့်ထား စီရင်ကြ၍ဆင်း ရဲသား ကျွန်တော်မျိုး အပေါင်း တို့ကြေး ကုန် ငွေကျမပင်မပန်း တန်ပင်ပန်း ရှိကြသည်၊ မင်း ညီမင်း သား မှူး တော်မတ်တော်ဝန်ငန်း ရှင်တို့ အိမ်ယာများ မှာမတတ်မလိမ္မာသည်ကိုခုံသမတ်ပြု၍ မစစ်မကြောမစီမရင်စေနှင့်၊ တတ်သိမျှော်မြင်ကျွမ်း ကျင်လိမ္မာသသူကိုသာ(ခုံသမတ်)ပြု၍စီရင်စေ၊ ဆင်း ရဲသား ကျွန်တော်မျိုး တို့တွင်တယောက်ကိုတယောက်နှုတ်လွန်လက်လွန်စကား အရှက်အတင်မပွါး မများ တန်တရား တဘောင်မဖြစ်လောက်သည်ကိုဆင်ခြေတင်၍တရား တဘောင်မ(ဖြစ်မပွါး စေနှင့်) နှုတ်ပြောနှုတ်ဆိုနှင့်သာစီုး ထူး မင်း ရာအကုန်အကျမရှိစေရ၊ ကြီး (သည့်) စကား ကိုငယ်အောင်(ငယ်သည့်စကား ကို) ပပျောက်အောင်ဆုံး မစီရင်ကြစေ၊ အရိုး လေး ပါး မှစ၍ နှုတ်လွန်လက်လွန်နိုး မှုရိုး မှုအိမ်မှုယာမှုတရား တဘောင်မဖြစ်လောက်သည့် စကား ရပ်ဖြစ်၍အမှုသည်နှစ်ဦး တရား ဆိုင်ပြိုင်မိကြလျှင်တရား ခုံတရား စာရေး တို့မှာတရား တက်ငွေ၂(ရေး စား )ဝံသာခံယူစား ကြစေ၊ တ

ရား ဆိုင်ဆိုတိုင်း ရေစား မှတ်စား မတောင်း မယူစေနှင့်၊ လဘက်ထုတ် ပေး ကမ်း၍သာဆိုင်ဆိုစေ၊ သက်သေပြုအချုပ်ထွက်၍ ရေး သား ရလျှင်အချုပ် ရေး စား ငွေ ၁ံသာယူစေ၊ လုင်ဝတ်မှာလည်း စာတစောင်နှင့်ချခေါ်ရလျှင်အမှုသည်အ များ ပါသည်ဖြစ်စေအနည်း ပါသည်ဖြစ်စေခရီး တတိုင်လျှင် ၂အမိန့်တော်ဝင်ငွေ ခိုင်ကိုထွက်၍ ပေး ယူစေ၊ မြို့တွင်း မြို့ပြင်ချခေါ်ရသည့်အမှုသည်ဖြစ်လျှင်လည်း မြို့ တွင်း ၁ံမြို့ပြင် ၂ံသာ ပေး ယူစေ၊ ရာဇဝတ်မှုချခေါ်ရလျှင်လည်း တတိုင်ဒိသာ စား ယူစေ၊ ရှေ့နေတို့မှာလည်း ခြေကြွ ကြေး ၁၊ လဘက်တထုပ်သာစား ယူစေ၊ အမှုပြီး သည်ကာလမှကွမ်း ဘိုး တဝက် ပေး ယူစေ၊ အပံ့မှာလည်း ချဝတ်တဝက်သာ ပေး ယူစေ၊ အမှုသည်တို့အဆို ၂ပြင်ကွဲပြား သည်ကိုလူသက်သေသိမိသူတို့ကာလရှည် ဝေး၍မသိမမိမပြုမဆိုနိုင်ရှိသောကြောင့် ရှေး စာဟောင်း စာတမ်း ကျောံ စာကမ္ပည်း မပြုမဆိုနိုင်ရှိသော်၎င်း ပြတင်နိုင်သော်လည်း ပြတင်သည့်စာပေ နှင့်မယုံမကြည်သင်္ကာမကျေတိုက်ရှိလျှင်ကမ္ဘာ ၄ ရပ်တွင်တရပ်ရပ်စီရင်ထုံးရှိသည်ဖြစ် ၍ ချုပ်နှုတ်မိဋ္ဌာန်စာနှင့်တရပ်ရပ်စီရင်ရလျှင်မြို့ကြီး ရွာကြီး ပယ်ကြီး နယ်ကြီး ဖြစ်သောကြောင့်နှုတ်လွန်လက်လွန်အိမ်မှုယာမှုစကား ရပ်များ မှစကား အင် တရား အင်ကိုထောက်၍ ၁၀တန်သည် ၅ ဝိတန်သည် ၃ ဝိတန်သည်ကိုသာတည့်ပေး စား ယူစေ၊ မိဋ္ဌာန် ရေးစားမှာလည်း အထည် ငွေ ၁။ လျှင် ၁ ဝိကိုထွက်၍ စား ယူစေ၊ ရှေ့နေတို့မှာလည်း အထည်ငွေအနက်က ၁၀ ခိုင် ၁ ခိုင် ပေး ဝေ စား ယူစေ၊ နာရီထိန်း ဆိပ်ခကြီး ကိုင်တိုင်စိုက်ဝါး တိုင်များ မှာဆိပ်ခ ငွေ ဒိ ၂ံ၊ နာရီစောင့် ငွေ ဒိ ၂ံ၊ ကြီး ကိုင် ဒိ၊ တိုင်စိုက် ဒိ၊ ဝါး နှိပ် ဒိသာစား ယူစေ၊ စီရင်စား ကွမ်း ဘိုး မှာ ၁၀ ခိုင်တခိုင်စား ယူစေ၊ အပြီး ရေး စား အောင်လဘက်တို့မှာ ငွေ ဒိတန် သည် ၂ံတန်သည်ကိုသာချင့်၍ ပေး ယူကြစေ၊ အပြီး လုင်ဝတ်မှာလည်း ၂ံတန်သည် ၁ံတန် သည်ကိုသာစား ယူစေ၊ စစ်ဝတ်ကြေး ငွေမတောင်း မယူမစား ကြစေနှင့်၊ ရာ ဇဝတ်မှုပင်ဖြစ်သော်လည်း အမှုအင်စကား ကိုထောက်၍ကွမ်း ဘိုး သာတပ်မှတ်စေ၊ ပြင်လွင်တရား ညှိခံကြသည်ခုံသမတ်များ မှာလည်း အမှုသည်တဦး လျှင်ဖျင်တစုံဖြစ် စေ ဖျင်ဘိုး ငွေ ၅ ၂ံဖြစ်စေသည်သာစား ယူကြစေ၊ လွှတ်တော်ရုံး တော်စာချွန် ပေချွန်အပေး အအပ်ပုရပိုက်လွှာစီရင်ခံ၊ စာတင်စာချအပေး အယူများ မှာ

လည်း ပုရပိုက်လွှာတစောင်လျှင်စာတင်စာချကြေး ၁၊စီကိုသာပေး ယူစေ၊ စာချွန်ရေး စား မှာ( လည်း )စာချွန်တစောင်လျှင်အမှုအင်ကိုထောက်၍ ငွေ ၂ံ တန်သည်ဒိတန်သည်ကိုသာစား စေ၊ သာလွန်၍မပေး ( မစား စေနှင့် )၊မင်းမှုမင်းခင်း ပေး မှာရသည်စာဖြစ်၍ မစား မယူထိုက်သည်အမှုဖြစ်လျှင်လည်း မစား မယူကြစေနှင့်။

ပယ်နယ်အပိုင်း အခြား သွား လာခြင်း နင်း ကြည့်ရှုမှတ်သား ရသည့်အမှုဖြစ်လျှင်အမှုအင်ပယ်နယ်အပိုင်း အခြား အဝေး အနီး ကိုထောက်၍ ပေး ယူကြစေ၊ ရွှေရုံး နောက်ရုံး တရား ရုံး ဝင်း တော်၄မျက်နှာဝင်း ရုံး မင်း ညီမင်း သား မင်း သမီး တို့အိမ်မှူး တော်မတ် တော်တို့အိမ်မှစ၍ နိုင်ငံ တော်အတွင်း အရပ်ရပ်မြို့ဝန်စစ်ကဲသူကြီး ကလံတို့သို့ဝန်တို့က( ပြန်ဆို )မှာထား ၍အာဏာ တော်တည့်အောင်စီရင်ကျင့်ဆောင်ကြစေ၊ နိုင်ငံ တော်အတွင်း စော်ဘွား မြို့စား သူကြီး ကလံတို့တွင်ကြီး စိုး ရုံး မှစ၍အရုံး လေး ပါး တရား တဘောင်တွေ့ဆိုကြ၍ဧကရာဇ်အဆက်ဆက် နန်းတော်ဆင်ဖြူရှင်လက်ထက် တော်တိုင်စစ် ကြောစီရင်၍တရား ထုံး စံရှိသည့်အတိုင်း ဖြတ်တမ်း ဖြတ်စာနှင့်အ သေအချာလက်မကွာစီရင်အုပ်ချုပ်၍ ငြိမ်ဝပ် လေပြီး သည်တရား စကား များ ကိုငစည့်ကူး စား ဟောင်း လက်ထက်ယိုး ကိုး ကပ်ခို ချောင်း နှောင်း လျှောက်ထား ၍တရား တဘောင်မဖြစ်တန်ဖြစ်ရသည်၊ မဆက်မရှည်မလျှောက်မထား နိုင်၍အပြီး အပြတ်မခန့်တန်ခန့်ရသည်အရာများ မှာဖြတ်တမ်း ဖြတ်စာကိုအနိုင်အမာပြု၍ မလျှောက်မထား မလုမဆိုစေနှင့်၊ ကြီး စိုး ရုံး ရာအမှုအရုံး ၄ပါး တရား စကား များ မှာခမည်း တော်အလောင်း မင်း တရား ကြီး လက်ထက်စီရင်ပြီး ချက်ရှိသည်များ ကိုသာတည်စေ၊ ထိုရမည်လည်း တိုင်း နိုင်ငံအိမ်ရုံး ပြုစု တော်မူစဖြစ်၍မှန်သည့်အရာမမှန်သည့်အရာရှိရာသည်၊ နောင် တော်ဆင်ဖြူရှင်လက်ထက်လွှတ် တော်ရုံး တော်မှစ၍စီရင်ပြီး ချက်နှင့်လက်မကွာရှိသည်ကိုသာအမှန်ပြု၍ငြိမ်ဝပ် အောင်ပြန်ဆိုစီရင်၊ နိုင်ငံ တော်အတွင်း မြန်မာကျွန် တော်မျိုး တို့မှာလင်မယား ၂ယောက်တွင်အမွေခံသား မြေး မရှိတယော် ယောက် သေလျှင်လင်သေမယား စား မယား သေလင်စား ၊အမွေဥစ္စာကိုဆက်ခံရသည်၊ လင်မယား ၂ယောက် သေလျှင် သေသူတို့မွေး ပေါက် ဘော်တို့( စား )ရသည်၊

3 March 1782

မွေး ပေါက် ဘော်မရှိလျှင် မိဘဘိုး ဘေး တို့ဆက်ခံရသည်၊ မိဘဘိုး ဘေး သား မြေး မြစ်မရှိလျှင် (အရာတော်ဖြစ်စေ)။

3 March 1782

(သက္ကရာဇ်) ၁၁၄၃ ခုတပေါင်း လပြည့်ကျော် ၅ ရက် နေ့နား ခံ ပွဲ့ချီးသီရိပြန်။

(ဆင်တဲ ၄၁)

10 March 1782

ကျိုက်ဘဏ္ဍိုင်သာဝတ္ထိစည်ပါထန်းတပင်တို့သည် ရဟန်းဖြစ်လျက်နိဗ္ဗာန်မဂ်ဖိုလ်ကို နီး မည်အကြောင်း သိက္ခာပုဒ်ကိုထိန်းသိမ်း၍သာငြိမ်ဝပ်စွာကျင့်ဆောင်နေရမည်ကို (မနေ့လူ) တို့နှင့်တွေ့ ရောရှက်တင်၍လူမှုလူရာမင်းစကား စိုးစကားများကိုမပြောတန်မဆိုတန်တိုင်ပင်ပြောဆိုကြသူများဖြစ်သည်၊ ကျိုက်ဘဏ္ဍိုင်ကိုဝတ်ဖြုတ်လဲ၍ကန်ကော့တလေသို့ပို့၊ သာဝတ္ထိ၊ စည်ပါ၊ ထန်းတပင်တို့သုံးယောက်မှာသစ်တောလေးရပ်သို့ တတောတယောက်စီပို့။

10 March 1782

(သက္ကရာဇ်) ၁၁၄၃ ခုတပေါင်းလပြည့်ကျော် ၁၂ ရက်နေ့ဝန်ထောက်ကြီးကိုခေါ်၍ပြန်။

(ဆင်တဲ ၄၁)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ဘုရား မယ်တော်ဘုရား အမိန့်တော်ရှိသည်၊ ခင်ဦး ဗိုလ်လက်ျာ ဗလကျော်ထင် ငါ့ကျွန်တော်မျိုး ဗလကျော်၊ ဒိပ္ပစက်ရောင်၊ ဥဒိန်၊ ငမှတ်၊ ငကြာတို့ကိုအမိန့်တော်မြတ်နှင့် ငါ့သား သတိုး သီဟကျော်ကို ငါ့ကျေးဇူး ရှင်လက်ထက်တော်က အပ်ပေး သနား တော်မူသည့်ကျွန်တော်မျိုး သီဟတော မြေနေငပန်း နှင့်လူ ပေါင်း ၁၀ ကျော်၊ ရေမျက်မြင်း မြေနေငမြတ်ရင်နှင့်လူ ပေါင်း ၁၀ ကျော်၊ မန်ကျည်း တုံမြင်း မြေနေငညိုနှင့်လူ ပေါင်း ၁၀ ကျော်၊ သပြေအိုက်လေး မြေနေငကောင်းကြီး ငကြာတို့နှင့်လူ ပေါင်း ၁၀ ကျော်ကျွန်တော်မျိုး မှတ်စာဝင်ဖြစ်၍ ငါ့သား သတိုး သီဟကျော် မရှိလျှင် ငါကသိမ်း တော်မူ၍ သပြေအိုက်လေး မြေတွင်သီး သန့်ကွဲပြား နေထိုင်စေသည်ကိုအမိန့်တော်ကိုမတည်ရ၊ ခင်ဦး ဗိုလ်လက်ျာ ဗလကျော်ထင်က လူတကိုယ်လျှင် ငွေ ၃၂ စီ ပေး ရမည်ချ ခေါ်ချုပ် တောင်း ကြောင်း နှင့်ငါ့ကျွန်ဗလကျော်တို့က ငါ့ကိုရှိခိုး သံတော်ဦး တင်ပြန်သည်၊ မှန်လျှင်လက်ျာ ဗလကျော်ထင်က မတောင်း မခံစေနှင့်၊ မှတ်စာဝင်လူ ပေါင်း ၅၀ ကျော်သည်ယခုမှထမ်း သည့်ငါ့ကျွန်မဟုတ်၊ ကျေးဇူးတော်ရှင်လက်ထက်က ငါ့သား သတိုး သီဟကျော်ကိုပေး အပ်သနား တော်မူသည့်ကျွန်ဖြစ်၍ ငါကထပ်မံသိမ်း တော်မူ ကြောင်း ကိုအမြွက်ဝန်တို့ကိုငါကအမိန့်တော်ပြန်၍ ရှိလေပြီး သည် ငါ့အမိန့်တော်မြတ်ရင်း နှင့်အညီငြိမ်ဝပ်စွာလုပ်စား နေထိုင်၍ ငါ့အမှုတော်ကိုထမ်း စေ။

15 April 1782

သက္ကရာဇ် ၁၁၄၄ ခုကဆုန်လဆန်း ၄ ရက်နေ့ထွက်သည့်အမိန့်တော်သံတော်ဆင့်မှတ်။

( ရှေး ဟောင်း သုတေသန )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော သာသနဒါယကာ တော်ဘဝရှင်မင်း
တရားကြီး အမိန့်တော်ရှိသည်၊ အရပ်ရပ်ဆရာတော်သင်္ဃာတော်အပေါင်းတို့
၄အသရေနှင့်ကမ္ဘာတသိန်း ပါရမီဆယ်ပါး အပြားသုံးဆယ်ကိုဖြည့်တော်မူ၍သဗ္ဗ
ညုအဖြစ်သို့ရောက်တော်မူသောဘုရား မြတ်စွာပရိနိဗ္ဗာန်ယူတော်မူသည်နောင်
ပုထုဇဉ်ရဟန်းတို့အသီးသီး အယူဝါဒကွဲပြား ကျင့်ဆောင်ကြသည်ကိုအဇာတသတ်၊
ကာလသောက၊ သီရိဓမ္မာသောကမင်းတို့ကိုအမှီပြု၍အရှင်မဟာကဿပ၊ အရှင်
မဟာယသ၊ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထည်အမှူး ရှိသောရဟန္တာသူမြတ်တို့
သည်မိစ္ဆာအယူကွယ်၍သမ္မာအယူနှိက်ညီညွတ်စွာဖြစ်စေချင်း ၄ါပထမသင်္ဂါယနာ၊
ဒုတိယသင်္ဂါယနာ၊ တတိယသင်္ဂါယနာတင် တော်မူကြလျှင်ခပ်သိမ်း သောမိစ္ဆာအယူ
တို့သည်ကွယ်ပျောက်၍သမ္မာအယူနှိက်တည်ကြကုန်သကဲ့သို့ဖြစ်စေလို၍ဟံသာဝတီရောက်
မင်းဘိုး တော်ခမည်း တော်တို့လက်ထက်ကပင်အရုံအတင်သင်္ဃာတော်၂ဦး ကွဲပြား
၍ကလဟဝိဝါဒဖြစ်ကြသောကြောင့်ဘုရား ဟောပါဠိအဋ္ဌကထာကျမ်း ဂန်ရှိရာ
ဖြစ်စေရမည်၊ အကြိမ်ကြိမ်ဆိုကြစေသော်လည်း အယူဝါဒသဘောမကြေမပြီး မပြတ်
ဒုကုဋ်တင်သင်္ကန်း ရုံဂါမဝါသီ၊ အသီးသီး ကွဲပြား ကျင့်ဆောင်၍ရှိကြကုန်သည်၊ ခ
မည်း တော်အလောင်းမင်း တရားကြီး လက်ထက်တိုင်း နိုင်ငံသိမ်း ရုံး တည်
ဆောင်တော်မူသည်ကာလ၊ ခမည်း တော်ဘုရား တွင်ဆရာအကြီး ပြု၍ကိုး ကွယ်
တော်မူသည့်အုတ်ရှစ်ကျေး ရှင်ဃဿပုဂ္ဂိုလ်ကသင်္ကန်း ရုံဒုကုဋ်တင်ဂါမဝါသီအကွဲကွဲမ
ရှိစေသင့်ဒုကုဋ်တင်တချက်တည်သာကျင့်ဆောင်စေသင့်သည်တရား ကျမ်း ဂန်ရှိ
ကြောင်း နှင့်မေတ္တာစာဆက်သွင်း ၍ဒုကုဋ်တင်နှယ်တချက်တည်း သာကျင့်ဆောင်
ရမည်ရှိရာတွင်သင်္ကန်း ရုံပလိုင်း ဆရာတော်ရှင်သုဇာတပုဂ္ဂိုလ်တို့ကဒုကုဋ်ငယ်
ရင်ဘွဲ့စည်း တင်၍ကျင့်ဆောင်အပ်သည်၊ ၂ဘက်ရုံ၍ကျင့်ဆောင်အပ်သည်ကိုပါဠိအဋ္ဌ
ကထာလာတိုင်း ဆိုလိုပါသည်မေတ္တာစာဆက်သွင်း ရာတွင်ဆိုစေခမည်း တော်ဘုရား
အမိန့်တော်ရှိသည်ကိုရှင်ဃဿပုဂ္ဂိုလ်တို့ကအဆိုမခံ၊ ဟံသာဝတီရောက်မင်း ခမည်း
တော်လက်ထက်ဆိုကြသည့်ကာလအရုံဆရာတို့ကအကြိမ်ကြိမ်ရှုံး ၍ဖြတ်တမ်း ဖြတ်စာနှင့်
ရှိသည်၊ ဆိုင်ပြိုင်၍မဆိုစေသင့်ပြီ၊ ဒုကုဋ်ငယ်ရင်ဘွဲ့စည်း တင်၍ကျင့်အပ်ကြောင်း
ကိုသာတရား ကျမ်း ဂန်ရှိသည်၊ စူဠဂဏ္ဌိကျမ်း ထွက်ကိုဘုရား ဟောပါဠိအဋ္ဌကထာ

ကဲ့သို့အနိုင်ပြု၍ မေတ္တာစာသွင်း ပြန်သောကြောင့်၊ အရုံဆရာတို့ကဘက်ပြိုင်၍
မဆိုင်မဆိုကြရရှိသည်၊ ဆရာကြီး သမားကြီး တို့ပါဠိအဋ္ဌကထာကျမ်းဂန်မထွက်
မလာသည်ကိုဆိုရမည်မဟုတ်ခမည်း တော်အလောင်း မင်းတရားကြီး စွဲယူတော်
မူ၍ ဒုကုဋ်တင်နွယ်တချက်တည်း သာဖြစ်စေရမည်၊ သမုတ်ပြဋ္ဌာန်း တော်မူသည့်
အချက်နှင့်ခမည်း တော်အလောင်း မင်းတရားကြီး လက်ထက် တော်ကသည်နောင်
တော်မင်းတရားကြီး နောင် တော်ဆင်ဖြူရှင်လက်ထက်ဒုကုဋ်တင်နွယ်တချက်တည်းကျင့်ဆောင် 1780
တော်မူကြရသည်ကိုစည့်ကူး စား လက်ထက်သက္ကရာဇ်၁၁၄၂ခုကသည်(၁၁)၄၃ခု 1781
နှစ်တိုင်အရုံအတင်သင်္ဃာ တော်၂ဦး ကိုမာန်အောင်ရတနာသုဓမ္မစရပ်တွင်ဆိုင်း
ပြိုင်ဆိုကြစေရာတွင်အတင်ဆရာတို့ကဒုကုဋ်ငယ်ရင်ဘွဲ့စည်း တင်၍ကျင့်ဆောင်အပ်
ကြောင်း ကိုပါဠိအဋ္ဌကထာနှင့်အညီ၂ဘက်ရုံကျင့်ဆောင်အပ် ကြောင်း ကိုပါဠိအဋ္ဌက
ထာပြဆိုနိုင်၍အရုံတချက်တည်း ကျင့်ဆောင်ကြလေပြီး သည်ကို ဘောင်း ကား စား
လက်ထက်ကပင်အတင်ဆရာတို့ကတင်မြဲတင်၍ကျင့်ဆောင်ပြန်ကြ သောကြောင့်ဘောင်း
ကား စား ကဒုကုဋ်ငယ်ရင်ဘွဲ့စည်း တင်၍ကျင့်ဆောင်ကြရမည်အာနာထား ၍
ကျင့်ဆောင်ကြရသည်ဖြစ်မည်၊ ဒုကုဋ်ငယ်ရင်ဘွဲ့စည်း တင်ကျင့်အပ် ကြောင်း ကိုပါ
ဠိအဋ္ဌကထာ တွေ့မြင်၍ကျင့်ဆောင်ပြန်ကြသည်ဖြစ်မည်၊ အတင်အနွယ် ရွှေစေတီရှင်
အာသဘ၊ ရွှေမြင်မိ ရှင်သဒ္ဓမ္မရံသီ၊ ငထပ်မြောက်တိုက် ရှင်ဇာနိန္ဒ၊ ကျော်ထင်
သင်္ချာကျောင်း ရှင်စက္ကာရာမဆရာတို့မှစ၍အရပ်ရပ်တိုက်နေသင်္ဃာဆရာ
တို့မှာ ရွှေတိုက်ဝန်ကျီဝန်တို့ကိုခန့်ထား ၍အကြည်အသာ လျှောက်မေး စေရာတွင်
ဘောင်း ကား စား လက်ထက်ကျင့်ဆောင်ရမည်ဆို၍ကျင့်ဆောင်ကြသည်မဟုတ်ပေ၊
ဒုကုဋ်ရင်ငယ်ဘွဲ့စည်း တင်အပ် ကြောင်း ကိုလည်း ပါဠိအဋ္ဌကထာမထွက်မလာပေ၊
သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်၊ ပိဏ္ဍစာရိကစ သောခန္ဓကဝတ်နှင့်အညီ၂ဘက်ရုံအပ် ကြောင်း
ကိုသာပါဠိအဋ္ဌကထာဋီကာကျမ်း တို့၌ရိုက်များ စွာလာပေသည်၊ ဒုကုဋ်ငယ်ရင်ဘွဲ့
စည်း တင် ဆောင်သည်မှာဆရာစည်ပဝေဏီမပျက်ကျင့်ဆောင်ကြသည်သာဖြစ်ပေ
သည်ထွက်ဆိုသောကြောင့်ဆရာစည်ပဝေဏီမပျက်ဒုကုဋ်ငယ်ရင်ဘွဲ့စည်း တင်၍ကျင့်
ဆောင်ဆုမ္မလိုမည်ပါဠိအဋ္ဌကထာလယ်ဘိုင်း သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်ပိဏ္ဍစာရိကစသော
ခန္ဓကဝတ်နှင့်အညီကျင့်ဆောင်လိုမည်ကိုမေး လျှောက်ပြန်စေရာတွင်ဒုကုဋ်ရင်ဘွဲ့

စည်း တင်၍ဆရာစဉ်ပဝေဏီအတိုင်း မကျင့်လိုပြီ၊ ပါဠိအဋ္ဌကထာလာတိုင်း သုပ္ပ
ဋိစ္ဆန္နသိက္ခာပုဒ်၊ ပိဏ္ဍာစာရိကစသော ခန္ဓကဝတ်နှင့်အညီကျင့်ဆောင်ပါမည်ညီ
ညွတ်စွာဝန်ခံ၍ ရှိကြလေပြီးသည်၊ ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း သတင်း
သုံး နေသမျှကိုဏ်း အုပ်ပုဂ္ဂိုလ်သင်္ဃာသာမဏေတို့တွင်စီရင်ခင်း စီရင်ဘွယ်ရှိသမျှကို 3 June 1782
တရားကျမ်း ဂန်နှင့်အညီဆုံး မစီရင် တော်မူရမည်၊ သက္ကရာဇ် ၁၁၄၄ ခုနယုန်
လပြည့်ကျော် ၃ ရက်နေ့ရတနာ ရွှေဘုံ ကျောင်း နေညာဏဝိလာသသဒ္ဓမ္မမဟာရာ
ဇာဓိရာဇဂုရုဆရာ တော်ကိုရဟန်း သာမဏေတို့ကျင့်ဝတ်ပိဋကတ် တော်ရေး ပိ
ဋကတ် တော်မှုနှင့်တကွသာသနာ တော်ရေး သာသနာ တော်မှုစီရင်ခင်း စီရင်
ဘွယ်ရှိသမျှကိုအပ်နှင်း တော်မူသည့်နေ့မှစ၍ညာဏဝိလာသသဒ္ဓမ္မမဟာရာဇာဓိ
ရာဇဂုရုဆရာ တော်လည်း ပိဋကတ် တော်မှုနှင့် ရွှေပြည် တော်မှစ၍ နိုင်ငံ တော်
အတွင်း သတင်း သုံး နေသည့်ကိုဏ်း အုပ်ပုဂ္ဂိုလ်သင်္ဃာသာမဏေတို့တွင်စီရင်ခင်း စီ
ရင်ဘွယ်ရှိသမျှကိုအကွဲအပြား မရှိစေရပါဠိအဋ္ဌကထာတရား ကျမ်း ဂန်လာတိုင်း
မင်္ဂလာ ရွှေဘုံဆရာ တော်၊ မဟာမင်္ဂလာ ရွှေဘုံဆရာ တော်၊ ဘုံ ကျော် ဝေယန်
ဆရာ တော်ကြီး တို့နှင့်တိုင်ပင်နှိုင်း ရှည် တော်မူ၍တဝတည်း ညီညွတ်စွာဆုံး မစီ
ရင် တော်မူရမည်။

3 June 1782

သက္ကရာဇ် ၁၁၄၄ ခုနယုန်လပြည့် ကျော် ၂ ရက် ၂ နေ့အမိန့် တော်ကို
သက္ကလပ် ရွှေချည်သပ်အိတ်နီသွတ်ပြီး သျှင် ရွှေသား ကလပ်ထွင်တင်၍ ရှေ့သိုင်း ၂
နှင့်အဆောင် တော်မြဲ ဇေယျသီရိကိုကိုင် စေ၍အတွင်း ဝန် နေမျိုး ကျော်ထင်သံ
တော်ဆင့်နန္ဒ ဝေသာ၊ လက်ယာ ရွှေ တောင်၊ အတွင်း တော်မြဲတို့ကြပ်ဆောင်
ယူသည်၊ မာန် အောင်ရတနာသုမမ္မာစရပ် တော်သို့ ရောက်လျှင် ရွှေပြည် တော်
မှစ၍ နိုင်ငံ တော်အတွင်း သဘင်း သုံး နေသမျှဆရာ တော်သင်္ဃာ တော် သေနာ
ပတိမျှား တော်မတ် တော်အ ပေါင်း ခြံရံသည့်သဘင် တော်အလယ်တွင်ပြည်လုံး အံ့မျှား
နန္ဒ ဝေသာဦး သုံ့ကြိမ်ညွတ်၍ပြီး မှရတနာ ရွှေဘုံဆရာ တော်ကြီး ကိုအပ်ရသည်။
( မျိုး ကြည့်၊ ပု၊ ၆၁၂ )

ပြည်ထဲ၌မျက်နှာသာယာငြိမ်ဝပ်၍သာသနာတော်ရေး ထွန်း ပပွင့်လင်း စေ
ကြောင်း ကောင်း သောအယူဝါဒကိုစွဲလမ်း ကြမှ ပစ္စုပ္ပာန်သံသရာဘဝနှစ်ပါး
ဘေး အန္တရာယ်ကင်း ရာသည်ကိုထောက်တော်မူ၍သတ္တဝါအပေါင်း တို့ကိုငြိမ်ဝပ်
အောင်ခန့်ထား စီရင်စိမ့်မည်ဝန်ကြီး ဝန်ထောက်မြို့ဝန်ထောင်မှူး မြို့စာ
ရေး အသီး အသီး အရာအထူး ခွင့်လမ်း ပေး အပ်၍ ချုပ်ကိုင်စီရင် စေသည့်လူ
ကြီး များ မဟုတ်သကဲ့သို့ရာဇဝတ်တော်ရေး နှင့်ရှည်စပ်သည်အမှုများ ကိုတိုင်း
နိုင်ငံငြိမ်ဝပ် စေခြင်း ငှါလူဆိုး လူသွမ်း တို့ကိုမတွေ့တွေ့မိအောင်ချောင်း
မြောင်း ဘမ်း ဆီး မကွပ်မညှပ်မစီမရင်အစီရင်ခံလာရောက်မှစီရင်မည်
စွဲယူ၍ ပေါ့ပေါ့လျော့လျော့ရာဇဝတ်တော်ရေး ကိုမထောက်နေကြသောကြောင့်
ရွှေပြည်တော်ပတ်လည်အနီး အစပ်များ တွင်ကျွဲနွား သတ်စား ကြောင်း ဈေး
ပြင်ကနွား ကြက်ဝက်သတ်ရောင်း ကြောင်း များ ကိုရွှေနား တော်မြတ်ကြား
တော်မူရသည်၊ ဝန်တို့မှာမကြား မသိလော၊ နောင်သည်ကဲ့သို့ကြား၍တော်မူရ
လျှင်၂ခွမ်း ချေရမည်မမှတ်နှင့်၊ မြို့ဝန်ငယ်တို့လည်း လူဆိုး လူသွမ်း မစောင့်မ
ရပ်ရာဇဝတ်တော်ရေး မကင်း မလွတ်ကျင့်ကြံသူတို့ကို တွေ့မိအောင်ဘမ်း ဆီး ၍
ဂတိ၄ပါး သို့မငဲ့မကွက်ကြေး ငွေပန္နာမစား မယူကြပ်ကြပ်တင်း တင်း စီရင်
ကွပ်ညှပ်မည်မကြံမစည်ဝင်ကြေဆန်း သာကျင့်ကြသည်၊ နောင်သည်ကဲ့သို့ကြား တော်
မူရလျှင်ကြီး စွာသောအကွပ်တော်ကိုခံရမည်၊ မြို့ဝန်ငယ်တို့ကိုလည်း အပြစ်တင်၊
နာကျင်အောင်ပြန်။

16 November 1782

(သက္ကရာဇ်၁၁၄၄ခုနတ္တော်လဆန်း ၁၂ရက်နေ့နား ခံတော်
ပြော့ကြီး မှူး ထွင်ပြန်။
(မျိုး ကြည့်၊ ပု၊ ၆၁၆)

မြို့ပြကျုံး မြောင်း ပြတန်ဆောင်း ရွှေဘုံရွှေနန်း ပြုစုတည်ထား လုပ်ဆောင်
ရသည်ဆိုသည်အရာသည်ဌာဝရမှုကြီး မှုကျယ်ဖြစ်သည်၊ ဆင်း ရဲသား ကျွန်တော်
မျိုး တို့တွင်သူကြီး ကလံခေါင်း အကြီး ဝန်(အ)တိုင်စာရေး စာချီပြု၍ ခွဲခန့်စီ
ရင်သည့်သူတို့သည်အသာအနာမှု အောင် ကြေး ငွေကုန်တန်ကုန်သင့်မှကုန်စေရမည်၊
ကျေး ဇူး သမ္ဘာ တော်ကို စောင့်သိရို သေစွာ ဖြောင့်ဖြောင့်ရိုး ရိုး စွဲယူ၍ မစီ
မရင်ကိုယ်ဘို့ကိုယ့်တာ လောဘရမ္မက်ကိုလိုက်၍ သိနိုင်မြင်နိုင်မည်မဟုတ်အယူနှင့်စီရင်
တတ်သည်၊ လုပ်လိုဆောင်လိုရာအ လျှောက်အလျှား ငြါး ရမ်း လုပ်ဆောင်ကြရမည်
မဟုတ်၊ မြို့တတာလျှင်အဘိုး လက္ခမည်မှု၊ တံခါး တဆူ၊ ပြတလုံး ၊ ကျုံး တတာလျှင်အဘိုး
လက္ခမည်မှု၊ သစ်ဘိုး လွှခမှစ၍ ဈေး နှုံး ဈေး စံကိုမည်မှုသာဖြစ်စေ၊ အင်တန်
သည်ကိုပြုဌာန်း ခြား နား ၍ငြါး ရမ်း စီရင်လုပ်ဆောင်ကြစေ။ 21 December 1782

(သက္ကရာဇ်)၁၁၄၄ခုပြာသိုလပြည့်ကျော်၃ရက်နေ့နား ခံ ပြော့
ကြီး မှုး ထွင်ပြန်။
(တက်ဗဟို၄၅၂၁၈)

နှစ်စည်ဆက်မြဲသဇင်ပန်း တော်ဆက်ရောက်လျှင်အတွင်း တော်ကအတင်တော် ထုတ်၍ပန်ဆင်တော်မမူသေး သည်ကိုပြင်လွင်ပန်ဆင်စေမြဲထုံး စံမရှိဖြစ်သည် ကိုပြင်လွင်ပန်ဆင်ရောင်း ဝယ်ကြောင်း များ နှင့်ရွှေနား တော်မြတ်ကြား တော်မူရသည်၊ ပန်းဆိုင်ရာရောက်သော်လည်း ဝေငှပန်ဆင်ကြရဦး မည် မဟုတ်၊ ဝေသူပန်သူတို့ရုံး မှာအကျည်း ထား ၊ ပန်း ကိုလည်း အတက်နှင့်အလျှော် ပေး ဆက်သွင်း စေ။

26 December 1782

(သက္ကရာဇ်) ၁၁၄၄ ခုပြာသိုလပြည့်ကျော် ၈ ရက်နေ့နား ခံပုံချီ သီရိတွင်ပြန်။

(တက်ဗဟို ၄၅၂၁၈)

26 December 1782

သဇင်ပန်း ထွက်ကြောင့်အချုပ်အထား ခံရသူတို့မှာ ချမ်းသာပေး တော်မူသည်၊ အကုန်အကျမရှိစေရ၊ အကျည်း ကလွှတ်၊ နေဝံလည်း အတွင်း တော်ကအတင်တော် မထုတ်မပန်မဆင်တော်မူသေးသည်ကိုမဝေမချမ်း မပန်မဆင်စေနှင့်။

26 December 1782

(သက္ကရာဇ်) ၁၁၄၄ ခုပြာသိုလပြည့်ကျော် ၈ ရက်နေ့နား ခံပုံချို သီရိတွင်ပြန်။

(တက်ဗဟို ၄၅၂၁၈)

ရွှေပြည်တော်အတွင်း လမ်း မလမ်း သေး များ တွင်မြင်း ကိုအခုန်အငိုင်စီးနင်း ထိခိုက်ကြောင်း များ နှင့်ရွှေနား တော်မြတ်ကြား တော်မူသောကြောင့် ရွှေပြည်တော်အတွင်း လမ်း မလမ်း သေး များ တွင်မြင်း ကိုအခုန်အငိုင်မစီး စေနှင့်၊ စီး နင်း သူတို့ကို တွေ့မိအောင်ဘမ်း ဆီး စေအမိန့်တော်ဘုတ်ပြန်၍ ရှိသည်ကိုအမိန့်တော်အတိုင်း တည်တန့်ရပ်နေအောင်မြို့ဝန်ငယ်တို့က မကြည့်မရှု မစီရင်ကြသောကြောင့်နန်း တော်မြောက်တွင်ရဟန်း သာမဏေကိုမြင်း တိုက် မိသည်ဝင်မနား တံခါး တွင်း တွင်မိန်း မကိုမြင်း နင်း ထိခိုက်တိုက်မိကြောင်းများ ကိုရွှေနား တော်မြတ်ကြား တော်မူရပြန်သည်၊ ရွှေပြည်တော်မြို့တွင်း မြို့ပြင် လမ်း မလမ်း သေး များ တွင်အရပ်ရပ်မင်း ညီမင်း သား မျှုး မတ်ဆင်း ရဲ သား တို့မြင်း ကိုအခုန်အငိုင်မစီး မနင်း စေရမည်အကြောင်း နှင့်မေ‌ာင်း ကြော်စေ၊ နောင်စီး နင်း လျှင်လည်း မင်း ညီမင်း သား မျှုး မတ်ဆင်း ရဲ သား မဆိုအရပ်သါးတို့က ရအောင်ဘမ်း ၍မြို့ဝန်တို့ကို ပေး အပ်စီရင်စေ၊ မြို့ ဝန်တို့ကလည်း ကြပ်ကြပ်တည်း တည်း ဘမ်း ဆီး စစ်ကြောရမည့်အကြောင်း နှင့် မြို့ဝန်တို့ကိုအပ်ပြစ်တင်၊နားကြင်အောင်ပြန်။

29 December 1782

(သက္ကရာဇ်) ၁၁၄၄ ခုပြာသိုလပြည့်ကျော်၁၁ရက်နေ့နား ခံပြော့ ကြီး မျှုး တွင်ပြန်။

(တက်ဗဟို ၄၅၂၁၀)

ငါအသျှင်ဧကရာဇ်မင်း မြတ်ထွက်စံ တော်မူသည့်အခိုက်တံခါး ကိုဖွင့်ရမည်လါရောက်
သူပြင်စည်မြင်း များ လူငအူ၊ ငခွေး တို့၂ယောက်ကိုအကြီး စာရေး တို့မှာရအောင်
တောင်း၍စီရင်၊ ပြင်စည်မြင်း များ ကိုလည်း ခေါ်၍အကျည်းတွား။ 4 February 1783

(သက္ကရာဇ်) ၁၁၄၄ခုတပေါင်း လဆန်း ၄ရက်နေ့ရေသဘင်နန်း
တော်ကိုထွက်စံ တော်မူရာနား ခံစ မြောင်းများ ထွင်ပြန်။
(တက်ဗဟို ၄၅၂၁၀)

6 February 1783

လေစ၍လာပြီ၊ ရွှေနန်း တော်ပတ်လည်လက်တွင်း လက်ပြင်အိမ်စည်မှစ၍မြို့တွင်း မြို့ပြင်ရပ်စုကွက်စုများ တွင်မီး ထင်း လုံခြုံအောင်စစ်ကြောစေ၊ အိမ်စေ့ချိတ် ချွန်း လေဝါး ရေအိုး ရေပြည့်ထည့်စေ၊ ကဲလား ထရံအဟောင်း အနှမ်း အဆွေး အမြေ့ရှိသည်များ ကိုကောင်း မွန်အောင်အသစ်လဲစေ၊ အမှိုက်( မီး စါ) မရှိ စေနှင့်၊ ကြပ်ကြပ်တည်း တည်း နှိုး ဆော်စစ်ကြောစေ။

6 February 1783

(သက္ကရာဇ်) ၁၁၄၄ ခုတပေါင်း လဆန်း ၆ ရက်နေ့နား ခံပုံချို သီရိတွင်ပြန်။

(ကက်ဗဟို ၄၅၂၁၈)

ကိုယ်ရုံတော်အစုအငန်း နှင့်ဖြည့်ဘွဲ့၍အင်း စာရင်း ကျထမ်း ရွက်စေသည့် သေနတ်ဗိုလ်မှူး အကြီး အကြပ်တို့မှာစာရင်း ကျပါဝင်သူကိုသာ မစဝင်မလွှင့်မကပ်မနို စေရလုံခြုံအောင်ထိန်း သိမ်း ခန့်ထား ရမည်ကိုစုရှိငန်း ရှိမြို့သူကြီး ရွာသူကြီး တို့ထိန်း သိမ်း စီရင်သည့်လူတို့ကလာ ရောက်ဝင်ထမ်း လိုသည်ဆိုလျှင်လာ ရောက်ဝင်ထမ်း လိုသူတို့ကိုအလျောက်အလျား လက်ခံသိမ်း ယူကြောင်း မျှား နှင့်ငွေနား တော်မြွတ်ကြား တော်မူရသည်၊ အမိန့်တော်နှင့်မဖြည့်မဘွဲ့သည်ကိုအလျောက်လက်ခံထမ်း ရွက်ကြစေ၍အစုအငန်း မြို့ရွာသူကြီး ခေါင်း အကြီး မြို့နေရွာသား တို့ငြိမ်နိုင်မည်မဟုတ်၊ ဖြည့်ဘွဲ့ရာအင်း စာရင်း မပါမဝင်အလျောက်ဝင်ထမ်း သူတို့ကို သေနတ်ဗိုလ်မှူး အကြီး အကြပ်တို့ကလက်ခံ၍ မသိမ်း မယူမထမ်း မရွက်ကြစေနှင့်၊ နှုတ်သိမ်း ၍ဆိုင်ရာထမ်း ရွက်ကြစေ၊ ဖြည့်ဘွဲ့ရာစာရင်း ကျပါဝင်သည့် သေနတ်ကိုင်တို့ကိုလည်း အရပ်ရပ်မင်း ညီမင်း သား မင်း မိဘုရား မင်း သမီး မှူး မတ်တို့မှာကပ်နို လက်ခံ၍မထမ်း မရွက်ကြစေနှင့်၊ ဝန်တို့ကရအောင်နှုတ်သိမ်း ၍ဆိုင်ရာ သေနတ်ဗိုလ်အကြီး အကြပ်တို့ကိုအပ်၊ အမိန့်တော်နှင့်ငါရင်း ကျမဖြည့်မဘွဲ့သည်ကိုမြို့ရွာသူကြီး ခေါင်း အကြီး တို့စီရင်စုလူမည်သည်ရွာကလူမည်မျှကပ်နိုဝင်ထမ်း သည် သေနတ်ဖြည့်ဘွဲ့ရာစာရင်း ကျပါဝင်သူမှန်လျှက်မည်သသူမှာမည်သည့် သေနတ်ကကပ်နိုဝင်ထမ်း သည်ကိုလည်း သိသာအောင်စစ်ကြော၍စာရင်း သွင်း ။

17 February 1783

(သက္ကရာဇ်) ၁၁၄၄ ခုတပေါင်း လပြည့်ကျော် ၂ ရက် နေ့နား ခံပြော့ကြီး မှူး ထွင်ပြန်။

(တက်ဗဟို ၄၅၂၁၈)

ရာဇာဘိသေကခံဥဂင်တော်ဘွင့်ရွှေမြို့တော်ရွှေနန်း တော်သိမ်း အလုပ်အဆောင် များပြား သည်သူကြီး မြေတိုင်း ခေါင်း အကြီး တို့ကိုတရား တဘောင်ရှိသည်ဟူ၍ ခေါ်ချ တောင်း ထုတ် သော ကြောင့်အလုပ် တော်အဆောင် တော်လုပ်ရာကလိုက် လံဆောင်ရွက်ရ၍လစ်ဟင်း ကြောင်း နှင့်ရွှေနား တော်ကြား တော်မူသည်၊ မင်္ဂလာတော်ကြီး ခမ်း ကြီး နား ကြီး ဆောင်တော်မူသည်အနိုက်တရား တ ဘောင်အခေါ်အချမရှိစေနှင့်၊ ခမ်း ကြီး နား ကြီး စီရင်ခင်း စီရင်ဘွယ် ရှိသည်ကိုပြီး ပြေလွယ်အောင်စီရင်၊ ကျွေး မြို့များ မှာလည်း မြို့ရှင်ကသာအ လျှောက်တောင်း ယူကြစေ၊ အခြား တပါး အပ်နှံ၍မတောင်း မထုတ်စေနှင့်။ 6 March 1783

(သက္ကရာဇ်) ၁၁၄၄ ခုတန်ခူး လဆန်း ၄ ရက်နေ့နား ခံပုံချီသိရိ တွင်ပြန်။

(တက်ဗဟို ၄၅၂၁၈)

19 March 1783

ဘေား လောင်း တော်ဘိုး လောင်း တော်တို့လက်ထက်ထုံး စံနှင့်အညီ ရွှေပြည်တော် အတွင်း ပြင်ရပ်စုကွက်စုများ တွင်ရာဇဝတ်ရေး ခိုး သေး မီး ပွါး ပေါ်ရှိလျှင် စစ်ကျောဘမ်း ဆီး ကွပ်ညှပ်စီရင်စီမံ့မည်မြို့ဝန် ထောင်မှူး မြို့စာရေး ခန့်ထား တော်မူ၍ ရှိသည်ကိုတိုင်း ရေး ပြည်ရေး ရာဇဝတ်တော်ရေး ကိုမထောက် မကြောက်မစစ်မကြောမစီရင်ကြသော ကြောင့်ရပ်စုကွက်စုများ တွင်သူခိုး လူဆိုး ဘို့ပေါ်ရှိကြောင်း အရပ် ခေါင်း အကြီး တို့တွေ့မိ၍ဆိုင်ရာပို့အပ်သည်ကိုလည်း သတ်တန်ဖြတ်တန်သသူကိုမသတ်မဖြတ်တံစိုး ပန္နာစား ယူ၍သာလွှတ်ထား ကြောင်း များ နှင့်ရွှေနား တော်ကြား တော်မူရသည်၊ ဝန်တို့မှာမကြား မသိလော၊ နောင်သည်ကဲ့သို့မစစ်မကြောမကွပ်မညှပ် ကြောင်း ပန္နာကာရစား ယူလွှတ် ကြောင်း များ ကိုကြား တော်မူရလျှင်၂ခွန်း ချေရမည်မဟုတ်၊ မြို့ဝန်ထောင်မှူး ငယ်တို့ကိုဝန်တို့ကကြပ်ကြပ်တည်း စစ်ကြောစီရင်ရမည်အကြောင်း နှင့်အပြစ်ဘင်နာကျင် အောင်ပြန်၊ စကိုင်း မြို့မှာလည်း သူခိုး လူဆိုး တို့ပေါ်ရှိ၍ခဲ ကျောက် အုတ်ပစ်ခတ်ကြောင်း များ နှင့်ရွှေနား တော်ကြား တော်မူရသည်၊ အဝမြို့ဝန် ကကူး လှမ်း စီရင်နိုင်တော့မည်မဟုတ်၊ ထောင်မှူး တုရင်မင်း ငဲကခိုး သေး မီး ပွါး သူခိုး လူဆိုး တို့ကိုမပေါ်မရှိစေရ၊ ကြပ်ကြပ်တည်း တည်း စစ်ကြောဘမ်း ဆီး အုပ်ချုပ်စီရင်စေ။

19 March 1783

(သက္ကရာဇ်) ၁၁၄၄ ခုတန်ခူး လပြည့်ကျော်၂ရက်နေ့နား ခံစ မြောင်မှူး တွင်ပြန်။

(တက်ဗဟို ၄၅၂၁၈)

ကျောင်း ဘုရား နှင့်စပ်သည့်သံဃိကဝတ်မိုး ဝတ်မြေတွင်လပ်လာဘကိုသိမ်း ခံရ
မည်မှာ ရှေး မင်း ရှေး စိုး တို့လက်ထက်ကမှည်း ကျောက်စါထိုး၍အသီး အခွန်
တွင်၌သာ ရည်မှတ်လှူဒါန်း သည့် မြေလည်း ရှိရာသည်၊ အဘို့အခွန်အပေါ်ဝန်အ
ကောက်အစား နှင့်တကွလှူဒါန်း သည့် မြေလည်း ရှိရာသည်၊ ကျောက်စာကမှည်း
ထင်ရှား စွာနှင့်ရှိသည်ဘုရား ဝတ်မြေ ကျောင်း ဝတ်မြေများ မှာသိမ်း သာ
ခံသာသည်၊ ကာလရှည်လျှား ၍ ကျောက်စာကမှည်း ပျောက်ပျက်သည်၊ ရည်မှတ်လှူ
ဒါန်း ရင်း ဘုရား ကျောင်းသံဃာအဆက်အလက် ပြတ်လပ်၍ ရှိသည့် မြေမိုး လည်း ရှိ
ရာသည်၊ ရတနာ ၃ ပါး နှင့်စပ်ဆိုင်သည့်လပ်လာဘဖြစ်၍ နူး ညံ့သိမ်မွေ့ စွာသိနိုင်
မြင်နိုင်ခဲ့သည့်အမှုဖြစ်သည်၊ ဟံသာဝတီ ရောက်မင်း တို့လက်ထက်များ ကဘုရား ဝတ်
သိမ်း ကျောင်း ဝတ်သိမ်း အသီး အသီး ခန့်ထား သိမ်း ရုံး ကြသော်လည်း သိမ်း သူ
ခံသူတို့ ဖြောင့်မှန် အောင်မသိမ်း မဆည်း နိုင်ကြ၊ ကိုယ်ကျိုး ကိုယ်စီး ပွါး များ အောင်
ကိုသာ ခန့်ထား စီရင်ကြ၍ ရှိသည်၊ ခမည်း တော်ဘုရား နောင်တော်မင်း တရား
တို့လက်ထက်လည်း ရတနာ ၃ ပါး နှင့်စပ်သည့်လပ်လာဘဖြစ်၍ မင်း ဘဏ္ဍာမင်း ဥစ္စာ
နှင့်မ ရောထွေး မရှက်စေသင့်၊ ထွေး ရောရှက်တင်ရှိကြလျှင်အကျိုး စီး ပွါး တော်မရှိ
ဖြစ်သည် စွဲယူ၍ခန့်ထား သိမ်း ရုံး ကြသော်လည်း ရှင်း လင်း အောင်မသိမ်း မ
ဆည်း နိုင်ရှိကြသည်၊ ကျောင်း ဘုရား ဝတ်မိုး ဝတ်မြေတွင်ဆိုင်သင့်သည်လပ်လာဘ
တို့ကိုသိသန့်ရှင်း လင်း နိုင်မှပစ္စုပ္ပန်သံသရာဘဝ ၂ ပါး အပြစ်ကင်း ၍အကျိုး စီး ပွါး
တော်များ မည်ဖြစ်သည်၊ နိုင်ငံ တော်အတွင်း ဘုရား ဝတ်မြေ ကျောင်း ဝတ်မြေ
ကရရန်သင့်သည့်လပ်လာဘကို ကျောက်စာကမှည်း သမိုင်း မော်ကွန်း ထွက်သည်နှင့်
အညီသိမ်း ခံမြဲထုံး စံရှိသည့်အတိုင်း မှန်ကန် အောင်ဆိုင်ရာဝန်စုရှင်မြို့ရွာသူကြီး
မြေတိုင် ခေါင်း အကြီး တို့ကစစ် ကြောသိမ်း ခံ၍ မည်သည့်ဝတ်မြေကမည်မျှ ရသည်၊
စာရင်း ချုပ်စာရင်း ကျယ်နှင့်မဟာဒါန်ဝန်ကိုအပ် စေ၊ ကျောက်စာကမှည်း
သမိုင်း မော်ကွန်း ကျောင်း နေသံဃာအဆက်အလက်ပြတ်လပ်သည့်ဘုရား ဝတ်မြေ
ကျောင်း ဝတ်မြေများ မှာလည်း မြို့ရွာသူကြီး မြေတိုင် တောကဲ ပေး ချင်မြဲလုပ်သား
အခွန်သည်တို့အစည်အလါကိုမသိမမှီရှိမည်မဟုတ်၊ ဝန်စုရှင်မြို့ရွာသူကြီး မြေတိုင်တို့က
သိမ်း ရုံး ခံရုံး ပေး ရုံး ကမ်း ရုံး ကိုမှန်ကန် အောင်စစ်ကြောသိမ်း ခံစေ၍

မည်သည့်ဝတ်မြေကမည်မျှရသည်စာရင်း ချုပ်စာရင်း ကျယ်နှင့်သိသာအောင် စစ်ကြောသိမ်း ခံ၍မဟာဒါန်ဝန်ကိုအပ်စေ၊ မဟာဒါန်ဝန်ကလည်း မည်သည့်ဘုရား ဝတ်မြေကမည်မျှမည်သည့်ကျောင်း ဝတ်မြေကမည်မျှရကြောင်း ကိုအသီး အသီး မှတ်သား၍လုံခြုံအောင်သိမ်း ထား စေ။

24 March 1783

(သက္ကရာဇ်) ၁၁၄၄ ခုတန်ခူး လပြည့်ကျော်ရရက်နေ့နား ခံပုံချို သိရိထွင်ပြန်။

(တက်ဗဟို ၄၅၂၁၀)

8 April 1783

နှစ်ဦး လဦး ရေသွန်း သဘင်ပျော်ရွှင်ဖြန်း ပက်ကြမြဲ ရွှေပြည်တော်၏သနစ်
9 April 1783
သနာအစည်ရှိသည်နှင့်အညီသက္ကရာဇ်၁၁၄၄ခုကဆုန်လဆန်း ၉ ရက်နေ့နံနက်
ကစ၍ပြည်သူတို့ရေဖြန်း ပက်ကြစေ၊ ရေဖြန်း ပက်ရာမှာရေကြည်ရေသန့်နှင့်
သာဖြန်း ပက်ကြစေ၊ အိုး မည်း ထုံး နနွင်း အညစ်အကြေး မသန့်မရှင်း သည့်
ရေနှင့်မဖြန်း မပက်စေနှင့်၊ ခိုက်ပွါး ရန်ပွါး မရှိစေရ၊ မြစ်စုကမ်း နား
မျှား မှာလည်း မဖြန်း မပက်မနစ်မမွှန်း ကြစေနှင့်၊ အစည်ထုံး စံရှိသည့်အ
တိုင်း ပျော်ပါး ရွှင်မြူး ဂုံသာဖြန်း ပက်စေရမည်အကြောင်း နှင့်မြို့ဝန်ကိုပြန်
၍ မောင်း ခပ်စေ။

8 April 1783
(သက္ကရာဇ်)၁၁၄၄ခုကဆုန်လဆန်း ၈ ရက်နေ့နာ ခံစမြောင်
မှူး ကိုခေါ်၍ပြန်။
(တက်ဗဟို၄၅၂၁၈)

ရွှေစာတိုင်ဆင်တော်သည်မှန်ပျင်း လှ၍အကောက်အသိမ်း မခံလူအထိအနိုက်ရှိသည်
ကိုကျွန်ုပ် တော်သို့ရောက်အောင်ငင်စေ၊ ကျွန်ုပ် တော့်မှာလည်း စွယ်တော်လှဆင်
တော်ကြီး နှင့်မိန်း ဆင်အများ ရှိသည်ကို ရွှေစာတိုင်ဆင်တော်မပေါက်မရောက်
မထိမနိုက်စေရအောင်တံတား ကသည်ရဲနိုတိုင်ထိရဲလောင်း ကဲ့သို့တိုင်နိုင်လုံ အောင်
စိုက်လုပ်၍ကျွန်ုပ် တော်သို့သွင်း ဘမ်း ရမည်။

5 May 1783

(သက္ကရာဇ်) ၁၁၄၅ ခုနယုန်လဆန်း ၅ ရက်နေ့ညစာရေး ကြီး
သီရိရာဇနန်သူထွင်ပြန်။
(တက်ဗယို ၄၅၂၁ဂ)

သာသနာထိန်း ဆရာတော်ကြီး လေးပါး မှာ အထက်သာသနာမှုကို စီရင်ရန်
ပိုင်း ခြား ခွဲဝေသည့်အတိုင်း ဆုံး ဖြတ်စီရင်ကြစေ၊ တဦး စီရင်စုကတဦး သို့
မကူး မသန်း လက်မခံကြစေနှင့်၊ ကူး သန်း ပေး ကမ်း မိသည်စာရှိလျှင်စာ
ရှင်ကနုတ်သိမ်း စေ၍ဆိုင်သင့်ရာသာထိန်း သိမ်း ကြစေ၊ တဦး တည်း စီရင်
၍မပြီး မပြေလျှင်ပိဋကတ်တိုက် တော်မှာဆရာတော်ကြီး တို့စည်း ဝေး ၍ဆုံး
ဖြတ်စီရင်ကြစေ။

30 May 1783

(သက္ကရာဇ်) ၁၁၄၅ ခုပဌမဝါဆိုလဆန်း ၁ ရက်နေ့နား ခံနန္ဒ
မိတ်စည်သူထွင်ပြန်။
(တက်ဗဟို ၄၅၂၁၈)

14 June 1783

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော အရှင်ဘုရား ရှင်မင်းတရားကြီး ဘုရား
အမိန့်တော်ရှိသည်၊ မဟာသမတမင်း မှစ၍စကြာမန္တာတ်မင်း အစရှိသော
ဘေး လောင်း တော်ဘိုး လောင်း တော်အဆက်ဆက်သော မင်း မြတ်တို့သည်သိ
သနာတော်ထွန်း ပပွင့်လင်း စေကြောင်း ကိုယ်တော်မြတ်စီး ပွါးသား တော်
အစည်မြေး တော်အဆက်စီး ပွါး ပြန့်ပွါး စေကြောင်း ပြည်သူလူတကာသတ္တဝါအ
ပေါင်း တို့စီး ပွါး ကိုညီညာ ဆောင်ရွက် စေခြင်း ငှါသား ကြီး ရတနာကိုအိမ်ရှေ့
နှင်း မြဲအစည်ထုံး စံနှင့်အညီအိမ်ရှေ့မင်း တို့တင့်တယ်စံမွှာယ်ခြင်း အလုံး အရင်း
ဆင်မြင်း ရတနာအပေါင်း တို့ဖြင့်ခြံရံ၍သား တော်အကြီး ကိုကောင်း မြတ်သော
မင်္ဂလာအခါတော်နှိက်အိမ်ရှေ့နှင်း တော်မူမည်၊ ရှေး ဘေး လောင်း တော်
ဘိုး လောင်း တော်တို့သား ကြီး ရတနာကိုအိမ်ရှေ့နှင်း တော်မူသည့်အစည်ထုံး စံ
အတိုင်း ဆက်သပူဇော်မြဲလက် ဆောင် တော်ကိုအထိုက်အလျောက်ခန့်ထား စီရင်ရ
10 July 1783
မည်၊ အခါတော်မှာသက္ကရာဇ်၁၁၄၅ခု ဒုတိယဝါဆိုလဆန်း ၁၂ရက်၅ တေး နေ့
အခါတော်သင့်မြတ်ကြောင်း နှင့်ပညာရှိတို့ရှိခိုး သံတော်ဦး တင်သည့်အတိုင်း ခန့်
ထား စီရင်ရန်ရှိသမျှကို စေပါး ပြောဆိုမှာထား ၍ စေ့ငုအောင်စီရင်၊ လက်
30 June 1783
ထပ်ယာယီအိမ်ဆောက်ဝင်း လုပ်အခါမှာလည်း သက္ကရာဇ်(၁၁၄၅ခု) ဒုတိယဝါ
ဆိုလဆန်း ၂ရက်နေ့အခါတော်အတိုင်း အိမ်ရှေ့အိမ်တော်ရာတွင် တော်သင့်ရာ
ကစီရင်ဆောက်လုပ်စေ၊ အိမ်ရှေ့အိမ်တော်မှာလည်း သတင်း ဝါလကျွတ်လျှင် ဆော်
လုပ်စေရမည်ဖြစ်သည်၊ ဆိုင်ရာပြန်ဆိုမှာထား ၍စီရင်ဆောက်လုပ်စေ၊ အိမ်
ရှေ့ဝန်မှစ၍သင်း စုပင်း စုပေး ဘွဲ့မြဲစာရင်း ကိုလည်း ရန်ထား ၍သွင်း ၊အိမ်
ရှေ့ပေါ်တော်လုပ်ဆောင်ရမည်ဖြစ်သည်၊ လုပ်ဆောင်ရန်သစ်ပျဉ်လက္ခမှာလုံ
လောက်အောင်သွင်း စေ။

14 June 1783

(သက္ကရာဇ်)၁၁၄၅ခုပဌမဝါဆိုလပြည့်ကျော်၁ရက်နေ့နား ခံ
စမြောင်မှူး သီရိနန္ဒမိတ်ကျော်ထင်တွင်ပြန်။

(တက်ဗဟို၄၅၂၁၈၊ ရှေး ဟောင်း သုတေသန၊ သူရိယ၊ မတ်၁၉၃၂၊ တွဲ၁၆၊
မှတ်၁၊ စာ၂၅-၆)

19 June 1783

ညာဏဇမ္ဗူဒီပအနန္တမဇမဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်သတင်း သုံး နေရန် ဆောက်လုပ်သည့်ယာယီကျောင်း တော်တောင်ဘက်ထိပ်ကမောင်း ထောင်ဆရာတော်သတင်း သုံး နေရန် ဆောက်လုပ်သည့်

21 June 1783

ယာယီကျောင်း သည်များ ကိုသက္ကရာဇ် ၁၁၄၅ ခုပဌမဝါဆိုလပြည့်ကျော် ၈ ရက်

22 June 1783

နေ့ညဆရာတော်တို့ကိုပင့်လျှောက်၍ ပုဂ္ဂလိကတင်လှူရမည်၊ (သက္ကရာဇ် ၁၁၄၅ ခုပဌမဝါဆို) လပြည့်ကျော် ၉ ရက် နေ့နံနက်လည်း ဆွမ်း စမဲဟင်း လှူခန်းထား၍ လှူဒါန်း စေ။

19 June 1783

(သက္ကရာဇ်) ၁၁၄၅ ခုပဌမဝါဆိုလပြည့်ကျော် ၆ ရက် နေ့နား ခံ သီရိနန္ဒမိတ်စည်သူထွင်ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၁၀)

29 June 1783

ပြည်သူလူတကာသတ္တဝါအပေါင်းတို့၊ ယခုဝါဆိုကာလရောက်ပြီ၊ သူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ သူ့အိမ်ရာကိုပြစ်မှားခြင်း၊ မဟုတ်မမှန်သောစကားကိုဆိုခြင်း၊ သေရည်သေရက်ကိုသောက်ခြင်း၊ တရားငါးပါးကိုမကြည့်မရှောင်ပြုကျင့်သသူတို့သည် ငရဲတိရစ္ဆာန်ပြိတ္တာအသူရကာယ်အပါယ်လေးပါးဘုံနှိက်တလူးလိလိနစ်မွန်းကုန်ရသည်၊ တရားငါးပါးကိုကြည်ရှောင်၍အလှူပေးခြင်း၊ သတင်းသီလဆောက်တည်ခြင်းကိုပြုသောသူတို့သည်လူမင်းနတ်မင်းစည်းစိမ်ချမ်းသာကိုခံစား၍နတ်ရွာနိဗ္ဗာန်သို့ရောက်ရသည်ကိုအသင့်နှစ်လုံးသွင်းလျက်သရဏဂုဏ်သုံးပါး၊ ပဉ္စသီငါးပါး၊ အဋ္ဌဒသီရှစ်ပါးကိုမပြတ်ဆောက်တည်ကျင့်ကြံကုန်၊ ဝါဆိုပြန်မြဲအမိန့်တော်ကိုသက္ကရာဇ် ၁၁၄၅ ခု ဒုတိယဝါဆိုလဆန်း ၅ ရက်နေ့ရွှေမြို့တော်အတွင်းပြင်ဘတ်မြဲဘတ်စေ။

29 June 1783

(သက္ကရာဇ်) ၁၁၄၅ ခု ဒုတိယဝါဆိုလဆန်း ၁ ရက်နေ့နားခံစမြောင်မှူးထွင်ပြန်။

(တက်ဗဟို ၄၅၂၁၀)

ယွန်း စုဝန် ဟောင်း မဟာနော်ရထာကိုအတွင်း တော်သို့ဝင်စေ၊ ယွန်း စု
ဝန် ဟောင်း ဥစ္စာပစ္စည်း ကျွဲ နွား လယ်ယာတိုက် လှေဝန် လှေမှစ၍သက်ရှိသက်
မဲ့များ ကိုပြန်၍သနား တော်မူသည်၊ သိမ်း ရုံး မိသမျှကိုပြန်ပေး စေ။ 29 June 1783

(သက္ကရာဇ်) ၁၁၄၅ ခု ဒုတိယဝါဆိုလဆန်း ၁ ရက် နေ့ညနား ခံ
စမြောင်မှူး ထွင်ပြန်။

( မျိုးကြည့်၊ ပု၊ ၆၁၀ )

ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ၊ သာသနာတော်သုံးပါး ပရိယတ္တိသာသနာတော်ရှိမှ ပဋိပတ္တိသာသနာတော်ရှိနိုင်သည်၊ ပဋိပတ္တိသာသနာတော်ရှိမှ ပဋိဝေဓသာသနာတော်ရှိနိုင်သည်ကို ထောက်တော်မူ၍ ရှေး ဘုရား လောင်း တော်ဘိုး လောင်း တော်တို့လက်ထက် ပရိယတ္တိသာသနာတော်ကို ပြုစုမြဲထုံး စံနှင့်အညီ ပြုစုတော်မူမည်ဖြစ်၍ ပိဋကတ်တိုက်တော်တွင် မင်းအိုဆရာတော်၊ မလည်ဆရာတော်၊ ဆုံထား ဆရာတော်၊ မင်းရွာဆရာတော်၊ ကျော်အောင်စံထား ဆရာတော်၊ တောင်လေးလုံး ဆရာတော်၊ ရွှေတောင်ဆရာတော်၊ ဘား ကရာဆရာတော်၊ ကတိုး ဆရာတော်၊ မုံတောဆရာတော်၊ မဲမီး ဆရာတော်၊ ပလိုင်း ဆရာတော်၊ ထူပါရုံဆရာတော်၊ မောင်း ထောင်ဆရာတော်၊ ဟန်လင်း ဆရာတော် ရှင်ကေတုမာလါ၊ သမိုး ရှင်နေမိဿရ၊ ဆင်တဲရှင်ညာဏတို့နှင့် တကျိပ်ခုနှစ်ပါး ဆရာတော်တို့ကို ပိဋကတ်တော်ကြည့်၊ လောကမန်ကင်း ဆရာတော်၊ ဝိနည်း ထိုဆရာတော်၊ သတိုး မဟာသီဟသူရကိုး ကွယ်သည့်ကဖိုးဆိပ်ဆရာတော်၊ ဝန်ကြီး မဟာသီရိသင်္ကြန်ဆရာ၊ မဟာဗောဓိဆရာ၊ အသည်စာရေး ဆရာ၊ ကသည်းဟောင်း ဆရာ၊ ရွှေစေတီဆရာ၊ ထူပါရုံတိုက်ရှင်လဏ္ဍာ၊ ငင်း တိုက်ရှင်အာစာရန္ဒ၊ ဘား ကရာတိုက်ရှင် ဇောတိယန္တ၊ ငင်း တိုက်ရှင်မဏိမဇ၊ ပင်း ရွာတိုက်ရှင်စန္ဒမဥ္ဇူ၊ ငင်း တိုက်ရှင်ညာဏဝရ၊ ငင်း တိုက်ရှင် တေဇဝန္တ၊ ဝန်ကြီး သတိုး မဟာသီဟသူ ကျောင်း တိုက်ရှင်စန္ဒလင်္ကာ၊ မိုး ထိတိုက်ရှင်သာဂရ၊ ငင်း တိုက်ရှင်ဝိရိယ၊ ငင်း တိုက်ရှင်နန္ဒမဥ္ဇူဆုံထား တိုက်ရှင်ဂုဏာ၊ ငင်း တိုက်ရှင်ပုည၊ ငင်း တိုက်ရှင်သာရာသိ၊ တောင်လေး လုံး တိုက်ရှင်ညာဏ၊ ငင်း တိုက်ရှင်အရိယ ဿ၊ ငင်း (တိုက်) ဝိသုဒ္ဓါစာရ၊ ငင်း တိုက်ရှင်နန္ဒီသာရ၊ မင်း အိုဘိုက်ရှင်နန္ဒလင်္ကာ၊ ငင်း တိုက်ရှင်အရိယာဝံသ၊ ရေဦး တိုက်ဝသည်း ဆရာ၊ ငင်း တိုက်ရှင် မေဓါတို့နှင့် ပုဂ္ဂိုလ်သုံး ဆယ်ကို ပိဋကတ်တော်မ၊ နှစ်စုဆရာတော်၄၇ပါး ကို သေချာမှန်ကန် အောင်ကြည့်ရှုတည်း မတော်မူရမည်အကြောင်း မဟာဒါန်ဝန်ကို လျှောက်ထား စေ၊ ပိဋကတ်တော်ကြည့်ဆရာတို့မှာ တလလျှင်လဝတ်ဆန် ၅၊ ငါး ပိ ၂၊ ဆား ၂၊ ငါး သွေ့ ၂၊ ငရုပ် ၂၊ ကြက်သွန် ၂၊ ဆီ ၂၊ စာတည်း ပိဋကတ်တော်မဆရာတို့မှာ တလလျှင်လဝတ်ဆန် ၃၊ ငါး ပိ ၁၊ ဆား ၁၊ ငါး သွေ့ ၁၊ ငရုပ် ၁၊ ကြက်သွန် ၁၊ ဆီ ၁၊ ဆိုင်ရာနှိုး ဆော်၍ ပြဒါန်း

၈၉။

30 June 1783

(သက္ကရာဇ်) ၁၁၄၅ ခု ဒုတိယ ဝါဆိုလဆန်း ၂ ရက် နေ့ နံနက် ၁ ချက်တီး ခံ နေမျိုး အသင်္ခယာ တွင်ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၁၀)

1 July 1783

အိမ်ရှေ့နှင်း တော်မူမည်၊ မင်းသား မင်းသမီး တို့တွင်အထက်ပေး ဘွဲ့တော်မူနှင့်သည်စာရင်း ကျွလူတို့ပြင်စာရင်း မကျွလက်ခံတိုး ပွါး၍ဝင်ထွက်ထမ်း ရွက်စေသည့်လူလည်း ရှိရာသည်၊ မည်သည့်မြို့ရွာသူကြီး သိန်း နက်လူမည်သည့်အရပ်အကွက်ကဝင်ထွက်လက်ခံ စေသည့်လူမည်မျှရှိသည်ကိုအကြီး စာရေး တို့မှာသိသာ အောင်အင်း စာရင်း စစ်ကြော၍သွင်း ။

1 July 1783

(သက္ကရာဇ်) ၁၁၄၅ ခုဒုတိယဝါဆိုလဆန်း ၃ ရက်နေ့နား ခံစမြောင်မှူး တွင်ပြန်။

(တက်ဗဟို ၄၅၂၁၀)

3 July 1783

ပုဂံကောင်းစား စည်အက္ခရာပဘေဒသတ်ပုံကိုလိုက်နာကြရကြောင်း ၊ ပင်းယကောင်းစား စည်အက္ခရာပဘေဒနှင့်အက္ခရာပဘေဒတွင်မပါသမျှစတုရဂ်ဗလအမတ်ဆုံးဖြတ်ရာလိုက်နာကြရကြောင်း၊ အဝမြို့သရက်ဖြဆက်မိုးညှင်း ဖြဆက်များမှာလည်း အက္ခရာပဘေဒနှင့်သဗ္ဗညာဏ်ချိုသတ်ပုံဟောင်းကြီးများကိုလိုက်နာကြရကြောင်း သာလွန်မင်းလက်ထက်တွင်သတ်ပုံသတ်ညွှန်းများကိုအထူးသဖြင့်အရေးယူ၍မြန်မာဘာသာမှာအက္ခရပဘေဒနှင့်သဗ္ဗညာဏ်ချိုသတ်ပုံများကိုလိုက်နာကြရကြောင်း ၊ ၎င်းသတ်ပုံတို့တွင်မပါမဝင်ကြွင်းကျန်သည်ကိုဝန်ရှင်တော်နန္ဒယော်ဇောဆုံးဖြတ်ရာလိုက်နာကြရကြောင်း ၊ ရှမ်းအက္ခရာ၊ ယွန်းအက္ခရာများမှာသံတော်ခံဇေယနော်ရထာဆုံးဖြတ်ရာလိုက်နာကြရကြောင်း တနဂ်နွေမင်းလက်ထက်တိုင်သာလွန်မင်းလက်ထက်ကလိုက်နာကြသည့်အတိုင်းလိုက်နာကြရကြောင်း ၊ ထိပ်မိုးထိပ်ပန်းဒါယကာကြာသပတေးမင်းလက်ထက်အက္ခရာပဘေဒနှင့်သဗ္ဗညာဏ်ချိုသတ်ပုံ၊ ဝဏ္ဏဗောဓနသတ်အင်းသတ်ညွှန်းကြီးများကိုလိုက်နာကြရကြောင်း ၊ ၎င်းစာများ၌မပါမဝင်ကြွင်းကျန်သည်များကိုဝန်ကြီးပဒေသရာဇာဆုံးဖြတ်ရာလိုက်နရာကြရကြောင်းများနှင့်ဆရာတော်တို့မေတ္တာစာသွင်းချက်၊ ဝန်ကြီး´အတွင်းဝန်တို့ရှိခိုးသံတော်ဦးတင်ချက်များရှိသည်၊ ငါ့ရွှေလက်ထက်တော်မှာလည်း ဝဏ္ဏဗောဓနသတ်အင်း ၊ ငအောသတ်ပုံ၊ တွင်းသင်းတိုက်ဝန်သတ်ညွှန်းများအတိုင်းလိုက်နာရေးသားကြစေ၊ ထိုစာတို့မှာမပါနာဂရီအရေးမှမြန်မာဘာသာသို့ပြန်ဆိုရမည့်အရာများမှာသာသနာပြုဆရာတော်တို့ဆုံးဖြတ်ရာလိုက်နာရေးသားကြစေ၊ အနောက်နိုင်ငံမဇ္ဈိမဒေသမှငါ့ရွှေလက်ထက်တော်တွင်ရောက်သောဗဂ်လီနာဂရီအရေးစက္ကူစာများကိုမြန်မာပြန်ဆိုသည့်အခါမြန်မာရေးမှာလည်းဆုံးဖြတ်ချက်အတိုင်းသာလိုက်နာရေးသားကြစေ၊ အဝေးမြို့ဝန်၊ ထီးဂုံ၊ နန်းဂုံ၊ စော်ဘွားမြို့စား ရွှေနှန်းမှူးသနွေးမှူးမြင်းစီးမြင်းခေါင်းသွေးသောက်ကြီးခေါင်းအကြီးတို့ကိုစေ့နှံ့အောင်ပြန်ဆိုမှာထားစေ။

3 July 1783

(သက္ကရာဇ်) ၁၁၄၅ ခုဒုတိယဝါဆိုလဆန်း ၅ ရက်နေ့နား ခံစမြောင်

31 May 1817

မှူးသီရိနန္ဒာမိတ်ကျော်ထင်တွင်ပြန်၊ ၎င်းအမိန့်တော်ကိုနန်းစံ ၃၅ နှစ်စမ္မာ

3 July 1783

31 May 1817

ဖိမဘသ်သုဒ္ဓဒိန် ၄၆၉ ဝါဆိုလဆန်း ၅ ရက်နေ့နဘး ခံစမြောင်မျှား ဇေယ
သိခ်သူထဝ့်မံထုတ်ပြန်စေသေးသည်၊

( ဝဏ္ဏဇေဗောဓနသတ်အင်း ၊ စါ/တ )

4 July 1783

ဝါဝင်ကန်တော့ပွဲတက်မှာပြဿဒ်မြေနန်းတော်တွင်အလုပ်အဆောင်နှင့်ဖြစ်
သည်၊ အလုပ်အဆောင်ကိုသိမ်း ယူပြန်လျှင်အလုပ်တော်အဆောင်တော်ကြန့်ကြာ
တော့ မည်ဖြစ်သည်၊ တော်သင့်ရာကကန်တော့ကြစေ။ 4 July 1783

(သက္ကရာဇ်) ၁၁၄၅ ခုဒုတိယဝါဆိုလဆန်း ၆ ရက်နေ့နား ခံနန္ဒ
မိတ်စည်သူထွင်ပြန်။

(တက်ဗဟို ၄၅၂၁၈)

အိမ်ရှေ့ပါဝန်ဝင်း မှူး သံဆင့်စာရေး ကြီး စုရေး စုကိုင်သင်း မှူး ရာရှိထူး ရှိသင်း စုပင်း စုပေး ဘွဲ့ရန် များ ကိုဝန်တို့ကဆက်သွင်း ရန်ထား သည့်စာရင်း တွင်ရေး အစည် ပေး ဘွဲ့မြဲစာတမ်း ဟောင်း ရှိသည့်အတိုင်း မပါကျန်လပ်သည့်အ စုအငန်း များ နှင့်အရာအထူး ခန့်ထား ရန်ကို တော်သင့်ရာပြင်၍ ရှိစါရင်း တွင်ပါသည့်အတိုင်း အရာအထူး သင်း စုပင်း စုမျာ်း ကျိုခန့်ထား ထမ်း ရွက်စေ၊ ပေး ဘွဲ့သည့်လူစုကိုလည်း စာရင်း ကျယ်စာရင်း ချုပ် သေချာ အောင် တောင်း၍ သွင်း ။

5 July 1783

(သက္ကရာဇ်) ၁၁၄၅ ခုဒုတိယဝါဆိုလဆန်း ၇ ရက် နေ့နား ခံနန္ဒ မိတ်စည်သူတွင်ပြန်။

(မျိုးကြည့်၊ ပု၊ ၆၁၀)

ရွှေမြို့တော်အတွင်း ဝင်းခြံနှင့်မနေထိုက်မနေတန်သူ ရာငယ်ထူး ငယ်စုရေး စုကိုင်စာရေး စာချီတို့ပင် နေထိုင်၍ ရပ်စုထွက်စုဆင်း ရွာသားတို့မနေမထိုင် သာရှိကြောင်း နှင့်ရွှေနား တော်မြတ်ကြား တော်မူသောကြောင့်ပုံတော်ပါ ဝင်းခြံ နေထိုက် နေတန်သည်လူတို့သာ ဝင်းခြံနှင့် နေစေ အမိန့်တော်ရှိသည်ကို ဝင်းခြံ နေထိုက်သူ မနေထိုက်သူ ရွေး ချယ်သိမ်း စည်း၍ မချမပေး နေလိုရာရာ နေကြရ၍ဆင်း ရွာသားတို့မနေသာမနေရရှိကြောင်းကို ရွှေနား တော်မြတ် ကြား တော်မူပြန်ရသည်၊ အထက်အမိန့်တော်ရင်းအတိုင်း ဝင်းခြံမနေထိုက်သသူ တို့ကို ရွေး ချယ်၍ နေထိုက်နေတန်သူကိုသာ ထုံးစံနှင့်အညီ နေစေ၊ ရွှေမြို့တော်ပြင် နေထိုင်သည်အိမ်ယာများကိုလည်း ရွှေမြို့တော်အတွင်း သို့သွင်း၍ပြည့်ဝအောင် ချထား နေထိုင်စေ၊ ရှေ့ ဝန်းကျင်ဝန်နေသည့်ဝင်းခြံမြေမှာလည်း ကာ နှင့်ရင်း ဝင်းခြံရှိတိုင်း နေစေရမည်မဟုတ်၊ တော်သင့်အောင်ချပေး၍ နေစေ။

11 July 1783

(သက္ကရာဇ်) ၁၁၄၅ ခု ဒုတိယဝါဆိုလဆန်း ၁၃ ရက်နေ့နား ခံ သီရိနန္ဒစည်သူထွင်ပြန်။

(တက်ဗဟို ၄၅၂၁၀)

သတိုး မဟာသီဟသူကိုပုခန်းကြီးမြို့ မဟာသီရိပကြံကိုကြံခင်းမြို့၊ မဟာဇေယသကြိ
ကိုယောကြခတ်မြို့ မဟာသီရိသကြိကိုထီးလင်းမြို့ကိုအစားသနားတော်မူသည်။ 11 July 1783

(သက္ကရာဇ်) ၁၁၄၅ ခုဒုတိယဝါဆိုလဆန်း ၁၃ ရက်နေ့နားခံသီရိ
နန္ဒစည်သူထွင်ပြန်။
(မှီးကြည့်၊ ပု၊ ၆၁၀)

ရွှေနန်း တော်မှာကံတော့မြဲအရှေ့အနောက်ဝါဝင်ကံတော့မှာယခုနှစ်ထီး ဆောင်း မင်္ဂလာဦး ကင်တော်ဘွင့်တော်မူသည်ကံတော့၊ အိမ်ရှေ့နှင်း တော်မူသည့်ကံတော့များ နှင့်နီး သည်ဖြစ်သောကြောင့်ယခုဝါဝင်ကံတော့မှာအရှေ့အနောက်ကံတော့၂ရပ်ကိုဆန်ပန်း ပေါက်ပေါက်နှင့်သာရှေ့ရုံး နောက်ရုံး ဆိုင်ရာကံတော့စေ။

14 July 1783

သက္ကရာဇ်၁၁၄၅ခုဒုတိယဝါဆိုလပြည့်ကျော်၁ရက်နေ့နားခံသိဂိ နန္တစည်သူထွင်ပြန်။

(တက်ဗဟို၄၅၂၁၇)

15 July 1783

နောင်တော်ဆင်ဖြူရှင်လက်ထက် ဇောတိအယူစွဲယူသည့်လူတို့ကို ရာဇဝတ်တော်ပေး၍ ဒဏ္ဍာတော်ထားသည် နောက်ငင်း အယူကို ရှောင်ကြဉ်စွန့်ပစ်၍ ဇောတိအယူကိုယူသူတို့နှင့် မပေါင်း မဘော် ကြောင်း ကိုထွက်ဆိုသူတို့မှာ ပုထုဇဉ်ဂတိမှား ယွင်းဘူး သော်လည်း သမာယူ လေပြီး သည်၊ ကြေး ငွေအကုန်အကျမရှိစေနှင့်၊ချမ်း သာစေ။

15 July 1783

(သက္ကရာဇ်) ၁၁၄၅ ခု ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်နေ့သီရိနန္ဒစည်သူထွင်ပြန်။

(တက်ဗဟို ၄၅၂၁၈)

အရပ်ရပ်အဝေး မြို့ရွာများ မှာ ဇောတိအယူယူသူအရာလုကြီး ပြုသူတို့ကိုမြို့ဝန်စစ်ကဲနား ခံမြို့သူကြီး ရွာသူကြီး ခေါင်း အကြီး တို့က ကျေး ဇူး သစ္စာ တော်ရှိသည့်အတိုင်း မထိမ်မချန်မှန်ကန် အောင်စစ် ကြောသိမ်း ရုံး၍ ရွှေဘဝါး တော် အောက်အလျှင် ရောက် အောင်ပို့လှ်စေ၊ မှန်ကန် အောင်မစစ်မသိမ်း ထိမ်ချန်ရှိ၍ ဇောတိအယူယူသူ ပေါ်ရှိ ကြောင်း ကို နောင် ရှေနား တော်ကြား တော်မူပြန်ရလျှင်မြို့ဝန်စစ်ကဲမြို့ပိုင်မြို့သူကြီး မြေဘိုင် ခေါင်း အကြီး ဘို့ ရာဇဝတ် တော်ကိုခံရမည့်အကြောင်း နှင့်နိုင်ငံ တော်အတွင်း မြို့ရွာများ သို့ စေ့နှံ့ အောင်ဝန်တို့ကမှာ၊ အခေါ်အချစေမိသည့်မြို့ရွာကိုလည်း မနုတ်သာပြီ၊ အလျှင် ရောက် အောင် ခေါ် စေ။

17 July 1783

(သက္ကရာဇ်) ၁၁၄၅ ခု ဒုတိယ ဝါဆိုလပြည့်ကျော် ၄ ရက် နေ့နားခံနန္ဒမိတ်စည်သူတွင်ပြန်။

(တက်ဗဟို ၄၅၂၁၈)

တိုင်းကြီး ပြည်ကြီး ဆိုသည့်အရာသည်သဒ္ဒါရတရား အလျောက်အဘိတ်အစင်များ
ပြား ရာသည်ကို ထောက်တော်မူ၍သွား လာရာအရပ်တံခါး တပေါက်တဝတည်း
သာဖြစ်လျှင်အမှုမကုန်နိုင်ရာ ရှိမည်ကြောင့်အနောက်မျက်နှာ မြောက်မျက်နှာ
မသာတံခါး နှစ်ရပ်ထား သည်ဖြစ်သည်၊ သုဿန်အရပ်ကိုလည်း အသေအချာအပိုင်း
အခြား နှင့်ရှိစေရမည်ဖြစ်လျက်တိုင်းကြီး ပြည်ကြီး မဟုတ်သကဲ့သို့သုဿန်အရပ်များ
ထင်လူနေသည့်အိမ်ယာများ နှင့်မရှင်းမလင်း အထွေး ထွေး အရှက်ရှက်ရှိကြောင်း
များကို ရွှေနား တော်မြွတ်ကြား တော်မူသည်၊ သည်ကဲ့သို့ရှိစေရမည်မဟုတ်၊ အ
နောက်မျက်နှာမသာမှုမှာသင်္ဂြိုဟ်ရန်သုဿန်ကိုကူကြီး ဘုရား ရှင်အနောက်တောင်
ချောင်း ဂိုး အနောက်ဘက်သရက်နှစ်ပင်အရပ်တွင်အရှေ့အနောက်တ၁၁၀၀
တောင်မြောက်တ၁၁၀၀ပိုင်း ခြား သတ်မှတ်၍သန့်ရှင်း အောင်သင်္ဂြိုဟ်စေ၊
သုဘရာဇာလူစုကိုလည်း ၎င်း အရပ် တော်သင့်ရာတွင်ချထား နေစေ၊ ပြည့်ဘန်
ဆာတို့မှာစကျွင်ဝအနောက်ဘက် တော်သင့်ရာ ပြောင်း နေစေ၊ ၎င်း အရပ်
များ ထင်အိမ်ယာရှိလျှင် ရွှေမြို့တော်အတွင်း သင့်ရာအရပ်အကွက်တွင်ချထား နေ
တိုင်စေ၊ မြို့ဝန်ဝန်ထောက်တို့ကို သေချာအောင်မှတ်သား၍ချစေ။

27 July 1783

(သဏ္ဍရာဇ်) ၁၁၄၅ ခု ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက် နေ့နား ခံ
ပြော့ကြီး မှူး ထွင်ပြန်။

(တက်ဗဟို ၄၅၂၁၀)

11 August 1783

သီရိမင်္ဂလာမဟေကို ဓနုဖြူမြို့၊ သီရိရတနာမဟေကို ကျောက်မော်မြို့၊ သီရိမြတ်ထား မဟေကိုတွင်းသင်း တိုက်အဝင်ထန်း တပင်ရွာ၊ သီရိစန္ဒာမဟေကို တောင်ဘက်တိုက်အဝင်ငမြာကြီး ရွာ၊ သီရိမြတ်စွာမဟေကို တောင်ဘက်တိုက်အဝင်သကျင်ရွာ၊ မင်္ဂလာမဟေကိုမဟာဒါန်တိုက်အဝင် ကျေနင်ရွာကိုသနား တော်မူသည်၊ ဒေဝသီရိကိုမဟာသီရိဇေယသူရအစား နေမျိုး ဇေယကာမဏိနှင့်ဘက်၍မြို့ဝန်ခန့်။

11 August 1783

(သက္ကရာဇ်) ၁၁၄၅ ခုဝါခေါင်လဆန်း ၁၄ ရက်နေ့နား ခံစမြောင်မှူး ထွင်ပြန်။

( မျိုးကြည့်၊ ပု၊ ၆၁၀)

လွှတ်တော်တွင်ဆင်း ဂုံသား တို့တရား စကား အရှက်အတင်ရှိ၍ စီရင်ပြီး ချက်ဖြတ်စာပေး အပ်သည်များ မှာနှစ်ဦး မျက်နှာမညီသည်ကိုဖြတ်စာမပေး မအပ်နှင့်၊ အမှုသည်တဦး ဦး ကဝန်တို့ကောက်ယူသည်ကိုစိတ်မပြေလဲဆိုလျှင်လည်း ရှေ့နေစါမှတ်ခံ၍သွင်း စေအမိန့်တော်ထုတ်ပြန်၍ ရှိသည်ကိုတရား အမှုသည်တို့တွင်မျက်နှာမညီစိတ်မပြေလဲဆိုသည်ကိုမနာမယူ မျက်နှာမညီစာမှတ်မခံရဖြတ်စာပေး အပ်ကြောင်း များ နှင့်ရွှေနား တော်မြှတ်ကြား တော်မူပြန်ရသည်၊ နောင်သည်ကဲ့သို့မကြား ရစေနှင့်၊ တရား အမှုသည်တို့တွင်ဝန်တို့ကောက်ယူသည်ကိုစိတ်မပြေပါလဲဆိုလျှင်ရှေ့နေစာမှတ်ခံစေ၍စာသွင်း မြဲသွင်း ။

14 August 1783

(သက္ကရာဇ်) ၁၁၄၅ ခုဝါခေါင်လပြည့်ကျော် ၂ ရက်နေ့နား ခံစမြောင်မှူး ထင်ပြန်။

(တက်ဗဟို ၄၅၂၁၀)

ဝဿန္တဥတုတွင်မိုး ရေဖြောင့်မှန်စွာရွာ၍ ကောက်ပဲသီး ဒှာပင်မျိုး အခွန်အ
နှက်များ စွာထွက်စေကြောင်း မိုး နတ်ရေနတ်လေနတ်ဘုရား တန်ခိုး ကြီး များ
ကိုပင့်၍ပြည်သူပြည်သား တို့ဘူး မျှော်ပူဇော်စေသင့်ကြောင်း ပရိတ်တော်ဂုဏ်
တော်များ ကိုရွတ်စေ၍ဆွမ်း လှူသင့်ကြောင်း မှူး ကိုပညာရှိတို့ရှိခိုး သံတော်
ဦး တင်သည့်အတိုင်း ပညာရှိတို့ကိုမေး၍စေ့ငု ( အောင် ) လှူဒါန်း ပူဇော်တင်လှူ
စေ။

16 August 1783

( သက္ကရာဇ် ) ၁၁၄၅ ခုဝါခေါင်လပြည့်ကျော် ၄ ရက်နေ့နား ခံသီရိ
နန္ဒစည်သူတွင်ပြန်။
( တက်ဗဟို ၄၅၂၁၈ )

နန်း မတော်မိဘုရား ကိုအင်ပူရမြို့ကိုသနားတော်မူသည်။ 16 August 1783

(သက္ကရာဇ်) ၁၁၄၅ ခုဝါခေါင်လပြည့်ကျော် ၄ ရက်နေ့နား ခံ

သီရိနန္ဒစည်သူထွင်ပြန်။

( မျိုး ကြည့်၊ ပု၊ ၆၁၀ )

16 August 1783

ကျီဝန်လျှောက်ချက်တွင် ရွှေကျင် ၁၃ (ရွာ)၊ တကုန်း ၆ ရွာ၊ နောင်ကောက် ၁၀ ရွာ၊ မက်တောင် ၅ ရွာ၊ နောခေါက်ရောင်း ရွာ၊ မောက္ကတော် ရွာ၊ သံပေါက်ရွာ၊ ပိုင်ရွာ၊ သင်တောရွာ၊ အင်း ရှည်ချောင်း, ဆုံကျေး ရွာများ သည် စော်ဘွား မြို့စား ၊ တပယင်း ၊ မြေဒူး ၊ အင်တောက်သာမြို့ရွာသူကြီး ရွာစား တို့က နှောင့်ရှက်သောကြောင့်အခွန်တော် မဆက်မသွင်း နိုင်၊ စီး ပွါး တော်လစ်ဟင်း၍ ရှိခဲ့သည်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်သည်၊ စော် ဘွား မြို့စား ၊ တပရင်း ၊ မြေဒူး ၊ အင်တောက်သာမြို့ရွာသူကြီး ရွာစား ဆင်ခြေတိုက်ဝန်၊ မြောက်ဘက်တိုက်ဝန်၊ တိုက်စာရေး တို့က မနှောင့်မရှက်စေ နှင့်၊ ထုံး စံရှိရာကျီဝန်ကထိန်း အုပ်စီရင်စေ။

16 August 1783

သက္ကရာဇ် ၁၁၄၅ ခုဝါခေါင်လပြည့်ကျော် ၄ ရက်နေ့နား ခံတော် သီရိနန္ဒစည်သူပြန်အမိန့်တော်။

(မျိုး ကြည့်၊ ပု၊ ၆၀၄)

လွှတ်တော်ရုံး တော်တွင်ဝန်ကြီး ဝန်ထောက်စာရေး ကြီး အရာအထူး ခန့်ထား တော်မူ၍ စီရင်စေခြင်း သည်ပြည်သူတို့တွင်တရား စကား အရှက်အတင်မှစ၍ စီရင်ခင်း စီရင်ဘွယ်များ ပြား ဖွာ ရှိသည်ကိုအမှုမဖြစ်တန်မဖြစ်စေရဖြစ်ပြီး သည့်အမှုကိုလည်း မကြီး မကျယ်တန်မကြီး မကျယ်စေရ၊ ငြိမ်ဝပ် အောင်ခန့်ထား စီရင်စီမံသည်အချုပ်အကိုင်အရာအထူး ခန့်ထား တော်မူသည်ဖြစ်သည်ကိုပြည်သူတို့ တွင်တဦး နှင့်တဦး အရှက်အတင်ရှိကြလျှင်နှစ်ဦး သား ကိုမျက်နှာညီစစ်ကြော ၍ဆုံး ဖြတ်စီရင်ရမည်အရာဖြစ်လျက်အပြီး အပြတ်မခံခင်တရား အတွင်း မျက်နှာမညီအမှုသည်တဦး ဦး ကိုစာချွန်ပေး ၍အမှုမပွါး မများ တန်ပွါး များ ရကြောင်း စာချွန်မပေး တန်မပေး သင့်သည့်အမှုကိုပင်စာချွန်ပေး ကြောင်း စာချွန်ရေး စား များ မှာလည်း အထက်ထုတ်ပြန် ကော်မူသည့်အမိန့်တော်နှင့် မညီအနည်း တန်သည်ကိုအများ ခံယူကြောင်း ၊ တရား တဘောင်ကောက်ယူစီရင် ကြသည်များ မှာလည်း ဓမ္မသတ်ကိုအမှီပြု၍ ကောက်အပ်သည်တရား ၊ အမိန့်တော် တမ်း ထုံး စံကိုအမှီပြု၍ ကောက်အပ်သည့်တရား ၊ စာရင်း စာတမ်း ကိုအမှီပြု၍ ကောက်အပ်သည့်တရား ၊ မူလထာဝရများ ကိုရွေး ချယ်ဆင်ခြင်၍မကောက်မ ယူကြ၊ ကောက်လိုယူလိုရာရာဇဓမ္မ လောကဝတ်သုံး ပါး ကိုမထောက်မချင့်ပြကျင့် ကြောင်း များ ကိုရွှေနား တော်ကြား တော်မူရသည်၊ နောင်သည်ကဲ့သို့မကြား ရစေနှင့်၊ ကျေး ဇူး သဗ္ဗာ တော်မြတ်ဝမ်း တွင်ရှိသည့်အတိုင်း ပြည်သူအပေါင်း တို့ ကိုငြိမ်ဝပ် အောင်စီရင်စီမံခန့်ထား တော်မူခြင်း ဖြစ်သည်၊ နေ့ညအမြဲနှလုံး သွင်း ၍လွှတ်တော်ရုံး တော်တွင်ခန့်ထား စီရင်ရန်ရှိသည်များ ကိုဂတိလေး ပါး ဘစိုး သုံး ပါး တို့ကိုမလိုက်မငဲ့ကွက် ဖြောင့်ဖြောင့်ရိုး ရိုး တော်တည့်မှန်ကန်ညီညွတ် ရှာတိုင်ပင်စီရင်။

18 August 1783

(သက္ကရာဇ်) ၁၁၄၅ ခုဝါခေါင်လပြည့်ကျော် ၆ ရက် နေ့နား ခံသီရိ နန္ဒစည်သူထွင်ပြန်။

(တက်ဗဟို ၄၅၂၁၈)

အိမ်ရှေ့မင်း မှာအိပ်လှည့်အိပ်ဘန်နည်း ကြောင်း နှင့်အသနား တော်ခံသည်၊ ဗိုလ်မှူး စစ်ရဲ ကျော်အုပ်စု သေနတ်ကိုဗိုလ်စစ်ကဲ သွေး သောက်ကြီး အကြပ်တို့ကို မကွဲမပြား စေရဘဲ့ဘက်ရင်း အတိုင်း အိမ်ရှေ့မင်း မှာတဝတည်း ထမ်း ရွက်စေ။ 22 August 1783

(သက္ကရာဇ်) ၁၁၄၅ ခုဝါခေါင်လပြည့်ကျော် ၁၀ ရက်နေ့နား ခံ သီရိနန္ဒစည်သူတွင်ပြန်။

(မြိုး ကြည့်၊ ပု၊ ၆၁၀)

25 August 1783

မဟာသတိုး ရာဇာကိုမင်း ရဲရာဇာသူအစား ပြည်မြို့ဝန်ခန့်၊ မင်းရဲနရာကို ပုဂံမြို့ဝန်ခန့်။

25 August 1783

(သက္ကရာဇ်) ၁၁၄၅ ခုဝါခေါင်လပြည့်ကျော် ၁၃ ရက်နေ့နားခံ သီရိနန္ဒစည်သူထွင်ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၁၀)

ပြည်သူဆင်း ရဲသား ကျွန်တော်မျိုး တို့တွင်တရား စကား အရှက်အတင်ရှိ၍လွှတ်
တော်ရုံး တော်လျှောက်ထား ဆောင်ရွက်ကြသည်များ မှာဘေး လောင်း တော်
ဘိုး လောင်း တော်ဧကရာဇ်မင်း မြတ်အဆက်ဆက်ကပင်ရာရှိထူး ရှိနေရာနေ
မှုး တော်မတ် တော်တို့ကိုတက်သက်လဲဆို ဆေါင်ရွက်ကြ စေလျှင်လိုက်လံ ဆောင်ရွက်သူတို့
မျက်နှာကြီး ငယ်ကိုရွယ် ထောက်၍ဂတိကဝတ်မကင်း တရား စကား မမှန်မကန်
ရှိရာသည်၊ တရား မမှန်နိုင်ကလည်း တိုင်း ရေး ပြည်ရေး မသာမယာ စေတတ်
သည်အမှုပင်ဖြစ်၍ ရာရှိထူး ရှိနေရာနေမှုး မတ်တို့ကိုယ်မှုကိုယ်ခင်း မဟုတ်သည်ကို
လွှတ်တော်ရုံး တော်မလိုက်မလံမ ဆောင်မရွက် စေရ၊ လွှတ်တော်ရုံး တော်တွင်အ
မိန့်တော်ရအသီး အသီး ခန့်ထား ဆောင်ရွက် စေသည် ရှေး ထုံး ရှေး စံအတိုင်း
လက်ထက် တော်တွင်လည်း ရှေး ထုံး ရှေး စံနှင့်အညီလွှတ်အမိန့် တော်ရရုံး အမိန့်
တော်ရတရား ရုံး အမိန့် တော်ရအသီး အသီး ခန့်ထား ၍ရှိ လေပြီး သည်ကိုရာ
ရှိထူး ရှိဝန်စုရှင်ငန်း ရှင်နေရာနေမှုး မတ်တို့လွှတ်တော်ရုံး တော်တက်သက်
လက်ခံ ဆောင်ရွက်ပြန် စေ ကြောင်း နှင့် ရွှေနား တော်မြတ်ကြား တော်မူပြန်
ရသည်၊ နေရာနေမှုး မတ်မှာလည်း အမှု တော်ကိုအရှည်ထမ်း ကုန်နိုင် အောင်
စား မြို့စား ရွာဝန်စုဝန်ငန်း မှုး စုမှုး နက်စီရင်စုစီရင်တာအသီး အသီး
ခန့်အပ် တော်မူ၍ ရှိ လေပြီး သည်ဖြစ်သည်၊ အရောင် တော်အဝါ တော်ကိုမ ထောက်
မခန့်မထား သည်ကို လောဘရမ္မက်သို့လိုက်၍လွှတ် တော်ရုံး တော်လိုက်လံ ဆောင်ရွက်
သင့်သည်မဟုတ်၊ နောင်သည်ကဲ့သို့မကြား ရစေနှင့်၊ လွှတ်တော်ရုံး တော်တွင်ခန့်
တော်မူသည့်အမိန့် တော်ရ ရှေ့နေတို့ကိုသာလိုက်လံလဲဆို ဆောင်ရွက် စေ၊ အမိန့်
တော်ရ ရှေ့နေငယ်တို့မှာလည်း လဲဆို ဆောင်ရွက်သည်အမှုတွင်တရား စကား မ
ကုန်ကြွင်း ကျန်လျှင်တရား ဓမ္မသတ်ထုံး စံထွက်ရှိသည့်အတိုင်း ထပ်၍လဲဆိုရမည်၊ အ
မှုသည်တို့စိတ်မ ပြေတရား စကား ကြွင်း ကျန်လျှင်လည်း စာမှတ်စာသွင်း ခံရမည်၊
ဝန်တို့ ကောက်ယူသည်ကိုအမှုသည်တို့စိတ်မ ပြေ ရှေ့နေတို့စာမှတ်ခံပါမည်လဲဆိုလျှင်လည်း
ရှေ့နေစာမှတ်ခံ စေ၍စစ် ကြော ကောက်ယူချက်ကိုထုံး စံနှင့်အညီစာသွင်း အမိန့်
တော်ထုတ်ပြန်၍ ရှိသည်ကိုအမိန့် တော်မတည်ခန့် တော်မူသည့်အမိန့် တော်ရမဟုတ်ကြ
သကဲ့သို့ဂတိသို့လိုက်၍စာမှတ်မခံ နေ ကြောင်း ရှေ့နေတို့စာမှတ်မခံဝံ့ အောင်ကို

29 August 1783

လည်း ကောက်ယူစီရင်သူတို့ကချိမ်း ခြောက်၍တန်း ထောင်ထား မည်အရိုက်ခံရ
မည်ဆိုကြောင်း မျှား နှင့် ရွှေနား တော်မြတ်ကြား တော်မူရသည်၊ ပြည်သူဆင်း
ရဲသား ကျွန် တော်မျိုး တို့တွင်တဦး ကိုတဦး နိုင်ထက်စီး ကဲမရှိစေရ၊ တရား နှင့်
လျော်စွာတိုင်း ပြည်သာယာငြိမ်ဝပ် စေလို သော ကြောင့်အမိန့် တော်တမ်း ထုတ်
ပြန်စီရင် စေသည်ဖြစ်သည်၊ အမိန့် တော်တမ်း ဓမ္မသတ်ထုံး စံမှန်ကန်မှပြည်သူတို့
ငြိမ်ဝပ်ရာမည်ကို နေ့ညအမြဲနှလုံး သွင်း ၍ တော်တည့်မှန်ကန် ဖြောင့်မတ်စွာဂ
တိသို့မလိုက်ညီညွတ်သဖြင့်တိုင်ပင်စီရင်။

29 August 1783

(သက္ကရာဇ်) ၁၁၄၅ ခု တော်သလင်း လဆန်း ၃ ရက် နေ့နား ခံ
သီရိနန္ဒစည်သူထွင်ပြန်။
(တက်ဗဟို ၄၅၂၁၀)

ဘောင်း ကား ရွာသား တို့သည် ရွှေဘုံ ရွှေနန်း အနီး အပါး ဝင်း တော်အတွင်း စောင့်နေထမ်း ရွက်ကြသည်အစုအမှုထမ်း ဖြစ်လျက် ကျေး ဇူး သစ္စာ တော်ကိုမ စောင့်အကြိမ်ကြိမ်လူဆိုး လူသွမ်း တို့ကို ခေါ် ဝေါ် သွေး ဆောင်၍အရှင်ကိုအရှင် မမှတ်ချား နား သသူဖြစ် သော ကြောင့်သင်း တို့ကိုအတုပြု၍အရပ်ရပ်အစုအမှု ထမ်း ကျွန် တော်မျိုး တို့နောက် နောင်မကျင့်မကြံဝံ့ အောင်တ ကြောင်း ကောင်း မှုကုသိုလ် တော်ပွါး များ စေခြင်း ငှါတ ကြောင်း ကို ထောက် တော်မူ၍ ဘောင်ကား ရွာသား တို့ကို အောင် မြေ လောကဘုရား မှာအရံ စောင့်ဖြစ် စေခြင်း ငှါအလှူ တော် ရွှေကရား နှင့် ရေစက်သွန်း လှူတော်မူမည်၊ ၄င်း ရွာသား စုတွင်င အောင်မင်း ၊ ငစံလုံတို့နှစ် ယောက်ကိုအကြီး ၊ ငသာကိုစာ ရေး ခန့်၊ ငအောင် မင်း ကိုပုညဗလ၊ ငစံလုံး ကိုသန္တာဗလအမည်ခံ စေ၊ ပုညဗလသန္တာဗလတို့နှင့်ကျား ကြီး ၃၅၊ မကြီး ၄၂၊ ကျား ငယ် ၁၇၊ မငယ် ၂၄၊ လေး စုလုပေါင်း ၁၁၈ ကိုဦး ရေအမည်အမှတ် စေ့ငု အောင် ကျောက်စာသွင်း ၍ ရေး သား စေ။

29 August 1783

(သက္ကရာဇ်) ၁၁၄၅ ခု တော်သလင်း လဆန်း ၃ ရက် နေ့နား ခံ သီရိနန္ဒစည်သူထွင်ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၁၀)

29 August 1783

အိမ်ရှေ့မင်း စီး ရန်အတွင်း တော်မှာလုပ်စေသည့်ဝေါကိုလည်း အိမ်ရှေ့မင်း ကို သနား တော်မူသည်၊ ထုတ်ယူစေ။

29 August 1783

သက္ကရာဇ် ၁၁၄၅ ခု တော်သလင်း လဆန်း ၃ ရက် နေ့နား ခံနန္ဒ မိတ်စည်သူထွင်ပြန်။

(တက်ဗဟို ၄၅၂၁၇)

နိုင်ငံတော်အတွင်း မြစ်မမြစ်ငယ်ချင်း တွင်း အကြေအညာမှစ၍အရပ်ရပ်ဆိပ်
တည်မြဲကင်း ကူး တို့များ မှာ ရှေး ထုံး ရှေး စံနှင့်မညီငစည့်ကူး စား ဟောင်း
လက်ထက်အကြူး အလွန် ကောက်စား သိမ်း ခံ ကြောင်း ကင်း ကူး တို့ထား မြဲမဟုတ်
သည်ကိုထား ကြောင်း နှင့် ရွှေနား တော်မြတ်ကြား တော်မူရသော ကြောင့်
ပြည်ရွာသာယာစေအပ် သောအပရိဟာနိယတရား ရပါး နှင့်အညီဟံသာဝတီ
ပါမင်း ဘေး တော်ဘိုး တော်ခမည်း တော်တို့လက်ထက်ထား မြဲကင်း ကူး တို့ ကော် 25 February 1782
မြဲယူမြဲတွင်သာထား စေ ကောက် စေ ရမည်။ သက္ကရာဇ် ၁၁၄၃ ခုတပေါင်း လကပင်
အမိန့်တော်တမ်း ထုတ်ပြန်၍ ရှိသည်ကိုပြည်ထဲ လေး မျက်နှာသာယာစေ ကြောင်း အ
မြဲနှလုံး သွင်း ၍အမိန့်တော်ကိုအမြဲတည် အောင်မစစ်မကြောမစီမရင် သောကြောင့်
မြစ်မမြစ်ငယ်ချင်း တွင်း အကြေအညာကင်း ကူး တို့ပွါး များ ကြောင်း အကောက်
အယူများ ၍ကုန်သည်ဆင်း ရဲသား ဘောက်ကား ရောင်း ဝယ်သူကျွန် တော်မျိုး တို့
ရိပွတ်ပင်ပန်း စွာရှိကြောင်း များ ကို ရွှေနား တော်မြတ်ကြား တော်မူပြန်ရ
သည်။ ဝန်တို့မှာ မကြား မသိလော။ ရှေး ထုံး စံရှိသည်အတိုင်း တွင်သာဖြစ်စေမှ
ဆင်း ရဲသား ပြည်သူတို့ငြိမ်ဝပ်ရာသည်စွဲယူ တော်မူ၍ထုတ်ပြန် တော်မူသည့်အမိန့်
တော်တမ်း ဖြစ်ပေသည်အမြဲနှလုံး သွင်း ၍ပြည်နား ပြည်မျက်စိမသိသိ အောင်စစ်
ကြောစီရင်ရမည်ကိုအမှုသည်အစီရင်ခံလှာမှသာစီရင်မည်ငံ့လင့် နေကြရမည်မ
ဟုတ်။ ပြည်ထဲလေး မျက်နှာသာယာစေ ကြောင်း ကိုနေ့ညအမြဲနှလုံး သွင်း ၍မပြတ်
မလပ်စစ်။ အမိန့်တော်မတည်ကျင့်သူတို့ကိုလည်း မျက်နှာကြီး ငယ်မရှယ်မ ထောက်ထုံး
စံရှိသည်အတိုင်း စီရင်။ နောင်သည်ကဲ့သို့အကြိမ်ကြိမ်ကြား တော်မူရလျှင်နှစ်ခွန်း
ချေရမည်မမှတ်နှင့်။

31 August 1783

(သက္ကရာဇ်) ၁၁၄၅ ခုတော်သလင်း လဆန်း ၅ ရက်နေ့နား ခံ
ပြော့ကြီး မှူး ထွင်ပြန်။

(တက်ဗဟို ၄၅၂၁၈)

စလင်း မြို့သူကြီး မဟာသမန်း ခိုင်စား ပိုး စား တောင်စည်စား တို့လေး ဂိုး စကား မှာသူကြီး ငယ်တို့လျှောက်ချက်ကို ထောက်၍အထက်မဟာသမန်း ခိုင်စား မြို့သူကြီး တို့နှင့်ပြီး သည်ဖြတ်စာပြီး တိုက် တည်ထိုက်သည်မှန်လျှင်ပြီး စေ၊ တည်စေ၊ ဖြတ်စာ ကောက်ထုံး စံကိုလည်း စီရင်၊ ပြီး တိုက်တည်တိုက်ပြတ်စာ မဟုတ်လျှင်လည်း ဖြတ်စာရှိသည်မဆိုသာ၊ ရှေး အစည်ထုံး စံရှိရာကြီး စိုး စီရင်ကြစေ။

4 September 1783

(သက္ကရာဇ်) ၁၁၄၅ ခု တော်သလင်း လဆန်း ၉ ရက်နေ့နား ခံ သီရိနန္ဒစည်သူတွင်ပြန်။

( မျိုးကြည့်၊ ပု၊ ၆၁၀ )

8 September 1783

သာသနာအညစ်အကြေး ဝရဇောတီအယူယူသူတို့ဆင်ဖြူကျွန်း မြို့ရွာမှာရှိသော ကြောင့်လွှတ်တော်ရုံး တော်ကဒိုင်မှူး သင်းမှူး အစေခံလွှတ်လုလင်တို့ကိုခန့်ထား ခေါ်ချေပသည်ကိုကျေးဇူး သစ္စာ တော်ရှိကာသ်အတိုင်း ကြောင့် ဖြောင့်ရုံး ရုံး လုကိုပါအောင်မခေါ်မသိမ်း ခဲ့၊ မစောင့်မရပ်ကြေး ငွေပန္နာစောင့်စား ယူခဲ့ကြောင်း ကိုရွှေနား တော်ကြား တော်မူသောကြောင့်စစ်ကြောစေရာ တွင် ငွေစောင့်ပန္နာစား လူတို့ကိုတွေ့မိ၍ ရှိသည်၊ သင်း တို့ကိုမစီရင်လျှင်သာသနာအညစ်အကြေး ကုန်စင်( အောင်) ရှင်း လင်း နိုင်တော့မည်မဟုတ်၊ စောင့်စား ယူခဲ့သည့်လူတို့ကိုကြား မြင်သမျှလူတို့ ကြောက်ရွံ့အောင်မြို့တွင်း မြို့ပြင်မောင်း ကြော်ပြီး လျှင်စား ယူ ခဲ့သည့်ငွေကိုအရည်ကြို၍ ငွေစား လူမှန်သမျှလူတို့ခံတွင်း ကိုသွန်း ။

8 September 1783

(သက္ကရာဇ်) ၁၁၄၅ ခု တော်သလင်း လဆန်း ၁၃ ရက် နေ့နား ခံနန္ဒမိတ်စည်သူတွင်ပြန်။

(တက်ဗဟို ၄၅၂၁၈)

12 October 1783

ရန်ကုန်မြို့မှာ မဟာသီလဝကိုမြို့ဝန်ရွတ်သင့်ရန်ကိုအခွန်ဝန် ရွှေ တောင်သူလက်ဝဲ ဇေယတို့ကို ဂစ်ကဲတုရင် ဝေရသူဇိတ်သင့်ရန်တို့ကိုနား ခံလကျော ပုံ့ချိနရာ ကျော်သူ တို့ကိုမြို့စာရေး ခန့်၊ သစ္စာတော်ပေး မြဲပေး၍ခန့်ထား ပြီး လျှင်အလျှင်စုန် သွား စေ။

12 October 1783

(သက္ကရာဇ်) ၁၁၄၅ ခုသတင်း ကျွတ်လပြည့်ကျော် ၂ ရက်နေ့နား ခံ နန္ဒမိတ်စည်သူတွင်ပြန်။

( မျိုး ကြည့်၊ ပု၊ ၆၁၀ )

16 October 1783

အထက်ကာလများက ငွေကြမ်း ငွေဆန်း အစီး အတင် မှတ်လုပ်သုံး ဆောင်ကြသော ကြောင့်လက်ထက်တော်ရွက်စို့ရွက် သေး ရွက်နီသုံး ရပ် ငွေကိုသာမှတ်လုပ်သုံး ကြစေ အမိန့်တော်ထုတ်ပြန်၍ ရှိသည်ကိုမြို့ဝန်မြို့စာရေး ငယ်တို့သည်အမိန့်တော်အတိုင်း တည်တန့်ရပ်နေအောင်မစစ်မကြောမစီရင် ထောင်မှူး ထောင်စချီပြုသူတို့ လည်း ငွေကြမ်း မှတ်သူသုံး သူတို့ကို တွေ့မိလျှက် ကျေး ဇူး သစ္စာ တော်ရှိသည့်အတိုင်း ဖြောင့်မှန်အောင်မစစ်မကြော ကြေး ငွေပန္နာစား ယူလွှတ်ကြောင်း ငွေ မှာလည်း ၂၅ကဲဝမ်း ပွ၃ဝိကဲ ခေါ် ဝေါ်၍သုံး ဆောင်ပြန်ကြကြောင်း များ နှင့်ရွှေနား တော်မြတ်ကြား တော်မူပြန်ရသည်၊ ဝန်တို့မှာမကြား မသိလေ၊ နောင်သည်ကဲ့သို့မကြား ရစေနှင့်၊ မြို့ဝန်မြို့စာရေး ထောင်မှူး ထောင်စချီ ငယ်တို့ကို နောင်သည်ကဲ့သို့မမှတ်မသုံး စေရအထက်ထုတ်ပြန်သည့်အမိန့်တော်အတိုင်း သာမှတ်လုပ်သုံး ဆောင်ရမည့်အကြောင်း နှင့်နာကြင်အောင်ပြန်၊ ငွေကောင်း ကို ငွေကြမ်း မှတ်သူ ငွေကြမ်း သုံး သူကို တွေ့မိလျှင်လည်း ထုံး စံရှိသည့်အတိုင်း စီရင်၊ မြင်စီး မှုမှာလည်း အဝမြို့ကပင်အရပ်ရပ်လမ်း မလမ်း သေး များ မှာမြင်း ကို အခုံအဂိုင်စီး နင်း ၍ဆင်း ရဲသား ခရီး သွား ခရီး လာရဟန်း သူတော်များ ကိုပင်ခိုက်တိုက် ကြောင်း များ နှင့်ရွှေနား တော်ကြား တော်မူသောကြောင့် အခုန်အဂိုင်မစီး မနင်း စေနှင့်အမိန့်တော်ထုတ်ပြန်၍ ရှိသည်ကိုအမိန့်တော်အ တိုင်း တည်တန့်ရပ်နေအောင်ဂတိသို့မလိုက်မဘမ်း မဆီး မစစ်မကြောမစီရင် စီး နင်း ပြန်ကြသောကြောင့်ခရီး သွား ခရီး လာတို့ကိုတိုက်ခိုက်ပြန်ကြောင်း နှင့်ရွှေနား တော်ကြား တော်မူပြန်ရသည်၊ သည်ကဲ့သို့မစီး မနင်း ကြစေနှင့်၊ အရပ်တွင်ခေါင်း အကြီး တို့ကိုမှတ်စာမှာစာ သေချာအောင်ပေး အပ်၍မင်း ညီ မင်း သား မှူး သား မတ်သား မည်သူမဆိုမျက်နှာကြီး ငယ်မရွယ်မထောက်အရပ် သား တို့ကဘမ်း ဆီး ၍ ရုံး တော်သို့ပို့စေ၊ ရုံး တော်သို့ရောက်လျှင်လည်း ထုံး စံရှိ သည်အတိုင်း စီရင်။

16 October 1783

(သက္ကရာဇ်) ၁၁၄၅ ခုသတင်းကျွတ်လပြည့်ကျော် ၆ ရက် နေ့နံဒါး ခံသံဂို နန္ဒစည်သူထွင်ပြန်။
(တက်ဗဟို ၄၅၂၁၉)

17 October 1783

သီရိဇေယျနော်ရထာအစား နေမျိုးနော်ရထာစည်သူကိုရန်ကုန်ဝေဝန်ခန့်၊ သီရိဇေယနော်ရထာကိုရွှေဘဝါး တော်အောက်လာစေ၊ ငစဝ်ငကွန်ငကွယ်တို့ကိုစစ်ရိုး ငြိုသည့်အတိုင်း စစ်၍ထွက်ဆိုချက်ကိုသွင်း ။

17 October 1783

(သက္ကရာဇ်) ၁၁၄၅ ခုသတင်းကျွတ်လပြည့်ကျော်၇ရက်နေ့နားခံ စမြောင်မှူး တွင်ပြန်။

(မျိုးကြည့်၊ ပု၊ ၆၁၀)

စလင်း မြို့သူကြီး မဟာသမန်း ခိုင်စား တို့ လျှောက်ချက်ကို ထောက်၍ ဟံသာဝတီ ရောက်မင်း ဘိုး တော်ခမည်း တော်ဟံသာဝတီ ရောက်မင်း တိုင်မဟာသမန်း ခိုင်စား တို့နှင့်ပိုစား တောင်စည်စား တို့ဘက်၍ စီရင်ရသည်မစီရင်ရသည်ငစဉ့် ကူး စား လက်ထက်ပြီး ချက်ဖြတ်စား ရှိသည်မဆို စေနှင့်။

19 October 1783

(သက္ကရာဇ်) ၁၁၄၅ ခုသတင်း ကျွတ်လပြည့်ကျော် ၉ ရက် နေ့စာရေး ကြီး လက်ျာရန္တမိတ်ထွင်ပြန်။

( ရှူး ကြည့်၊ ပု၊ ၆၁၀ )

6 November 1783

နေမျိုး ဇေယသင်္ခယာကိုပြည်မြို့ဝန်သီရိသင်္ကြန်ကိုအခွန်ဝန်၊ သီရိရဲခေါင်၊ ဦး
ဒိန်ဘီလူး တို့ကိုစစ်ကဲ၊ ရဲလှကျော်စွာကိုနားခံ၊ ဝေလှကျော်၊ သိဒ္ဓိတင်တို့ကိုမြို့စာ
ရေးခန့်၊ နေမျိုး ကျော်ထင်သင်္ခယာကိုပုသိန်ဝန်ခန့်။

6 November 1783

(သက္ကရာဇ်) ၁၁၄၅ ခုတန်ဆောင်မုန်း လဆန်း ၁၃ ရက် နေ့ည
နားခံနန္ဒမိတ်စည်သူတွင်ပြန်။
(မျိုးကြည့်၊ ပု၊ ၆၁၀)

အာဏာတော်ထား ရာမြို့ဝန်တို့ပြင် မင်းညီမင်းသား မှူး တော်မတ်တော်တို့အိမ်များ မှာသံခြေကျည်း မထား မနှောင်စေနှင့်၊ အာဏာတော်ထား ရာမြို့ဝန်တို့မှာသာသံခြေကျည်း ရှိစေ၊ မင်းညီမင်းသား မှူး တော်မတ်တော်တို့အိမ်များ မှာသံခြေကျည်း ရှိလျှင်သိမ်း ၊ အဝေး အနီး ခန့်ထား စေပါသွား လာသူတို့မှာ လေး လှံ သေနတ် ဘောင်း ဖြူဘောင်း နီ ဆောင်ယူ၍မသွား မလာစေနှင့်၊ သေနတ် လေး လှံ ဘောင်း ဖြူဘောင်း နီ ဆောင်ရွက်သွား လာသူတို့ကိုမြို့ကိုင်ရွာကိုင်ကင်း ကိုင်မြို့ရွာသူကြီး ခေါင်း တို့ကဖမ်း ဆီး သိမ်း ယူပို့ဆက် စေ၊ အရပ်ရပ်မြို့ရွာနှင့်ကင်း တော်များ သို့မှာ။

9 November 1783

(သက္ကရာဇ်) ၁၁၄၅ ခုတဆောင်မုန်း လပြည့်ကျော်၁ ရက်နေ့နား ခံနန္ဒမိတ်စည်သူတွင်ပြန်။

(တက်ဗဟို ၄၅၂၁၈)

သီရိရတနာမဟေကို ကျောက်ကြီး ကျောင်း မျှား ကျောက်မှော်မြို့ကိုသနား တော်မူသည်၊ ၎င်း မြို့နယ်တွင်အခွန် တော်သင့်ကွံး သီး ကိုမြို့စား ကထိန်း ၍တိုက်တော်မှာဆက်သွင်း စေ၊ တောင်ငူမြို့ဝန်တို့က မဆီး မတား စေနှင့်။ 11 November 1783

(သက္ကရာဇ်) ၁၁၄၅ ခုတန်ဆောင်မုန်း လပြည့်ကျော် ၃ ရက် နေ့နား ခံနန္ဒမိတ်စည်သူတွင်ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၁၀)

ရွှေလွှတ်တော်သို့ပြည်သူတို့တရား စကား အရှက်အတင် ရောက်လာ၍ဆုံး ဖြတ်စီရင်
ကြရသည်အမှုများ မှာတရား ဓမ္မသတ်ထုံး စံအမိန့်တော်တမ်း ထုတ်ရှိသည်အတိုင်း
တိုင်ပင်နှိုင်း ညှိ၍ညီညွတ်စွာမစီရင်ကြ၊ အသီး အသီး အယူကွဲပြား ၍ဆင်း ရဲသား
အမှုသည်တို့ပင်ပန်း စွာရှိကြောင်း များ နှင့်ရွှေနား တော်မြတ်ကြား တော်
မူရသောကြောင့်သည်ကဲ့သို့စီရင်ကြရမည်မဟုတ်၊ နောင်သည်ကဲ့သို့မကြား စေရ
နှင့်၊ တယောက်ကောက်ယူသည့်စကား ကိုသင့်မသင့်တရား ထုံး စံအမိန့်တော်တမ်း
နှင့်ညီမညီတိုင်ပင်နှိုင်း ညှိပြသ၍ညီညွတ်မှတခွန်း တသံတည်း ဆုံး ဖြတ်စီရင်ရမည်
ငါ့အရှင်ဗေကရာဇ်မင်း မြတ်အမိန့်တော်အကြိမ်ကြိမ်ထုတ်ပြန်တော်မူ၍ ရှိသည်ကိုအ
မိန့်တော်ကိုအမိန့်တော်မမှတ်မှား လျှင်မှား ပေသည်လွန်လျှင်လွန်ပေသည်ပညာ
ရှိတို့နှလုံး သွင်း ခြင်း ဖြင့်မျက်နှာညီဖြတ်တမ်း ဖြတ်ဇာပေး အပ်၍ဆုံး ဖြတ်စီရင်
ရမည်တရား ဖြစ်သည်၊ စာချွန်ပေး အပ်သင့်သည့်အမှုဖြစ်သည်မထောက်မချင့်
တရား စကား အဆုံး အခန်း မရောက်မှီစာချွန်ပေး အပ်ပြန်ကြောင်း နှင့်
ရွှေနား တော်မြတ်ကြား တော်မူရပြန်သည်အရာသည်သင့်သည် လော၊ နောင်
သည်ကဲ့သို့ကြား တော်မူရလျှင် ၂ ခွန်း ချေရမည်မမှတ်နှင့်၊ လွှတ်တော်ရုံး တော်
တွင်ပြည်သူတို့အရှက်အတင်တရား စကား ရောက်လာလျှင်တယောက်ကောက်ယူ လေ
ပြီး သည်ကိုအထူး မဆိုပြီစွဲယူ၍ နေကြရမည်မဟုတ်၊ ကောက်ယူစီရင်သူကလည်း ကောက်
ယူစီရင်သည့်အချက်တရား ထုံး စံအမိန့်တော်တမ်း နှင့်ညီလျှင်ညီသည်မညီလျှင်မညီဆို
ခွင့်ရှိလျှင်ဆိုကြပါ၊ တယောက်ကိုတယောက်အခွင့်ပေး ရမည်၊ တယောက်ကောက်ယူ
သည့်တရား စကား ထုံး စံနှင့်မညီသည်ကိုလည်း တယောက်နှင့်တယောက် ထောက်ညှာ
၍ နေကြရမည်မဟုတ်၊ တရား ထုံး စံအမိန့်တော်တမ်း နှင့်ညီလျှင်ညီသည်၊ မညီလျှင်မ
ညီပေသေး ၊ သင့်သည်မသင့်၊ လေး ယောက်ညှိနှိုင်း တိုင်ပင်၍ညီညွတ်စွာဆုံး ဖြတ်စီ
ရင်၊ တောင်ခွင်မြို့သူကြီး ရုံး စကား မှာလည်း လွှတ်တော်တွင်စီရင်ခင်း စီရင်
ဘွယ်များ ပြား သည်၊ လွှတ်တော်ကမစီရင်စေနှင့်၊ မိပွေး ကိုကြီး စိုး စီရင်စေ
ပေး အပ်သည့်စာချွန်ရှိလျှင်သိမ်း ၊ မြို့သူကြီး လျှောက်ချက်တွင်လည်း နောင်တော်
ဆင်ဖြူရှင်လက်ထက်မင်း နှင့်အမတ်တိုင်ပင်စီရင်သည်ဖြစ်စာရှိကြောင်း ကိုပါသည်၊
လျှောက်ချက်ကိုထောက်၍တရား ထုံး စံရှိရာအလျှင်ပြီး ပြတ်အောင်တရား ရုံး သို့ချ

ဈွပ်၍ ကောက်ယူစီရင်စေ။ 12 November 1783

(သက္ကရာဇ်) ၁၁၄၅ ခုတန်ဆောင်မုန်း လပြည့်ကျော် ၄ ရက် နေ့

နဘး ခံ ပြေ ဘုကြီး မှူး ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၁၀-၆၁၆၊ တက်ဗဟို ၄၅၂၁၈-၄၅၂၁၉)

တိုင်သူ့ရင်း အစုအငန်း စစ်သိမ်း ဘက်စည်း ထမ်း ရွက်စေရမည့်မှာ ရှေး ဘေး လောင်း တော်ဘိုး လောင်း တော်တို့လက်ထက်က ပင်ပြည်သူသတ္တဝါအပေါင်း တို့ကို အသာအနာ မျှ၍ညီညွတ်စွာထမ်း ရွက်စေခြင်း ငှါတိုင်သူရင်း အစုအငန်း စည်း ရုံး ပြီး လျှင်စည်း ရုံး သန့်ပြန့်မိသမျှအင်း စာရ င်း ကိုသား တော်အစဉ် မြေး တော် အဆက်မပြစ် တော်အညွန့်အကျိုး စီး ပွါး တော်များ ၍သတ္တဝါတို့ချမ်း သာအောင်မ စောင့်မရပ်သည်လူဆိုး လူသွမ်း တို့ အနှောင့်အရှက်ကင်း လွတ်စေခြင်း ငှါထန်း ရွက်မှာရေး တင်၍အတွင်း ရွှေတိုက် တော်တွင်အလုံအချုံ သော့ပနောက်နှင့်ထား သိုသိမ်း စေပြီး လျှင်ပြည်သူတို့အရှက်အတင်အညင်း အခိုတစိုတခုအမှုပွါး များ (မှ) ထုံး စံနှင့်အညီ ရွှေတိုက်စာတမ်း စာရင်း ကိုထုတ်ကြည့်စေ၍စာတမ်း စာရင်း ထွက်ရာအမှုထိုက်သည့်အတိုင်း ဆုံး ဖြတ်စီရင်ကြရမြဲဖြစ်သည်ကိုကာလဒေသအလျှောက် ပြည်ရွာမငြိမ်မသက်ရှိရာတွင် ရွှေတိုက်စာတမ်း စာရင်း ဥပဒေပျက်၍မသိမ်း မဆည်း ရအနှစ်သုံး ဆယ် ကျော်ပြတ်လပ် သောကြောင့်ပြည်သူဆင်း ရဲသား အပေါင်း တို့မငြိမ်မသက်တရား တဘောင်အလုအဆိုများ ပြား ရွာရှိရခြင်း ဖြစ် သည်၊ ငါ့ လက်ထက် တော်ရှေး ထုံး စံရှိသည့်အတိုင်း မစည်း မရုံး ရှိပြန်လျှင်သတ္တဝါကျွန် တော် မျိုး တို့သို့ရှေ့သို့မငြိမ်မဝပ်နိုင် အောင်ရှိမည်ဖြစ် သောကြောင့်သတ္တဝါကျွန် တော်မျိုး တို့ကိုငြိမ်ဝပ်စေခြင်း ငှါတကြောင်း ရှေး ထုံး စံနှင့်ညီညွတ်စေခြင်း ငှါတကြောင်း ပဿုပ္ပာန်သံသရာဘ၀၂ပါး အကျိုး တော်များ စေခြင်း ငှါတကြောင်း ကိုထောက် တော်မူ၍တိုင်သူရင်း အစုအငန်း သိမ်း ရုံး ဘက်စည်း တော်မူမည်ကြ တော်မူခြင်း ဖြစ်သည်၊ အခြား အမှုများ ကဲ့သို့ပေါ့လျော့လစ်ဟင်း စေရမည်မဟုတ်၊ ဘ၀၂ပါး အကျိုး တော်စီး ပွါး တော်များ မည်အကြောင်း ပြည်သူတို့ကိုငြိမ်ဝပ်စေခြင်း ငှါ အား ထုတ် တော်မူသည့်အမှုဖြစ် ပေသည်၊ နေ့ညအမြဲနှလုံး သွင်း ၍ငင်း အမှုကိုကြပ် မစီရင်ရသည့်ဝန်တို့နှင့်ဝန် ထောက်စာရေး ကြီး လက် အောက်ရေး အကြီး အကြပ် လူတို့ကိုကျေး ဇူး သစွာ တော်ဝမ်း တွင်ရှိသည့်အတိုင်း ဂတိလေး ပါး တန်စိုး သုံး ပါး သို့မလိုက် စောင့်သိရိုသေစွာ နေ့လမရှည်မကြာ စေရအလျှင်ပြီး ပြေအောင်စစ် ကြော သိမ်း ရုံး ဘွဲ့ဘက်ကြ စေရမည်ဝန်တို့ လေး ယောက်တွင်မဟာဇေယသင်္ကြန်မဟာသီရိသင်္ကြန် တို့နှစ်ယောက်ကိုဝန်တို့ကဘွဲ့ဘက်ရန် လျှောက်ချက်အတိုင်း လို့လအား ထုတ်စစ် ကြောသိမ်း

17 November 1783

ဂုံး ဘွဲ့ဘက်စီရင်စေ၊ ထောက်ခံရေးသား ကြီးကြပ်မည့်သူများ မှာလည်း ဝန်
1 December 1783
တို့က စာရင်း ရန်ထား ဆက်သွင်း သည့်အတိုင်း သင့်ပြီ၊ သက္ကရာဇ် ၁၁၄၅ ခုနှစ်
တော်လဆန်း ၈ ရက် နေ့ ၂ နေ့ နံနက် ၄ ချက်တီး ကျော်တနာရီ ၃ ပတ် ၁၀ ဗီဇနာ
၂ ပြန် ၄ ခရာပြည့်တွင် စာရင်း တော်စ၍ စစ်သိမ်း ရမည့်အခါ တော်ရကြောင်း
နှင့် ပညာရှိတစုတို့က စာဆက်သွင်း သည့်အတိုင်း တိုင်သူရင်း အစုအငန်း ဘွဲ့ဘက်ရန်
စစ်သိမ်း သည့် စာရင်း ကို စ၍ စစ်သိမ်း စေထုတ်ပြန် တော်မူသည့်အမိန့် တော်အ
တိုင်း မတည် နေ့လမရှည်တန် ရှည်ကြာ၍ဆင်း ဂါသား ကျွန် တော်မျိုး တို့မပင်မပန်း
တန်ပင်ပန်း ရသည်၊ တံစိုး ပန္နာစား ယူကြသည်ကြား တော်မူရလျှင်နှစ်ခွန်း ချေ
ရမည်မမှတ်နှင့်။

15 November 1783

(သက္ကရာဇ်) ၁၁၄၅ ခုတန်ဆောင်မုန်း လပြည့်ကျော် ၇ ရက်နေ့
17 November 1783
နန်း မစနုဆောင်တွင်အမိန့်တော်ကို၎င်း ၉ ရက်နေ့ညတွင်ပြန်။
(တက်ဗဟို ၄၅၂၁၄ - ၄၅၂၁၈)

ထောင့်လေး မျက်နှာအမှတ်အသား နှင့်လူတို့မှာ မစောင့်မရပ်ဆိုး သွမ်း သည့် အမှုအကျင့်ကိုကျင့် သော ကြောင့်လူ၏အဖြစ်ရခဲခြင်း တရား ကို ထောက်၍အဆုံး အရှုံး မစီမရင် ထောင့်လေး မျက်နှာမှတ်သား ၍ပြည်ထမ်း စေသည်ကိုမစောင့်မရပ် သူခိုး လူဆိုး တို့အကျင့်ကိုကျင့်မြဲကျင့်ပြန်ကြသည့်လူတို့မှာ ငါရွှေ့နား တော်မကြား ရစေ နှင့်၊ ထုံး စံရှိရာစီရင်။

24 November 1783

(သက္ကရာဇ်) ၁၁၄၅ ခုနှစ် တော်သလဆန်း ၁ ရက်နေ့နား ခံစ မြောင် မျှုး ထွင်ပြန်။

(တက်ဗဟို ၄၅၂၁၈ - ၄၅၂၁၉)

27 November 1783

မဟာမင်း လှနော်ရထာကိုမြင်း စုကြီး ဝန်၊ မင်း မဟာကိုအသည်ဝန်၊ နေမျိုး သူရကိုလက်ဝဲဝင်း မှူး ၊ နေမျိုး မဟာ ကျော်ထင်ကို ရွှေတိုက်ဝန်ခန့်၊ စာရင်း တော်စစ်တိုင်ဘက်စည်း ရမည်ခန့်တော်မူသည်မှာဝန်တို့နှင့်မြင်း စုကြီး ဝန်အ သည်ဝန်တို့တိုင်ဘက်စည်း ရန်တချက်တည်း နေ၍တိုင်သူရင်း ကိုဘက်စည်း စေ၊ အ သည်ဝန်ကိုလည်း လွှတ်တော်မှာမြင်း စုကြီး ဝန်နှင့်အတူသင့်ရာ နေထိုင်၍စီရင် နှစေ။

27 November 1783

(သက္ကရာဇ်) ၁၂၄၅ ခုနတ်တော်လဆန်း ၄ ရက်နေ့နား ခံစမြောင် ထွင်ပြန်။

(မျိုးကြည့်၊ ပု၊ ၆၁၀)

(28 November 1783)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသောဆင်ဖြူသခင်အရှင်ဘဝရှင်မင်း တရားကြီး ဘုရား ငပိန်တိုဝ်း ကိုအနောက်ဘက်တိုက်အဝင် ကြောရွာကိုသူကြီး ခန့်ထားတော်မူသည်။

(28 November 1783)

(သက္ကရာဇ် ၁၁၄၅ ခုနတ်တော်လဆန်း ၅ ရက်နေ့။)

( ယော ၈၁၄၇)

သာတိုး မဟာသီဟသူ၊ မဟာသီရိပကြံ၊ မဟာဇေယသင်္ကြန်၊ မဟာသီရိသင်္ကြန်၊ သက်တော်ရှည်မဟာသီဟသူရ၊ သက်ရှည်ကျော်ထင်၊ မဟာမင်းလှနော်ရထာတို့ကို အိမ်နဘူးလည် ပေါ်ဆောက်လုပ် နေထိုင်စေ။

30 November 1783

( သက္ကရာဇ် ) ၁၁၄၅ ခုနှစ် တော်လဆန်း ၇ ရက်နေ့ နား ခံစမြောင်မှူး ထွင်ပြန်။

( မှိုး ကြည့်၊ ပု၊ ၆၁၀ )

တိုင်သူရင်း ဘက်စည်း ရမည်ခန့်တော်မူသည့်ဝန်တို့နှင့်အသည်ဝန်မှာ နေ့ညသွင်း မြဲနားခံသွင်း  စာရင်း ကိုတိုင်ဘက်စည်း ရှိမပြီး မှီမလျှောက်မ ( ထား ) မသွင်း စေနှင့်၊ တက်ချိန်သက်ချိန်မှာတက်သက်စီရင်ကြလျှင်အမှုတော်ငြီး ပြေခဲမည်ဖြစ် သည်၊ နံနက်စော စောတက်လျှင်ညမိုး ချုပ်မှသက်စေ။

7 December 1783

( သက္ကရာဇ် ) ၁၁၄၅ ခုနတ်တော်လဆန်း ၁၄ ရက်နေ့နား ခံစ မြောင်မှူး ထွင်ပြန်။

( မျိုးကြည့်၊ ပု၊ ၆၁၀ )

ပိုစား တောင်စည်စား မဟာသမန်း ခိုင်စား တို့ဆိုကြသည်စလင်း မြို့သူကြီး ရိုး စကား မှာမြို့သူကြီး လေး ရိုး စား မြေလယ်ပယ်စီရင်ရိုး က တော့လက် ဆောင် တော်အသီး အသီး လေး ရိုး ၄၀အညီအမျှရှိ ကြောင်း ကိုသမိုင်း စာ ဟောင်း ရှေ့တိုက်ထွက် လေပြီး သည် စလင်း မြို့တွင်တိုင်သူ ရင်း မင်း မှုမှ စ၍ စီရင်ရန်ရှိ သမျှကိုသမိုင်း ရှေးတိုက်ထွက်အထက်ဝန်တို့စီရင် ချက်ဖြတ်စာအတိုင်း မြို့သူကြီး လေး ဦး တို့ရုံး တက်၍ညီညွတ်စွာစီရင်ကြစေ။

7 December 1783

(သက္ကရာဇ်) ၁၁၄၅ ခုနတ်တော်လဆန်း ၁၄ ရက်နေ့နား ခံစ မြောင်မှုး တွင်ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၁၀)

မြင်း စုကြီး ဝန်မှာအပ်တော်မူသည့်လက်ဝဲကြီး သေနတ်စုနှင့်တလိုင်း ဗညား စုကိုသူရဲဝန်ကအုပ်ချုပ်ထမ်း ရွက်စေ၊ ကွေ့စုကိုတောင်ဘက်တိုက်ဝန်ကသိမ်း အုပ်ထမ်း ရွက်စေ။

16 December 1783

(သက္ကရာဇ်) ၁၁၄၅ ခုနတ်တော်လပြည့်ကျော်၈ ရက်နေ့စာရေးကြီး ရာဇသိင်္ဂကိုခေါ်၍ပြန်။

(မျိုးကြည့်၊ ပု၊ ၆၁၀)

မြင်း စုကြီး ဝန်နှင့်မယား မိဂွဲကို ထောင်မှာအကျည်း ထား ၊ အိမ်မှာလည်း အစောင့်အနေထား မြဲထား၍ စောင့်နေစေ၊ ၎င်း နေ့စာရေး ကြီး ကျော်ထင်နန္ဒမိတ် ရွှေထား မှူး နေသည့်ခြံအိမ်ကိုပင်း တလဲစား ဟောင်း နေစေ၊ ပင်း ကလဲစား ဟောင်း နေသည်ခြံအိမ်ကို ရွှေထား မှူး နေစေ၊ လက်ဝဲဝင်း မှူး နေသည့်ခြံအိမ်ကို ရှေ့ဝင်း တော်မှူး နေစေ။

16 December 1783

(သက္ကရာဇ် ၁၁၄၅ ခုနှစ် နတ်တော်လပြည့်ကျော် ၈ ရက်နေ့) သီရိဇေယ နော်ရထာကို ခေါ်၍ပြန်။

( မျိုး ကြည့်၊ ပု၊ ၆၁၀ )

24 December 1783

မင်း ငယ် ကျော်သွား ငပုတ်ကို ဆေး ပွတ်အိုး မြင်း မှူး ခန့်။ 24 December 1783

(သက္ကရာဇ်) ၁၁၄၅ ခုပြာသိုလဆန်း ၂ ရက်နေ့ညနား ခံနန္ဒမိတ်စည်သူတွင်ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၁၀)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသောအသျှင်ဘဝရှင်မင်း တရား ကြီး အမိန့်တော်ရှိသည်။ဟိုင်သူရင်း အစုအငန်း စစ်သိမ်း ရှင်း လင်း သွဲ့ဘက်ရမည်ကိုဝန်တို့က စာသွင်း သည့်အမှုမှာ ရှေး ဘေး လောင်း တော်ဘိုး လောင်း တော်တို့လက်ထက် အရပ်ရပ်မြို့ရွာအသည်တိုင်ထမ်း အစုအငန်း သား တို့အမျိုး အစဉ်ဆက်အင်း စာရင်း ရွှေတိုက် တော်မှာအသေအချာသွင်း ထား ရှိသည်ကိုဟံသာဝတီရောက်မင်း တရား လက်ထက် ရွှေတိုက်အင်း စာရင်း ပျက်စီး ယိုယွင်း သည့်နောက်ခမည်း တော်ဘုရားလက်ထက်တိုင်တိုင်း နိုင်ငံပြုစုသိမ်း ရုံး စကာလဖြစ်၍မည်သည့်အစုအမှုထမ်း အနိမ့်အမြင့်မရွေး မချယ်ရထမ်း မိထမ်း ရာ( ခန့်ထား )ထမ်း ရွက်နှင့်ကြရသောကြောင့်လက်ထက် တော် ရှေး ထုံး စံနှင့်အညီတစုနှင့်တစုမထွေး မရှက်မကူး မသန်း စေရသီး သန့်ခြား နား ၍အစုနိမ့်မြင့်မှန်ရာထမ်း ရွက်စေရမည်၊ စစ်ကြောသိမ်း ရုံး ရခြင်း ဖြစ်သည်၊ ခမည်း တော်ဘုရား လက်ထက်စစ်ခေါင်မြေဝေး ထမ်း ရွက်ကြရ၍အစုနိမ့်သူဖြစ်လျက်အရာအထူး နှင့်နေရာငါး သွယ်သို့ရောက်သူတို့လည်း ရောက်သည်၊ အမှုတော်ကိုထမ်း ရွက်ကြရသည်မှန်လျက်အရာအထူး နေရာငါး သွယ်သို့မရောက်သူလည်း ရှိသည်၊ နောင်တော်ဆင်ဖြူရှင်လက်ထက်ကသည်လက်ထက် တော်တိုင်အမှုတော်ကိုထမ်း ရွက်ရသည်နှင့်အညီ သွေး သောက်စုမြင်း စုသွဲ့ရ၍ပါသူလည်း ပါသည်၊ မပါကျန်သူလည်း ကျန်သည်၊ သွေးသောက်စုမြင်း စုသွဲ့ရာပါသူတို့မှာ မဆိုသါပြီ၊ ရှေ့ထုံး စံနှင့်အညီစာရင်း သွင်း ၍ထမ်း ရွက်စေ၊ စစ်ခေါင်မြေဝေး အမှုတော်ကိုကြိုး ပမ်း ထမ်း ရွက်ရသည်မှန်လျက်အရာအထူး နေရာငါး သွယ်သို့မရောက်၊ သွေး သောက်စုသွဲ့ရာလည်း မပါကျန်သူတို့မှာ ရှေး မိဘအစုမပျက်ထမ်း ရွက်လိုသည်ဆိုလျှင်လည်း အင်း စာရင်း သွင်း ၍မိစုဘစုမှာထမ်း ရွက်စေ၊ ထမ်း အား ရွက်အား ရှိသူတို့နှင့်နေရာငါး သွယ်သို့ရောက်၍ သွေး သောက်စုသွဲ့ရာမပါသည့်လူတို့မှာ တော်သင့်သည့် သွေး သောက်စုသွဲ့၍ထမ်း ရွက်စေရမည်၊ သွေး သောက်စုသွဲ့စာရင်း စုကိုရန်၍သွင်း ၊ ကြီး ရိုး စိုး ရိုး မှာလည်း အရိုး သား မြေး ပြတ်လပ်လျှင်ကျိတ်စုအသည်ကဆက်လက်ကြီး ရသည်၊ ကျိတ်စုအသည်မရှိလျှင်တိုင်ခေါင်း အသည်ကြီး တို့ဆက်ခံကြီး စိုး ရိုး သာ ရှေး ထုံး စံရှိသည်ကိုထုံး စံနှင့်အညီသာမဆက်မခံမကြီး ရ၊ ခမည်း တော်ဘုရား နောင်တော်ဘုရား တို့လက်ထက်အစုမှန်သည်မမှန်သည်မ

နှင့်၊ မြေပယ်နယ်တစီး တခွင်တည်း နှင့်သာဆင်း သက်ထမ်း ရွက်ရမြဲမြင်း စု ဖြစ်သည်၊ အရိုး နီး ရင်း ဆိုင်သင့်သူကိုသာတစီး တခွင်တည်း စီး ထမ်း စေ၊ စီး ခွင့်သာပျက်၍အ ပေါင်း ညီသား ကြွင်း ကျန် သေး လျှင်လည်း ရှေး ဘွဲ့ရင်း မြင်း ခွင်မပျက်သည်ကိုစီး ထမ်း လိုသည် လျှောက်ထား လျှင်မူကား စီး (ခွင့်မ ပျက်) ဆက်လက်စီး ထမ်း စေရမည်၊ စီး ကြီး တိုင် ဆော်ပြတ် ကောက်စီရင်ရိုး စကား များ ကို နောင် တော်ဆင်ဖြူရှင်လက်ထက်ငါ့လက်ထက် တော်တရား ဓမ္မ သတ်ရာဇသတ်သုံး စံနှင့်အညီဆုံး ဖြတ်စီရင်၍ပြီးလေပြီး သည်ကိုလည်း ပြန်လှန်၍ မလျှောက်မထား ကြစေနှင့်၊ စီရင်ဆုံး ဖြတ်သည့်အတိုင်း ငြိမ်ဝပ်ကြစေ၊ တောင် တံခါး ကိုး စို့မစုကြမ်း သား ကို့နှင့် ကျောင်း ဘုရား သဃီကအစုသား တို့ပြင်ယခု စာရင်း တော်စစ်သည့်ဘိုင်သင့်နေ မွေး မြင်ဘည့်သား သမီး တို့မှာမည်သည့်အ စုမဆိုမိလိုက်ဘပါစာရင်း တော်စစ်သိမ်း ၍သွင်း ၊ နောင်မှပိုင်း ခြား တန် သည်ကိုပိုင်း ခြား တော်မူမည်။

25 December 1783

သက္ကရာဇ်၁၁၄၅ ခုပြာသိုလဆန်း ၃ ရက်နေ့နား ခံနန္ဒမိတ်စည်သူ ပြန်

(အုပ်ချုပ်ပုံ၊ တ၊ ၁၉၇၀၊ ပိုဒ်၃၃၀၊ စါ၄၃-၆၊ တက်ဗဟို ၄၅၂၁၀)

ရွေး မချယ် လျှောက်ထား ကြီး စိုး ကြ၍ဘိုး ဘကိုယ်တိုင်သုံး ဆက် မြောက်ဆယ်နှစ် ကျော် ရှိသသူလည်း ရှိသည်၊ သုံး ဆက်မမြောက်ဆယ်နှစ်မရောက် ရှိသသူလည်း ရှိသည်၊ ဘိုး ဘကိုယ်ဘိုင်သုံး ဆက် မြောက်ဆယ်နှစ် ကျော်လက်မထွာရှိ လေပြီး သသူတို့မှာ ကျောင်း ဘုရား ဆောင်တံခါး အစုကြစ်း သား ကိုလွှတ်၍ ဈေး သောက်စုမြင်း စုမင်း ကျွန် တော်မျိုး တို့ကဖြစ်လျှင်အထူး မဆိုသာပြီ၊ အသည်သူကြီး စာရင်း သွင်း ၍ စွဲမြဲကြီး စိုး ကြစေ၊ သုံး ဆက်မမြောက်ဆယ်နှစ်မရောက် မငြိမ်မသက်ထွက်ဝင်ကြီး စိုး ကြရသူတို့ မှာဘုရား ဓမ္မသတ်နှင့်ဖြတ်တန်သည်၊ ရာဇဝတ်ထုံး စံနှင့်ဖြတ်တန်သည်ကိုစစ်ကြော ၍ဆုံး ဖြတ်စီရင်၊ စာသွင်း တန်သည့်အမှုဖြစ်လျှင်လည်း စာသွင်း ၊ကြီး စိုး တိုင် ဆော်ပြတ်ကောက်( စီရင် ) ရိုး များ မှာမူလရင်း ကတရိုး သာမှန်သည်ကိုအရိုး ဘက်တွဲပွါး များ ၍ မကြီး မစိုးမတိုင်မ ဆော်မပြတ်မ ကောက်မစီမရင်ကြစေနှင့်၊ အရိုး သား မြေး ဆင်း သက်နှီး ရင်း ဆိုင်သင့်သူကိုသာတရား ထုံး စံနှင့်အညီကြီး စိုး တိုင်ဆော်ပြတ်ကောက်စီရင်စေ၊ မြင်း စီး ခွင့်စီး ရိုး များ မှာလည်း မြင်း စီး ရိုး သား မြေး ပြတ်လပ်လျှင်နီး ရင်း သည့်မြင်း ညီမြင်း သား ဆက်ခံစီရင်ရ သည်၊ မြင်း ညီမြင်း သား ပြတ်လျှင်မြင်း အပေါင်း ကြီး တို့စီး ထမ်း စေရှေး ထုံး စံအမိန့်တော်တမ်း ရှိသည်၊ အစုမဆိုင်သူဘိုး ဘကိုယ်တိုင်သုံး ဆက် မြောက်လက်မထွာ စီး ကြီး ၍ ရှိသည်ကိုဆိုင်သင့်သူမြင်း ညီမြင်း သား တို့မလုမဆိုစီး ကြီး ရသူတို့မှာ ကျောင်း ဘုရား ထောင်တံခါး အစုကြမ်း သား ကိုလွှတ်၍ ဈေး သောက်စုမြင်း စု မင်း ကျွန်တော်မျိုး တို့ကဖြစ်လျှင်လည်း အစုရင်း သို့ပြန်စေမဆိုသာပြီ၊ မြင်း စီး စာရင်း သွင်း ၍စီး ကြီး ထမ်း ရွက်စေ၊ အစုမဆိုင်ဖြစ်လျှက်သုံး ဆက်မမြောက် စီး ကြီး ရသသူတို့မှာမြင်း စီး အင်း စာရင်း ကျသူသည်စီး ထမ်း ရကောင်း သည် မလုမဆိုင်စေနှင့်၊ ဆိုင်သင့်သည့်မြင်း စုမြင်း ပေါင်း သား တို့ကသာစာရင်း သွင်း ၍ကြီး စီး ထမ်း ရွက်စေ၊ နန်း ဦး ၊ နတ်ရှင်၊ ဝဲဘော်၊ ရွှေပြည်မှစ၍ လက်ထက်တော်တိုင်ဖွဲ့သည့်မြင်း စုကြီး မြင်း သွေး သောက်များ မှာအပေါင်း ညီ သား ရာပြည့်ရာကျော်ရှိလျှင်စါး မြင်း ပွါး ၍ထမ်း ရွက်စေအမိန့်တော်တမ်း ထုံး စံရှိသည်ကိုပယ်စား နယ်စား တောင်ဘက်မြင်း မြောက်ဘက်မြင်း များ မှာ မြင်း စုကြီး ကဲ့သို့စါး မြင်း ပွါး များ ၍ဆမ်း ရွက်ရကောင်း သည်မလုမဆိုကြစေ

1 January 1784

သီရိမြတ်စွာမဟေကိုသံ ရွာကိုသနား တော်မူလျှင်အထက်ကို ကောင်း တုံ ရောက်အောက်ကို ရေနံ ချောင်း ငက်မစွတ် လေကွယ်ဆိပ် ရောက်ချင်း၊ တွင်း မြစ်ညာ ရောက်ကိုင် ရွှေ တောင် ရွှေမြို့ တော်ပတ်လည်ငါး ဆီခွန် ရေး မှတ်သိမ်း ခံမြဲထုံး စံရှိ ကြောင်း နှင့်သံ တော်ဦး တင်သည်၊ ရေး မှတ်သိမ်း ခံမြဲပုံး စံရှိသည်အတိုင်း ရေး မှတ်သိမ်း ခံ စေ။

1 January 1784

(သက္ကရာဇ်) ၁၁၄၅ ခုပြာသိုလဆန်း ၁၀ ရက်နေ့နား ခံစမြောင်မှူး ထွင်ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၁၀)

7 January 1784

ပြည်လုံး အံ့မှူး သီရိဇေယသူကိုအိမ်ရှေ့ဝင်း မှူး ခန့်၊ အောင်မား ဝန်ငသာ ဦး အစား ဇေယရွှေတောင်ကိုအောင်မား ဝန်ခန့်။

7 January 1784

(သက္ကရာဇ်) ၁၁၄၅ ခုပြာသိုလပြည့်ကျော် ၁ ရက်နေ့နား ခံနန္ဒ စည်သူတွင်ပြန်။

( မှီး ကြည့်၊ ပု၊ ၆၁၀)

လွှတ်တော်ရုံး တော်များ တွင်ပြည်သူတို့အရှက်အတင် ရှိလျှင်လိုက်လံ ဆောင်ရွက်စီမံ့ မည်လွှတ်အမိန့်တော်ရရုံး အမိန့်တော်ရရှေ့နေအသီး အသီးဆန့်ထားတော်မူ၍ ရှိသည် ကိုဝန်စုဝန်ငန်း ရှင်အရာအထူး ရှိလူတို့လိုက်လံလဲဆို ကြောင်း များ နှင့်ရွှေနား တော်မြွတ်ကြား တော်မူရသောကြောင့်ဝန်စုဝန်ငန်း ရှင်အရာအထူး ရှိမှူး တော်မတ် တော်တို့တက်သက် ဆောင်ရွက်လဲဆိုရမြဲထုံး စံမရှိဖြစ်သည်၊ မလိုက်မလံ မလဲဆိုစေနှင့်အမိန့်တော်ထုတ်ပြန်၍ ရှိသည်ကိုအမိန့်တော်အတိုင်း မတည်၊ဝန်စုဝန် ငန်း ရှင်မှူး တော်မတ်တော်တို့ကိုလွှတ်တော်ရုံး တော်လိုက်လံလဲဆိုကြောင်း များ နှင့်ရွှေနား တော်မြွတ်ကြား တော်မူပြန်ရသည်၊ ဝန်စုဝန်ရှင်မှူး တော်မတ် တော်တို့ကိုလွှတ်တော်ရုံး တော်တက်သက်၍ မလဲမဆိုမ ဆောင်မရွက်ကြစေနှင့်၊ ခုံ စာရေး တို့ကိုသာတက်သက် ဆောင်ရွက်စေ၊ အမိန့်တော်ကိုမတည်ကျင့် ဆောင်ကြ လျှင်မျက်နှာကြီး ငယ်မရွယ်မထောက် အပြစ်နှင့်လျော်စွာစီရင်။

7 January 1784

(သက္ကရာဇ်) ၁၁၄၅ ခုပြာသိုလပြည့်ကျော်၁ရက်နေ့နား ခံသီရိ နန္ဒစည်သူတွင်ပြန်။

(တက်ဗဟို ၄၅၂၁၈)

အင်း ရည်သိန်ခံငမြတ်၊ ကျော်ခေါင်ပုံရှိခံငမြတ်သာ၊ ယက္ခရဲခံငမှိုင်း တို့သည် ကျေး ဇူး သစ္စာ တော်ကို မစောင့်၊ မကြံရာသည်ကို တိုင်ပင် ပြောဆို၍ ကျင့်ကြံသူ များ ဖြစ်သည်၊ သင်း တို့သုံး ယောက်ကို ကြား မြင်သမျှ လူတို့ ကြောက်ရွံ့အောင် ကွပ်၊ ရဲကျော်နော်ရထာ ခံင အောင်နီ၊ စိန္တကရဲခံင စံလှ၊ စန္ဒသူရိန်ခံင ညိုမြ တို့မှာလည်း ကျေး ဇူး သစ္စာ တော်ကို မစောင့် မင်း ညီမင်း သား တို့ပုဆိုး ကြေး ငွေပန္နာ ပေး သည်ကို ခံယူသည်၊ ပုဏ္ဏား ငမှေး မှာလည်း အင်း ရည်သိန်ခံငမြတ်က စကား သွေး ငင် မေး မြန်း သည်ကို လိုက်နာ ဟော ပြောသည်၊ ငပိန်၊ ငမြတ်ထွန်း ၊ ငရ၊ ငဘောင်၊ ငမြတ်ရာလည်း ဆင်း ရဲသား ဖြစ်လျက် ငြိမ်ဝပ်စွာ မနေ၊ ကိုယ်နှင့်အင် မတန်သည့် စကား များ ကို မပြောမဆိုတန် ပြောဆိုသူ များ ဖြစ်သည်၊ သင်း တို့ကိုး ယောက်ကို သစ် တောသို့ပို့၊ စလေစား ၊ အင်း မကြီး စား ဟောင်း တို့မှာလည်း အမှုထမ်း ကြီး ဖြစ်လျှက် အင်း ရည်သိန်ခံငမြတ်က မစောင့်မရပ် သွေး ငင် ပြော ဆိုသည့် စကား ကို ကြား သိသည့် အတိုင်း ကျေး ဇူး သစ္စာ တော် မြတ်ရှိသည်နှင့် အညီ မ လျှောက်မထား နေသူ များ ဖြစ်သည်၊ သင်း တို့ကို အကျည်း သား ၊ အမည် နေရာ အဆောင်အရွက် စား မြို့စား ရွာကို နှုတ်။

11 January 1784

(သက္ကရာဇ်) ၁၁၄၅ ခုပြာသိုလပြည့်ကျော် ၁၁ ရက်နေ့နား ခံပုံရှိ သီရိကို ခေါ်၍ပြန်။

( မျိုး ကြည့်၊ ပု၊ ၆၁၀ )

မုဒ္ဒါဘိ သေကခံ တော်မူ၍ ထီး ဆောင်း မင်္ဂလာမဟာဥဂင်ဘွင့် တော်မူမည်မှာ ဗဟိုရ်စည် တော်ဓါတ်စည် တော်မင်္ဂလာစည် တော်များ ကိုအသစ်မလုပ် စေနှင့် တော့၊ အင်း မျက်နှာလွှမ်း များ ကိုသာအသစ်လုပ်ရမည်ဘုရား အမိန့်တော်မြတ် ကိုဦး ထိပ် ရွက် ရပါသည်၊ ဗဟိုရ်စည် တော်ဓါတ်စည် တော်မင်္ဂလာစည် တော်များ ကို လည်း အသစ်လုပ် ဆောင်၍ မျက်နှာလွှမ်း အင်း များ ကို ရေး သား ပြီး ဖြစ်ပါသည်၊ အသစ်လုပ် ဆောင်သင့် ကြောင်း နှင့်ပညာရှိတို့ ရှိခိုး သံ တော်ဦး တင်၊ ဗဟိုရ်စည် တော်မှာ မျက်နှာလွှမ်း ကိုသာလဲလှယ် စေ၊ မင်္ဂလာစည် တော်ဓါတ် တော်များ မှာ ပညာရှိတို့ လျှောက် ချက်အတိုင်း အသစ်ယူမြဲအရပ်မှာယူ၍လဲလှယ်လုပ် ဆောင် ရေး သား ဆွဲထား စေ၊ မုဒ္ဒါဘိ သေကခံ တော်မူ၍ထီး ဆောင်း မင်္ဂလာဥဂင်ဘွင့် တော်မူမည် အမှုကိုစာတမ်း စာ ဟောင်း [illegible] ရှိသည့်အတိုင်း မလစ်မဟင်း မယွင်း မယို စေရ၊ စီရင်ခင်း စီရင်ဘွယ် ရှိသမျှကို စေ့ငှ အောင်စီရင်။

2 February 1784

(သက္ကရာဇ်) ၁၁၄၅ ခုတပို့တွဲလဆန်း ၁၂ ရက် နေ့နား ခံပြော့ကြီး မှူး ထွင်ပြန်။

(တက်ဗဟို ၄၅၂၁၀)

ဝင်း တော်လေး မျက်နှာ အိပ်ဘန်အစောင့်အနေလူတို့ကိုလွှတ်တော်ရုံး တော်
ကခန့်ထား စေသုံး၍ ရှိကြောင်း နှင့် ရွှေနား တော်ကြား တော်မူသည်၊ အိပ်
ဘန်အစောင့်အနေလူတို့ကိုခန့်ထား စေသုံး လျှင် ရာဇဝတ်တော်ရေး မပြေမ
ကုန်ရှိမည်ဖြစ်သည်၊ အိပ်ဘန်တန်း စောင့်တန်း နေလူတို့ကိုလွှတ်တော်ရုံး တော်
ကမခန့်မထား မစေမသုံး စေနှင့်၊ အိပ်ဘန်တန်း တွင်သာမြဲစွဲစောင့်နေထမ်း
ရွက်စေ။

3 March 1784

သက္ကရာဇ်၁၁၄၅ ခုတပေါင်း လဆန်း ၁၃ ရက်နေ့ညနား ခံစမြောင်
မှူး ထွင်ပြန်။
( စလင်း သူကောင်း စာစု )

ပြည်သူတို့တွင် ဖျင်ပုဆိုး ခေါင်အသုံး အဆောင်ကြေး ငွေများ ကိုအထက်အမိန့်တော်ရင်း အတိုင်း မှန်ကန် အောင်မသုံး မဆောင်ကြ၊ ဖျင်ပုဆိုး ခေါင်များ မှာလည်း အလျား အနံအ တောင်အထွာ မမီ၊ ငွေမှာလည်း ရွက်စို့ရွက် သေး ရွက်နီသုံး ရပ်ကို သာမှုတ်လုပ်သုံး ဆောင်ကြစေ၊ အကြိမ်ကြိမ်အမိန့်တော်ထုတ်ပြန်၍ ရှိသည်ကိုအမိန့်တော်ရင်း အတိုင်း မြို့ဝန်ငယ်တို့က မစစ်မကြောသော ကြောင့် ငွေကြမ်း သုံး ကြကြောင်း များ နှင့် ရွှေနား တော်ကြား တော်မူပြန်ရသည်၊ လက်ထောက်လက်ကူ ဝမ်း ပွ ၃ ဗိ၊ ၂ ဘို ခေါ် ဝေါ် ပြောဆို၍ မသုံး မဆောင်ကြ စေနှင့်၊ ရွက်စို့ရွက်သေး ရွက်နီမှန် အောင် ကြေး ဟောင်း ငွေ ဟောင်း ရှိသည်ကိုမှုတ်ချ၍သုံး ဆောင်ကြစေရမည့်အကြောင်း နှင့်မြို့ဝန် ထောင်မှူး မြို့စာရေး တို့ကိုအပြစ်တင် နာကြင်အောင်ပြန်၍စစ်ကြောစီရင်စေ။

6 March 1784

သက္ကရာဇ် ၁၁၄၅ ခုတပေါင်း လပြည့်ကျော် ၁ ရက်နေ့နား ခံနန္ဒမိတ်စည်သူတွင်ပြန်။

( စလင်း သူကောင်း စာစု၊ သူဌယ၊ တွဲ ၁၃၊ မှတ်ရ၊ စက်တင်ဘာ ၁၉၂၉၊ မျက် ၄၀)

ရွှေမြို့တော်မြို့ရိုး မြို့ထိပ်များ မှာဂဏန်း အင်း များ ကိုလုပ်ဆောင်နှံထား ရ မည်၊ မြို့တော် လေး ထောင့် စေတီတော်များ မှာလည်း ကျေး ဇူး တော်ဂုဏ် တော်နှင့်စပ်သည်ဣတိပိ သောသွာက္ခာတော၊ သုပ္ပဋိပန္နော၊ စိန္တာမုဏိ၊ စူဠာမဏိ၊ ပထဝီဇယ၊ ပဉ္စဂ္ဂါရဏ၊ သုကိတ္တိမါ၊ ဧဝံသမဏ၊ သဏ္ဍါ လေး ပါး၊ မင်္ဂလာ လေး ပါး၊ အဋ္ဌ ဇေယျမင်္ဂလာ၊ မဟာ ဇေယျမင်္ဂလာ၊ ဇိန ဂေါတ္တံ၊ ဣတိပိ သော တဆယ့်နှစ် ဂါထာ၊ ဗျည်း သုံး ဆယ့်သုံး လုံး ဂါထာ၊ ပဋ္ဌာန ဝဂ္ဂ ငါး အင်း ၊ ပေါ မိမဏ္ဍိုင်၊ အနန္တညာဏ် သံလျက်စက်၊ ဇလပ်ဂါထာအင်း များ နှင့် ရေး မြဲဂဏန်း အင်း စုံ များ ကိုနှံ ထား ရမည်အထက်အမိန့်တော်ရှိသည့်အတိုင်း ပညာရှိတို့ကို မေး ၍ ကောင်း မွန် သေချာ အောင် ရေး သား နှံထား စီရင်။

10 March 1784

သက္ကရာဇ်၁၁၄၅ ခုတပေါင်း လပြည့်ကျော် ၅ ရက်နေ့နံနက်နား ခံ နန္ဒမိတ်စည်သူကို ခေါ်၍ပြန်။

( စလင်း သူကောင်း စာစု၊ သုဂိုယ၊ တွဲ ၁၃၊ မှတ် ၉၊ နှံဝင်ဘိ၁၉၂၉၊ မျက် ၃၅ )

ဘုရားသခင်သာသနာတော်တွင်း ဩကြိုကြိုက်သည်နှင့်အညီ နိဗ္ဗာန်မဂ်ဖိုလ်အလို့ငှါ
၍ ရဟန်းပြုကြသည်မှန်လျှင် ရဟန်းသင်္ဃာတို့ကျင့်ဝတ်ကိုဝိနည်းကျမ်းဂန်လာသည်
အတိုင်းကျင့်ဆောင်ကြရသည်၊ မကျင့်မဆောင်သည်ကျင့်ဆောင်သည်ကိုဗိဋကတ်ဘိုက်
တော်တွင်ဆရာတော်တို့ကိုပင့်ဘိတ်စည်းဝေးမေးမြန်းစေရာတွင်သိက္ခာပုဒ်
ကျင့်ဝတ်တရားကိုအင်တန်အင်လျှောက်မေးမြန်း၍ရသသူလည်းရှိသည်၊ မေး
မြန်း၍အလျှင်းပင်မရသသူလည်းရှိကြောင်းကိုဆရာတော်တို့မေတ္တာစာတွင်ပါ
၍ကြားသိတော်မူရသည်၊ ရဟန်းတို့ကျင့်ဝတ်တရားမည်မျှရှိသည်ကိုမျှမလေ့မလာ
မသင်မကြားမသိမမြင်သည်ကိုတရားကျမ်းဂန်နှင့်အညီကျင့်ဆောင်ကြရသည်ယူ
ရတော့မည်မဟုတ်၊ မကျင့်မဆောင်သင်္ကန်းဝတ်၍နေသူတို့ကိုလည်းအကိုးအကွယ်အ
ခေါ်အဝေါ်ခဲခက်သည်၊ ဆရာတော်တို့မေးချက်ဖြေချက်မရသည်ကိုတိုက်အုပ်သင်္ဃာ
သာမဏေတို့ကိုမည်သူကကျောင်းကန်ဆောက်၍ကိုးကွယ်လှူဒါန်းသည်ကိုမဟာဒါန်
ဝန်ကစာရင်းယူစေ၍ကျောင်းနေဆရာကျောင်းတကာမည်သူဖြစ်သည်ဂတိ
သို့မလိုက်သိတော်မူသာအောင်စာရင်းသွင်း၊ မစစ်မကြောရကျန်သေးသည့်
ပုဂ္ဂိုလ်သင်္ဃာတို့ကိုလည်းဆရာတော်တို့ကကုန်စင်အောင်စစ်ကြော၍စစ်ချက်ကိုသွင်း
မြဲသွင်းစေ၊ ရဟန်းသာမဏေတို့သိက္ခာပုဒ်ကျင့်ဝတ်တရားကိုမေးမြန်း၍မရ
သည့်ပုဂ္ဂိုလ်သင်္ဃာသာမဏေတို့ကိုလည်းတိုက်ဌာနအသီးအခြားနှင့်နေစေ၍ဆရာ
တကာနှစ်ဦးပင်အကျိုးရှိမည်မဟုတ်၊ တရားကျမ်းဂန်သိမြင်ကျင့်ဆောင်သည့်
ဆရာတို့တိုက်တွင်းမှာဆုမ္ဗြဝါဒကိုခံ၍သင်ကြားကျင့်ဆောင်ကြရစေမည်၊ သာ
သနာပြုလွှတ်ရန်အဝေးမြို့ရွာရှိပုဂ္ဂိုလ်သင်္ဃာတော်တို့ကိုမလွှတ်မသွားမီရွှေပြည်
တော်တွင်းဆရာတော်ကြီးတို့ယုံသွန်သင်ပြသဩဝါဒခံစေရဦးမှတရားကျမ်း
ဂန်နှင့်ညီညွတ်နိုင်မည်ဖြစ်သည်၊ အဝေးမြို့ရွာရှိဆက်သွင်းသည့်စာရင်းကျသင်္ဃာ
တော်တို့ကိုခန့်ထား၍ရွှေပြည်တော်ရောက်ပင့်စေ၊ ရဟန်းသင်္ဃာတို့သတင်း
သုံးနေသည့်မြို့ရှင်ရွာရှင်စော်ဘွားမြို့စားသူကြီးကလံတို့ကလည်းရွှေပြည်တော်
သို့လာရမည့်သင်္ဃာတော်တို့ဆွမ်းပစ္စည်းလုံလောက်အောင်လှူမျိုး ဒိုဂ္ဂာခန့်ထား၍ပို့
သစေ။

12 March 1784

သက္ကရာဇ် ၁၁၄၅ ခုတပေါင်းလပြည့်ကျော်ရရက်နေ့ညနေ၊ ခံသီရိနန္ဒ
မိတ်စည်သူတွင်ပြန်။

( စလင်းသူကောင်းစါစု၊ သုဂ္ဂယ၊ တွဲ ၁၃၊ မှတ် ၉၊ နံ ဝင်ဘ် ၁၉၂၉၊ မျက် ၃၅ )

14 March 1784

ရွှေမြို့ဂုတ်တော်မြို့တွင်း ကြို့ပြင်လမ်း သေးလမ်း မရဟန်း ရှင်လူထူထပ်သည့်အရပ် များ တွင်မြင်း ကိုအခုန်အရိုင်မစီး မနင်း စေနှင့်၊ အင်း ဝမြို့ကပင်လူသူအ ထိအခိုက်မကင်း ရှိရသည်ကို ထောက်၍အကြိမ်ကြိမ်ငါအမိန့်တော်ထုတ်ပြန်သည်ကို မြို့ထောင်မှူး မြို့စာရေး ငယ်တို့သည်အသီး အသီးအရပ်အကွက်အဖိုင်းအခြားနှင့် ထိန်း သိမ်း စီရင်ကြသည်ဖြစ်လျက်မထိန်း မသိမ်းမကြည့်မရှုမစီမရင်ဂတိကဝတ် သို့လိုက်၍ နေကြသော ကြောင့်ယခုလအတွင်း ရွှေနန်း တော် မြောက်အရှေ့အနောက် လမ်း မတွင်သယ်ကာ တော်တပါး ကိုမြင်း တိုက်မိ၍ထိခိုက်နာကျင်စွာရှိကြောင်း နှင့် ရွှေနား တော်မြတ်ကြား တော်မူပြန်ရသည်၊ ဝန်တို့မှာမကြား မသိလော၊ ရွှေ မြို့တော် မြောက်ပြင်မျက်နှာအရပ်တွင်ရဟန်း ရှင်လူကိုမြင်း ထိခိုက်လျှင် မြောက် မျက်နှာထောင်မှူး ထောင်စချီတို့ကိုအကျည်း ထား၍မြင်း စီး လူကိုရအောင် တောင်း ၊ အနောက်မျက်နှာ တောင်မျက်နှာအရှေ့မျက်နှာများ မှာထိခိုက် လျှင်လည်း ၎င်း နည်း ရအောင်တောင်း ၍အမိန့်တော်မတည်မြင်း စီး လူကို မြို့တွင်း မြို့ပြင်သုံး ရက်လည်အောင်မောင်း ကြော်ပြီး လျှင်ကြား မြင်သမျှကြောက် ရွံ့[illegible]င်နာကျင်အောင်ရိုက်၍လွှတ်။

14 March 1784

သက္ကရာဇ် ၁၁၄၅ နှုတ ပေါင်လပြည့်ကျော် ၉ ရက် နေ့ညနား ခံစ မြောင်မှူး တွင်ပြန်။

( စလင်း သူကောင်း စာစု၊ သုဂံယ၊ တွဲ ၁၃၊ မှတ် ၁၀၊ ဒီဇင်ဘာ ၁၉၂၉၊ မျက် ၅၅ )

ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း ဆင်း ရဲသား ကျွန်တော်မျိုး တို့တွင်အမှု
တော်ကိုအသာအနာ မှု၍ညီညွတ်စွာထမ်း ရွက်စေခြင်း ငှါဘေး လောင်း တော်
ဘိုး လောင်း တော်အဆက်ဆက် သွေး သောက်စုမြင်း တော်သည်ဒိုင်း လမိုင်း
ဝင်း ကိုယ်ရံအသည်တိုင်တမ်း အစုအငန်း ဘွဲ့ဘက်၍အသီး အသီး တစုနှင့်တစုမဖွေး
မရှက်မကူး မသန်း စေရ၊ တဦး ထိန်း နက်လူစုကိုတဦး ထိန်း နက်လူစုကလက်မ
ခံစေရ၊ တမ်း ရွက်ကြရမြဲထုံး စံရှိသည်နှင့်အညီ ရှေ့ဘွဲ့ဘက်ရင်း အစုအငန်း လည်း
အများ ရှိသည်၊ နောင်တော်ဆင်ဖြူရှင်လက်ထက် ငါ့လက်ထက် တော်အစုအငန်း ဘွဲ့
ဘက်၍အသီး အသီး စုရှင်ငန်း ရှင်ခေါင်း အကြီး နှင့်စာရင်း ချုပ်စာရင်း ကျယ်
သွင်း ၍ထိန်း သိမ်း ကြရသည့်လူစုလည်း အများ ရှိသည်၊ အသည်အလာတို့မှာလည်း ထုံး
စံဥပဒေအများ ရှိသည်ကိုရှေး ဥပဒေအတိုင်း သေချာငြိမ်ဝပ်အောင်ယခုလည်း
တိုင်သူရင်း ဘွဲ့ဘက်သိမ်း ရုံး ဆဲပ ဉ်ဖြစ်သည်၊ အရပ်အရပ်မင်း မိဘုရား မင်း သား
ကိုယ်လုပ်မင်း ညီမင်း သား တို့မှာလည်း အထိုက်အလျောက်အစေအသုံး ပါရင်း ချုပ်
စာရင်း ကျယ်နှင့် ပေး ဘွဲ့ တော်မူ၍ ရှိ လေပြီး သည်၊ အင်း စာရင်း ရှိသည့်အတိုင်း
ထိန်း စုကိန်း နက်ကျသည်လူတွင် ရွှေသာမထိန်း မသိမ်း မစီရင်ကြ၊ တစုနှင့်တစု
အကဝ်အမှီမခံတန်ခံကြသော ကြောင့်တစုနှင့်တစုကူး သန်း ၍အကပ်အမှီမခံကြစေ
နှင့်အကြိမ်အကြိမ်အမိန့်တော်ထုတ်ပြန်၍ ရှိသည်ကိုအမိန့်တော်အတိုင်း တည်အောင်
လွှတ်တော်ရုံး တော်ချုပ်ပိုင်စီရင်သူတို့လည်း ကျေး ဇူး သစ္စာတော်ရှိသည့်အတိုင်း
မျက်နှာကြီး ငယ်မရွယ်မထောက်ကြပ်ကြပ်တင်း တင်း မစီမရင်၊ အရပ်ရပ်မင်း
မိဘုရား မင်း ကိုယ်လုပ်မင်း ညီမင်း သား မျိုး တော်မက်တော်တို့မှာလည်း အင်း
စာရင်း ကျပေး ဘွဲ့ တော်မူ၍ ရှိသည့်လူတွင် ရွှေသာမထိန်း မသိမ်း မစီမရင်ကြ၊
အကပ်အမှီမခံတန်ခံ ကြောင်း စုထိန်း ငန်း ထိန်း တို့ ပေး လျှင်ရပိုင်ယူပိုင်သကဲ့
သို့ရာဇဝတ်တော်ရေး ကိုမထောက်မကြောက် တောင်း ရမ်း ပေး ကမ်း ကြ
ကြောင်း စုထိန်း ငန်း ထိန်း ခေါင်း အကြီး စာရေး စချီတို့ကအကပ်အမှီမခံတန်
ခံ ကြောင်း များ နှင့်လွှတ်တော်ရုံး တော်အစီရင်ခံသည်ကိုလည်း မရရအောင်အခါ
ကါ တော်ထား ၍မနုတ်မယူမပေး မအပ်စာတင်စာချစရိတ် ကြေး ငွေပနှာမကုန်
တန်ကုန်၍သာ ရှိ ကြောင်း များ နှင့် ရွှေနား တော်ကြား တော်မူရသည်၊ လွှတ်

31 March 1784

တော်ရုံး တော်ဝန်ကြီး ဝန်ထောက်ခန့် တော်မူ၍ ချုပ်ကိုင်စီရင်သူတို့သည် ကျေးဇူး သစ္စာ တော်ရှင်ငါ့အသျှင်ဧကရာဇ်မင်း မြတ်မှတပါး အခြား သူတို့ကို ကြောက်ရွံ့ခန့်ငြား ရမြဲမဟုတ်၊ ကတိကဝတ်မကင်း သည်ကဲ့သို့ကျင့်ကြလျှင်ပြည်သူတို့ကိုး ကွယ်ရာမရရှိမည်ဖြစ်သည်၊ ပြည်ထဲ ရေး ဆိုသည့်အရာသည်တစ ကောင်း မှဆယ်စ ကောင်း သည်၊ ထစမ ကောင်း လျှင်ဆယ်စမ ကောင်း စကား ဟောင်း ရှိသည်၊ နောင်သည်ကဲ့သို့မကြား ရစေနှင့်၊ တန်း ထောင်အာဏာ တော် ပေး အပ်၍စီရင်ခန့်ထား ကြသည်ဖြစ်သည်၊ စုထိန်း ငန်း ထိန်း တို့ကဘွဲ့ဘက် ပေး ကမ်း ရာစာရင်းကျလူဖြစ်လျှက်အကပ်မခံတန်ခံသည်မကပ်တန်ကပ်သူလည်း ကပ် ကြောင်း နှင့်အစီရင်ခံလျှင်ဂတိ လေး ပါး တစိုး သုံး ပါး မလိုက်နှင့်၊ နေ့ရက်မရှည်မကြာစေရ၊ မရရအောင်နုတ်၍အကပ်မခံတန်သူနှင့်မကပ်တန်ကပ်သူကိုကြား မြင်သမျှလူတို့ ကြောက်ရွံ့လွယ် အောင်သတ်တန်ဖြတ်တန်သည်ကို(သတ်)ဖြတ်၍ စီရင်၊ စီရင်ခွင့်ရောက်လျှက်ဂတိ လေး ပါး တစိုး သုံး ပါး သို့လိုက်၍ မစီမရင်ရှိ ကြောင်း ကိုနောင်ကြား တော်မူပြန်ရလျှင်နှစ်ခွန်း ချေရမည်မမှတ်နှင့်။

31 March 1784

သက္ကရာဇ် ၁၁၄၅ ခု ( နှောင်း ) တန်ခူး လဆန်း ၁၁ ရက် နေ့

နားခံ နန္ဒမိတ်စည်သူ ထွင်ပြန်။

( မှီး ကြည့်၊ ပု၊ ၆၁၆၊ စလင်း သူ ကောင်း စာစု )

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ ရွှေနန်း ရွှေဘုံအတွင်း ပြင်အစေအသုံး ခံကြရသည့်ရှစ်ပါး ပုဏ္ဏား ကိုး ပါး ပုဏ္ဏား ကျည်း ပုဏ္ဏား တို့မှာ ရှေး ဘေး လောင်း တော်တို့လက်ထက်ထမ်း ရွက်ရိုး အစုအစည်ကိုမှန်ကန် အောင်မထမ်း မရွက်ကြ၊ တဦး နှင့်တဦး မပေါင်း မဘက်တန်သည်ကို တွေး ရော ပေါင်း ဘက်၍ထမ်း ရွက် ကြောင်း နှင့် ရွှေနား တော်ကြား တော်မူ သော ကြောင့် ရှေး ထမ်း ရိုး ရွက်ရိုး အစုအစည်ကိုအတွင်း ဝန်တို့ ရှေ့ရှစ်ပါး ပုဏ္ဏား အကြီး မဟာ ရာဇိန္ဒရာဇာဂုရုနှင့်ရှစ်ပါး ပုဏ္ဏား တို့ကို မေး စေလျှင်ပုဏ္ဏား တို့အဆက်အနွယ်ဓမ္မ စေတီမင်း လက်ထက်သီဟိုဠ်သို့ ကူး ၍ဘိသိက် ပေး ပုဏ္ဏား တောင်း လျှင်သီဟိုဠ်မင်း ကဒက္ခိနာထ၊ လောကနာထ၊ မဟာနာထ၊ နရာနာထ၊ ဇလာနာထ၊ နန္ဒာနာဒ၊ သီရိနာထတို့ကိုသီဟိုဠ်မင်း က ဓမ္မ စေတီမင်း သို့ ပေး လိုက်သည်၊ ပုဏ္ဏား တ ယောက်မ စေ့၍ ရှစ် ယောက်ပြည့် အောင် နေဇာမြက်ကိုပုဏ္ဏား ရုပ်သဏ္ဍာန်ပီပြင်စွာအဝတ်တန်ဆာဆင်ယင်၍ ခရုသင်း စွဲကိုင် စေသည်၊ ၎င်း ပုဏ္ဏား ကိုလည်း ဝံသာနာထအမည်သမုတ်၍ဘိသိက်ခံသည်၊ ဓမ္မ စေတီမင်း လက်ထက်က စ၍အင်း ဝမင်း အဆက်ဆက်သား မြေး စည်ဆက်၍အစည်အတိုင်း ရွှေလက်ဆက် တော်တိုင်နန်း စည်ဘိသိက် တော်ကိုသွန်း ဆက်၍ ပရိတ် တော်ပန်း ဆက်သထမ်း ရွက်ရသည်၊ ဘိသိက် တော်ခံ ရွှေမြို့ တော် ရွှေနန်း တော်သိမ်း သကြား ရေစင်ခံပဒေသာသင်္ကြန် တော်သင်္ကြန် တော်ကြီး ရေ တော် ခပ်များ မှာခန့်ထား တော်မူလျှင်ထမ်း စင်ရှစ်နှင့်အစည်အတိုင်း လိုက်ရသည်၊ ဝါဝင်ဝါကျွတ်နှစ်(သစ်)အတင် တော်များ မှာလည်း ချထား တော်မူသည့်နေရာ ကထ၍လက်ဝဲလက်ယာတဘက် လေး ယောက်စီပရိတ် တော်ပန်း ကိုဆက်သထမ်း ရွက်ရသည်၊ ဘိသိက် တော်ခံဥဂင် တော်ဘွင့်သင်္ကြန် တော်ကြီး သင်္ကြန် တော်လတ်ခန်း ကြီး နား ကြီး ရှိလျှင် ဖေါင်း တော်သရဘူ တော်မကိုဋ် တော်များ ကိုသ ရွှေ့သိဒ္ဓိတင် ဆက်ရသည်၊ ပကတိ ဖေါင်း တော်ကိုလည်း သ ရွှေသိဒ္ဓိတင်ဆက်ရသည်၊ အတွင်း ပြင် ဂြိုဟ်ပူ ဇော်နတ်ပူ ဇော်အမှုများ ကိုပူ ဇော်ပသထမ်း ရွက်ရရိုး ထုံး စံမရှိ ကြောင်း နှင့်တွက်ဆိုသည့်အတိုင်း ရှေး အစည်ရှိသည်ကိုသာထမ်း ရွက် စေ။

1 April 1784

သက္ကရာဇ် ၁၁၄၅ ခုတန်ခူး လဆန်း ၁၂ ရက်နေ့နား ခံပြေ့ကြီး မှူး တွင်ပြန်။

(စလင်း သူကောင်း စာစု)

3 April 1784

ရွှေမြို့တော်အတွင်း ပြင်ပြည်သူပြည်သား တို့ဝတ်ဆင်ကြသည့်အင်္ကျီပင်နီ ယောတဘက်

စေါင် များ ကိုစစ်ကြောလုယူ ကြောင်း များ နှင့် ရွှေနား တော်ကြား

တော်မူသည်၊ သည်ကဲ့သို့ ကောလာဟလဖြစ် စေရမည်မဟုတ်၊ မြို့တွင်း မြို့ပြင်လမ်း

သွား လမ်း လာတို့ကိုမစစ်မကြောမသိမ်း မယူ စေနှင့်၊ မြို့တံခါး အဝင်အထွက်

များ မှာသာ မတော်မသင့်သည့်အဝတ်ကိုဝတ်ဆင်၍လာလျှင်အဝတ်အစား ကိုမ

သိမ်း မယူ စေရ၊ တံခါး တော်သို့မဝင်ရမည့်အကြောင်း ကိုသာဆီး တား မြစ်

တား စေရမည်။

3 April 1784

သက္ကရာဇ် ၁၁၄၅ ခုတန်ခူး လဆန်း ၁၄ ရက် နေ့ဆင်ကျုံး တော်တွင်

နား ခံနန္ဒမိတ်စည်သူတွင်ပြန်။

( သုဂ္ဂိယ၊ ဒီဇင်ဘာ ၁၉၂၉၊ တွဲ ၁၃၊ မှတ် ၁၀၊ မျက် ၅၅၊ စသင်း သူကောင်း စီစု )

20 April 1784

ဆုံထား ဆရာတော်ဘပြည့်ကြေမတ္တဲ့အရပ်နှိုက်သတင်း သုံး နေသည့် မဟာပဏ္ဍိတ ဝရပုဂ္ဂိုလ်ကို မဟာဒါန်တိုက်ဝန်ကပင့်၍ကိုး ကွယ်စေ။

20 April 1784

(သက္ကရာဇ်) ၁၁၄၆ ခုကဆုန်လဆန်း ၂ ရက် နေ့ညနား ခံနန္ဒမိတ် စည်သူတွင်ပြန်။

( မျိုး ကြည့်၊ ပု၊ ၆၁၀)

19 April 1784

သက္ကရာဇ် ၁၁၄၆ ခုကဆုန်လဆန်း ၁ ရက် နေ့အတုလဆရာကိုပိဋကတ်တိုက် တော် တွင်ဆရာတော်တစုစည်း ဝေး မေး မြန်း တော်မူကြသည်၊ သာသနာတော်ရေး ကျမ်း ဂန်မှုမှာသိတော်မူသာပြီး၊ နောင်တော်ဆင်ဖြူရှင်လက်ထက်ကြက်သွန်ခင်း ဆရာတော်၊ ဇရာဇ်ဆရာတော်၊ အင်း ကြင်း ပင်ဆရာတော်ဘို့တစုကရဟန်း တရား နှင့်မလျော်သာသနာတော်မှာအပဖြစ်ထိုက်သည် မေတ္တာစာသွင်း ကြ၍အ ဝမြို့ကျောင်း တွင်မှ မနေရ၊ တောတွင်း အရပ်သို့ထွက်သွား နေရလေသည်၊ ၄ စည့်ကူး စား လက်ထက်စကိုင်း ဘက်မင်္ဂလာရွှေဘုံကျောင်း ကိုဆောက်လုပ်ပြီး ပြေ သည့်ကာလလည်း ၄စည့်ကူး စား အမိကတင်ဂျူမည်ရှိရာတွင်အင်း ကြင်း ဆရာတော် ဘုံကျော်ကျောင်း နေဦး ပုံတို့ကမတင်မဂျူသင့်ကြောင်း နှင့်မေတ္တာစာသွင်း ပြန် ၍အလျှောက်နေမြဲနေပြန်ရသည်၊ နောက်လည်း ကိုဏ်း နွယ်သင်္ဃာတို့နှင့်ဆေး ဘော် ကြောဘက်မကင်း တပြည့်သင်္ဃာများ နှင့်ရှိကြောင်း ကိုရွှေနား တော်ကြား တော် မူပြန်ရသည်၊ နောင်တော်ဆင်ဖြူရှင်လက်ထက်အတုလဆရာတောတွင်း သို့သွား ရ သည်ကာလမည်သည့်သိက္ခာပုဒ်ယိုယွင်း ၍သွား ရသည်ကို လေး ထပ်မြောက်တိုက်ရှင်ဇ နိန္ဒ၊ ဘုံကျော်ဦး ပုံတို့တစုနှင့်အတုလဆရာကိုဆိုင်ပြိုင်စေ၍စာမေး ဆရာတော် တစုကတရား ကျမ်း ဂန်နှင့်အညီဆေး မေး တော်မူကြပြီး လျှင်သိတော်မူသာ အောင်မေတ္တာစါသွင်း စေ။

21 April 1784

(သက္ကရာဇ်) ၁၁၄၆ ခုကဆုန်လဆန်း ၃ ရက်နေ့နား ခံသီရိနန္ဒ စည်သူတွင်ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၁၀)

21 April 1784

အတုလဆရာကိုအထက် စောဒကပုဂ္ဂိုလ်တို့နှင့်ဆိုင်ပြိုင်စေ၍ စာမေး ဆရာတော် တစု ဆေး မေး တော်မူကြ၍ပြန်ချက်အမိန့်တော်စါသည်စါမေး ဆရာတော်တို့ ကြား သိရင်း အမှုမဟုတ် လေဖြစ်သည်၊ ရတနာစံလွှတ်ဆရာကတရား ကျမ်း ဂန် နှင့်အညီ ဆေး မေး စစ် ကြော၍ဆုံး ဖြတ်ချက်ကိုစာသွင်း စေ၊ စာမေး ဆရာ တော်တို့မှာအထက်အမိန့်တော်ပါ စောဒကဥတိဒကပုဂ္ဂိုလ်တို့ကိုရတနာစံလွှတ်ဆရာ ဆေး မေး စစ် ကြောသည်ကာလစည်း ဝေး၍ နား ထောင်တော်မူကြရမည်အ ကြောင်း နှင့်မဟာဒါန်ဝန်ကိုပင့်ဘိတ် လျှောက်ထား စေ၊ အတုလဆရာက ဆေး ဘော် ကြောဘက်အယူဝါဒမျှသူအဝင်အပါများ ရှိ ကြောင်း နှင့်စာရင်း ချသည်၊ ခင်ကြီး ခိုင်၊ ခင်ကြီး မွှေး ၊ ရှင်ကိတ္တိ၊ ရှင်ဆင်၊ ရှင်ဇိန၊ ခင်ကြီး ဘော်၊ ခင် ကြီး ညို၊ ခင်ကြီး ကြွင်း တို့နှင့်အပါအဝင်ပုဂ္ဂိုလ်တို့ကိုလည်း လွှတ်ကခန့်ထား ၍အလျှင် ရောက် အောင်ပင့်ခေါ် စေ။

21 April 1784

(သက္ကရာဇ်) ၁၁၄၆ ခုကဆုန်လဆန်း ၃ ရက် နေ့ညနား ခံနန္ဒမိတ် စည်သူထွင်ပြန်။

( မျိုး ကြည့်၊ ပု၊ ၆၁၀ )

အတုလဆရာကို နေခင်တော်ဆင်ဖြူရှင်လက်ထက်ကပင် ရဟန်းတရား နှင့်ဆန့်ကြင်သည်အင်ကြင်း ပင်ဆရာတော်နှင့်ဆရာတော်တစုက မေတ္တာစာသွင်း ကြ၍ ကျောင်းတွင်း မှာမနေရ တောတွင်း အရပ်မှာ နေရလေသော ကြောင့်သိတော်မူသောအောင် စောဒကစုတိဒကပုဂ္ဂိုလ်နှစ်ဦး တို့ကို ရတနာစံလွတ်ဆရာက ဆေး မေး ဆုံး ဖြတ်ချက်နှင့်စာသွင်း စေအမိန့်တော်ထုတ်ပြန်၍ စစ်ကြော ဆေး မေး စေသည်ကို နိဗ္ဗာန်မဂ်ဖိုလ်အလို့ငှါ ဝိနည်း သိက္ခာပုဒ်တော်ကို ထိန်းသိမ်း ကျင့်ဆောင်ကြသည်ရဟန်း များ မဟုတ်ကြသကဲ့သို့ စောဒကစုတိဒကပုဂ္ဂိုလ်တို့လည်း ကြား သိသည်အတိုင်း ဟုတ်မှန်အောင် မထွက်မဆိုကြ၊ ဆုံး ဖြတ်မည့်သူလည်း မဆုံး မဖြတ်နိုင် ကြောင်းနှင့် မေတ္တာစာသွင်း သည်အရာသည်သင့်သည် မဟုတ်၊ သာသနာတော် ရေး ဝိနည်း သိက္ခာပုဒ်တော်ကို မထောက်မချင့်ရာ ရောက်ကြသည်၊ အတုလဆရာ တောတွင်း သို့သွား ရသည်(မှာ)အမှတ်မထင်အလျောက်သွား ရသည်မဟုတ်၊ နှင် ၍အထင်အရှား သွား ရခြင်း ဖြစ်သည်၊ ငစည့်ကူး စား လက်ထက်လည်း အမိက ဆောက်သည့်ကျောင်း ကိုတင်လျှုလို၍ ၎င်း ဆရာတော်တစုကို လျှောက်မေး စေရာတွင် မတင်မလျှုသင့်ကြောင်း ကို လျှောက်မေး ချက် မေတ္တာစာသွင်း ချက်အထင်အရှား ရှိသည်၊ ၎င်း အမှုကို ရွက်ဆောင်ရင်း သူအင်ကြင်း ပင်ဆရာတော်မရောက်သေး သော်လည်း ခင်ကြီး ပုံ၊ ခင်ကြီး ဇနိန္ဒပို့သာ ကြား သိသည်မဟုတ်ယင်း တောဆရာ၊ ရွာနန်း ဆရာ၊ ကပဲ့ဆရာ၊ ဒဝယ်ဆရာတို့လည်း အကြား အသိချည်း ပင်ဖြစ်သည်၊ ဆရာတစုကိုအတုလဆရာနှင့်ဆိုင်ပြိုင် စေ၍ ဝိနည်း သိက္ခာပုဒ်တော်တရား ကျမ်း ဂန်ရှိရာ ရတနာစံလွတ်ဆရာနှင့် မောင်း ထောင်ရှင်ဖြူဘာသ၊ ငါး ရွာရှင်ကလျာဏတို့ကို စစ်ကြောဆုံး ဖြတ်စေ၍ စာသွင်း ကြစေ၊ စာမေး ဆရာတော်တစုကိုလည်း နား ထောင်မြို့နား ထောင်ကြစေရမည့်အကြောင်း နှင့်မဟာဒါန်ဝန်ကို လျှောက်ထားစေ၊ အင်ကြင်း ပင်ဆရာတော်ကိုလည်း သာသနာတော် ရေး ကြီးသည်ဖြစ်သည်၊ လွတ်ကလူခန့်ထား ၍အလျှင်ရောက်အောင်ပင့်ဆောင်စေ။

23 April 1784

(သက္ကရာဇ်)၁၁၄၆ ခုကဆုန်လဆန်း ၅ ရက်နေ့နား ခံသီရိနန္ဒ စည်သူကို ခေါ်၍ပြန်။

(မျိုးကြည့်၊ ပု၊ ၆၁၀)

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသောအသျှင်ဘဝရှင်မင်းတရားကြီးဘုရား
အမိန့်တော်ရှိသည်၊ အုတ်ရှစ်ကျေး နေရင်း အတုလယသမဟာဓမ္မရာဇဂုရုတံဆိပ်
ခံငပန်း ထွေးသည်ခမည်း တော်အလောင်းမင်းတရားကြီးဘုရား နောင်
တော်မင်းတရား နှစ်ပါး လက်ထက်ရဟန်း ရှင်လူပြည်သူပြည်သား အပေါင်းတို့ကို
နတ်ရွာဘီလူးဖြစ်၍အပါယ်လေးပါးမှါနစ်မွန်းလေအောင်ဘုရား သခင်ဟောတော်မူ
သည့်ပါဠိအဋ္ဌကထာဋီကာကျမ်း ဂန်ထွက်ရှိရာမဖြစ်စေရပါဠိအဋ္ဌကထာဋီကာနှင့်
ဆန့်ကျင်သောသာသနပစ္စတ္တိကအဓမ္မဝါဒီပုဂ္ဂိုလ်တို့အလိုရှိရာစီရင်ရေး သား ထား
သောစူဠဂဏ္ဌိကျမ်းကိုအနိုင်ပြုဟောပြောပြသဆုံးမသည်အတွင်းသါသနာတော်မြတ်ကို
စောင့်သောနတ်တို့မနေသာ၍မကောင်း သောကြည့်ခြင်း ဖြင့်ကြည့်လျှင်ငပန်း
ထွေး ကိုယ်တွင်သိက္ခာတရား မနား ကြောင်း နှင့်ပြည်သူတို့ကြွေး ကျော်သည်တွင်
နောင်တော်ဆင်ဖြူရှင်လက်ထက်ဂိုဏ်း နွယ်ခြင်း မပေါင်း မဘက်လိုသာသနာတော်
မှာအပဖြစ်ထိုက်သည်မေဓ္ဓာစာသင်း ကြ၍ ကျောင်း တွင်း မှာမနေရတောတွင်း ကျေး
ရွာလွတ်ရာထွက်သွား ရသည်ကိုမျှသတိသံဝေဂမရတရားကိုမစောင့်ခြင်း ကြောင့်တရား
မစေါင့်ခြေသည်၊ မစွဲမယူငြိမ်ဝပ်စွာမနေသါမကောတို့ကျင့်ဝတ်တရား စူဠဂဏ္ဌိကျမ်းထွက်
သါမှန်သည်စိတ်နှလုံး ကွဲပြားခြင်းမရှိကြနှင့်မင်းလိုသို့လိုက်၍သာကျင့်ရမည်သါသနာပစ္စ
တ္တိကအဓမ္မဝါဒီယူ၍မပေး သင့်သည်စာကိုဂိုဏ်း နွယ်သဃာခြင်း ပေး ကမ်း ခြင်း
ကြောင့်၎င်းကျမ်းထွက်သည်ပါဠိအဋ္ဌကထာဋီကါနှင့်ညီမညီပိဋကတ်တိုက် တော်တွင်စာ
မေး ဆရာတော်တို့ရှေ့တိုက်ဆိုင်မေး မြန်း စေလျှင်ဘုရား ဟောတော်မူသည့်
ပါဠိအဋ္ဌကထာဋီကာကျမ်း ဂန်နှင့်ညီအောင်မပြုမဆိုနိုင်အဓမ္မဝါဒီသာသနာဆူး
ငြောင့်မှန်ကြောင်း ကိုဝန်ချ၍ရှိသည်၊ နောင်တော်ဆင်ဖြူရှင်လက်ထက်သာသနာ
မှာအပဖြစ်ထိုက်၍ ကျောင်း ကဆင်း သွား သည်နောက်ဂိုဏ်း နွယ်သဃာခြင်း ဆေး
ဘော်ကြောဘက်စည်း ဝေး ပြန်ကြ၍တပည့်သဃာအများ နှင့်ရှိပြန်သော ကြောင့်
အထက်အမှုရင်းကိုသန့်ရှင်းစင်ကြယ်သည်ကိုပိဋကတ်တိုက် တော်တွင်ရတနာစံလွှတ်ဆရာ၊
မောင်း ထောင်ဆရာရှင်ဉာဘာသ၊ ငါး ရွာရှင်ကလျာဏ၊ ဆား လင်း ကြီး ရှင်
ပရမ၊ ၎င်း ရှင်ဒီပတို့ကိုဝိနည်း တရား ကျမ်း ဂန်နှင့်အညီစစ်ကြောလျှင်ငပန်း
ထွေး ကိုယ်၌ဒုတိယပါရာဇိကမှမထသာသနာတော်မှာအပဖြစ်ကြောင်း ကိုဆုံး ဖြတ်

စီရင်ချက်စာဆက်သွင်း၍ ရှိသည်၊ အကုသိုလ်အား ကြီး၍ အဓမ္မဝါဒီ မိစ္ဆာဖွဲ့ သော
သူတို့ကို သဗ္ဗညုဘုရား သခင်မထုတ်ဆယ်ကယ်တင်ခြင်း ငါမတတ်နိုင်သည်ဖြစ်သည်၊ င
ပန်း ဖျင်း နှင့်အယူဝါဒသ ဘောမျှသူ သာသနာပတိတ္ထိကင ကျော်ကလေး၊ ငတုတ်ဖြူ၊
ငပေလိဝ်၊ ငပန်း ထွေး ကို ခေါင်ရင်း ကာလအယူတူတချက်တည်း ပါလူ ငမြတ် ကျော်၊
ငကြာဘက်၊ ငရာ၊ ငသူ၊ ငလွှမ်း တို့ကို ရွှေပြည် တော်ပတ်လည် နေပြန် စေလျှင်ရ
ဟန်း ရှင်လူပြည်သူပြည်သား တို့အယူမှား ကြ၍ အပါယ် လေး ပါး ဒွန်နင်မွန်း မည်ဖြစ်
သည်၊ သင်း တို့တစုကိုလူဝတ်လဲ စေပြီး ဖျင်မောင်း ကျော်၍ အညာသစ် တောသို့အ
သီး အသီး တယောက်စီပို့၊ ဘုံကျော်တိုက် နေငပုံ၊ တုန်း မောင်း၊ ယင်း တော၊
ပျိုး ကန်၊ မြို့သစ်၊ ဓမ္မစာရီ၊ ကပဲ၊ တောင်ဘီလူး တိုက်ပညာမိတ်မာ၊ ငကင်း၊
သုမဏ၊ လင်္ကာဒီပ၊ ကျောက်ကာ၊ အင်ကျင်း ပင်ဆရာနှင့်အာသဘ၊ ဇနိန္ဒ၊ က
တောင်း သင်္ဃာကြီး တစု၊ ရန်အောင်မြင်တိုက်၊ ရွှေစည်း ခုံတိုက်၊ သက္ကယ်နန်း
ကျောင်း တိုက်၊ ရွာသာတိုက်၊ အောင် မြေ ရွှေဘုံတိုက်၊ စည့်ကိုင်ကလျာဏ၊ လက်ပန်
ပွ၊ သီပေါင်း ကား အုတ် ကျောင်း တိုက်၊ ပလိုင်း ဆရာယသ၊ နမောတိုက်၊ ယွန်း စု
ဝန်ဟောင်း ဆရာ၊ တောင်ပြင်တိုက်၊ ဝရသီရိ၊ မစိုး ရိမ်တိုက်၊ ငအောင်၊
ကျော်အောင်စံထား တိုက်ထွက်ငမြတ်သူ၊ ငှင်း ငနေ၊ ငှင်း ငလင်္ကာ၊ စကိုင်း
ဇေတဝန်တိုက်၊ ရှင်ချည်း အောင်တိုက်၊ ပြဿဒ် ကျောင်း တပည့်စု၊ ရေဝန် ကျောင်း
နေရှင်မေဓါဝီ၊ ဒဝယ်ဝန်ဟောင်း ဆရာ၊ ခက်သင်တိုက်၊ ဟလင်း မင်္ဂလာတိုက်၊ ဝ
ချက်တိုက်၊ ငပန်း ထွေး တပည့်ရင်း ငနို၊ ငမွေး၊ ငကိတ္တိ၊ ငအင်း၊ ငဇိန၊
ငဘော်၊ ငညို၊ ငကြွင်း တို့မှစ၍ သာသနာပတိတ္ထိကအယူမှား အလား တူရဟန်း
ယောင်ဆောင်သူတို့ကိုမကြွင်း မကျန် စေရ၊ မဟာဒါန်ဝန်ကိုစာရင်း တောင်း
၍လူဝတ်လဲ စေပြီး ဖျင်မောင်း ကျော်၍ ဆင်စာရိတ်မှာသည့်၊ ရှင်ယောင်တို့အ
ဝတ်လဲရန်ပုဆိုး ကိုဝန်ထောက်ဟောင်း ငမွေး ကပေး စေ။ (25) April 1784

(သက္ကရာဇ်) ၁၁၄၆ ခုကဆုန်လဆန်း (၇) ရက်နေ့နား ခံစမြောင်
မျှား ထွင်ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၁၀၊ တောင်ခွင်စါစု၊ စလင်း သူ ကေါင်း စါစု၊ သုရိယတွဲ ၁၂၊
မှတ် ၁၂၊ ဖေဖဝါရီ ၁၉၃၀၊ စါ ၃၃ - ၄)

(25 April 1783)

သာသနာပ ဓမ္မတ္ထိကအယူမှား လူတစုတို့ကို ချမ်းသာပေးတော်မူပါမည်အကြောင်း နှင့် စာမေး ဆရာတော် မေတ္တာစာဆက်သွင်း ချက်အတိုင်း ငပန်း ထွေး နှင့် အပွါး လူစုကို ချမ်းသာစေ၊ ကျန်ဆင်စာရိတ်လူများ မှာလည်း ဆင်စာရိတ်ကို ချမ်းသာစေ၊ အမိန့်တော်ရင်း အတိုင်း ကျအောင်စီရင်။ (25 April 1784)

(သက္ကရာဇ် ၁၁၄၆ ခုကဆုန်လဆန်း ၇ ရက်) နေ့ညနား ံမနန္ဒ မိတ်စည်သူထွင်ပြန်။

( မျိုးကြည့်၊ ပု၊ ၆၁၀၊ တောင်ခွင်)

ငပန်း ထွေး နှင့် မောင်း ကျော်ပြီး သစ်တောပို့ချမ်း သာပေး တော်မူသည့်
လူစုကိုတန်ဆောင်တွင်မနေစေနှင့်၊ မဟာဒါန်ဝန်ကိုအပ်၍ထိမ်းသိမ်း စေ၊
ရတနာသိင်္ဃမြို့ကျောင်း တွင်ငပန်း ထွေး နေရာ နေငအောင်တင်နှင့်တပည့်
သင်္ဃာပြုသူတို့ကိုလွှတ်တော်ကခေါ်စေ၊ ငပန်း ထွေး တွင်လူတပည့်ပြုသူမိချောင်း
အိုင်၊ မူး ကမ်း ၊ တောင်ပို့၊ ကျွန်း ချောင်း ၊ ယင်သာ၊ လိန်လှရွာများ တွင်
နေသူငမြတ်ကျော်၊ ငပါရမီ၊ ငဖြိုး၊ ငစံပွင့်၊ ငနီ၊ ငရွှေတီး တို့ကိုလည်း ရွှေဘ
ဝါး တော်အောက်အလျှင်ရောက်အောင်ရဲကျော်ဒေဝကိုခန့်ထား၍ခေါ်စေ။ 26 April 1784

(သက္ကရာဇ်) ၁၁၄၆ ခုကဆုန်လဆန်း ၈ ရက်နေ့နား ခံသီဂိနန္ဒ
စည်သူကိုခေါ်၍ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၁၀၊ တောင်ခွင်)

27 (April) 1784

ဝန်ထောက်တော်ဟောင်း ငမွေး မှာဝင်မိသမျှပုဆိုး နှင့်ချမ်းသာစေ၊
ပုဆိုး ဝတ်ရန်လိုသည်ကိုတိုက်တော်ကမိုး ကာထည်ကိုထုတ်၍ ချုပ်လုပ်စေ။

27 (April) 1784

(သက္ကရာဇ်) ၁၁၄၆ ခု (ကဆုန်) လဆန်း ၉ ရက်နေ့စာရေးကြီး
ရာဇာသီရိကို ခေါ်၍ပြန်။
(မျိုးကြည့်၊ ပု၊ ၆၁၀)

ပင်း တလဲမင်း သား နှင့်သား မယား ကျေး ကျွန်တစုကရာဇဝတ်ရေး လုံခြုံ
အောင်ထိမ်း သိမ်း စိမ့်မည်မြင်း ဝန်ကိုမြို့ရွာနှင့်တကွအပ် တော်မူသည်၊ ပြင်
လွင်မထွက်မသွား စေနှင့်၊ ရာဇဝတ်တော်ရေး လုံခြုံအောင်ထိမ်း သိမ်း စေ။ 28 April 1784

(သက္ကရာဇ်) ၁၁၄၆ ခုကဆုန်လဆန်း ၁၀ ရက်နေ့မြင်း စာရေး
ကျော်ထင်သီဟသူကို ခေါ်၍ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၁၀)

စလင်း ကျေး ဆင်ဖြူကျွန်း အရပ်ထွင်သီတင်း သုံး နေသည့်ရှင်ပညာစက္ကပုဂ္ဂိုလ်
ကိုမြို့လပ်ဝန်ကပင့်ဆောင်၍ကိုး ကွယ်စေ။

29 April 1784

(သက္ကရာဇ်) ၁၁၄၆ ခုကဆုန်လဆန်း ၁၁ ရက် နေ့နား ခံ ပြော့ကြီး
မှူး ထွင်ပြန်။

(မြိုး ကြည့်၊ ပု၊ ၆၁၀)

2 May 1784

အတွင်း ဝန်မဟာသီဟသူရမှာ အသက်အရွယ်ကြီး ပြီဖြစ်သည်၊ ကိုယ်စား တော်ကျောင်း ဘုရား သွား၍ နေစေ၊ မဟာသီဟသူရအစား လမိုင်း ဝန်မင်းကျော် ရွှေတောင်ကိုသက်တော် ရှည်၊ သက်ရှည် ကျော်ထင်တို့နှင့်ဘက်၍အတွင်း ဝန်ခန့်။

2 May 1784

(သက္ကရာဇ်) ၁၁၄၆ ခုကဆုန်လဆန်း ၁၄ ရက် နေ့နား ခံနန္ဒမိတ်စည်သူထွင်ပြန်။

(မြိုး ကြည့်၊ ပု၊ ၆၁၀)

14 May 1784

ဆင်ဝန်အရာလစ်သည်မှာဆင်ဝန် ထောက် ဇေယကာမဏိ(ကို)ဆင်ဝန်ခန့်။
14 May 1784
(သက္ကရာဇ်)၁၁၄၆ ခုကဆုန်လပြည့်ကျော်၁၁ရက် နေ့နား ခံစ
မြောင်မှူး ထွင်ပြန်။
( မှန်း ကြည့်၊ ပု၊ ၆၁၀ )

15 May 1784

အတွင်းဝန်မင်း ကျော်ရွှေတောင်ဝန်သည့် တောင်ဘက်တိုက်ဝန်စုမှာသီရိဇေ
ယနော်ရထာကို တောင်ဘက်တိုက်ဝန်ခန့်။

15 May 1784

(သက္ကရာဇ်) ၁၁၄၆ ခုကဆုန်လပြည့်ကျော် ၁၂ ရက်နေ့နား ခံစ
မြောင်မှူး ထွင်ပြန်။
(မှန်း ကြည့်၊ ပု၊ ၆၁၀)

16 May 1784

ရတနာသိဃ်မြို့မှာအထက်ခန့်ထား သည့်မြို့အုပ်အရာရှိတို့ကို နှုတ်၊ မင်းကြီး ရာဇာကိုမြို့ဝန်ခန့်။

16 May 1784

(သက္ကရာဇ်) ၁၁၄၆ ခုကဆုန်လပြည့်ကျော် ၁၃ ရက်နေ့နား ခံစ မြောင်မျှား တွင်ပြန်။

(မျိုးကြည့်၊ ပု၊ ၆၁၀)

20 May 1784

ပုခန်း ကြီး မြို့စား ဝန်ကြီး သတိုး မဟာသီဟသူကို ပေါင်း ကတ္တီပါရွှေသား ပန်း ၉၊ လေး မျက်နှာတမာခွက် ထောင်၊ ဝတ်လုံဖဲရုံ ရွှေဖျင်ဘိတဆင့်တစ်သနား တော်မူသည်။

20 May 1784

(သက္ကရာဇ် ၁၁၄၆ ခု) နယုန်လဆန်း ၂ ရက်နေ့ နား ခံသီဂိနန္ဒ စည်သူတွင်ပြန်။

(မှန်း ကြည့်၊ ပု၊ ၆၁၀)

သုဓမ္မာစရပ်တွင်လကျာတော်ကမလည်ဆရာတော်၊ ပလိုင်းဆရာတော်၊ မုန်တောဆရာတော်၊ မဲထီးဆရာတော်၊ ဟန်လင်းဆရာတော်၊ လက်ဝဲတော်ကဆုံထားဆရာတော်၊ တောင်လေးလုံးဆရာတော်၊ ရွှေတောင်ဆရာတော်၊ မောင်းထောင်ဆရာတော်၊ ဆင်တဲဆရာတော်၊ ကတိုးဆရာတော်တို့ကိုအခါတော်ရောက်လျှင်ပဉ္စင်းလောင်းတော်ရှင်လောင်းတော်တို့ကိုစာမေးရမည့်အကြောင်းနှင့်မဟာဒါန်ဝန်ကိုပင့်လျှောက်၍စာမေးစေ၊ စာမေးဆရာတော်သတင်းသုံးရန်တဲကျောင်းဖျာသင်ဖြူးအုန်းနေရာဆွမ်းပစ္စည်းအချို့ပွဲကွမ်းဆေးလဘက်မှစ၍ခန့်ထားစီရင်မြဲစီရင်၍အကြီးအကြပ်ခန့်ထားမြဲနှင့်မလစ်မလပ်စေရလျှဒါန်းစေ။

24 May 1784

(သက္ကရာဇ်) ၁၁၄၆ ခုနယုန်လဆန်း ၆ ရက်နေ့နား ခံသိဂိနန္ဒ သူတွင်ပြန်။

(မြိုးကြည့်၊ ပု၊ ၆၁၀)

တော်နေရာနေဒူး နေရာနေတို့မှာစလွယ်ရလျှင်ကတ္တီပါဝတ်လုံဝတ်ဆင်၍က
တော့ပွဲတက်စေ၊ စလွယ်မရလျှင်မဝတ်မဆင်စေနှင့်၊ မိုင်လုံသာဝတ်ဆင်စေ၊
ကျန်နေရာနေတို့မှာအစည်ရှိသည့်အတိုင်း ဝတ်ဆင်တက်သက်စေ။

28 May 1784

(သက္ကရာဇ်) ၁၁၄၆ ခုနယုန်လဆန်း ၁၀ ရက်နေ့နား ခံနန္ဒမိတ်စည်သူထွင်ပြန်။

(မျိုးကြည့်၊ ပု၊ ၆၁၀)

(28 May 1784)

မြောက်နန်း တော်အလယ်နန်း တော်မိဘုရား တို့ကိုကျိုင်း ရွှေချက် လေး စီသနား တော်မူရင်း တွင်နှစ်ချက်စီတိုး ၍သနား တော်မူသည်။

(28 May 1784)

(သက္ကရာဇ်၁၁၄၆ခုနယုန်လဆန်း ၁၀ရက်) နေ့ညနား ခံတွင်ပြန်။

(မှူး ကြည့်၊ ပု၊ ၆၁၀)

အိမ်ရှေ့မင်း ကိုသနားတော်မူရင်း ကျွင်း လေး ချက်တွင်နှစ်ချက်၊ လိုက်ခါး သနားတော်မူရင်း ရှစ်စင်း တွင်လေး စင်း တိုး၍သနားတော်မူသည်။

31 May 1784

(သက္ကရာဇ်) ၁၁၄၆ ခုနယုန်လဆန်း ၁၃ ရက်နေ့နားခံစမြောင် မှူး တွင်ပြန်။

( မှိုး ကြည့်၊ ပု၊ ၆၁၀ )

မုဋ္ဌာဘိသေကခံတော်မူမည်၊ ဘိဿိတ်နန်း တော်တွင်ချထား ရမည့်နေရာစည်မှာအရှေ့မြောက်အိမ်ရှေ့မင်း ၊ ၎င်း အောက်စကုမင်း ၊ ၎င်း အောက်ကာမမင်း ၊ ၎င်း အောက်ပုခမ်းကြီး မြို့စား ဝန်ကြီး သတိုး မဟာသီဟသူ၊ ၎င်း အောက်ဘိသိတ်သွန်း ပုဏ္ဏား ဂယောက်၊ ၎င်း အောက်အမှူး အမတ်၊ အရှေ့တောင်ထောင့်မင်းသား မြင်းမှူး ၊ ၎င်း အောက်စော်ဘွားကြီး ၊ ၎င်း နောက်အမှူး အမတ်၊ ၎င်း နောက်မြို့စား တစု၊ ၎င်း နောက်မှူး ငယ်မတ်ငယ်၊ အနောံတောင်ထောင့်သူဌေး ၊ အနောက်မြောက်ထောင့်သူကြွယ်တို့ကို ချထား၍ နေစေ။

31 May 1784

(သက္ကရာဇ်) ၁၁၄၆ ခုနယုန်လဆန်း ၁၃ ရက်နေ့နား ခံစမြောင်မှူး ထွင်ပြန်။

( မြို့ ကြည့်၊ ပု၊ ၆၁၀)

1 June 1784

တော် နေရာ နေသူတို့မှာ ပေါင်း ပန်း ခုနစ်ပွင့်၊ စလွယ်ရသူတို့မှာ ကတ္တီပါဝတ်လုံဝတ်ဆင်စေ၊ ဒူး နေရာ နေသူတို့မှာ ပေါင်း ပန်း ငါး ပွင့်၊ မိုင်း လုံဝတ်ဆင်စေ။

1 June 1784

(သက္ကရာဇ်) ၁၁၄၆ ခုနယုန်လဆန်း ၁၄ ရက် နေ့နံနက် ခံ ပြေ ဘုံကြီး မှူး ထွင်ပြန်။

(မှိုး ကြည့်၊ ပု၊ ၆၁၀)

ပုခန်းကြီး မြို့စားဝန်ကြီး သတိုးသီရိမဟာဥဇနာ၊ ဗေါင်းမှာသနားတော်ခံရသည့်ပန်းပွင့်အလိုက်တမာရွက်ထောင်စေ၊ တော်နေရာနေတို့မှာလည်း သနားတော်ခံရသည့်ဗေါင်းတွင်နဘူးစည်းအထက်ဘောက်လုပ်၍ပန်းပွင့်ရသည့်အလိုက်တမာရွက်ထောင်စေ၊ နဖူးစည်းပေါက်အထက်ကိုသာထည့်လုပ်စေ။ 3 June 1784

(သက္ကရာဇ်) ၁၁၄၆ ခုနယုန်လပြည့်ကျော်ာရက်နေ့နားခံနန်း မိတ်စည်သူထွင်ပြန်။

( မျိုးကြည့်၊ ပု၊ ၆၁၀ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ဆင်ဖြူသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့်တော်ရှိသည်၊ ငါအသျှင်ကေရာဇ်မင်း မြတ်တို့ဝယ်မင်း မြောက်တန်ဆာငါး ပါး နှင့်စလွယ်အစရှိသော တန်ဆာရတနာမျိုး တို့ကိုစုပုံခင်း ကျင်း၍ ရွှေ ဘေး လောင်း တော်ဘိုး လောင်း တော်တို့လက်ထက်ထုံး စံနှင့်အညီအဘိသိတ်ခံ တော်မူခြင်း သည်ပစ္စုပ္ပန်အစီး အပွါး များ စေခြင်း ငှါသာခံတော်မူသည်မဟုတ်၊ မင်း မျိုး ၊ ပုဏ္ဏား မျိုး ၊ သဌေး ဆင်း ရဲသား စသောသတ္တဝါအပေါင်း တို့ချမ်း သာ၍ မဂ်ဖိုလ်နိဗ္ဗာန် ရောက် စေခြင်း ငှါမင်း ကျင့်တရား ကို ကျင့်ဆောင် တော်မူမည်အဘိသိက်ခံ တော်မူခြင်း ဖြစ်သည်၊ မောင်အိမ်ရှေ့မင်း မှစ၍ မင်း ညီမင်း သား မျိုး တော်မတ်တော်တို့စလွယ်အသနား တော်ခံကြရသည့် လူတို့မှာလည်း လှပယဉ် ကျေး တင့်တယ် စေခြင်း ငှါသနား တော်မူသည့်တန်ဆာဖြစ် သည်ဟုယူဆကြရမည်မဟုတ်၊ ပဥ္စသီငါး ပါး စသော မင်း ညီမင်း သား မျိုး မတ်တို့ စလွယ်တင်ကျင့်ဝတ်တရား နှင့်အညီသတ္တဝါအပေါင်း တို့ကိုချမ်း သာငြိမ်ဝပ် အောင် ထိန်း သိမ်း ၍အုပ်ချုပ်စီရင်စိမ့်မည်သနား တော်ခံ စေခြင်း ဖြစ်သည်၊ ခပ်သိမ်း သောဆင်း ရဲသား ကျွန်တော်အပေါင်း တို့ချမ်း သာငြိမ်ဝပ် အောင်အမိဌာန် ပါရမီကိုဖြည့်ကျင့်ရမည့်စလွယ်သနား တော်မူခြင်း ဖြစ် ပေသည်၊ အမြဲနှလုံး သွင်း ၍မင်း ညီမင်း သား မျိုး မတ်တို့စလွယ်တင်ကျင့်ဝတ်တရား ကိုမလစ်မဟင်း မယွင်း မယိုစေရအောင်ကျင့်၊ သနား တော်မူသည့်စလွယ်ကိုလည်း မောင်အိမ်ရှေ့မင်း နှင့်တွင်း ပြင်ချုပ်ကိုင်စီရင်သူလူကြီး တို့မှာ နေ့တိုင်း အမြဲတက်သက်ဝင်ထွက်သည့်ကာ လဆောင်ရွက်ကြစေ။

3 June 1784

(သက္ကရာဇ်) ၁၁၄၆ခုနယုန်လပြည့်ကျော်၁ရက်နေ့မြေနန်း တွင် နား ခံသီရိနန္ဒစည်သူတွင်ပြန်။

(အုပ်ချုပ်ပုံ၊ ပ၊ ပိုဒ်၁၀၉၊ စာ၁၆၆-၇၊ စလင်း သူကြီး စာစု)

အမရပူရမြို့တည်နန်းတည်ဆဒ္ဒန်ဆင်မင်းသခင်ဆင်ဖြူများရှင်မင်းတရား
3 June 1784
ကြီးဘုရားလက်ထက်တော်(သက္ကရာဇ်)၁၁၄၆ခုနယုန်လပြည့်ကျော်၁ရက်နေ့
အတွင်းဝန်မင်းကြီးနန္ဒကျော်ထင်ကိုစေလွှတ်တော်မူ၍အရှင်မင်းဧကရာဇ်
နှင့်တကွမင်းညီမင်းသားမှူးတော်မတ်တော်တို့ဆင်ယင်ဆောင်ရွက်ရိုးပေး
ကမ်းသနားရိုးထုံးစံဖြစ်သောစလွယ်၏အကြောင်းအကျိုးကိုကျမ်းဂန်လာတိုင်း
သိတော်မူသောအောင်လျှောက်ထားလာသည်တွင်သွင်းသည့်စလွယ်တင်စာတမ်းကားလူ
တို့အဓိပတိဖြစ်သောရေမြေသခင်ဘဝရှင်အသျှင်မင်းဧကရာဇ်မှစ၍မင်းညီမင်း
သားမှူးတော်မတ်တော်တို့ဆင်ယင်ဆောင်ရွက်သည့်မင်းခမ်းမင်းနားအများ
ရှိသည်တွင်စလွယ်ဆင်ယင်ခြင်း၏အကြောင်းမူလအကျိုးအာနိသင်ကိုသာသနာတော်
ကျမ်းဂန်မှာလာသည်ကား။ ဝါဠဗီဇနီဥဏှီသံဆတ္တခဂ္ဂဥ္ဆပါဒုကံ၊ ဝေဋ္ဌနံသာရပါ
မင်္ဂ၊ ဘိင်္ဂါရံနန္ဒဝဋ္ဋကံ၊ ဝါဠဗီဇနိစ၊ သားမြီးယပ်ကိုငင်း။ ဥဏှီသဥ္ဆ၊ သင်းကျစ်
ကိုငင်း။ ဆတ္တဥ္ဆ၊ ထီးကိုငင်း။ ခဂ္ဂဥ္ဆ၊ သံလျက်ကိုငင်း။ ပါဒုကဥ္ဆ၊ ခြေနင်းကိုငင်း။
ဝေဋ္ဌနဥ္ဆ၊ ဥဗောင်းကိုငင်း။ သာရပါမင်္ဂဥ္ဆ၊ မြတ်သောရတနာဖြင့်ပြီးသော
စလွယ်ကိုငင်း။ ဘိင်္ဂါရဥ္ဆ၊ ကရားကိုငင်း။ နန္ဒိဝဋ္ဋကဥ္ဆ၊ ရွှေဖြင့်ပြီးသောကြီး
ခြေသဏ္ဌာန်ကိုငင်း။ အသောက၅ယော၊ အ သောကမည်သောမင်းတရားသည်၊
ပါဟေသိ၊ ပေးတော်မူလိုက်၏၊ ဤသို့ဒီပဝံသ်အဋ္ဌကထာပါရာဇိကကဏ်အဋ္ဌကထာတို့၌သိ
ရိမမြွာသောကမင်းတရားကသိန်းခိုက္ခန်းဒေဝါနံပိယတိဿမင်းသို့မင်းခမ်း
မင်းနားပေးလိုက်သည့်စကားတွင်စလွယ်ပါသည်။ ဟေမယညောပဝိတ္တင်္ဂန္တိဟူ
သည်သုဝဏ္ဏပါမင်္ဂလင်္ဂတဂတ္တ၊ ရွှေစလွယ်ဆွဲတင်လျက်သောကိုယ်ရှိသည်တည်း။ ဣတိအ
ယံအတ္ထော၊ ဤသို့သောအနက်ကို၊ ဝေဒိတဗ္ဗော၊ သိအပ်၏၊ ဤသို့ဝဏ္ဏလိထေရအပါ
ဒါန်အဋ္ဌကထာနိုက်ရှေးအခါဝဏ္ဏလိထေရ်အလောင်းလုလင်မှာစလွယ်ဆင်ကြောင်း
ကိုလာသည်။ ၎င်းအပဒါန်ပါဠိတော်အဋ္ဌကထာကိုထောက်၍ပါမင်္ဂသဒ္ဒါသည်စလွယ်ဟူသော
အနက်ကိုဟောသည်ကိုယုံမှားမရှိသိအပ်သည်။ သရေဒယစသောလောကီသင်္သကရိုက်
ကျမ်းတို့၌လည်းယဇ္ဇောပဝိတမာလျရောယဟူ၍ယညောပဝိတဟူသောမာဂဓသ
ဒ္ဒါနှင့်တူသောယဇ္ဇောပဝိတဟူသောသက္ကတသဒ္ဒါကိုစလွယ်ဟောဟူ၍ဆိုသည်များကို
ထောက်၍စလွယ်ဆင်ယင်ခြင်းသည်အလွန်ရှည်စွာကာလကဖြစ်သည့်ထုံးစံဟူ၍သိအပ်

သည်၊ ယင်း သို့စလွယ်ဆင်ယင်ခြင်း၏အကြောင်းကိုလည်း ကုလားစာ ရဗြဟ္မဏဘာ
ဝပ သေနဒ္ဒိကဗ္ဗတ္တုဇာတ္တာဗ္ဗိ ဆောဟူ၍ အမျိုး အကျင့်ကို ဆောက်တည်လို၍ စလွယ်တင်သည်
ကိုအဘိဓါန်ဋီကာလာသည့်နည်း နှင့်အညီအကျင့်ကိုမိဋ္ဌာန် ဆောက်တည်လိုသောကြောင့်
မင်း ဇေကရာဇ်မှစ၍မင်း ညီမင်း သား မြေး တော်မတ်တော်တို့မှာလည်း စလွယ်
ဆင်ယင်ခြင်း ထုံး စံဖြစ်သည်၊ အတင့်အတယ်ဆင်ယင်မှုသာ မဟုတ်ယူရမည်၊ ဥပမာ
သော်ကား သစ်သဗ္ဗဝါတို့မည်သည်သား ငှက်တို့ကိုခုတ်သတ်သည်ရှိ သော်လက်ယာဘက်သို့
ကျသည်ဖြစ်မှသာ စားသည်၊ လက်ဝဲဘက်သို့ကျသည်ဖြစ်မူကား မစား၊ ဤသို့ဂတိမြဲ
သည်ဖြစ်၍သစ်သဗ္ဗဝါတို့၏ထုံး သုံး ပြီး သောအကျင့်ကိုမပျက် စေဘဲအကုသိုလ်ကိုကြဉ် ပေ
အံ့ဟူ၍ ရသေ့တို့မှာသစ်နက် ရေဆောင် လေသည်ကိုဆိုသကဲ့သို့ဖြစ်သည်၊ ယင်း သည့်စ
လွယ်ကို ရွှေ ငွေစသောရတနာ ဆောက်လုံး ထိုး ခြင်း စသောအခြင်း အရာတို့ဖြင့်
ပြုလုပ်အပ်သည်ကိုလည်း သာရပါမဂ်္ဂနိ ဥတ္တမံရတနပါမဂ်္ဂသုတ္တံဟူ၍ ဋီကာသာရတ္ထဒီပ
နီတွင်ဆိုသည်ကို ထောက်၍သိအပ်သည်၊ အနက်ကား သာရပါမဂ်္ဂနိသာရတ္ထပါမဂ်္ဂဟူ
သည်ကား ၊ ဥတ္တမံ၊ မြတ်သော၊ ရတနမာမဂ်္ဂသုတ္တံ၊ ရတနာတို့ဖြင့်ပြီး သော
ဆောက်လုံး စလွယ်တည်း ၊ ဒသကမ္မံစသော လောကီကျမ်း ဝယ်လာသည်ကား ၊
ဇန္တာဇာယတေသုဒြး သံက္ကာရာဒွိဇး ဥစ္စတေ၊ ဇန္တာ၊ အမိဝမ်း မှဖွား ကါစ
တွင်၊ သုဒြ၊ သုဒြမည်သည်၊ ဇာယတေ၊ ဖြစ်၏၊ သံက္ကာရာ၊ အမျိုး အကျင့်ကို ဆောက်
တည်လို၍ စလွယ်တင်သည်ဖြစ်လျှင်၊ ဒွိဇ၊ ဒွိဇမည်၏ဟူ၍၊ ဥစ္စတေ၊ ဆိုအပ်၏၊ ဤသို့
ပုဏ္ဏားတို့မှာဖွား ကာမျှသာစလွယ်မတင်လျှင်ဒွိဇမမည်၊ သုဒြသာမည်သည်၊ အ
မျိုး အကျင့်ကို ဆောက်တည်လို၍ စလွယ်တင်မှ ဒွိဇမည်သည်ဆိုခြင်း ကြောင့် ရေမြေသ
ခင်မှစ၍ မင်း ညီမင်း သား မြေး တော်မတ်တော်တို့မှာလည်း အကျင့်ကို ဆောက်
တည်လို၍ စလွယ်တင်သည်ဆင်ယင်သည်ကိုသိအပ်သည်၊ ဗြဟ္မဏောနဝဂုဏံသျှာတ်၊ ခေငဲ
ကြမဉ်ဂုဏမေဝစ၊ ဗိသျှစ္စတြိဂုဏာကထာ၊ သုဒြသျှနိဂ္ဂုဏံဘဝေတ်၊ ဗြဟ္မဏော၊ ဗြဟ္မ
ဏမျိုး ပုဏ္ဏား အား ၊ နဝဂုဏား ၊ ကိုး သွယ်သည်၊ သျှက်၊ ဖြစ်၏၊ စေငဲကြ၊ စေကြ
မျိုး ပုဏ္ဏား အား ၊ ပဉ်ဂုဏ မေဂစ၊ ခြောက်သွယ်သည်သာလျှင်၊ သျှတ်၊ ဖြစ်၏၊
ဗိသျှစ္စ၊ ဗိသျှမျိုး ပုဏ္ဏား အား ၊ တြိဂုဏ၊ သုံး သွယ်သည်၊ သျှတ်၊ ဖြစ်၏၊ တထာ၊ ထို
မှတပါး ၊ သုဒြသျှ၊ သုဒြမျိုး ပုဏ္ဏား အား ၊ နိဂ္ဂုဏ၊ စလွယ်မရှိသည်၊ ဘဝေတ်၊ ဖြစ်

၏၊ ဤသို့ပုဏ္ဏားမျိုး လေးပါး တို့တွင်ဗြဟ္မဏမျိုး မှာကိုးသွယ်၊ ခေတြမျိုး မှာ
ခြောက်သွယ်၊ ဗိသျှမျိုး မှာသုံးသွယ် ဆောင်အပ်သည်၊ သုဒ္ဒြမျိုး မှာစလွယ်မဆောင်
အပ်ဟူ၍သုံးသွယ်တိုး စီလာသည်၊ မှူး တော်မတ်တော်အငယ်အလတ်တို့မှာလည်း ပု
ဏ္ဏား သုံးပါး နည်း သုံးသွယ်တန်သည်၊ ခြောက်သွယ်တန်သည်ကိုး သွယ်တန်သည်အထိုက်
အလိုက်ဆင်ယင် ဆောင်ရွက်ရမည်၊ မှူးကြီး မတ်ကြီး အဂ္ဂသေနာပတိတို့မှာအမြဲတ်
ပုဏ္ဏား ဆောင်စလွယ်တွင်သုံးသွယ် လောင်း သော်တဆဲ့နှစ်သွယ်၊ မင်း ဆွေမင်း
မျိုး တို့မှာမှူး တော်မတ်တော် ဆောင်စလွယ်တွင်သုံးသွယ် လောင်း သော်တဆဲ့ငါး
သွယ်၊ မင်းသား တို့မှာငင်း တွင်သုံးသွယ် လောင်း သော်တဆဲ့ရှစ်သွယ်၊ အိမ်ရှေ့
မင်း မှာငင်း တွင်သုံးသွယ် လောင်း သော်နှစ်ဆဲ့တသွယ်၊ ရေမြေရှင်ဧကရာဇ်
တရား မင်း မြတ်မှာငင်း တွင်သုံးသွယ် လောင်း တိုး၍နှစ်ဆဲ့လေး သွယ် ဆောင်
ရွက်ဆင်ယင်သင့်ကြောင်း ကိုလည်း သင်္ဂဟ ဂိုဏ်ကျမ်း အတိုး အစွက်နည်း နှင့်အညီ
မှတ်သိအပ်သည်၊ သမောဒမောတပသောစံ၊ သဏ္ဍောသံခဏ္ဍီအယျိပံ၊ မဒ္ဒတ္ထိဝ
ဒယာသတျံ၊ ဗြဟ္မပြုတ္တိတယတ္တိမံ၊ သမောဓ၊ ကိုယ်နှုတ်ငြိမ်သက်ခြင်း လည်း ကောင်း၊
ဒမောစ၊ ကိုယ်နှုတ်ကိုဆုမ္မခြင်း လည်း ကောင်း၊ တပဥ္စ၊ ကိလေသာကိုပျောက်
စေခြင်း လည်း ကောင်း၊ သောစဥ္စ၊ စင်ကြယ်ခြင်း လည်း ကောင်း၊ သဏ္ဍော
သဥ္စ၊ ရောင့်ရဲခြင်း လည်း ကောင်း၊ ခန္တီစ၊ သည်း ခံခြင်း လည်း ကောင်း၊
အယျိပဥ္စ၊ သဘောဖြောင့်မတ်ခြင်း လည်း ကောင်း၊ မဒ္ဒတ္ထိစ၊ ရတနာသုံး ပါး
ကိုဆည်း ကပ်ခြင်း လည်း ကောင်း၊ ဒယာစ၊ သူ့ကိုသနား ခြင်း လည်း ကောင်း၊
သတျဥ္စ၊ သစ္စာမှန်ခြင်း လည်း ကောင်း၊ ဣမံ၊ ဤဆယ်ပါး သောအကျင့်ကို၊ ဗြဟ္မ၊
စလွယ်တင်ပုဏ္ဏား မျိုး သည်ပြုက္ကတယတ္တု၊ ကျင့်ရာသတည်း ၊ ဤသို့စလွယ်တင် သောပု
ဏ္ဏား တို့အား ဆယ်ပါး သောအကျင့်ကိုကျင့်ရာသည်ဟူ၍လာသည်နှင့်အညီမင်း ဧက
ရာဇ်စသည့်စလွယ်ဆင်ယင်သည့်သူတို့မှာလည်း မိမိတို့နှင့်ထိုက်လိုက်သည့်ပဝေဏီမွေ
ကိုထုံး စံအလျောက်ကျင့်ရာသည်ဟူ၍ မှတ်အပ်သည်၊ ပဇ္ဇောပဝိတံပရမံပဝိတြံဗြဟ
ပ္ပတိယျံသဟဇံပုရတ္တာ၊ ဟာဂုစ္စမဃုံ့ပြတိမဥ္စသုဘံ၊ ယဇ္ဇောပဝိတံဗလမတ္ထုတေဇး ၊
ယဇ္ဇောပဝိတ၊ စလွယ်ဆင်ယင်ခြင်း အဓိဋ္ဌာန်သည်၊ ပရမံ၊ မြတ်ခြင်း ၏အကြောင်း
ဖြစ်၏၊ ပဝိတြံ၊ စင်ကြယ်ခြင်း ၏အကြောင်း လည်း ဖြစ်၏၊ ပုရတ္တာ၊ ရှေး အခါ၌

ပဉ္စဟမ္ဗတိယ္ယသဟဇံ၊ နတ်မင်းတို့၏ဆရာရှင်အကျင့်နှင့်တကွဖြစ်ကြောင်းလည်းဖြစ်၏၊ အာယုဗ္ဗ၊ အသက်ရှည်ခြင်းလည်းဖြစ်၏၊ အဃုဗ္ဗ၊ ရန်သူတို့မပျက်ဆီးနိုင်ခြင်းသည်အကြောင်းလည်းဖြစ်၏၊ ပြတိမဋ္ဌ၊ ပညာပွါးကြောင်းလည်းဖြစ်၏၊ သုဘိ၊ တင့်တယ်ခြင်း၏အကြောင်းလည်းဖြစ်၏၊ ယဇ္ဇောပဝိတံ၊ ဇလွယ်ဆင်ခြင်းသည်၊ ဗလ၊ ခွန်အားကြီးခြင်း၏အကြောင်းလည်းဖြစ်၏။ တေဇ၊ တန်ခိုးကြီးခြင်း၏အကြောင်းလည်း၊ အဿု၊ ဖြစ်၏၊ ဤသို့ပုဏ္ဏားတို့မှာဇလွယ်တင်ခြင်းသည် မြတ်ခြင်းစင်ကြယ်ခြင်းစသောအကျိုးတို့ကိုဖြစ်စေတတ်သည်ဆိုသည်နှင့်အညီဘုရားသခင်အဆုံးအမတော်မှအပဖြစ်လျက်အကျင့်ကိုဆောက်တည်ခြင်း၏အကျိုးရှိသည်ကို ထောက်၍ဘုရားအဆုံးအမတော်နှင့်လျော်စွာသာသနာတော်ကိုယုံကြည်၍ရာဇဓမ္မစသောအကျင့်တို့ကိုသူခပ်သိမ်းတို့စီးပွါးချမ်းသာအလို့ငှါဆောက်တည်ကျင့် ဆောင်ခြင်းမှာကားအဘယ်ဆိုဘွယ်ရှိအံ့နည်း၊ များစွာအကျိုးရှိမည်မချွတ်ဟူ၍သိအပ်၏၊ ယင်းသို့ဆိုပြီးသောသာသနာကျမ်း လောကီကျမ်းစကားနှင့်ရပ်ဘွင် သာသနာတော်ကျမ်းသာပဓာနဖြစ်သည်၊ ပညာပွါးများစေလို၍သာလောကီကျမ်းစကားကိုဆိုလိုက်သည်၊ ကြပတော့ဆောင်ရွက်ဆင်ယင်သည်ထက်အကျင့်နှင့်တကွမိဋ္ဌာန်ဆောင်ရွက်မှရေမြေ့ရှင်တို့မှာရာဇဓမ္မမြဲမြန်တည်ကြည်မည်၊ မင်းညီမင်းသားမှူးတော်မတ်တော်တို့မှာလည်းကုသိုလ်တရားပွါးများမည်၊ သို့မှလည်းတိုင်းကားနိုင်ငံသာယာစည်ပင်၍ဘုရားရှင်သာသနာတော်ထွန်းပမည်ကိုရည်၍ဇလွယ်ဆင်ယင်ခြင်းသည်တန်ဆာသာမန်သာမဟုတ်အကျင့်အဓိဋ္ဌာန်နှင့်တကွဖြစ်သည့်သည်ကိုဆိုလိုက်သည်၊ နေမင်းဘုံခန်းမှာသောဏဒိန္နနတ်သား၏အဆင်အပြင်အဆင်အယင်ကို (မျက်ကောင်းပြည့်ထူ၊ သရဘူတန်ဆာ၊ လည်မှာဆန်းကြယ်၊ ဆယ့်ကိုးသွယ်သား၊ ဇလွယ်ရောင်ချက်၊ ပြန့်အမျက်ထက်) ဟူ၍စပ်သည်နှင့် အဆက်သင်ကဂိုက်နည်းလာဇလွယ်စာတမ်းတွင်မင်းဧကရာဇ်မှာနှစ်ဆယ့်လေးသွယ်ဆိုသည်စကား၊ မညီမညွတ်ရှိသည်ဆိုသည်မှာဇာတ်တော်ရင်းဝယ် (တတ္ထယဥ္ဇော မဟိန္ဒီကော၊ သဗ္ဗာဘရဏဘူသိတော) ဟူ၍တန်ဆာအလုံးစုံဖြင့်တင့်တယ်သည်သာဆိုသည်ကိုစကားအရာလင်္ကာဖြင့်ပျို့ဆရာတင်လွှား၍ဆယ့်ကိုးသွယ်ဟူ၍စပ်လေသည်၊ ဇာတ်တော်လာမှုချဆက်ဆက် အနက်အဓိပ္ပါယ်ကိုယူ၍စပ်သည်မဟုတ်၊ ဇာတ်တော်မ

လာကလည်း သော၈ ဒိန္နနတ်သား မှာ စလွယ်တဆယ့်ကိုး သွယ်ဟူ၍ ပျိုဆရာသိနိုင်မည် မဟုတ်ဖြစ်၍ သန္နိဋ္ဌာန်ဆတ်ဆတ် မယူအပ်၊ အတပ်အကြပ် မသိသည့်အရာကို ရော်ဂမ်း ၍ နှစ်ခုသုံး ခု လေး ခု ငါး ခုဆိုရိုး ထုံး စံကဲ့သို့ဆယ်သွယ်ကိုး သွယ်ဟူ၍ ဒွန်သမတ်အဓိပ္ပါယ်ကိုသာယူအပ်သည်၊ တကြောင်း လည်း သော၈ ဒိန္နနတ်သား သည်နတ်ဘုရင်မဟုတ်နတ်ကြီး နတ်ထင်သာဖြစ်၍ ၎င်း မှာ တဆယ့်ကိုး သွယ်ဆို သော်လည်း လူတို့အထွတ်သမုတိနတ်ဖြစ် သော မင်း ဧကရာဇ်မှာ နှစ်ဆယ့် လေး သွယ်သာ အတက်အတိုး နှင့်လျှော် အောင်ဖြစ်သင့်သည်ဖြစ်၍ အထက်စာသွင်း ချက်အတိုင်း သန္နိဋ္ဌာန်ကျကျ မှတ်ယူသင့်သည်သာဖြစ်သည်။

(28 January 1867)

သက္ကရာဇ် ၁၂၂၈ ခုပြာသိုလပြည့်ကျော်ကိုး ရက်၂ နေ့သုံး ချက်တီး ကျော်အချိန်တွင်စလွယ်တင်စာတမ်း ကို ရေး ကူး ၍အပြီး သတ်သည်။

(သုတေသီစာစု)

ရှေး ဘေး လောင်း တော်ဘိုး လောင်း တော်တို့လက်ထက်ထုံး စံနှင့်အညီမဟါ ဥဂင်သပွဲသဘင်ခံတော်မူသည်ကို ရှေး ထုံး စံရှိသည့်အတိုင်း မှန်ကန်ကျနအောင် မဆင့်မကဲမစီမရင်၊ ပွဲသဘင်တော်မဟုတ်သကဲ့သို့ ပေါ့ပေါ့လျော့လျော့စီရင်ကြ သောကြောင့်ဝန်ထောက်ငယ်စာရေး ကြီး နား ခံသံခံစာရေး ကြီး စာရေး စာဘတ်လုတို့အစဉ်ထုံး စံမမှန်မကား လျှောက်ထား ဘတ်ရွတ်ကြသည်ဖြစ်သည်၊ စာရေး သူနှင့်နား ခံသံခံငယ်တို့ကိုဆုံး ရှုံး အောင်စီရင်သင့်ပြီ၊ ဘိသိက်ခံတော်မူ သည်အခိုက် ဘေး မဲ့ပေး တော်မူသည့်နေ့ရက်အတွင်း ကြုံသောကြောင့်သာသင်း တို့ကိုချမ်း သာပေး တော်မူသည်၊ နောင်သည်ကဲ့သို့မှား ယွင်း လစ်ဟင်း ကြလျှင် ကြီး စွာသောရာဇဝတ်တော်ကိုခံကြရမည်။

3 June 1784

သက္ကရာဇ်၁၁၄၆ခုနယုန်လပြည့်ကျော်၁ရက်နေ့နား ခံနန္ဒမိတ် စည်သူထွင်ပြန်။

(စလင်း သူကောင်း စာစု)

မဏ္ဍိုမာဒေသတိုက်ပါတလိပုတ်ပြည်ကြီး မှစ၍ဇမ္ဗူဒီပါတကျွန်း ကိုအစိုး ရသော ဘေား
လောင်း တော်သီရိဓမ္မာသောကမင်း လက်ထက်ကသ္မီရဂန္ဓာရတိုင်း ကိုမဇ္ဈန္တိက
မထေရ်ကို စေလွှတ်သကဲ့သို့၎င်း မဟိသကမဏ္ဍလတိုင်း သို့မဟာရေဝတမထေရ်ကို စေ
လွှတ်သကဲ့သို့၎င်း ဝနဝါသီအရပ်သို့ရက္ခိတမထေရ်ကို စေလွှတ်သကဲ့သို့၎င်း သုနာပရန္တ
တိုင်း သို့ယောနကဓမ္မယက္ခိတမထေရ်ကို စေလွှတ်သကဲ့သို့၎င်း မဟာရဋ္ဌတိုင်း သို့မဟါ
ဓမ္မယက္ခိတမထေရ်ကို စေလွှတ်သကဲ့သို့၎င်း ယောနကတိုင်း သို့မဟာဓမ္မရက္ခိတမထေရ်
စေလွှတ်သကဲ့သို့၎င်း ဟေမဝန္တာသို့မဇ္ဈိမမထေရ်ကို စေလွှတ်သကဲ့သို့၎င်း သုဝဏ္ဏဘုမ္မိသို့
သောဏထေရ်ဥတ္တရထေရ်တို့ကို စေလွှတ်သကဲ့သို့၎င်း သီဟိုဠ်ကျွန်း သို့မဟိန္ဒထေရ်၊ ဣဋ္ဋိ
ယထေရ်၊ ဥတ္တိယထေရ်၊ သမ္ဗလထေရ်၊ ဘဒ္ဒသာလထေရ်တို့ကို စေလွှတ်သကဲ့သို့၎င်း အ
သီး အသီး သာသနာတော်ပြုစေလွှတ်သည့်ထုံး စံနှင့်အညီနိုင်ငံတော်အတွင်း သာသ
နာမထွန်း မလင်း သေး သည့်စော်ဘွား မြို့စား တို့ဘွား စား စီရင်နက်မြို့ရွာ
များ သို့သာသနာတော်မြတ်ထွန်း ပပွင့်လင်း စေခြင်း ငှါသာသနာပြုရန်ဝိနည်း
စ သောကျမ်း ဂန်နှင့်တကွပုဂ္ဂိုလ်သူမြတ်တို့အား တံဆိပ်အပ်လျှာတော်မူ၍သာသနာပြု
စေလွှတ် တော်မူရမည်၊ သာသနာပြုဆရာတော်တစုတံဆိပ်အလျှာတော်ကိုလွှတ် တော်
ထွင်ခံကြစေ၊ ပြီး လျှင်အသီး အသီး စာရင်း ကျမြို့ရွာ များ သို့သက္ကရာဇ် ၁၁၄၆ ခု 2 July 1784
နှစ်ဝါကပ်မှီ အောင်ကြွသွား ကြစေ၊ သာသနာပြုကြွသွား မည့်ဆရာတော်တို့ကိုလည်း
မြို့ရှင်စော်ဘွား မြို့စား တို့ကဆွမ်း ပစ္စည်း ဆောင်လုကံ ကျေး အကြီး အကြပ်နှင့်တ
ကွမြို့ရွာ ရောက် အောင် ဆောင်ယူပို့သ စေ၊ ရွှေဘဝါး တော် အောက် စော်ဘွား
မြို့စား မရှိလျှင်လည်း ဆိုင်သင့်ရာခန့်ထား ၍ ပို့သ စေ၊ မြို့ရွာသို့ ရောက်လျှင်မြို့
ရှင် စော်ဘွား မြို့စား မှူး မတ်ဆင်း ရဲသား တို့က ကျောင်း သင်္ကန်း ဆွမ်း ပစ္စည်း
စ သော ရဟန်း တို့အသုံး အဆောင်ကိုပြည့်စုံလုံ လောက် အောင်ကြိုး နှံ့ရိုသေစွာ ဆောံ
လုပ်လျှဒါန်း ကြစေ၊ မြို့ရွာတွင်ရှိနှင့်သည့်ရဟန်း သင်္ဃာတို့ကိုလည်း အယူဝါဒမကွဲမပြား
မဘောက်မပြန်စေနှင့်၊ သာသနာပြုအပ် တော်မူသည့်ဆရာတို့ဆုံး မဩဝါဒ ပေး
ရာကျမ်း ဂန်ရှိသည့်အတိုင်း နာခံကျင့်ဆောင်ကြစေ၊ ဆရာတော်တို့ဆုံး မဩဝါ
ဒ ပေး ရာမနာမခံတရား ကျမ်း ဂန်နှင့်မညီ၊ အယူဝါဒ ဘောက်ပြား ကျင့်
ဆောင်သည့်ရဟန်း ရှင်လူတို့ကိုလည်း ငါ့အသျှင်ဧကရာဇ်မင်း မြတ် ကျေး ဇူး သစ္စာ

တော်ရှိသည့်အတိုင်း စော်ဘွား မြို့စား တို့က နိုင်နင်း အောင်ကွပ်ညှပ်စီရင်စေ၊ သာသနာပြုဆရာ တော်ကလည်း အပ် တော်မူသည့်မြို့ရွာတွင် စော်ဘွား မြို့စား မှူး မတ်ဆင်း ရဲသား ကျွန် တော်မျိုး တို့ကိုမိစ္ဆာဝါဒအယူမစွန်း မညီစေရသမာအယူ၌ တည်၍သာသနာ တော်မြတ်ထွန်း ပပွင့်လင်း အောင်တရား ကျမ်း ဂန်နှင့်အညီ ဆုံး မစီရင် တော်မူရမည့်အကြောင်း နှင့်သာသနာ့ပြုဆရာ တော် စော်ဘွား မြို့စား တို့ကိုအမိန့် တော်မှတ်စာ ပေး အပ်၍ကြွသွား စေရမည်။

15 June 1784

သက္ကရာဇ် ၁၁၄၆ ခုနယုန်လပြည့် ကျော် ၁၃ ရက် နေ့နား ခံစ မြောင် မှူး သီဟနော်ရထာ တွင်ပြန်။

( စလင်း သူကောင်း စာစု )

ပြည်သူလူတကာ သတ္တဝါအပေါင်း တို့ယခုဝါဆိုကာလ ရောက်ပြီ၊ သူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကိုခိုး ခြင်း ၊ သူ့အိမ်ရာကိုပြစ်မှား ခြင်း ၊ မဟုတ် သော စကား ကိုဆို ခြင်း ၊ သေရည် သေရက်ကို သောက်ခြင်း တရား ငါး ပါး ကိုမကြည်မရှောင်ပြုကျင့် သည့်သူသည် ငရဲတိရစ္ဆာန်ပြိတ္တာအသူရကာယ်အပါယ် လေး ပါး ဘုံနှိုက်တလူး လဲလဲနစ်မွန်း ကျန်ရသည်တရား ငါး ပါး ကိုကြည် ရှောင်၍အလှူပေး ခြင်း ၊ သီတင်း သီလ ဆောက် တည်ခြင်း ကိုပြု သောသူတို့သည်လူမင်း နတ်မင်း စည်း စိမ်ကိုခံစား ရ၍ နတ်ရွာ နိဗ္ဗာန်ချမ်း သာသို့ ရောက်ရသည်ကိုအသင့်နှလုံး သွင်း လျက်သရဏဂုံသုံး ပါး ၊ ပဉ္စသီငါး ပါး ၊ အဋ္ဌဒသီရှစ်ပါး တို့ကိုမပြတ် ဆောက်တည်ကျင့် ဆောင်ကြကုန်၊ ဝါဆို (1 July 1784 / 21 June 1784) လပြည့်အမိန့်တော်ကိုသက္ကရာဇ် ၁၁၄၆ ခုဝါဆိုလဆန်း ၅ ရက် နေ့ ရွှေပြည် တော်မြို့ တွင်း မြို့ပြင်လှည့်၍ဘတ်မြဲဘတ်စေ၊ ရွှေပြည် တော်မြို့တွင်း မြို့ပြင်အရပ် ခေါင်း သွေး ကြီး သွေး ဆော်တို့ကိုလည်း စီရင်စုအရပ်သား တို့ကိုပဉ္စသီငါး ပါး ၊ အဋ္ဌဒသီရှစ်ပါး စ သောအလှူပေး ခြင်း များ ကိုတိုး ၍ကျင့် ဆောင်လှူဒါန်း ကြရမည်အကြောင်း နှင့် မှတ်စာအပ်၍ကျင့် ဆောင် နှိုး ဆော်ကြစေ။

17 June 1784

သက္ကရာဇ် ၁၁၄၆ ခုဝါဆိုလဆန်း ၁ ရက် နေ့နား ခံဇေယနော်ရထာတွင်ပြန်။

( စလင်း သူကောင်း စာစု )

26 June 1784

အရပ်ရပ်မြို့ရွာများ မှာမိုး ရေကာလ ရောက်မြဲဖြစ်၍ဆည် မြောင်း ကန် ချောင်း လယ်ယာလုပ်ငန်း ဆောင်တာလုပ် ဆောင်ရသည်၊ တရား စကား အတွေ့အဆိုလာ ရောက်သူတို့ကိုလွှတ် တော်ရုံး တော်အိမ် ရှေ့ ပြင်အိမ်၊ ဝန်အိမ် မင်း ညီမင်း သား မျိုး တော်မတ် တော်ဝန်စုရမြို့စား ရွာစား တို့ကတရား စကား မတွေ့မဆိုမချုပ်မထား မခေါ်မချစေနှင့်။

26 June 1784

သက္ကရာဇ် ၁၁၄၆ ခုဝါဆိုလဆန်း ၁၀ ရက် နေ့နား ခံစ မြောင်းမျိုး သီဟနော်ရထာထွင်ပြန်။

( စလင်း သူကောင်း စါစု )

28 June 1784

နေမျိုး မဟာသင်္ကြန်(အ)စား အရှေ့ဝင်း မှူး မင်းကြီး မင်းခေါင်ကျော်
ကိုလမှိုင်း ဝန်ခန့်။

28 June 1784

(သက္ကရာဇ်) ၁၁၄၆ ခုဝါဆိုလဆန်း ၁၂ ရက်နေ့နား ခံစ
မြောင်မှူး သီဟနော်ရထာတွင်ပြန်။
(မျိုးကြည့်၊ ပု၊ ၆၁၀)

ဝန်စုရှင်တို့မှာကိုယ်ဝန်စုကျေး ရွာမှာရှိလျှင်လွှတ်တော်ရုံး တော်သို့တည်၍ဆောင် ရွက်အစီရင်ခံစေ၊ ရှေ့နေရှေ့ရပ်ပြု၍မဆောင်မရွက်စေနှင့်။

30 June 1784

(သက္ကရာဇ်) ၁၁၄၆ခုဝါဆိုလဆန်း ၁၄ရက်နေ့ညနံ့း ခံ ကျော်စွာ နော်ရထာတွင်ပြန်။

(မြိုးကြည့်၊ ပု၊ ၆၁၀)

30 June 1784

ပိဋကတ်တော်ပေလုပ်ပိဋကတ်တော်ရေးလူတို့မှာလုပ်ဆောင်ရေးသားသည့် အခိုက်စုရှင်ငန်း ရှင်မြို့ရွာသူကြီးတို့ကတိုင်စာရင်း မင်းမှုမခန့်မထားစေ နှင့်၊ ပိဋကတ်တော်မှာသာတဝတည်း ငြိမ်သက်စွာထမ်းရွက်စေ။

30 June 1784

သက္ကရာဇ် ၁၁၄၆ ခုဝါဆိုလဆန်း ၁၄ ရက်နေ့နားခံတော်ပြော့ ကြီးမှူးပြန်

( ရှေးဟောင်းသုတေသန )

သုံး လူအထွတ်သဗ္ဗညုဘုရား သခင်သာသနာတော်သည် ပရိယတ္တိသာသနာ၊ ပဋိဝေဒသာသနာ၊ ပဋိပတ္တိသာသနာ တော်သုံး ပါး ရှိသည်တွင်ပရိယတ္တိသာသနာတော်သည်သာသနာ တော်မူလဖြစ်သည်၊ ပရိယတ္တိသာသနာတည်သည်ရှိသော်ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ တော်နှစ်ပါး ပွါး များ စည်ပင်မည်၊ သာသနာ တော်စည်ပင်ထွန်း လင်း ခြင်း၏အကြောင်း သာသနမူလဖြစ် သောပရိယတ်ပိဋကတ် တော် ရွှေရေး မင်ရေး ကညစ်ရေး အဋ္ဌရာသုံး ပါး အမွန့်ရှည်စွာ သေချာခိုင်ခန့် အောင်သတ္တိဗျတ္တိရှိသည့်ဆရာ တော်သင်္ဃာ တော်တို့ကို ရွေး ချယ်စီစစ်၍စါကြည့်ပုဂ္ဂိုလ်သင်္ဃာ ၂၀၊ စာတည်း ပုဂ္ဂိုလ်သင်္ဃာ ၄၀၊ စါမသင်္ဃာ ၄၀၊ ၃စု ပုဂ္ဂိုလ်သင်္ဃာ ၁၀၀ကိုပိဋကတ် တော်စာကြည့်စာတည်း ခန့် တော်မူသည်၊ တလ လေး ကြိမ်ပိဋကတ်တိုက် တော်သို့စည်း ဝေး ၍စာကြည့်ပုဂ္ဂိုလ်သင်္ဃာတို့မှာအဋ္ဌရာဝဋ္ဋမယိုမယွင်း စေရသေချာမှန်ကန်လှအောင်မရေး မကူး မိတည်း ပြီစာသစ်ကိုကြည့်ရှုပြင်ဆင်စေ၊ စာတည်း ပုဂ္ဂိုလ်သင်္ဃာတို့မှာလည်း အကြိမ်အထပ်များ စွာမှန်ကန် သေချာ အောင်လဲလှယ်တည်း ဖြတ်စေ၊ ပိဋကတ်တိုက်ဆရာ တော်မှာလည်း ပိဋကတ်တိုက်စိုး စာရေး သွေး သောက်ကြီး တို့ကိုအဋ္ဌရာအရေး အသား ကောင်း မွန် သေချာ အောင်ကြည့်ရှု ရေး သား စေ၊ စာကြည့်စာတည်း ပုဂ္ဂိုလ်သင်္ဃာတို့ကိုအဝေး အလံမကွာမသွား စေနှင့်၊ သွား ရန်အမှုရှိလျှင် မေတ္တာစာဆက်သွင်း ၍သွား ကြစေ၊ ပိဋကတ်တိုက် တော်သို့စာကြည့်စာတည်း ပုဂ္ဂိုလ်သင်္ဃာတို့အမှန်တက်မတက်ကိုလည်း မဟါဒါန်ဝန်ကမှတ်သား ၍ရှိခိုး သံ တော်ဦး တင်စေ၊ လစဉ်အလှူ တော်မှာစာကြည့် ပုဂ္ဂိုလ်သင်္ဃာ ၂၀ကိုတပါး လျှင်ဆွမ်း ဆန်ဘ် ၂၊ ငါး ပိ ၁၅ ဝိ၊ ဆား ၁၅ ဝိ၊ငါး သွေ့ ၁၅ ဝိ၊ပြုပ် ၁၊ ကြက်သွန် ၁၊ ဆီ ၅ ဝိစိ၊ စာတည်း ပုဂ္ဂိုလ်သင်္ဃာ ၄၀ကိုတပါး လျှင်ဆွမ်း ဆန်ဘ်၊ ငါး ပိ ၁၊ ငါး သွေ့ ၁ ။ ပြုပ် ၅ ဝိ၊ ကြက်သွန် ၅ ဝိ၊ ဆီ ၅ ဝိစိ၊ စာမသင်္ဃာ ၄၀ ကိုတပါး လျှင်ဆွမ်း ဆန် ၂၊ ငါး ပိ ၅ ဝိ၊ ဆား ၅ ဝိ၊ ငါး သွေ့ ၅ ဝိ၊ ပြုပ် ၃ ဝိ၊ ကြက်သွန် ၃ ဝိ၊ ဆီ ၃ ဝိစိကိုတွက်၍ စေ့ငှ အောင်လစဉ် လတိုင်း ဆိုင်ရာခန့်ထား လျှဒါန်း စေ။ 5 July 1784

သက္ကရာဇ် ၁၁၄၆ ခုဝါဆိုလပြည့်ကျော် ၄ ရက် နေ့နား ခံကျော်စွာ နော်ရထာတွင်ပြန်။

(စလင်း သူကောင်း စာစု)

7 July 1784

ငကောင်း၊ ငပေါ်တင်၊ ငမာတို့နှင့်ဘမ်း မိသမျှလူတို့ကိုရုံး သို့ထုတ်၍မြင်း စုကြီး ဝန် မင်းကြီး မဟာမင်း ခေါင်၊ လမိုင်း ဝန်မင်းကြီး မင်း ခေါင်ကျော်ကြွပ် ၍စစ်မေး စေ။

7 July 1784

(သက္ကရာဇ်) ၁၁၄၆ ခုဝါဆိုလပြည့်ကျော် ၆ ရက် နေ့မြင်း စုကြီး ဝန် စုဥဒိန် ရွှေတောင်တွင်ပြန်။

(မှူး ကြည့်၊ ပု၊ ၆၁၀)

ငပေါ်ထင်၊ ငမာ၊ ငကောင်း ၊ ငနဂါး ၊ ငသူကြီး ၊ ငပု၊ ငမြတ်သာကြီး ၊ ငဆောင်၊ ငရကြီး ၊ ငရွှေလု၊ ငပေါ၊ ငရာဘ၊ ပင်း တလဲစါး ဟောင်း ထမင်း ချက်ငပုတို့သည်ရာဇဝတ်တော်ရေး နှင့်မကင်း မလွတ်သည့်အကြံအစည်ကိုတိုင်ပင်ကြံစည်ကြောင်း နှင့်ငပေါ်ထင်၊ ငမာ၊ ငကောင်း တို့စစ်ကြောထွက်ဆိုချက်ရှိသည်၊ သင်း တို့နှင့်အပေါင်း အဘော်အပါအဝင်မှန်သမျှလူတို့ကိုမြင်း စုကြီး ဝန်လမိုင်း ဝန်တို့ကစစ်ရန်ရှိသည့်အတိုင်း စစ်စေ။

7 July 1784

(သက္ကရာဇ်) ၁၁၄၆ ခုဝါဆိုလပြည့်ကျော် ၆ ရက်နေ့ညနား ခံကျော် ရွာနော်ရထာကိုခေါ်၍ပြန်။

(မျိုးကြည့်၊ ပု၊ ၆၁၀)

ပင်းတလဲစား ဟောင်း ကိုမြင်း စုကြီး အိမ်ခြံအတွင်း မနေစေနှင့်၊ ထောင်
မှာ ခြေခြင်း ဝါး ဆင့်နှင့်ထား ၊ ငမာကထန်း လျှက်ကောင်း ၊ သင်ဖြူး ၊
ခေါင်း ပေါင်း ငပုတ္တင် ပေး၍ ပင်းတလဲစား ဟောင်း ထံရောက်သည်မ
ရောက်သည်ကို ငပုစစ်ချက်မေး ချက်နှင့်ပင်းတလဲစား ဟောင်း ကို ကျေးဇူး
သစ္စာတော်နှင့်အညီ ဖြောင့်မတ်တော်တည့်စွာ ထွက်မည်မထွက်မည်ကို မေး ။

8 July 1784

(သက္ကရာဇ်) ၁၁၄၆ ခု ဝါဆိုလပြည့်ကျော် ၇ ရက် နေ့နား ခံ ပြော
ကြီး မှူး နေမျိုး သကြန်တွင်ပြန်။
( မျိုးကြည့်၊ ပု၊ ၆၁၀ )

(8 July 1784)

ထွင်း သင်း ဝန်သား အဘတစုလုံး ကိုအကျည်း ထား ၊ အိမ်မြှား မှာလည်း အ
စောင့်အနေခန့်မြဲခန့်။

(8 July 1784)

(သက္ကရာဇ် ၁၁၄၆ ခုဝါဆို) လပြည့်ကျော် (၇ ရက်နေ့) နား ခံစ
မြောင်မျှား ထွင်ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၁၀)

ပင်း တလဲမြို့စား ဟောင်း မှာ မိမ္မတ ယောက်နှင့်သာ မြင်း စုကြီး ဝန်က ကျွေး မွေး ထိမ်း ထား စေ၊ အကျွေး အမွေး အခြွေအရံ မိမ္မ ယောက်ျား အများ မရှိ စေနှင့်၊ ထောင်ကလွှတ်၍ ခြေခြင်း နှင့်တကွ မြင်း စုကြီး ဝန်ကိုအပ်၊ ငကုလား သား ငမှိုင်း ၊ ညီငလွဲ၊ ညီငရွှင်တို့သား အဘ လေး ယောက်မှာ အသက်စီး စိမ်ကို ချမ်း သာ ပေး တော်မူသည်၊ အကျည်း ကလွှတ်။

10 July 1784

(သက္ကရာဇ်) ၁၁၄၆ ခု ဝါဆိုလပြည့်ကျော် ၉ ရက် နေ့နား ခံပြော့ ကြီး မှူး နေမျိုး သကြ်န်ထွင်ပြန်။

(မျိုးကြည့်၊ ပု၊ ၆၁၀)

အသည်ဝန်မင်း လှကျော်စွာမှာသိမ်း ဆည်း မိသည့်အဆောင်အရွက်များ ကိုပြန်
ရှိသနား တော်မူသည်၊ အတွင်း တော်မှာဝင်ထွက်ခစား မြဲခွစား ထမ်း ရွက်။ 18 July 1784

(သက္ကရာဇ်) ၁၁၄၆ ခုဝါခေါင်လဆန်း ၂ ရက် နေ့ညနားခံ ကျော်
စွာနော်ရထာတွင်ပြန်။
( မျှိုး ကြည့်၊ ပု၊ ၆၁၀ )

တရား စကား အရှက်အတင်အမိန့်တော်ထွက်အစီရင်ခံလာ ရောက်သမျှကို ဝန်ထောက်စာရေးကြီးတို့ ရှေ့မစစ်မကြောမစီရင်စေနှင့်၊ တရားရုံး သံတော်ဦး တင်စစ်တရား စစ်တို့ရှိလေပြီးသည်၊ ဆိုင်ရာချအပ်၍ စစ်ကြောစီရင်စေ၊ ဝန်တို့နှင့် ဝန်ထောက်စာရေးကြီးတို့မှာ မင်းမှုမင်း ခင်းတိုင်း ရေးပြည်မှုကိုလုံ့လအား ထုတ်၍ စီရင်ကြရမည်။

19 July 1784

သက္ကရာဇ် ၁၁၄၆ ခုဝါခေါင်လဆန်း ၃ ရက်နေ့နား ခံ ကျော်စွာနော်ရထာတွင်ပြန်။

( စလင်း သူကောင်း )

21 July 1784

နှစ်ဆဉ် ရွှေလွှတ်တော် ရှေ့တွင်တန်ဆောင်း ဆောက်၍ကိုး ကွယ်တော်မူသည့်ဘု
ရား သခင်စွယ်တော်၊သပိတ်တော်၊ရုပ်ထုတော်၊ ငါး မင်း ရုပ်ထုတော်များ
ကိုပင့်ဆောင်တည်ထား ပြီး လှူင်အလှူတော်ထီး ဖြူထီး နီတံခွန်ကုက္ကား ၊ မုလေး
ပွါး ၊ ရွှေပန်း ခိုင်၊ ငွေပန်း ခိုင်၊ ရွှေတန်ဆောင်း ၊ ငွေတန်ဆောင်း၊ပူဇော်
ဇော်ပွဲ၊ရေချမ်း အိုး များ နှင့်ပွဲသဘင်စည်ပင် အောင်ခံ၍တင်လှူပူဇော်တော်
23 July 1784 - 26 July 1784
မူသင့်ကြောင်း နှင့်ဆရာတော်သင်္ဃာတော် (သက္ကရာဇ်) ၁၁၄၆ ခုဝါခေါင်လဆန်း ရက်
၆ နေ့ညကသည် ၁၀ ရက် ၂ နေ့တိုင်ပရိတ်တော်ကြီး ရှစ်စောင်၊ အဋ္ဌဇေယမင်္ဂလာ
ရတနာ ရွှေချိုင့်၊ သမ္ဗုဒ္ဓေ၊ သိရသ္မိမေ၊ ငရုံ့မင်း ပရိတ်တော်တို့ကိုရွတ်စေ၍
နံနက်ဆွမ်း လှူတော်မူသင့်ကြောင်း မင်း ညီမင်း သား မှူး တော်မတ်တော်
ပြည်သူပြည်သား အပေါင်း တို့ကိုလည်း ဆွမ်း သင်ပုတ် ညောင်ရေပန်း နံ့သာအ
မွှေး အထုံတို့ဖြင့်ပူဇော်စေသင့်ကြောင်း ၊ ရွှေမြို့တော်အရှေ့တောင်ထောင့်
တောင်မြင့်ရေဆိပ်နား တွင်သကြား၊စတုလောကပါလ၊ အာကာသစိုး ၊ ဝေ
သဝဏ္ဏ လေနတ်၊ လနတ်၊ နဂါး ၊ ဂဠုန်၊ ပစ္စုန်၊ အသူရိန်၊ မာန်နတ်စသော မိုဃ်း
နတ် ၁၄ ပါး ၊ ဗိဿနိုး ၊ မနိမေဂလာ၊ ပန္တနဂါး စသော ရေနတ် ၃ ပါး တို့ကို
လည်း ပွဲသဘင်နှင့်ပူဇော်သင့်ကြောင်း များ ကိုပညာရှိတို့ကသံတော်ဦး တင်
သည်အတိုင်း ပညာရှိတို့ကို မေး ၍ ပူဇော်စေ၊ ၃ ရက်အတွင်း ကိုလည်း သင်္ဃာတော်
တို့ကိုပင့်၍ကမ္မဝါစာဘတ်စေ။

21 July 1784

သက္ကရာဇ် ၁၁၄၆ ခုဝါခေါင်လဆန်း ၅ ရက်နေ့နား ခံစမြောင်
မှူး သီဟနော်ရထာတွင်ပြန်။
( စလင်း သူကောင်း )

ထွင်း သင်း တိုက်ဝန်ရွာလပ်ဝန်ရန်နိုင်မှူး တို့ကိုဝင်ထွက်ထမ်း ရွက်မြဲတိုင်း ထမ်း ရွက်စေ၊ အဆောင်အရွက်အစီး အနင်း များ ကိုသိမ်း မိလျှင်လည်း ပြန်၍သနား တော်မူသည်၊ ထုတ်၍ ပေး ။

22 July 1784

(သက္ကရာဇ်) ၁၁၄၆ ခုဝါခေါင်လဆန်း ၆ ရက် နေ့ညနား ခံကျော် ဗွာနော်ရထာတွင်ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၁၀)

ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း ပြည်သူတို့ကြေး ငွေသုံး ဆောင်ကြသည် များ မှာဝမ်း ပွ ငွေစိုရွက်သေး ရွက်နီအမည်အမှတ်အခေါ်အဝေါ် များ စွာ သုံး ဆောင်ကြ၍ ဖြောင့်မှန်နိုင်ခဲသည်။ ဝမ်း ပွ ရွက်စိုရွက်သေး များ ကိုမမှတ် မသုံး မဆောင်ကြစေနှင့်၊ ရွက်နီတဝတည်း မှတ်လုပ်သုံး ဆောင်ကြစေ၊ ငွေဆိုး ငွေကြမ်း များ ကိုလည်း ၁၁၄၇ ခုသက္ကရာဇ်မကူး မီကုန်အောင်ချမှတ်သုံး ဆောင်ကြစေ၊ ၄၇ ခုတက်၍ဝမ်း ပွ ငွေစိုရွက်သေး ငွေဆန်း ငွေကြမ်း ပေါ်လျှင်မှတ် လုပ်သည့်ပွဲစား နှင့်သုံး ဆောင်သူတို့ကိုဆုံး ရှုံး အောင်စီရင်၊ အရပ်ရပ်အဝေး မြို့ရွာများ ကိုလည်း အမိန့်တော်အရကို ထောက်၍ စေ့နှံ့အောင်ပြန်ဆိုမှာထား ရ မည်။

23 July 1784

သက္ကရာဇ် ၁၁၄၆ ခု ဝါခေါင်လဆန်း ၇ ရက်နေ့နာ၊ ခံ ကျော်စွာ နော်ရထာတွင်ပြန်။

( စလင်း သူကောင်း )

ယခုစာရင်း တော်စစ်ကြောကြသည့်အမှုမှာအသည်သူကြီး အစုရှင်ခေါင်း အကြီး
တို့ကျေး ဇူး သခွာ တော်ရှိသည့်အတိုင်း အစုအဝန်း မှန်ရာမပေး ကြသောကြောင့်
အမှုငြိမ်ဝပ်ခဲသည်၊ အသည်သူကြီး တို့ထိန်း အုပ်နက်ကျေး ရွာတွင်အသည်စုခြား သား
တို့ရှေ့နေ၍အသည်သူကြီး တို့ကစာ ရင်းပေး ရာအသည်ပါလျှင်အသည်ဖြစ်စေ၊ စုခြား
စာရင်း ပါလျှင်စုခြားဖြစ်စေ၊ စုမသိစုရှင်ခေါင်း အကြီး မပေါ်မရှိသူတို့မှာ
အသည်တိုင်ဆက်၍ထမ်း စေ၊ အစုသား တို့စီရင်စုလုပ် မြေနေ မြေတွင် နေထိုင်သည့်လူ
တို့မှာလည်း ရှင်ခေါင်း အကြီး တို့ကစာရင်း ပေး ရာအစုပါလျှင်အစုဖြစ်စေ၊
အသည်စုမသိစာရင်း ပါလျှင်ဖြစ်စေ၊ အသည်မိန်း မနှင့်စုခြား ယောကျ်ား တို့
သင့်နေသည့်အတွင်း စာရင်း တော်ဝင်လျှင်စုခြား သို့ပါစေ၊ အသည်ယောကျ်ား
နှင့်စုခြား မိန်း မတို့သင့်နေ၍စာရင်း တော်ဝင်လျှင်အသည်သို့ပါစေ၊ စာရင်း
တော် ဝင်သည့်နောက်တစုနှင့်တစုသင့်နေရာတွင်မွေး မြင်သည့်သား
သမီး တို့မှာအမိန့်တော်ရင်း အတိုင်း ပိုင်း ခြား တော်မူမည်။

16 August 1784

သက္ကရာဇ်၁၁၄၆ခု တော်သလင်း လဆန်း ၂ရက်နေ့နား ခံ ကျော်
စွာနော်ရထာတွင်ပြန်။
(စလင်း သူကောင်း)

လွှတ်တော်ရုံး တော်အဝေး အနီး ပေး ရန်ရေး ရန်စာချွန်တော်များ ကို ဝန်ကြီး ဝန်ထောက်စာရေး ကြီး အသုံး စာရေး တို့အိမ်ရာများ ကအသီး အသီး မရေး မပေး ကြစေနှင့်၊ လွှတ်တော်တွင်ဝန်ကြီး ဝန်ထောက်ညီညွတ်စွာတိုင်ပင် ၍စာရေး ကြီး တို့ကိုသာ ရေး ပေး စေ၊ လုင်တို့အစေစာပါချဝတ်လာစာ၊ ပုရ ဗိုက်စာတင်စာချရေး စာမှတ်စာများ ကိုမည်မျှသာ ပေး ယူကြ စေ၊ သာလွန်၍ မပေး မယူကြ စေနှင့်၊ ပြည်သူဆင်း ရဲသား တို့ကိုငြိမ်ဝပ် စေလို သော ကြောင့် ထုတ်ပြန်ရင်း အမိန့်တော်တမ်း ရှိလေပြီး သည်ကိုအမိန့်တော်အတိုင်း မတည်ရ၊ ဝန်ကြီး ဝန်ထောက်စာရေး ကြီး တို့အိမ်များ မှာတဦး ပေး သည်ကိုတဦး မသိ၊ စာရေး ငယ်စချီငယ်တို့ကို ပေး စေ ကြောင်း ၊ ချုတ်ဝတ်လာစေ၊ စာတင်စာချ ရေး စာမှတ်စာများ ကိုလည်း တောင်း လိုယူလိုရာ တောင်း ယူစား သောက် ကြ ကြောင်း များ နှင့်ရွှေနား တော်ကြား တော်မူပြန်ရသည်၊ ဝန်တို့မှာမကြား မသိလော၊ ပြည်သူဆင်း ရဲသား တို့ကို ထောက် တော်မူ၍အမိန့်တော်တမ်း ထုတ်ပြန် ရင်း ဖြစ် ပေသည်၊ မစွဲမယူကြ၊ လွှတ်တက်ရုံး တက်ငါတို့နောက်တွင်မပြတ်လိုက်လံစေ ပါကြရသူများ ဖြစ်သည်စွဲယူကြ၍ ဆဘမ်းမဘ်းမကွပ်မညှပ်မဲ စီရင် နေကြသည်၊ ငါကဘ ိုးဆီး တွေ့မိလျှင်အ ခြေအပ ရ တော့မည်မဟုတ်ဖြစ်သည်၊တွေ့မိ အောင်ဘမ်း ဆီး စစ် ကြော ၍စီရင်၊ ဝန်တို့ညီညွတ်စွာမသိမကြား စာချွန်ပေး လျှင်လည်း ရေး သူ ပေး သူ လက်ကို မောင်း ကြော်၍ဖြတ်၊ စာချွန်ရေး ခွင့်ပေး ခွင့်ရောက်လျှင်ခန့်တော် မူသည့်စာရေး ကြီး ကို ရေး စေ၍ဝန်ထောက်ကိုပြ၊ ဝန်ထောက်ကဝန်တို့ကိုပြပြီး မှ ပေး စေ။ အရပ်ရပ်မင်း မိဘုရား မင်း သား မင်း သမီး မှူး တော်မတ် တော်ဝန်စုဝန်ငန်းရှင်ဘုံ့ဗိမ်များ မှ၌လည်းအထက်ထုတ်ပြန်ရင်းအမိန့်တော်အတိုင်း သာစီရင်စား ယူကြရမည်၊ သာလွန်၍စား ယူကြလျှင်ရာဇဝတ်တော်ကိုခံရမည် အကြောင်း နှင့်မှတ်စာထပ်၍အပ်။

နောင်အမိန့်တော်အတိုင်း မတည်ကြောင်း နှင့်ကြား တော်မူပြန် ရလျှင် ၂ ခွန်း ချေရမည်မမှတ်နှင့်၊ လွှတ်တော်ရုံး တော်မဆိတ်မတိတ်စေခြင်း ငှါ ရှေး ဘေး လောင်း တော်ဘိုး လောင်း တော်တို့လက်ထက်ထုံး စံနှင့်အညီမြို့စား မြင်း မှူး တို့ကိုလွှတ်တော်တက်စေအမိန့်တော်ရှိ၍တက်သက်ကြရသည်ကိုအစည်အတိုင်း

မတက်မသက်ပြတ်လပ်၍ နေပြန်ကြကြောင်း နှင့်ရွှေနား တော်ကြား တော်မူပြန်သည်၊ ဝန်တို့ကခန့်ထား နှိုး ဆော်၍အစည်ထုံး စံရှိသည့်အတိုင်း တက်သက်ကြစေ၊ မည်သူမည်သူတို့တက်မတက်ကိုလည်း မှတ်သား၍ လျှောက်မြဲလျှောက်စေ။ ငါး ပတ်ချောင်းသရိုင်၊ ရဲယက်မန်း၊ ယက်သား ထင်းခေါင်းထင်းသားတို့အား ဘိုး ဘကဆင်း သက်၍တိုင်ကြေး တိုင်ငွေကိုပေး ရဘူးသည်မရှိပါထင်း မှုကိုသာတင်ဆက်ထမ်း ရွက်ရကြောင်း နှင့်သံတော်ဦး တင်သောကြောင့်တိုင်မသွဲ့မဘက်နှင့်ထင်း မှုကိုသာတဝတည်း ထမ်း ရွက်စေ အမိန့်တော်ထုတ်ပြန်ရှိသည်ကိုအမိန့်တော်အတိုင်း စာချွန်မပေး မရ၊ စာချွန်ပေး အပ်ပါမည့်အကြောင်း နှင့်အစီရင်ခံသည်ကိုပုရပိုက်လွှာတွင်မကြီး တိုး၍ရှိကြောင်း နှင့်အနောက်ဝန်တို့ကသံတော်ဦး တင်ပြန်သည်။ ထင်းဆိုသည့်အရာသည်တနေ့တရက်မျှ ပျက်လပ်စေသည်အမှုမဟုတ်၄င်း ကျေးရွာနေလူစုမှန်သမျှကိုတိုင်သွဲ့ဘက်မိသော်လည်း တိုင်စာရင်း ကိုနုတ်သိမ်းပြီး လျှင်ထင်း စုသွဲ့ဘက်၍ထင်း စုမှာတဝတည်း ထမ်း ရွက်စေ။

24 August 1784

(သက္ကရာဇ်) ၁၁၄၆ ခုတော်သလင်း လဆန်း ၁၀ ရက်နေ့နား ခံပြော့ကြီး မှူး ထွင်ပြန်။

(မျိုး ကြည့်၊ ပုံ၊ ၆၁၆)

ကျီဝန် ငွေခွန်ဝန်တို့ဝန်စု၊ ရွှေခွန် ငွေခွန်ထမ်း လူစုတို့မှာ ရှေး ဘေး လောင်း
တော်ဘိုး လောင်း တော်တို့လက်ထက်မင်း ကျင့်တရား နှင့်အညီတနှစ်တကြိမ်သိမ်း ခံ
ဆက်သွင်း စေရသည့် အခွန်တော်ကိုနှစ်သင့်လသင့် ပြေစင် အောင်မဆက်မသွင်း ကြ၊
ဝန်စာရေး ပြုသူတို့လည်း ကျေး ဇူး သစ္စာ တော်ရှိသည့်အတိုင်း ရ အောင်မသိမ်း မခံ
ဆက်လိုသွင်း လိုရာသာဆက်သွင်း ကြ၍အနှစ်နှစ် ရွှေခွန် ငွေခွန်မ ပြေကြွင်း ကျန်
ကြောင်း နှင့် ရွှေနား တော်ကြား တော်မူ သော ကြောင့်အနှစ်နှစ် ရွှေခွန် ငွေ
ခွန်ဆက်သင့်ဆက်ရန်မည်မျှကြွင်း ကျန်သည်ကိုအတွင်း တော်မှာစစ် ကြော စေရာတွင် 1775
နောင် တော်ဆင်ဖြူရှင်လက်ထက်၁၁၃၇ခုနှစ်ကသည်လက်ထက် တော်၁၁၄၅ခုနှစ် 1783
တိုင် ရွှေခွန် ပေါင်း ၉၉၃၂ဲ၊ ငွေခွန် ပေါင်း ၆၂၊ ရိကျန် ကြောင်း နှင့်စာ
ရင်း ရသည်၊ အနှစ်နှစ်အခွန်ကိုတွက်ချက်၍ ပြေစင် အောင် တောင်း စေဆိုရလျှင်
အခွန်ထမ်း ဆင်း ရဲသား ကျွန် တော်မျိုး တို့ဒိုပွတ်ပင်ပန်း စွာ ရှိကြမည်ဖြစ်သည်၊
၎င်း သွင်း ရန် ရွှေခွန် ငွေခွန်များ ကိုဆက်သွင်း ရမည် ရွှေတိုက်ဝန် ရွှေတိုက်
စာရေး တို့ကမ တောင်း မခံ စေနှင့်၊ အခွန်သည်ဆင်း ရဲသား ကျွန် တော်မျိုး
တို့ကို ထောက်မ တော်မူ၍ ချမ်း သာ ပေး တော်မူသည်၊ အခွန်ကျန်မှန်သမျှကိုအ
ဆက်အသွင်း လွတ်ငြိမ်း စေ၊ ရွှေတိုက်ဝန်၊ ရွှေတိုက်စာရေး ၊ ကျီဝန်၊ ကျီစာရေး၊
ငွေခွန်ဝန်၊ ငွေခွန်စာရေး တို့တွင် ရွှေခွန် ငွေခွန်အကြွင်း အကျန်မှတ်သား ၍
ရှိသည့်စာရင်း များ ကိုမကြွင်း မကျန် စေရ၊ စေ့ငု အောင် တောင်း ခြေမှတ်
စေ၊ ရွှေမှုရွှေ ခေါင်း ငွေခွန်မှူး ငွေခွန် ခေါင်း စာရေး စာချီငယ်တို့တွင်
မှတ်သား ထိန်း သိမ်း သည့်စာချုန်ကျန်စာရင်း များ လည်း ရှိရာသည်၊ ၎င်း
စာရင်း များ ကိုလည်း ကျီဝန် ငွေခွန်ဝန်တို့ကိုပြန်ဆို၍ကုန်စင် အောင်မှာထား
ခြေမှတ်စေ၊ လူဆိုး လူသွမ်း လူလျှပ်လူ ပေါ်တို့မစောင့်မရပ်အင်း စာရင်း ကိုကုန်
စင် အောင်မ ခြေ မမှတ်ထိန်ကျန်ကဲ့ဝှက်၍အခွန်သည်တို့မှာ တောင်း ပြန် ကြောင်း
နှင့်ဝန်တို့ကြား သိလျှင် တွေ့မိ အောင်ဘမ်း ၍ဆုံး ရှုံး အောင်စီရင်၊ ၁၁၄၆ခု 1784
နှစ်အခွန်ကိုမူကား အခွန်သည်တို့တွင်အကြွင်း အကျန်မ ရှိ စေနှင့်၊ ဆက်လဆက် နေ့
အမှန်အကန်တမ်း ထား ၍ ပြေစင် အောင်နှိုး ဆော်ဆက်သွင်း စေ၊ ၁၁၄၆ခု 1784
နှစ်များ သို့ ရောက်လျှင်လည်း အကြွင်း အကျန်မ ရှိ စေရဆက်မြဲလသို့ ရောက်လျှင် ပြေ

စင်အောင်ဆက်သွင်းကြစေ၊ နောင်ဆက်မြဲလတွင် ပြေအောင်မဆက်အကြွင်း အ
ကျန်မရှိစေရ၊ ဆက်မြဲလသို့ရောက်လျှင် ပြေစင်အောင်ဆက်သွင်းကြစေ၊ နောင်
ဆက်မြဲနှစ်လတွင် ပြေအောင်မဆက်အကြွင်း အကျန်ထား ကြောင်း နှင့်ကြား တော်
မူပြန်ရလျှင်ကျီဝန် ငွေခွန်ဝန် ရွှေတိုက်ဝန်တို့ကို ရာဇဝတ်တော်ခံစေရမည့်အ
ကြောင်း နှင့်အမိန့်တော်ကိုခံစေ၊ ရှင်မှုလူမှုနှစ်ပါး စီရင်ရန်ရှိရာတွင် ဘေး
လောင်း တော်ဘိုး လောင်း တော်လက်ထက်အဆက်ဆက် ရဟန်းတို့ကျင့်ဝတ်သိက္ခာ
ပုဒ်တရား ၊ သာသနာတော်ရေး သာသနာတော်မှု၊ ကလဟဝိဝါဒဖြစ်ကြ၍ မ
ငြိမ်မဝပ် မပြတ်မစဲနိုင်ရှိသည်ကို ငါ့လက်ထက်တော်ဘုရား သခင်ဟောတော်မူသည့်
သိက္ခာပုဒ်တရား ကျမ်းဂန်နှင့်အညီသမုတ်ပြဋ္ဌာန်း တော်မူပြီး လျှင်သား တော်
အစည်မြေး တော်အဆက်မြစ်တော်အဆွန့်အဖွန့်ရှည်သဖြင့်ငြိမ်ဝပ်အောင်အမိန့်
တော်တမ်းသမိုင်း ကျောက်စာထိုးမှတ်တော်မူ၍ငြိမ်ဝပ်စေရသည်၊ လူတို့ကျင့်ရာ
ကျင့်ကြောင်းဖြစ်သောတိုင်း ရေးပြည်မှုမှာလည်း ရှေး ဘေး လောင်း တော်
ဘိုး လောင်း တော်တို့လက်ထက်ပြုစုသွင်း ထား သည့်ရွှေတိုက်စာရင်း စာတမ်း
ကာလဒေသအလျောက်ပျက်စီး ယိုယွင်း ရာတွင်ပညာဆက်တိုင်မှတ်လိုသား လိုရာ
မှတ်သား ကြသည်၊ ထုံး စံစာပေများ ကိုအနိုင်အမှန်ပြု၍အရပ်ရပ်ဝန်စာရေးအ
ကြီး အကဲပြုသမျှလူတို့မစား မယူတန်စား ယူကြ၍ဆင်း ရဲသား ကျွန်တော်မျိုး တို့မ
ငြိမ်မဝပ်မခံမရပ်နိုင်အောင်ရှိကြသောကြောင့်ပြည်သူဆင်း ရဲသား ကျွန်တော်
မျိုး တို့ငြိမ်း မည့်ထုံး စံသဘောသကန်စကား ရပ်များ ကိုအတွင်း ပြင်တိုင်ပင်၍
စာသွင်း ကြရမည်အမိန့်တော်ရှိသည်ကိုတိုင်း ထိန်း ပြည်ထိန်း ချုပ်ကိုင်စီရင်ကြရ
မည်လူကြီး များ မဟုတ်ကြဘာကဲ့သို့ပြည်သူဆင်း ရဲသား တို့မငြိမ်မဝပ်ရှိသည်စကား
များ ကိုသွင်း စာတွင်ပါပြန်လှာသည်၎င်း စကား ရပ်များ သာဖြစ်လျှင်ငါသိ
တော်မူဟောင်း ပင်ဖြစ်သည်၊ ပြည်သူဆင်း ရဲသား ကျွန်တော်မျိုး အပေါင်း တို့
ငြိမ်ဝပ်မည့်ထုံး စံသဘောသကန်ရောက်သည့်စကား ရပ်များ ကိုအတွင်း ပြင်တိုင်
ပင်မြဲတိုင်ပင်ကြပြီး လျှင်သိတော်မူသာအောင်စာထပ်၍သွင်း ဦး ၊ ပြည်သူဆင်း
ရဲသား အပေါင်း တို့ကိုအရှည်ငြိမ်ဝပ်စေခြင်း ငှါတကြောင်း သား တော်စည်မြေး
တော်အဆက်မြစ်တော်အဆွန့်အဖွန့်ရှည်သဖြင့်ဥဒါန်း တွင်ရစ်အောင်တကြောင်း ကို

ထောက်တော်မူ၍ ရာဇဓမ္မ လောကဝတ်သုံး ပါး နှင့်အညီ ဥပဒေသစ်သမုတ်ပြ
ဋ္ဌာန်း တော်မူသည်။

28 August 1784

သက္ကရာဇ် ၁၁၄၆ ခု တော်သလင်း လဆန်း ၁၄ ရက် နေ့နား ခံ
စ မြောင်မှူး သီဟနော်ရထာ ထွင်ပြန်။
( စလင်း သူကောင်း )

ရခိုင်အမှုတော်ကောင်း ရာလိုက်စေရမည်မှာအိမ်ရှေ့မင်း တပ်တွင်အမြင့် မြို့စား မင်းကြီး မင်း ခေါင်ကျော်နှင့်အိမ်ရှေ့ဝန်နေမျိုး ကျော်ထင်သီဟသူကို စစ်ကဲ၊ စကုမင်း တပ်မှာ နေမျိုး သီ ဟသူ၊ နေမျိုး စည်သူ ကျော်ထင်တို့ကိုစစ်ကဲ၊ ကာမမင်း တပ်မှာ နေမျိုး သီဟ ကျော်စွာ၊ နေမျိုး ကျော်ထင်သူရတို့ကိုစစ်ကဲခန့်။

8 September 1784

(သက္ကရာဇ်) ၁၁၄၆ ခု တော်သလင်း လပြည့်ကျော် ၁၀ ရက် နေ့နား ခံ ဝေရနော်ရထာတွင် ခေါ်၍ပြန်။

( မျိုးကြည့်၊ ပု၊ ၆၁၀ )

မင်း ရဲမင်းလှ ကျော်ထင်ကို မုတ္တမဝန်၊ နော်ရထာ ကျော် ခေါင်ကိုအခွန်ဝန်၊ စန္ဒ ဂါမဏိ (စည်သူ၊ နေမျိုး) နော်ရထာတို့ကိုစစ်ကဲ၊ ရဲခေါင်သူ (ရ) ကျော်ထင်၊ ရဲ ခေါင်သီရိ ကျော်သူတို့ကိုနားခံ၊ ရန်ခွင်း သီရိ (ကိုငရနဲမြို့) နေမျိုး သီရိ ကျော်သူ (ကိုမလည်) မြို့၊ နေမျိုး သီရိ ကျော်စွာကိုရွာသာမြို့၊ နေမျိုး နန္ဒစည်သူကိုချွန်းတောင် မြို့၊ နေမျိုး ကျော်စွာကိုမိုးတားမြို့၊ နေမျိုး ကျော်သူကိုကသာမြို့၊ နေမျိုး သီရိ ကျော် ထင်ကိုငစည့်ကူးမြို့၊ နေမျိုး သီ (ဟ) ကျော်ထင်ကိုကျပင်းမြို့ကိုသနားတော်မူသည်။

9 September 1784

(သက္ကရာဇ်) ၁၁၄၆ ခု တော်သလင်းလပြည့်ကျော် ၁ ရက်နေ့နားခံ ကျော်စွာ နော်ရထာတွင်ပြန်။

(မျိုးကြည့်၊ ပ့၊ ၆၁၀)

15 September 1784

ရခိုင်ချီတပ်ထွက်ပြင်စည်မြို့စား မင်း ရဲမင်း လှရွှေ တောင်ကိုရံတပ်မှူး ခန့်၍ လိုက်ထမ်း စေ၊ ကျောက်ဆောက်မြင်း မှူး မင်း ရဲသီဂ်သူမှာ ကျောက်ဆောက်မြင်း ကိုမှူး မြဲမှူး စေ၊ ကျောက်ဆောက်မြင်း မှူး၊ လက်ရွေး ငယ်မြင်း မှူး ၊ ဦး ရည် တော်မင်း ရဲကျော်စွာသား မင်း ရဲစည်သူညီငရွှန်း၊ တောင်ငူဝန်ဟောင်း သား ငလူငကူ၊ နောင်တော်အမြင့်မင်း သား ငကြီး၊ ငမော့၊ ငပုန်း ၊ မိဝန် သား ၂ ယောက်၊ မင်း ရဲဇေယျကျော်သား ငကာ၊ တောင်ငူဝန်ဟောင်း မင်း ရဲမင်း လှနော်ရထာသား ငမောင်ညီ ငပေါ်တာ၊ နောင်တော့်ဆင်ဖြူရှင်သီး ငမြွေ၊ ပဉ္စနဂိုရ်မြို့စား ၊ မြင်ကွန်း မြို့စား ဟောင်း တို့ကိုအမှူးတော် ကောင်း ရာအိမ်ရှေ့မင်း တပ်ထွင်လိုက်ပါထမ်း စေ၊ မင်း လှစေသူအ ဖ နေမျိုး ဇေယျ ကျော်ထင်ကိုမြင်း စုဝန်ခန့်။

15 September 1784

(သက္ကရာဇ်) ၁၁၄၆ ခုသတင်း ကျွတ်လဆန်း ၂ ရက်နေ့နား ခံ ကျော်စွာနော်ရထာထွက်ပြန်။

( မှီး ကြည့်၊ ပု၊ ၆၁၀)

ယခုခန့်တော်မူရာချီသွား ထမ်း ရွက်ရမည့်မင်း ညီမင်း သား မှူးထမ်း ဗိုလ်
မှူး ဘပ်မှူး သူရဲသခက်တို့မှာ ရှေး ကာလကဲ့သို့စစ်ချီလမ်း ခရီး မှာဝတ်ဆင်မြဲဖြစ်
သည်၊ ခွဲယူ၍အစီး အနင်း အဆောင်အရွက်အဝတ်များ ကိုသနား တော်မခံရ
သည်ကိုမဝတ်မဆင်မစီး မနင်း မဆောင်မရွက်ကြစေနှင့်သနား တော်ခံရသည်
တွင်၍သာစီနင်း ဝတ်ဆင် ဆောင်ရွက်စေ၊ ရှေး ဘေး လောင်း တော်ဘိုး
လောင်း တော်တို့လက်ထက်တတိုင်း တပြည်ချီသွား လုပ်ကြံရလျှင်အရေး ရှိလျှင်အိမ်
ရှေ့မင်း မှစ၍မင်း ညီမင်း သား ဗိုလ်မှူး တပ်မှူး တို့ကိုခန့်ထား ချီသွား စေ
မြဲထုံး စံရှိသည်နှင့်အညီ ရခိုင်အရေး တော်ရှိရာချီသွား လုပ်ကြံ တော်မူမည်ကို
အိမ်ရှေ့မင်း ၊ စကုမင်း ၊ ကာမမင်း တို့နှင့်မင်း ညီမင်း သား ဗိုလ်မှူး တပ်
မှူး အစုံအလင်ခန့်ထား တော်မူ၍ရှိသည်ကိုစကုမင်း ကာမမင်း တို့နှင့်ဗိုလ်တပ်
မှူး တို့ကိုသာချီသွား လုပ်ကြံစေသင့်သည် အတွင်း ဝန်အတွင်း မြဲမှူး မတ်တို့က
လျှောက်ထား ကြသောကြောင့်အိမ်ရှေ့မင်း တပ်ကိုအရံအတား ဆိုင်းလင့်စေခြင်း

20 September 1784

ဖြစ်သည်၊ လျှောက်ထား သူတို့ကိုထုံး စံနှင့်အညီ ၁၁၄၆ ခုသတင်း ( ကျွတ် ) လဆန်း
၇ ရက် နေ့ နေလှမ်း တုံးအိ ရာဇဝတ် တော်ကိုအတွင်း တော်မှာခံ စေ။

19 September 1784

သက္ကရာဇ် ၁၁၄၆ ခုသတင်း ကျွတ်လဆန်း ၆ ရက် နေ့နား ခံ ကျော်
ဇွာနော်ရထာတွင်ပြန်။
( စလင်း သူကောင်း )

20 September 1784

အတွင်း ဝန်တို့နှင့်အတွင်း မြဲမှူး မတ်တို့ရာဇဝတ် တော်ခံရမည်၊ အမှုပါအကျိုး တော်ကိုလို၍ လျှောက်ထား ကြသည်ပင်ဖြစ်သည်၊ နောင်သည်ကဲ့သို့အ လျှောက်မ ထား ကြနှင့်၊ သည်တကြိမ်ကိုချမ်း သာပေး တော်မူသည်။

20 September 1784

သက္ကရာဇ် ၁၁၄၆ ခုသတင်း ကျွတ်လဆန်း ၇ ရက်နေ့နံနက်၊ နားခံ ဇေယနော်ရထာထွင်ပြန်။

( စလင်း သူကောင်း )

22 September 1784

ပုဂံရွှေစည်းခုံဘုရား ချင်သေ့ရုပ်တွင်အင်္ဂါဇာတ်ကိုဖျက်သိမ်းသည့်အမှုမှာ စန်းနှင့်ရာဟုရှည်သည်ကာလ ၂ နေ့အခါလည်းကြုံသည်၊ ၂ နံဘုရားတွင်လည်း ဖြစ်သည်၊ ဖျက်သိမ်းသူလက်သည်တို့လည်း ၂ သားချည်းပင်ဖြစ်သည်၊ အမြင်မသာ၍ ဖျက်သိမ်းသည်စစ်ချက်ထွက်သည့်စကားကိုအမှန်ယူရမည်မဟုတ်၊ လက်သည်ကျော်စကံ၊ငပန်း ညိုတို့ကိုစစ်ရိုးအတိုင်း သိတော်မူသာအောင်စစ်ကြော၍စာသွင်းဦး ၊ ချင်သေ့တွင်ဖျက်သိမ်းသည့်အရာကိုလည်း အရာဟောင်းအတိုင်းအလျှင်ပြီး ပြေအောင်ပုဂံမြို့ဝန်တို့သို့မှာထား၍လုပ်ဆောင်စေ။ 22 September 1784

သက္ကရာဇ် ၁၁၄၆ ခုသတင်းကျွတ်လဆန်း ၉ ရက်နေ့နားခံပြော ကြီးမှူး တွင်ပြန်။

( စလင်းသူကောင်း )

ပုခန်း စား ဟောင်း၊ ပင်း တလဲစား ဟောင်း တို့ကိုအိမ်ရှေ့မင်း တပ်မှာ လိုက်ထမ်း စေ၊ လှေလျှင်ဆောင်မည်သူမှာလက်နက်ကိုင်ခ တော်သင့်အောင်ခန့်ထား ၍အကြီး ကျပ်နှင့်ပေး ဘွယ်ရိက္ခာမှာအိမ်ရှေ့မင်း က ကျွေး မွေး စေ၊ နောင်တော်ဆင်ဖြူရှင်ကိုလုပ်မိမင်း တွင် မွေး မြင်သည့်သား ကိုအိမ်ရှေ့မင်း တပ်မှာအဘိုး ဗလရုံ အောင် ကျော်ကိုမစ စေ၍ လိုက်ထမ်း စေ။

28 September 1784

(သက္ကရာဇ်) ၁၁၄၆ ခုသတင်း ကျွတ်လဆန်း ၁၅ ရက် နေ့နား ခံ စမြောင်မှူး တူင်ပြန့်။

( မျိုး ကြည့်၊ ပု၊ ၆၁၀ )

နောင်တော်အမြင့်မင်း ကိုလုပ်မိ ပြော်တွင်မြင်သည့်သား ကိုဘထွေး ငအိုလည်
ကမစစေ၍အိမ်ရှေ့မင်း တပ်မှာလိုက်ထမ်းစေ။

2 October 1784

(သက္ကရာဇ်) ၁၁၄၆ ခုသတင်း ကျွတ်လပြည့်ကျော် ၄ ရက်နေ့နား ခံ
ကျော်ရှာနော်ရထာတွင်ပြန်။
( မျိုး ကြည့်၊ ပု၊ ၆၁၀ )

အင်ကြင်း ပင်ဆရာ တော်သတင်း သုံး နေရန် ကျောင်း တော်သင့် အောင် ဆောက်စေ၊ ဆွမ်း မှာလည်း မောင်း ထောင်ဆရာ တော်နည်း ကျှိဝန်ကို ခန့်ထား ၍ ပို့စေ။

7 October 1784

(သက္ကရာဇ်) ၁၁၄၆ ခုသတင်း ကျွတ်လပြည့်ကျော် ၉ ရက် နေ့နား ခံ ကျော်စွာ နော်ရထာ တွင်ပြန်။

( မျိုး ကြည့်၊ ပု၊ ၆၁၀ )

မင်းကြီး မဟာမင်း ခေါင်ခံမြတ်ထင်ငယ်သည် ရုံမှတ်တော်မူ၍ ရာကြီး ထူးကြီး နှင့်ခန့်ထား တော်မူသည်၊ မှူးကြီး မတ်ကြီး မဟုတ်သကဲ့သို့ မှူးကြီး မတ်ကြီး တို့ထုံး စံကိုမကျင့်မစောင့်မရပ်ယုတ်မာစွာ သောအကျင့်ကိုကျင့်သူဖြစ်သည်၊ အနောက်သို့ ယူသွား စေ။

(သက္ကရာဇ်) ၁၁၄၆ ခုသတင်း ကျွတ်လပြည့်ကျော် ၁ ရက် (9 October 1784) နေ့နား ခံ ဇေယနော်ရထာတွင်ပြန်။

(မြိုးကြည့်၊ ပ၊ ၆၁၀)

9 (October 1784)

ငမြတ်ထင်ငယ်ကိုအနောက်သို့မသွားစေနှင့်ဦး ၊ သွားလျှင်လိုက်၍မှတ်။

9 (October 1784)

(သက္ကရာဇ် ၁၁၄၆ ခုသီတင်းကျွတ်) လပြည့်ကျော် ၁၁ ရက်နေ့နား

ခံ ( ဇေယနော်ရထာတွင် ) ပြန်။

( မျှူး ကြည့်၊ ပု၊ ၆၁၀ )

မင်းကြီး မဟာမင်း ခေါင်ခံငမြတ်တင်သည် ရာကြိုကူး ကြီး နှင့်သူကောင်း ပြု
တော်မူသည့်အတိုင်း မှူးကြီး မတ်ကြီး အရာနှင့်ထမ်း ရွက်နိုင်မည်မဟုတ်၊ သနား
တော်မူသည့်အစီး အနင်း အဆောင်အရွက်ဝန်စုမြို့ရွာကိုနှုတ်သိမ်း ပြီး လျှင်အိမ်
ကဆင်း သွား၍ မိဘုရား ဝန်အိမ်မှာနေစေ၊ အသက်စည်း စိမ်ကိုချမ်း သာ
ပေး တော်မူသည်၊ အကျည်း ကလွှတ်။

11 (October 1784)

(သက္ကရာဇ် ၁၁၄၆ ခုသတင်း ကျွတ်) လပြည့်ကျော် ၁၃ ရက် နေ့နား
ခံကျော်စွာ နော်ရထာပြန်။
(မျိုးကြည့်၊ ပု၊ ၆၁၀)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အ
မိန့်တော်ရှိသည်၊ ဘေး လောင်း တော်ဘိုး လောင်း တော်အဆက်ဆက်အခွန်အ
တုပ်ဆက်သရိုး ဖြစ် သော ရခိုင်ဓညဝတီမြို့သည် ရှေး အစည်ထုံး စံ ရှိသည်အတိုင်း ရွှေ
ဘဝါး တော်မြတ် အောက်မပြုပ်မဝပ်မဆက်မရောက်အချင်း ချင်း နှောက်ရှက်
ဖျက်ဆီး တိုက်လုံကြ၍သာသနာ တော်မငြိမ်မဝပ်မထွန်း မပရှိ သော ကြောင့်ပြည်
သူသတ္တဝါသာသနာ တော် ရေး ကို ထောက် တော်မူ၍ ရခိုင်ဓညဝတီတိုင်း နိုင်ငံကို
အသိမ်း အယူ မောင်အိမ် ရှေ့မင်း ကိုဗိုလ်မှူး အချုပ်ခန့် တော်မူသည်၊ ဗိုလ်မှူး
မောင်အိမ် ရှေ့မင်း တပ်ထွင် နေမျိုး ကျော်ထင်သီဟသူ၊နေမျိုး ဇေယျသူရတို့ကို
စစ်ကဲ၊ သီဟ နော်ရထာ၊သီရိ ဒေဝ စည်သူတို့ကို နား ခံ၊ လက်ဝဲနန္ဒ ကျော်ထင်၊
စည်သူရန္တမိတ်၊သီရိဗလ ကျော်သူတို့ကိုတပ်စာ ရေး ၊ မြင်း ၁၉၄၊ သေနတ်၁၄၅၂
လက်နက်ကိုင်၃၆၆၇၊ ၃စု၅၃၁၃။ နန္ဒပကြံကိုတပ်မှူး၊သီရိရဲလှ ကျော်ထင်၊နတ်
ထွတ်ဖျား တို့ကိုစစ်ကဲ၊ သီရိရဲလှ ကျော်စွာ၊ ရဲလှ ဇေယသူတို့ကို နားခံ၊ လက်ယာသီရိ
ကျော်ထင်၊စက်မြတ်မှန်သူတို့ကိုတပ်စာ ရေး ၊ မြင်း ၃၇၊ သေနတ်၁၆၁၊ လက်
နက်ကိုင်၅၀၇၊ ၃စု၇၀၅နှင့်တတပ်၊ သီရိတုရင်ကိုတပ်မှူး၊သူရိန်ရဲခေါင် ကျော်၊
ရန်ခွင်း ကျော်တို့ကိုစစ်ကဲ၊ တုရင်တင့်သူ၊ နရာရဲခေါင်တို့ကိုနား ခံ၊ ငမျက်ရှု၊
ငပြစ်တို့ကိုတပ်စာ ရေး ၊ မြင်း ၃၅၊ သေနတ်၁၇၇၊ လက်နက်ကိုင်၄၉၄၊ ၃စု
၇၀၆နှင့်တတပ်၊ မင်းလှနော်ရထာကိုတပ်မှူး ၊ အာကာရဲတင်၊ ပုံချို ကျော်သူ
တို့ကိုစစ်ကဲ၊ ရဲလှပုံချို၊ ရဲလှကျော်ခေါင်တို့ကိုနား ခံ၊ ဇလဝေသူ၊ တုရင် ကျော်စွာ
တို့ကိုတပ်စာ ရေး ၊ မြင်း ၃၇၊ သေနတ်၂၆၇၊ လက်နက်ကိုင်၄၁၄၊ ၃စု၇၁၈
နှင့်တတပ်၊ ငွေတောင်သီရိစည်သူကိုတပ်မှူး ၊ ဒေဝရဲ ကျော်ဘင်၊ ပုံချိုရဲ ကျော်
ခေါင်တို့ကိုစစ်ကဲ၊ သူရိန်လက်ဝဲ၊ သူရိန်ဧဝရ ကျော် ခေါင်တို့ကိုနား ခံ၊ တုရင်
ကျော်စွာ၊ ငချောရတို့ကိုတပ်စာ ရေး ၊ မြင်း ၃၇၊ သေနတ်၂၀၇၊ လက်နက်
ကိုင်၄၅၆၊ ၃စု၇၀၀နှင့်တတပ်၊ နေမျိုး သီရိ ကျော်ထင်ကိုတပ်မှူး ၊ ဥဒိန် ကျော်
သူ၊ ရဲခေါင်ဗလ ကျော်ထင်တို့ကိုစစ်ကဲ၊ ဇေယျပုံချို၊ဂုဏ္ဏ ဒေဝ ကျော်တို့ကိုနား ခံ၊
ဗလတင်၊ စက်ပေါ် ရဲသူတို့ကိုတပ်စာ ရေး ၊ မြင်း ၃၇၊ သေနတ်၁၈၅၊ လက်

နက်ကိုင် ၄၈၉၊ ၃စု၇၁၁နှင့်တတပ်၊ နေမျိုးသီဟသူကိုတပ်မှူး၊ ဇေယသီရိ
ကျော်ထင်၊ တုရင်ကျော်သူတို့ကိုစစ်ကဲ၊ နရာကျော်ထင်၊ တုရင်ပျံချီတို့ကိုနား
ခံ။ ဝေရနန္ဒကျော်ထင်၊ တုရင်ရန်အောင်တို့ကိုတပ်စာရေး၊ မြင်း ၃၇၊
သေနတ် ၂၀၀၊ လက်နက်ကိုင် ၄၇၈၊ ၃စု၇၁၅နှင့်တတပ်၊ နေမျိုးသီဟသခ်ယာ
ကိုတပ်မှူး၊ သီရိယော်ထာ၊ နန္ဒပျံချီတို့ကိုစစ်ကဲ၊ အင်းသည်ကျော်ထင်၊ နန္ဒမိတ်
ကျော်စွာတို့ကိုနားခံ၊ ငပုတ်၊ လက်ဝဲသူတို့ကိုတပ်စာရေး၊ မြင်း ၃၇၊ သေနတ်
၁၇၉၊ လက်နက်ကိုင် ၅၇၆၊ ၃စု၇၉၂နှင့်တတပ်၊ မင်းရဲမင်းလှရွှေတောင်
ကိုတပ်မှူး၊ နရာကျော်ထင်၊ ဝေရကမန်တို့ကိုစစ်ကဲ၊ သူရရန်နိုင်၊ သီရိကျော်
စွာတို့ကိုနားခံ၊ လက်ယာကျော်၊ ပျံချီသူရကျော်တို့ကိုတပ်စာရေး၊ မြင်း ၃၇
သေနတ် ၂၆၄၊ လက်နက်ကိုင် ၄၃၃၊ ၃စု၇၃၄နှင့်တတပ်၊ တပ်ပေါင်း ၉တပ်တွင်
ပါသည့်မြင်း ၄၈၈၊ သေနတ် ၃၀၉၂၊ လက်နက်ကိုင် ၇၅၁၄၊ ၃စု၁၁၀၉၄၊ အ
မြောက်၁၂၀၊ ဆေး ၃၈၅၅၊ ကျည်စေ့ ၂၆၁၀၀၊ ပေးအပ်တော်မူ၍ ဦးယဉ်
ပုကြောင်း၊ ဗိုလ်သီရိဓမ္မရာဇာတပ်တွင် နေမျိုးစည်သူ၊ နေမျိုးဇေယကျော်
ထင်တို့ကိုစစ်ကဲ၊ လက်ဝဲနန္ဒသင်္ကြန်၊ ရဲခေါင်သီဟကျော်စွာတို့ကိုနားခံ၊ ဘယဇေ
ယ၊ ကျော်ထင်သီဟတို့ကိုတပ်စာရေး၊ မြင်း ၁၄၇၊ သေနတ် ၃၄၈၊ လက်နက်
ကိုင် ၄၉၀၊ ၃စု၉၈၅နှင့်တတပ်၊ ပျံချီသေနကျော်ထင်ကိုတပ်မှူး၊ တုရင်ဝဏ္ဏ
ကျော်သူ၊ ရဲခေါင်လက်ဝဲကျော်ထင်တို့ကိုစစ်ကဲ၊ နတ်မီးထွန်း၊ သေနရာဇာ
တို့ကိုနားခံ၊ သီရိဇေယကျော်၊ သီရိရန်အောင်တို့ကိုတပ်စာရေး၊ မြင်း ၃၇၊
သေနတ်ကိုင်(၁၆၂)၊ လက်နက်ကိုင် ၅၀၆၊ ၃စု၇၀၅နှင့်တတပ်၊ နေမျိုးသီရိ
စည်သူကိုတပ်မှူး၊ နေမျိုးသာရ၊ နေမျိုးသာရဥဒိန်တို့ကိုစစ်ကဲ၊ သီရိကျော်
စွာ၊ တုရင်ဗလကျော်တို့ကိုနားခံ၊ ရန်တိပ်ဗလ၊ သီရိဇေယသူတို့ကိုတပ်စာ
ရေး၊ မြင်း ၃၇၊ သေနတ် ၂၅၅၊ လက်နက်ကိုင် ၄၂၃၊ ၃စု၇၁၅နှင့်တတပ်၊
နေမျိုးသီရိကျော်ဋ္ဌာကိုတပ်မှူး၊ ရန်အောင်ဗလကျော်ထင်၊ တမန်ဗန္ဓကျော်
ထင်တို့ကိုစစ်ကဲ၊ တမန်ရာမ၊ သာရရဲကျော်ထင်တို့ကိုနားခံ၊ ဝေသော်သာရ၊
ငငြိမ်း တို့ကိုတပ်စာရေး၊ မြင်း ၃၇၊ သေနတ် ၂၅၂၊ လက်နက်ကိုင် ၄၁၈၊ ၃
စု၇၀၇နှင့်တတပ်၊ နေမျိုးသီရိကျော်ခေါင်ကိုတပ်မှူး၊ ရဲလှရာဇာသူ၊ သာရ

ကျောက်ထင်တို့ကိုစစ်ကဲ၊ သူရကျော်၊ ရာဇသူကျော်တို့ကိုနားခံ၊ ငမြတ်ကျော်၊ င
ပေးတို့ကိုတပ်စာရေး၊ မြင်း ၃၇၊ သေနတ် ၁၈၁၊ လက်နက်ကိုင် ၄၈၂၊ ၃ စု
၇၀၀ နှင့်တတပ်၊ မင်းရဲသူကိုတပ်မှူး၊ သီရိသာရကျော်စွာ၊ ကျော်သူဇေတရစ်
တို့ကိုစစ်ကဲ၊ တုရင်ဝေရကျော်၊ ငရှင်ကြီးတို့ကိုနားခံ၊ နန္ဒသင်္ကြန်၊ သိင်္ခကျော်သူ
တို့ကိုတပ်စာရေး၊ မြင်း ၃၇၊ သေနတ် ၂၂၃၊ လက်နက်ကိုင် ၄၄၀၊ ၃ စု ၇၀၀ နှင့်
တတပ်၊ တပ်ပေါင်း ၆ တပ်တွင်ပါသည့်မြင်း ၃၃၂၊ သေနတ် ၁၄၂၁၊ လက်နက်ကိုင်
၂၇၅၉၊ ၃ စု ၄၅၁၂၊ အမြောက် ၁၀၀၊ ဆေး ၂၆၈၆၊ ကျည်စေ့ ၂၀၈၆၊
ပေး အပ်၍လင်း ပတော့ကြောင်း။ ဗိုလ်မှူး သတိုးမင်းစောတပ်တွင်မဟာမင်း
လှမင်းခေါင်၊ နေမျိုးဇေယကျော်သူတို့ကိုစစ်ကဲ၊ သီရိဗလကျော်ခေါင်တင်၊ လက်ဝဲ
ဥဒိန်တို့ကိုနားခံ၊ စည်သူဇေယ၊ သူရိန်ရဲတင်တို့ကိုတပ်စာရေး၊ မြင်း ၁၀၇၊
သေနတ် ၂၄၆၊ လက်နက်ကိုင် ၁၁၃၂၊ ၃ စု ၁၄၈၅ နှင့်တတပ်။ သီဟပတော့ကိုတပ်
မှူး၊ ရန်ခွင်းရဲလှကျော်တင်၊ ရဲတင်ဇေယကျော်တို့ကိုစစ်ကဲ၊ ရာမမဏိ၊ ငချစ်
ပုံတို့ကိုနားခံ၊ ဂုဏ္ဏဝေသော်၊ ဒေဝကျော်သူတို့ကိုတပ်စာရေး၊ မြင်း ၃၇၊
သေနတ် ၁၈၁၊ လက်နက်ကိုင် ၄၉၃၊ ၃ စု ၇၁၁ နှင့်တတပ်။ နေမျိုးရွှေတောင်
စည်သူကိုတပ်မှူး၊ ရမ္မစက်၊ နစိန်းခဲတို့ကိုစစ်ကဲ၊ ရန်နိုင်ကျော်တင်၊ ပုညရန်
နိုင်တို့ကိုနားခံ၊ သိင်္ခသူ၊ ရဲခေါင်ပျံရှိတို့ကိုတပ်စာရေး၊ မြင်း ၃၇၊ သေနတ်
၁၈၅၊ လက်နက်ကိုင် ၄၈၅၊ ၃ စု ၇၀၇ နှင့်တတပ်။ ဇေယရွှေတောင်နော်ရထာ
ကိုတင်မှူး၊ ဇေယပျံရှိကျော်စွာ၊ ငဘိုးကြီးတို့ကိုစစ်ကဲ၊ သီရိကျော်စွာ၊ ကျော်
ခေါင်အာကာတို့ကိုနားခံ၊ သာရသူ၊ ငပိုးဘို့ကိုတပ်စာရေး၊ မြင်း ၃၃၊
သေနတ် ၂၄၀၊ လက်နက်ကိုင် ၄၂၉၊ ၃ စု ၇၀၂ နှင့်တတပ်။ သေနရာဇာကိုတပ်
မှူး၊ ဘယသီဟ၊ သူရိန်စတ္တတို့ကိုစစ်ကဲ၊ တုရင်ပုံညတင်၊ ဘယရာဇာတို့ကိုနားခံ၊
ငမြတ်ရာ၊ ငနုတို့ကိုတပ်စာရေး၊ မြင်း ၃၂၊ သေနတ် ၂၃၃၊ လက်နက်ကိုင်
၄၃၁၊ ၃ စု ၆၉၆ နှင့်တတပ်။ စတ္တကျော်ခေါင်ကိုတပ်မှူး၊ တမန်သာရ၊ ကာ
မဏိကျော်ခေါင်တို့ကိုစစ်ကဲ၊ တမန်ပုည၊ ပျံရှိကျော်တို့ကိုနားခံ၊ ပျံရှိတန်ဆောင်၊
ငထွေးဖြူတို့ကိုတပ်စာရေး၊ မြင်း ၃၇၊ သေနတ် ၂၀၆၊ လက်နက်ကိုင် ၄၆၃၊
၃ စု ၇၀၆ နှင့်တတပ်။ တပ်ပေါင်း ၆ တပ်တွင်ပါသည့်မြင်း ၂၈၃၊ သေနတ် ၁၂၉၁၊

လက်နက်ကိုင် ၃၄၃၃၊ ၃စု၅၀၀၇၊ အမြောက်၈၀၊ ဆေး ၁၇၇၁၊ ကျည်စေ့ ၁၃၁၅၀၀၊ ပေး အပ်တော်မူ၍ မင်း တုန်း ကြောင်း။ ရေကြောင်း ချီနေ မြိုး ကျော်တင်တရဖျာကိုတပ်မှူး၊ သီရိကျော်ခေါင်၊ ရဲခေါင်တုရင်တို့ကိုစစ်ကဲ၊ ရဲခေါင် ကျော်တင်၊ အိန္ဒ ကျော်ခေါင်တို့ကိုနားခံ၊ စက်ရဲကျော်၊ ငပေး တို့ကိုတပ် စာရေး၊ သေနတ်၁၂၅၊ လက်နက်ကိုင်၄၀၅၊ ၂စု၅၃၀၊ အမြောက်တင်တိုက် လှေ၁၅နှင့်တတပ်။ နေမြိုး ကျော်တင်သူရကိုတပ်မှူး၊ သီဟနန္ဒ၊ သီဟကျော်ခေါင် တို့ကိုစစ်ကဲ၊ အင်သည်လက်ဝဲသူ၊ ရဲလှကျော်ခေါင်တို့ကိုနားခံ၊ ပျံချီနရာကျော်၊ သီဟကျော်သူတို့ကိုတပ်စာရေး၊ သေနတ်၁၇၁၊ လက်နက်ကိုင်၃၉၃၊ ၂စု၅၆၄၊ အမြောက်တင်တိုက်လှေ၁၅နှင့်တတပ်။ သီဟကာမဏိ ကျော်တင်ကိုတပ်မှူး၊ စကြာမင်း ရဲ၊ ရဲသူရန္ဒ ကျော်သူတို့ကိုစစ်ကဲ၊ ရာဇပျံချီ၊ ငသစ်တို့ကိုနားခံ၊ ပျံချီဇေယကျော်၊ ငရွှေရတို့ကိုတပ်စာရေး၊ သေနတ်၁၈၅၊ လက်နက်ကိုင်၄၀၅၊ ၂စု၅၉၀၊ အ မြောက်တင်တိုက်လှေ၁၆နှင့်တတပ်။ ဂန္ဓပစ္စည်း ကိုတပ်မှူး၊ သိခ်ဒေဝကျော်၊ အိန္ဒကျော်သူတို့ကိုစစ်ကဲ၊ လက်ဝဲပတော့၊ လက်ဝဲကျော်တင်တို့ကိုနားခံ၊ ရဲကျော် ဇေယ၊ ဇေယသမန်း ကျော်တို့ကိုတပ်စာရေး၊ သေနတ်၁၅၃၊ လက်နက်ကိုင် ၃၇၁၊ ၂စု၅၂၄၊ အမြောက်တင်ဘိုက်လှေ၁၉နှင့်တတပ်။ စက်တီအာကာကိုတပ် မှူး၊ တုရင်စတ္တကျော်၊ လက်ဝဲရာဇာတို့ကိုစစ်ကဲ၊ သီဟကျော်စွာ၊ တုရင်မြဲမြန် တို့ကိုနားခံ၊ လက်ယာရဲခေါင်ကျော်တင်၊ နတ်ပွင့်လှတို့ကိုတပ်စာရေး၊ သေနတ် ၁၈၅၊ လက်နက်ကိုင်၄၂၄၊ ၂စု၆၀၉၊ အမြောက်တင်တိုက်လှေ၁၆နှင့်တတပ်၊ ရဲကျော်တမွတ် ကျော်တင်ကိုတပ်မှူး၊ လက်ယာသီဟကျော်စွာ၊ သီရိကျော်တင်တို့ကို စစ်ကဲ၊ ရဲလှကျော်တင်၊ ရန်နင်း နရာတို့ကိုနားခံ၊ စက်မှန်တင်၊ သီရိစည်သူ တို့ကိုတပ်စာရေး၊ သေနတ်၁၇၄၊ လက်နက်ကိုင်၃၈၅၊ ၂စု၅၅၉၊ အမြောက် တင်တိုက်လှေ၁၅နှင့်တတပ်။ ရဲခေါင်စည်သူ ကျော်တင်ကိုတပ်မှူး၊ အာကာကျော် စွာ၊ ပျံချီသူရိန် ကျော်တင်ဘို့ကိုစစ်ကဲ၊ ရဲနေစတ္တကျော်၊ ရဲပျား သူရိန်ကျော်တို့ ကိုနားခံ၊ ဇေယနရာ၊ ငကျော်တင်တို့ကိုတပ်စာရေး၊ သေနတ်၁၈၁၊ လက် နက်ကိုင်၄၅၃၊ ၂စု၆၃၄၊ အမြောက်တင်တိုက်လှေ၁၆နှင့်တတပ်။ နရာသမန်း ကျော်ကိုတပ်မှူး၊ နရာနန္ဒကျော်၊ ဇေယဥဒိန်တို့ကိုစစ်ကဲ၊ တုရင်လှ၊ ငချမ်း

သာတို့ကိုနှား ခံ၊ ငကြီး ၊ ငကျော် အောင်တို့ကိုတပ်စာရေး ၊ သေနတ်၁၇၄၊
လက်နက်ကိုင်၇၀၅၊ ၂စု၈၇၉၊ အမြောက်တင်တိုက်လှေ၁၄နှင့်တတပ်။ သီရိနန္ဒ
ကျော်သူကိုတပ်မှူး ၊ ဒိဗ္ဗကျော်ခေါင်၊ သိဒ်နန္ဒကျော်သူတို့ကိုစစ်ကဲ၊ ဇေယဗလ၊
သိဒ္ဓိသူရကျော်တို့ကိုနှား ခံ၊ ပုံချိဝေသာ၊ သီရိကျော်တို့ကိုတပ်စာရေး ၊ သေနတ်
၁၆၈၊ လက်နက်ကိုင်၃၈၅၊ ၂စု၅၅၃၊ အမြောက်တင်တိုက်လှေ၁၅နှင့်တတပ်။
သီဟနော်ရထာကိုတပ်မှူး ၊ အင်သည်ကျော်၊ ရဲခေါင်ဇေယကျော်သူတို့ကိုစစ်ကဲ၊
ရဲသူဇေတ၊ နရရန်အောင်တို့ကိုနှား ခံ၊ ရဲလှကျော်ခေါင်၊ ဇေတုတမန်တို့ကို
တပ်စာရေး ၊ သေနတ်၁၆၈၊ လက်နက်ကိုင်၃၈၅၊ ၂စု၅၅၃၊ အမြောက်တင်
တိုက်လှေ၁၅နှင့်တတပ်။ ရေကြောင်း ချီတပ်ပေါင်း ၁၁တပ်တွင်တိုက်လှေစီး အ
ရာရှိ၇၇၊ သေနတ်၁၈၄၈၊ လက်နက်ကိုင်၄၃၉၆၊ အမြောက်တင်တိုက်လှေ၁၆၅၊
အမြောက်၆၃၃၊ အမြောက်ကျည် စေ့၄၁၄၀၀၊ သေနတ်ကျည် စေ့၇၆၉၅၀၀၊
မီး ကျောက်၁၆၁၈၅ ပေး အပ်တော်မူ၍ ရေကြောင်း ၊ ကုန်း ကြောင်း သူရဲ
သူခက်၊ စစ်အင်္ဂါ၄ပါး ၊ ဆင်လုံး မြင်း ရင်း အများ နှင့် အောင်စည် အောင်
မောင်း အောင်လံ ပေး အပ်တော်မူပြီး လျှင် မောင်အိမ်ရှေ့မင်း ကိုအချုပ်ဗိုလ်
ခန့်တော်မူ၍ ရခိုင်ဓညဝတီမြို့တိုင်း နိုင်ငံကိုအသိမ်း အယူချီသွား စေသည်။ ရခိုင်
ဓညဝတီမြို့တိုင်း နိုင်ငံသည်သာသနာ တော်အညစ်အကြေး ပြည်လေး ပြည်မှား တ
ရား မတည် သောလူဆိုး လူသွမ်း တို့ကိုအကုန်အစင်ဘမ်း ဆီး နှိပ်နှမ်း ရှင်း လင်း
၍သမ္မာအယူတည် စေလျက်သာသနာ တော်ထွန်း ပပွင့်လင်း စည်ပင် စေ ကြောင်း
နှင့် မောင်အိမ်ရှေ့မင်း ကိုခန့် တော်မူ၍သိမ်း ပိုက်သုတ်သင်ရှင်း လင်း ရမည်၊
အခါတော်အတိုင်း ချီသွား စေသည်၊ အောင်တပ် တော်ချီသည့် နေ့မှစ၍တပ် တော်
များ တွင်ပါသည့်အလုံး အရင်း ရေကြောင်း ကုန်း ကြောင်း သူရဲသူခက် အမြောက်
သေနတ် ဓား ကျည် စေ့လက်နက်ကိရိယာအလုံး အရင်း အစည်း အကြပ်တစည်း တရုံး
တည်း ခန့် တော်မူရင်း တိုင်း ၃ ကြောင်း ၃သွယ်မကွဲမပြား အုပ်မကွပ်ကဲပြီးလျှင်၂စခန်း
၃ ခန်းကိုတစခန်း တည်း ရောက် အောင်ရှပ်ရှပ်ချွန်ချွန်ချီသွား ရမည်၊ လမ်း
လျှောက်နိုင်ငံတော်ကျွန်တော်မျိုး ဆင်း ရဲသား တို့မြို့ရွာများ တွင် ကျွဲနွား ဝက်
ကြက်မှစ၍သစ်သီး တလုံး ဟင်း ရွက်တချပ်ကိုမျှအပိုင်အနိုင်မလုမယူမဖျက်မဆီး စေရ၊

ဆင်း ရဲသား တို့သား သမီး ပျိုတို့ကိုမသိမ်း မယူစေနှင့်၊ ထန်း ရည်အရက်စိန်ပင် ကစော်လှော်စားပင်း ဘိန်း ယစ်မျိုး နှင့်စပ်သည်ကိုမသောက်မစား စေရမည် အကြောင်း နှင့်ကြပ်ကြပ်တည်း တည်း နှိုး ဆော်စီရင်ရမည်၊ စခန်း ချတိုင်း ချတိုင်း တပ်မတော်များ ကိုအစည်း အကြပ်နှင့်ညီညွတ်စွာချနေစေ၊ တပ်တွင် ရဲမက်ဗိုလ်ပါအရောက်မညီသည်ကိုဆင်မြင်း ကြီး ကမချစေနှင့်၊ အရောက်ညီမှကြီး ကချစေ၊ ဆင်မြင်း များ ကိုလည်း ကြီး လွန်မကွာထိန်း ကြောင်း ရမည်အကြောင်း တပ်တော်များ ထွင်လည်း သူရဲသူခက်တို့နမိတ်မင်္ဂလာမရှိသည့်စကား ကိုမပြော မဆိုစေရမည့်အကြောင်း နှင့်ဗိုလ်မှူး ၊ တပ်မှူး ၊ စစ်ကဲ၊ နား ခံ၊ ဆင်စီး၊ မြင်း စီး တို့ကိုမှတ်စာပေး၍ကြပ်ကြပ်တည်း တည်း စီရင်၊ သူရဲသူခက်တို့လည်း လက်နက်ကိုယ်မကွာစေနှင့်၊ ဆင်တော်များ လည်း ဆင်ကြီး ရည်အောင်တိုက်ဆင်များ ဖြစ်သည်၊ လမ်း ခရီး ထွင်မပင်မပန်း မလျော့ရအောင်မြက်ကောင်း ရေကောင်း ဖြည့်တင်း ကျွေး မွေး ၍သာယာစွာဆောင်ယူရမည်၊ တပ်ပါမြင်း များ ကိုလည်း လမ်း ခရီး ကမစီး မနင်း စေနှင့်၊ ချသည့်တပ်တော်တွင်း ဗိုလ်မှူး သည်နံနက်စောစော ကထ၍ရတနာဉ်း ကိုသင်ပုတ်ရေချမ်း တင်လျှာပူဇော်ရမည်၊ တောတောင်ရေ စောင့်နတ်တို့ကိုလည်း တရား မတည်သာသနာတော်အညစ်အကြေး ဖြစ်သော ရခိုင်သံတွဲထီး နန်း မြို့ပြတိုင်း ခရိုင်နိုင်ငံအလုံး ကိုဆင်မြင်း သူရဲသူခက်တို့မပင်မပန်း အဆောတလျှင်ရစေကြောင်း အရေး တော်ပြီး လွယ်စေကြောင်း နှင့်ဆုတောင်း ပဌနာပြု၍ထမင်း မုန့်ယိုအချိုအဆိမ့်အုန်း ကြံငှက်ပျောဆေး ကွမ်း လဘက်ပန်း ပေါက်ပေါက်အမွှေး အထုံရည်နှင့်တင်ကြွ ပူဇော်ရမည်၊ အချုပ်အကိုင်ကျနိုး ဆော်ခေါ်လျှင်လည်း တပ်ရုံဗိုလ်မှူး ၊ တပ်မှူး ၊ စစ်ကဲ၊ နား ခံ၊ တပ်စာရေး၊ အမည်ရသွား သောက်ကြီး၊ အမှုထမ်း တို့၊ တား ခါး ချုပ်ခါတပ်မတော်သို့ ရောက်စေရမည်၊ တပ်တော်များ အရောက်ညီ၍ချရပ်မိလျှင်ငှမျက်နှာလမ်း ပေါ်လမ်း ဝတော်သင့်ရာစုံစမ်း စေပြီး မှဆင်စာမြင်း စာကိုရှာယူစေ၊ တပ်တွင်း တပ်ပြင်အနီး အစပ်တွင်မကောင်း ဟောင်း နွမ်း သည့်အဆွေး အမြည့် မရှိစေရ၊ ရှင်း လင်း သုတ်သင်စေ၊ သူရဲသူခက်တို့ချက်ပြုတ်စား သောက်သည်ကါ လလွန်လျှင်မီး မထား မရှိစေနှင့်၊ တည်ညည့်ငယ်မောင်း ခပ်၍လှည့်ပတ်ကြည့်ရှုနှိုး

ဆော်စေ၊ တပ်တော်များ တွင်လည်း ဆူး ငြောင့်ခလုပ်မြင်း တား လုံခြုံအောင် တပ်စည် အတိုင်း လုပ်ဆောင်ချနေစီရင်ပြီး ယှင်မျိုး ရိက္ခာလုံလောက်စွာခန့် ထွက်သွင်း ထား ရမည်၊ သင်း တို့အကြောင်း အရာအကြံအစည်အရိပ်အခြည်ကိုသိရ အောင်ရဲရောင်မြန်မာသူတို့ကို ရွေး ချယ်ခန့်ထား၍ကျည်း ကြောင်း ရေကြောင်း သင့်ရာကင်း ရှည်ကင်း တိုထိုး သွား စုံစမ်း စေ၊ အကြောင်း အရာကြား သိထင် မြင်ရလျှင်လည်း ရေကြောင်း ကအနိုင်အပြီး လုပ်ကြံစေသင့်မည်၊ ကျည်း ကြောင်း ကအနိုင်အပြီး လုပ်ကြံစေသင့်မည်၊ အရေး အကြောင်း ထင်မြင်ရာဗိုလ်မှူး တပ် မှူး စစ်ကဲနား ခံတို့တိုင်ပင်၍အရေး တော်အား ကြီး ရာဘိဘိစီး စီး စီရင်ချိ သွား လုပ်ကြံရှင်း လင်း ရမည်၊ ဗိုလ်မှူး တပ်မှူး စစ်ကဲနား ခံအမည်ရသွေး သောက်ကြီး အကွပ်အကြပ်မြင်း စီး မြင်း သည်သူရဲသူခက်ကျည်း ကြောင်း ရေ ကြောင်း အမှုထမ်း တို့သည် ကျေး ဇူး သစ္စာတော်ကို စောင့်သိရိုသေစွာမထိတ်မ လန့်သွေး တည်း ရှောင်လွှဲသော်စစ်မျက်နှာထွက်သော်မည်သသူမဆိုဖြတ်တန်သူကို ဖြတ်၊ သတ်တန်သူကိုဝင်၍သတ်၊ အမှုတော်ကိုကျိုး စား အား ထုတ်မဆုတ်မလည်စွန့် စား ထမ်း ရွက်၍ပွဲလမ်း ရသသူတို့လည်း ရသည့်ပွဲလမ်း ထန်း ရည်ရွက်ရည်အလျော် သူကောင်း ပြုတော်မူမည်၊ အစုအငန်း အမည်အရည်နှင့်မှတ်၍ လျှောက်၊ စစ်ရေး စစ်မှုဆိုသည်အရာသည်စစ်ဦး စစ်စကောင်း မှစစ်လယ်စစ်နှောင်း ကောင်း မည်၊ ထွေး တောမျှော်မြင်စီရင်ခန့်ထား၍အမှုတော်ကိုစည်း စည်း ကြပ်ကြပ် ကွပ်ညှပ်စီရင်စွန့်စား ထမ်း ရွက်တိုက်ခိုက်လုပ်ကြံနှိပ်နှိမ့်ရှင်း လင်း သိမ်း ယူရမည်၊ အရေး အကြောင်း အရိပ်အခြည်ယင်မြင်သမျှကိုလည်း ဗိုလ်မှူး တပ်မှူး စစ်ကဲနား ခံအမှုထမ်း တပ်ရန်ဗိုလ်မှူး စစ်ကဲနား ခံအမှုထမ်း တို့နှင့်သည်အရေး မှာသို့လုပ် ကြံရမည်၊ ညီညွတ်စွာစုရုံး တိုင်ပင်၍အရေး တော်ပြီး ပြေလွယ်အောင်လုပ်ကြံကြရ မည်၊ အရေး အကြောင်း ရှိသမျှကိုလည်း ကြား သိတော်မူရအောင်သင့်ရာခန့် ထား ၍မပြတ်မလပ်ရှိခိုး သံတော်ဦး တင်လာစေ၊ တရား မတည်သောရနိုင် ဓညဝတီတိုင်း နိုင်ငံသည်ရွှေဘုန်း တော်မြတ်ကြောင့်အရေး တော်အလျှင်ပြီး ပြေ လွယ်မည်ဖြစ်သည်၊ အရေး တော်ပြီး ပြေကုန်တွင်လျှင်တောပုံ တောင်ခြေနေထိုင် သည်သူတို့ကိုသူရဲသူခက်တို့ဝါချင်း ငါး ယောက်ချင်း မလိုက်မရှာစေနှင့်၊ စီရင်

ခင်း စီရင်ဘွယ်ရှိသမျှကိုအမှုတော်ပြီး ပြေကုန်တွင်လွယ်အောင်စီရင်။

16 October 1784

သက္ကရာဇ်၁၁၄၆ခုတန်ဆောင်မုန်း လဆန်း ၄ရက်နေ့လွှတ်တော်တွင်အိမ်ရှေ့မင်း ကိုပြန်၍အပ်သည့်အမိန့်တော်ပြန်တမ်း ။

( မြွေး ကြည့်၊ ပု၊ ၃၅၆ )

ဥတ္တမသီရိကိုဟဿာမြို့သနား တော်မူသည်။ 30 October 1784

(သက္ကရာဇ် ၁၁၄၆ ခုတန်ဆောင်မုန်း လပြည့်ကျော် ၃ ရက်နေ့ နားခံ ဇေယနော်ရထာတွင်ပြန်။

( မြိုး ကြည့်၊ ပု၊ ၆၁၀ )

မင်း ညီမင်း သား မှူး တော်မတ်တော် နေရာနေလွှတ်တော်ရုံး တော်အတွင်း တော်အရာရှိတို့မှ သက္ကရာဇ် ၁၁၄၆ ခုနှစ် တော်လဆန်း ၁ ရက်နေ့က စ၍ ဝတ်လုံ ဝတ်ဆင်ကြစေ။

6 November 1784

(သက္ကရာဇ်) ၁၁၄၆ ခု တန်ဆောင်မုန်း လပြည့်ကျော် ၁၀ ရက်နေ့ ညနားခံ ကျော်စွာ နော်ရထာ ထွင်ပြန်။

(မြိုး ကြည့်၊ ပုံ၊ ၆၁၀)

ကျောက်ပန်း တောင်း မြို့နေရွာသား တို့အမှုမှာ သက္ကရာဇ်၇၆၄ခု ကာလသီဟ ပတေ့မြစည်း ခုံဘုရား ရှင်ကိုလှူသည့် ကျောက်စာထွက်ကို ထောက်လျှင် ကျောက်ပန်း တောင်း သား တို့ကိုဘုရား ကျွန်မှ ကင်း လွတ်သည် မယူမဆသာ သော ကြောင့်ဘုရား ရှင်မှာ ထမ်း စေအမိန့်တော်ရှိသည်ကို မောင်း ထောင်ဆရာတော်ကသွင်း သည့် မေတ္တာစာတွင်ဘုရား အသည်မှ ကင်း လွတ်၍ မင်း ကျွန်မင်း မှုထမ်း ဖြစ်သည် ကြောင်း ကိုပါပြန်သည်မှာ ဆရာတော်သင်္ဃာ တော်တစုသည်ဘုရား သခင်တပည့် သင်္ဃာ တော်ရင်း ဖြစ်သည်၊ မဂ်ဖိုလ်နိဗ္ဗာန်ကိုအလိုရှိ၍ ရဟန်း အဖြစ်သို့ယူကြကုန် သည်ကိုလည်း ဝိနည်း သိက္ခာပုဒ်ကိုမ ထောက်မချင့်မဆင်မကျင်ယူကြဘိမည်မဟုတ်၊ ငါ မှာမင်း ကျင့်တရား ကို ရှေ့ရှု၍ မင်း ပြုရသည့်တကာသာဖြစ်သည်၊ မောင်း ထောင်ဆရာတော်နှင့်ကျမ်း ဂန်သိလိမ္မာတော်မူကြသည့်ဆရာတော်တစုတို့က ကျောက်ပန်း တောင်း သား တို့ကိုဘုရား ရှင်ကျွန်သီး တော်မဖြစ်ထိုက်၊ မင်း ကျွန်မင်း မှုထမ်း သာဖြစ်ထိုက်ဖြစ်သင့်သည် တရား ကျမ်း ဂန်ထုံး စံနှင့်အညီ စည်း ဝေး တိုင်ပင်တော်မူကြ၍ စာသွင်း တော်မူကြလျှင်လက်ခံစေသုံး ရမည်ပင် ဖြစ်သည်၊ မဟာဒါန်ဝန်ကဆရာတော်တို့ကိုပင့်ဘိတ် လျှောက်ထား စည်း ဝေး စေ၍ စာသွင်း တော်မူကြမည့်အကြောင်း နှင့် လျှောက်ထား ၍ မေတ္တာစာသွင်း ။

24 November 1784

သက္ကရာဇ် ၁၁၄၆ ခုနတ်တော်လဆန်း ၁၃ ရက် နေ့နား [illegible] ကျော် ဇွာနော်ရထာတွင်ပြန်။

(စလင်း သူကောင်း )

ယွန်း စုဝန်စုမှာယွန်း စုစာရေး ဇေယသူယကို နှုတ်၊ သီရိဇေယ ကျော်ထင်၊ ငတက်မြိုး တို့ကိုယွန်း စုစာရေး ခန့်။

25 November 1784

(သက္ကရာဇ်) ၁၁၄၆ ခုနတ်တော်လဆန်း ၁၄ ရက် နေ့ညနား ခံ ကျော်စွာ နော်ရထာတွင်ပြန်။

(မြိုး ကြည့်၊ ပု၊ ၆၁၀)

နောက်ဝင်း မှူး နေမျိုး နော်ရထာ ကျော်တင်ကိုအနောက်ဘက်တိုက်ဝန်ခန့်၊ နေမျိုး နော်ရထာ ကျော်ထင် နေသည့်ဝင်း ခြံကို နောက်ဝင်း မှူး ရွှေတောင် ရာဇာ နေစေ၊ နေမျိုး နော်ရထာ ကျော်ထင်မှာ အနောက်ဘက်တိုက်ဝန်ရှိ စည် နေသည့်ဝင်း ခြံကို နေစေ၊ အနောက်ဘက်တိုက်ဝန် ဟောင်း နေသည့်နေ တော် နေရာလပ်သည်ကိုလည်း နေမျိုး နော်ရထာ ကျော်ထင်ကို ချ။

28 November 1784

(သက္ကရာဇ်) ၁၁၄၆ ခုနှစ် တော်လပြည့်ကျော် ၂ ရက် နေ့ နားခံ ကျော်စွာ နော်ရထာတွင်ပြန်။

(မျိုးကြည့်၊ ပု၊ ၆၁၀)

မြို့ရွာသူကြီး အစုရှင်ခေါင်း အကြီး တို့ထိမ်း သိမ်း စီရင်နက် မြေနေလူတို့တွင်အ
သည်စာရင်း ပါလျှင်အသည်ဖြစ်စေ၊ အစုစာရင်း ပါလျှင်အစုဖြစ်စေ၊ အသည်စု 23 November 1784
သမီး တို့နှင့်စုရှင်ခေါင်း အကြီး မပေါ်လျှင်အသည်ဖြစ်စေ၊ သက္ကရာဇ် ၁၁၄၆ ခု
နတ်တော်လဆန်း ၁၂ ရက် နေ့ထုတ်ပြန်သည့်အမိန့်တော်တွင်ပါသည်ကိုအစုရှင်ချင်း 1764
စာရင်း ဆိုင်ပြိုင်မိကြလျှင် ၂၆ ခုစာရင်း ဝင်သူကရစေ။ စစ်ကြောပါရာအထက်
စာရင်း နောက်စာရင်း ညီညွတ်လွယ်မည်အကြောင်း နှင့်ဝန်တို့ကအထွင်း ဝန်
တို့သို့ဆင့်ကဲလျှောက်ထား သည့်အမှုမှာမြို့ရွာသူကြီး တို့ထိန်း နက်မြေနယ်အတွင်း နေ
လူတို့တွင်သူကြီး တို့ကစာရင်း ပေး ရာအသည်ပါလျှင်အသည်ဖြစ်စေ၊ အစုပါလျှင်အစု
ဖြစ်စေ၊ အသည်သူကြီး တို့ကအသည်စာရင်း ပါလေပြီး သသူတို့ကိုအစုရှင်တို့ကစာရင်း
ပေး ရာအစုပါသော်လည်း အစုရှင်တို့ကနှုတ်စေမဆိုသာပြီ၊ အစုရှင်တို့ကပေး သည့်
စာရင်း တွင်ဝကြက်ခြေပြမှတ်၍အသည်ဖြစ်စေ၊ အသည်သူကြီး တို့ကစာရင်း ပေး
ရာအစုစာရင်း ပါလျှင်စုရှင်တို့ကပင်စာရင်း မပါသော်လည်း အသည်သူကြီး တို့
ကပေး သည့်အစုစာရင်း ပါသည့်အတိုင်း စုရှင်တို့ကိုအပ်၍အစုဖြစ်စေ၊ အသည်သူ
ကြီး တို့ထိန်း နက်နယ်မြေအတွင်း အစုသားတို့ကိုလွှတ်မှတ်ပေး သည့်မြေနေလူတို့တွင်
အစုရှင်တို့အစုမသိစာရင်း ပေး ရာပါလျှင်အစုရှင်တို့ကရကောင်း သည်မဆိုသာ
အစုရှင်တို့ကပေး သည့်စာရင်း ကိုဝကြက်ခြေပြမှတ်၍နယ်ရှင်သူကြီး တို့မှာတိုင်ဆက်
စည်ထမ်း ရွက်စေ၊ ပါယ်ရှင်သူကြီး တို့ထိန်းနက်မြေနယ်အတွင်း မဟုတ်ပယ်ရှင်နယ်
ရှင်မရှိအစုသား တို့ထိန်း သိမ်း စီရင်နက်မြေတွင်နေထိုင်သည့်လူတို့မှာစုရှင်တို့
ကစုမသိစာရင်း ပါလျှင်လည်း အသည်တိုင်ဆက်စေမဆိုသာပြီအစုမှာဖြည့်သွင်း ၍
ဝင်း တော်၄မျက်နှာမှာထမ်း ရွက်စေ၊ အထက်အမိန့်တော်ပါသည့်အတိုင်း အစု
ဖြစ်စေ၊ အစုသား ချင်း စာရင်း ပေး ဆပ်သောကြောင့်အငြင်း အခုံထွက်ကြ 1764
လျှင်လည်း ၂၆ ခုနှစ်သိမ်း သည်ကာလစာရင်း ပါသူကရစေ၊ လက်ထက်တော်ကျသူ 1764
ကိုရစေမဆိုသာ၊ ၂၆ ခုနှစ် သိမ်းသည့်စာရင်းမှာလည်း မပါလက်ထက်တော်စစ်သည့်
စာရင်း တွင်လည်း မပါမဝင်သည့်လူတို့မှာဆင်ဖြူရှင်လက်ထက်ကသည်ယခုတိုင်စွဲလမ်း
ထမ်း ရွက်ရသည့်အစုရှင်တို့မှာအစုရှင်သွင်း ၍ ရှေး အမိန့်တော်ထမ်းနှင့်အညီထမ်း
ရွက်စေ။

3 December 1784

3 December 1784

သက္ကရာဇ် ၁၁၄၆ ခု နတ်တော်လပြည့်ကျော် ၇ ရက် နေ့ နားခံ

ပြော့ကြီး မှူး ထွင်ပြန်။

( စလင်း သူကောင်း )

ရွှေတောင်ရန္တာသူကိုချည်ပင်ရွာအစားသနားတော်မူသည်။ 29 December 1784

(သက္ကရာဇ်) ၁၁၄၆ ခုပြာသိုလပြည့်ကျော် ၄ ရက် နေ့ညနား ခံဇော

ယနော်ရထာတွင်ပြန်။

(မျှိုး ကြည့်၊ ပု၊ ၆၁၀)

ဗလရာဇာကိုငင်း တိုက်သက်ပန်း ရွာ ဇေယနန္ဒမိတ် ကျော်သူကိုငင်း တိုက်မြင်တိုင်ရွာကိုသနား တော်မူသည်၊ ဇရွှံမြို့ကိုမင်း ကြီး နန္ဒ ကျော်ထင်ကအုပ်ချုပ်၍ ဇရွှံမင်း သမီး ကို မွေး ကျွေး ပြုစုစေ၊ မြတ် (သီရိ) ဒေဝီကိုတွင်း သင်း တိုက်အဝင်စတ္တုပါရွာ၊ ရာဇဒေဝီကိုအနောက်ဘက်တိုက်အဝင်သပြေဝွ ရွာ၊ မိမင်ကြွက်ကိုဆင် ကြေး တိုက်အဝင်မုံသွင်ရွာ၊ သီရိဆီမီကို မြောက်ဘက်တိုက်အဝင်သစ်ဆိမ့်ပေါ်ရွာကိုသနား တော်မူသည်။

29 December 1784

(သက္ကရာဇ်) ၁၁၄၆ ခုပြာသိုလပြည့်ကျော် ၄ ရက် နေ့နားခံ ပြော့ကြီး မှုး တွင်ပြန်။

(မှုံး ကြည့်၊ ပု၊ ၆၁၀)

အကြေအညာမှစ၍အရှေ့ဘက်အနောက်ဘက်အဝေး အနီး ကြည်း ခင်း ရေခင်း
များ မှာဟိသာဝတီရောက်မင်း ဘေး တော်ဘိုး တော်ခမည်း တော်တို့လက်ထက်
အဘိုး အခွန်ဆက်သွင်း မြဲကင်း ကိုသာကင်း ကြေး ကင်း ငွေကောက်ခံဆက်သွင်း စေ
အမိန့်တော်တမ်း၌ လေပြီးသည်ကိုအမိန့်တော်အတိုင်း ရှေးယခု ရိုး ခံရိုး မဟုတ်သည့်
ကင်း များ ကိုပင်မြို့စား ရွာစား တို့ကနယ်တွင်း ကြသည်ဆို၍ကင်း ကြေး ကင်း
ငွေကောက်ခံပြန်ကြောင်း များ နှင့်ရှေ့နား တော်မြတ်ကြား တော်မူပြန်ရ
သည်၊ ရှေး ကင်း ကြေး ကင်း ငွေကောက်ခံဆက်သွင်း ရိုး ကင်း မဟုတ်လျှင်အရာ
တော်မှစ၍မြို့စား ရွာစား တို့ကကင်း ကြေး ကင်း ငွေမကောက်မခံမဆက်မ
သွင်း စေနှင့်၊ အထက်အမိန့်တော်ရင်း အတိုင်း ရာဇဝတ်မှုလုံးခြုံအောင်ကိုသာ
အစောင့်အနေထား၍စစ်ကြောစေ၊ ကင်း စောင့်ကင်း နေလူကိုလည်း မြို့
စား ရွာစား ဝန်စုဝန်ရှင်တို့ကမခန့်မထား စေနှင့်၊ လွှတ်တော်ကသွေး
သောက်ကြီး စုမြင်း တော်သည်ခန့်ထား၍ကင်း ကြေး ကင်း ငွေပနာကယမ
စား မယူရာဇဝတ်ရေး ပြေကုန်အောင်သာစောင့်နေစစ်ကြောစေ။

31 December 1784

သက္ကရာဇ် ၁၁၄၆ ခုပြာသိုလပြည့်ကျော် ၆ ရက် နေ့နား ခကျော်ခွာ
နော်ရထာတွင်ပြန်။

( စလင်း သူကောင်း )

အသည်အလာ ၁၄၀ – ၅၀ သွေး သောက်စုမြင်း တော်သည်ဒိုင်း လမိုင်း ဝင်း ကိုယ် ရုံမှစ၍ ကျောင်း ဘုရား အစုတိုင်ဘေး လောင်း တော်ဘိုး လောင်း တော်တို့ လက်ထက်ဘွဲ့ဘက်ထမ်း ရွက် စေသည့်လူတို့မှာ တစုနှင့်တစု မသင့်မနေ မထွေးမရှက်စေ ရ၊ စုရေး စုကိုင်တို့ကထိန်း သိမ်း စောင့်ရှောက်၍ စုချင်း ဝင်း ချင်း ဆိုင်သင့် ရာသာသင့် နေကြရမြဲဖြစ်သည်၊ မစောင့်မရပ်သည့်လူတို့ကြောင့်သာ မွေး မြင် သည့်သား သမီး သို့ရောက်လျှင်နှိမ့်ရာပါစေ မြင့်ရာပါစေ ပိုင်း ခြား သမုတ် ရသည့် ရှေး ထုံး စံနှင့်အညီထိန်း သိမ်း စောင့်ရှောက်ကြလေပြီး သည်အစုအငန်း တို့ကိုတစုနှင့်တစု မကူး မရှက်မသင့်မနေစေရ၊ စုချင်း ငန်း ချင်း ဆိုင်သင့်ရာ သာထိမ်း မြား သင့်နေကြစေရမည်အကြောင်း နှင့်စုရေး စုကိုင်တို့ကိုအမိန့် တော်မှတ်စာ သေချာ အောင် ပေး အပ်၍ စောင့်ရှောက်မြစ်တား ထိန်း သိမ်း ကြစေ။

3 January 1785

သက္ကရာဇ် ၁၁၄၆ ခုပြာသိုလပြည့်ကျော် ၉ ရက် နေ့နား ခံ ကျော်စွာ နော်ရထာတွင်ပြန်။

( စလင်း သူကောင်း )

မင်းကြီး မဟာမင်းခေါင်မှာ အထက်သိမ်းဆည်းသည့်ဘွဲ့အမည်အဆောင်အရွက်များကိုပြန်၍သနားတော်မူသည်၊ မြင်းစုကြီးကိုလည်း ဝန်မြဲဝန်စေ၊ မင်းလှစည်သူကို နေမျိုးသီရိနော်ရထာအစား ရွှေတိုက်ဝန်ခန့်။ 11 January 1785

(သက္ကရာဇ်) ၁၁၄၆ ခုတပို့တွဲလဆန်း ၂ ရက်နေ့နားခံဇေယနော်ရထာထွင်ပြန်။

(မျိုးကြည့်၊ ပု၊ ၆၁၀)

နေမျိုး သီဂိုနော်ရထာမှာပင်း ယမြို့နှင့်အမှုတော်ကိုထမ်း ရွက်မြဲထမ်း ရွက်စေ။

(11 January 1785)

(သက္ကရာဇ်၁၁၄၆ခုတပို့တွဲလဆန်း ၂ရက် နေ့နား ခံ ဇေယနော်ရထာတွင်)ပြန်။

(မျိုးကြည့်၊ ပု' ၆၁၀)

18 January 1785

19 January 1785

စမ္ပါနဂိုရ်မြို့စား ကသုမမ္မ ဆောက်လုပ်ရန်မှာ သက္ကရာဇ် ၁၁၄၆ ခု တပို့တွဲလ ဆန်း ၁၀ ရက် နေ့ နံနက် ၄ ချက်တီး ကျော်ပန်နက်ငြမ်း ထူအခါတော်ရကြောင်း

26 January 1785

နှင့် ၄ ငင်း လပြည့်ကျော် ၂ ရက် နေ့ နံနက် ၄ ချက်တီး ကျော်တွင်းဝန်းသစ်ရပ်ဆင့်ထူ အခါတော်ရကြောင်း နှင့်ပညာရှိတို့က အခါစာဆက်သွင်း သည့်အတိုင်း ခန့်ထား စီရင်ရန်ရှိသည်ကိုပြီး ပြေအောင်စီရင်၍ ရပ်ထူစေ။

18 January 1785

(သက္ကရာဇ်) ၁၁၄၆ ခု တပို့တွဲလဆန်း ၉ ရက် နေ့ညနား ခံကျော် စွာနော်ရထာတွင်ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၁၀)

မြင်းကြီး ဝန်မင်းကြီး မဟာမင်း ခေါင်ကိုပင်းတလဲမြို့သနား တော်မူသည်။

20 January 1785

(သက္ကရာဇ်) ၁၁၄၆ ခုတပို့တွဲလဆန်း ၁၁ ရက်နေ့နား ခံ ကျော်
စွာ နော်ရထာ ထွင်ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၁၀)

1 January 1785

၁၁၄၆ ခုပြာသိုလပြည့်ကျော် ၇ ရက်နေ့ မော်တိပ်ရွှေမင်လုပ်ကြိရာတွင်အရေး တော်ပြီး ပြေကုန်တွင် ကြောင်း နှင့်ရခိုင်ကိုမင်း ပြည်သူ ရခိုင်စား ကိုယ်နှင့်အမျိုး အမတ်ပြည်သူတို့ရွှေဘုန်း တော်ရှိန်ကိုမခံနိုင်၍ ရေကြောင်း ထွက်ပြေး ကြောင်း မြို့နှင့်တကွလက်နက်ကိရိယာဗိုလ်ပါဆင်မြင်း ၊ သုံ့ပန်း ရ ကြောင်း များ နှင့်တကွ မော်တိပ်ရွှေမင်ကရှိခိုး သံ တော်ဦး တင်ရောက်သည်၊ ရခိုင်ဓညဝတီပြည်ကြီး သည်မင်း ရွှေဘုန်း တော်မြတ်ကြောင့်အလွယ်တကူ အောင်မြင်တော်မူသည်ဖြစ်၍ အောင်ပွဲသဘင်ခံ တော်မူမည်၊ ပွဲသဘင်စည်ပင် အောင်ခံစေ။

26 January 1785

(သက္ကရာဇ်) ၁၁၄၆ ခုတပို့တွဲလပြည့်ကျော် ၂ ရက်နေ့နား ခံ ဇေယနော်ရထာတွင်ပြန်။

(မြိုး ကြည့်၊ ပု၊ ၆၁၀)

အနောက်တံခါး တော်မြောက်လမ်း မသို့မြို့ဝန်တို့မြင်း စီး၍ လေး မျက်နှာသါး
မောင်း ထမ်း လူတို့နှင့် ရှေ့သုံး စံမရှိသည်ကိုကူး သန်း သွား လာ သော ကြောင့်
အနောက်ဝန်တို့က ဆီး တား သည်ကိုလွှတ် တော်ရုံး တော်အစစ်အကြောခံပြန်ရ
ကြောင်း ကိုရွှေနား တော်ကြား တော်မူရသည်၊ ရွှေမြို့တော်အနောက်တံခါး
လမ်း မသည်ထမင်း အုပ်ဟင်း အုပ်သွင်း မိန်း မသနာတို့အဝင်အထွက်များပြား
တံခါး လမ်း မဖြစ်၍ ရှေး အစည်ကပင်မြင်း စီး၍မသွား မလာ စေရဖြစ်သည်၊
လက်ထက် တော်လည်း မြင်း စီး နင်း ၍မကူး မသန်း မသွား မလာ စေနှင့်အ
နောက်ဝန်တို့ကိုဆီး တား ရမည်အမိန့် တော်ထုတ်ပြန်၍ ရှိသည်၊ မြို့ဝန် ထောင်
မှူး မှစ၍မြင်း စီး ဆင်စီး ထောင် လေး မျက်နှာသား တို့ကိုအနောက်တံခါး
တော်လမ်း မသို့မကူး မသန်း မသွား မလာ စေနှင့်နောက်ရုံး တော်တွင်လည်း
အာဏာ တော်တန်း စောင့်တန်း ( နေ ) နှင့်ပင်ဖြစ်သည်၊ အနောက်တံခါး
လမ်း မရုံး အနီး အပါး နေလူတို့ကိုအနောက်ဝန်တို့ကသာစစ်ကြောစီရင်စေ။ 28 January 1785

(သက္ကရာဇ်) ၁၁၄၅ ခုတပို့တွဲလပြည့်ကျော် ၄ ရက်နေ့နား ခံစ မြောင်
မှူး တွင်ပြန်။

( တက်ဗဟို ၄၅၂၁၀ )

(28 January 1785)

လေလာချိန်ကာလ ရောက်ပြီ၊ ရွှေနန်းတော်ပတ်လည်လက်တွင်း လက်ပြင်အိမ်ဥဇ်မှ စ၍ မြို့တွင်း မြို့ပြင် ရပ်စုရွာကျက်စုများတွင် မီးကင်းလုံခြုံအောင် စစ်ကြောစေ၊ အိမ်စေ့ချွတ်ချွန်း လေဝါး ရေအိုး ရေပြည့်ထည့်စေ၊ ကုလား ထရံအဟောင်း အနွမ်း အဆွေး အမြည့်ရှိသည်များကို ကောင်းမွန်အောင်အသစ်လဲလှယ်စေ၊ အမှိုက်မီး စာမရှိစေနှင့်၊ သင်္ကြယ်အမိုး ရှိလျှင် ဖျက်စေ၊ အုတ်ကြွင်မိုး နိုင်သသူအုတ်ကြွင်မိုးစေ၊ အုတ်ကြွပ်တင်ရမည့်အိမ်မဟုတ် မလုပ်မဆောင်နိုင်သူတို့မှာလည်း အမိုးကဝ် (အသာစ်လဲစေ)။

(28 January 1785)

(သက္ကရာဇ် ၁၁၄၆ ခုတပို့တွဲလပြည့်ကျော် ၄ ရက်နေ့)

(တက်ဇဗို ၄၅၂ ၁၀)

ပိဋကတ်တော် ရွှေရေး မင်ရေး ကညစ်ရေး ပေလုပ်စာရင်း ဝင်လူတို့ကို အရပ်ရပ်လူကြီး ခေါင်း အကြီး တို့ကအခေါ်အချကြေး ငွေ တောင်း ထုတ်၍ ပိဋကတ်တော်မှာငြိမ်ဝပ်စွာမထမ်း မရွက်ရကြောင်း နှင့်မောင်း ထောင်ဆရာတော်ကစာဆက်သွင်းသည်၊ ပိဋကတ်တော် ရွှေရေး မင်ရေး ကညစ်ရေး ပေလုပ်စာရင်း ဝင်လူမှန်သမျှတို့ကိုမြို့ရွာသူကြီး အရပ်ရပ်စုရှင်ငန်း ရှင်တို့ကမနှုတ်မယူမခန့်မထား စေနှင့်၊ ပိဋကတ်တော်မှာငြိမ်ဝပ်စွာရေး သား ထမ်း ရွက်စေ။

6 February 1785

သက္ကရာဇ် ၁၁၄၆ ခုတပို့တွဲလပြည့်ကျော် ၁၃ ရက်နေ့ည ပြေ ၁ ကြီး မှူး ပြန်.

( ရှေး ဟောင်း သုတေသန )

9 February 1785

နန်း မတော်မိဘုရား ကျောင်း အဆောင်ကိုကိုင်မည်မှာ သက္ကရာဇ် ၁၁၄၆ ခုတပေါင်း လဆန်း ၁၁ ရက် နေ့နံနက်တချက်တီး ကျော်အခါတော်ရကြောင်း ဝန်း သစ်ရပ်မှာလည်း (သက္ကရာဇ် ၁၁၄၆ ခု) တပေါင်း လပြည့်ကျော် ၃ ရက် နေ့သို့အဝင်ည ၃ ချက်တီး ကျော်အခါတော်ရကြောင်း နှင့်ပညာရှိတို့ကအခါစာဆက်သွင်း၍ ရှိခိုး သံတော်ဦး တင်သည့်အတိုင်း ပညာရှိတို့ကိုမေး၍လုပ်ဆောင်စေ။

9 February 1785

(သက္ကရာဇ်) ၁၁၄၆ ခုတပေါင်း လဆန်း ၂ ရက် နေ့နားခံ ဇေယနော်ရထာတွင်ပြန်။

(မျိုးကြည့်၊ ပု၊ ၆၁၀)

### ၁၊ မြို့ဝန်ခန့်ပုံ

ရွှေမြို့တော်ဝန်ခန့်အမိန့်တော်ကိုဦးထိပ်ထက်ဆင်ရွက်ရလျှင်အမိန့်တော်ရင်း အတိုင်း ရွှေလွှတ်တော်မှာမြို့ဝန်ခန့်ဘုရား အမိန့်တော်မြွက်ရင်း အတိုင်း သစ္စာပေး၍မြို့ဝန်ပြန်တမ်း ခံရပါမည့်အကြောင်း လျှောက်ထား ရသည်၊ အမိန့်တော်မြွက်ရင်း နှင့်အညီမည်သူ့ကိုသစ္စာတော် ပေး မြဲဆိုင်ရာဆင့်ဆို၍သစ္စာတော် ပေး လျှင်မြို့ဝန်ပြန်တမ်း ခံ စေဆင့်မှတ်ချက်အရသစ္စာတော်ခံ သောက်ပြီး လျှင် ရွှေလွှတ်တော်သို့သနား တော်မြွက်ခံရသည့် ဖေါင်း နား ဒေါင်း ဝတ်ဆင်၍ယပ်စွဲလျက်လွှတ်တော်သို့တက်ရသည်၊ လွှတ်တော်သို့ ရောက်လျှင်မင်း ကြီး အစုံအညီလွှတ်ကွမ်း စင်အလယ်မှာပြန်တမ်း အမိန့်တော်ကိုနာခံ တော်တို့ကဆင့်၍ နေရာချတို့ကဂုံး တော်သို့လိုက်၍ နေရာအစဉ်အလိုက်ချသည်၊

### ၂၊ စီစဉ်နေရာချပုံ

နေရာမှာထိုင်နေမိလျှင်မြို့စာရေး ၄၊ ထောင်မှူး ၄၊ ထောင်စာချီ ၈၊ ရွှေမြို့တော်တံခါး မှူး ၊ ဈေး စစ်၊ ဈေး နား ခံ၊ လက်မရွံ့၊ လက်မထောက် မှစ၍ ၄ ရပ် ထောင်အဝန်း အကြီး တို့ကိုဂုံး သို့တက် စေပြီး လျှင်အရာရှိအစုံအညီတို့ ရှေ့ခန့်အပ် တော်မူသည့်အတိုင်း ထောင်တန်း သူ နှောင်သူထား မှစ၍ထိန်း အုပ် စီရင်နက်အတွင်း ပြင်ရပ်စု ကျေး ရွာများ မှာခိုး သေး မ်း ပွါး မပေါ်မရှိ စေရ၊ လှည့်ပတ်ထိန်း သိမ်း စီရင်ကြရမည်၊ အပြစ်နှင့် လျော်စွာ ထောင်တန်း ရောက်သူတို့မှာလည်း အမှူး အကြီး အဝန်း ငယ်သား တို့တစုဆင့်ဆို၍လုံခြုံ အောင် ထိန်း သိမ်း စောင့် နေ စေ၊ အဝေး အနီး ဖမ်း ဆီး ပို့ ရောက်လာသူတို့မှာလည်း ပို့အပ်ထွက်ဆိုရင်း လျှောက်ချက်စစ်ချက်များ နှင့်ဂုံး တော်မှာအစီရင်ခံမှတ်ချက် ဆင့်ဆို ပေး အပ်ရသည်၊

### ၃၊ တံခါး မှူး ဆောင်ရွက်ပုံ

ရွှေမြို့တော်တံခါး မှူး တို့မှာလူစိမ်း လူရှမ်း တံခါး အဝင်အထွက်ကိုကြည့်ရှု၍ညကို သော့ခလောက်မင်း တုပ်ပိတ်ချပြီး လျှင်အတွင်း ယက် ဖေါက်ပြင်ယက် ဖေါက် ထိုး ၍အလှည့်အလည် စောင့် နေရမည်၊ ဈေး စစ် ဈေး နားခံတို့မှာလက် ပေး လက် ကမ်း ခံ၍အလေး စဉ်း ချိန်ခွင် တောင်း တင်း မမှန်မကန်မ ရောင်း မဝယ်

စေရ၊ ဈေးများမှာနံနက်ညဝင်ထွက်ကြည့်ရှုဆင့်ဆိုရမည်၊ လေးမျက်နှာအတွင်း ထောင်ပြင်ထောင်များမှာသူနှောင်သူထားရှိသည်များကိုလည်း တလတကြိမ်စာရင်းယူ၍ရုံးတော်မှာတင်ပေးရမည်၊ ညကိုလည်း တံခါးတော်များမှာအတွင်းယက်ဖေါက်ပြင်ယက်ဖေါက်ထိုး လျှို၍တံခါးမှူး တံခါးသားတို့စောင့်ရှောက်ရှိနေကြောင်းကိုမြို့ဝန်တို့ညရုံးတက်ကိုနေ့စဉ်လျှောက်ရမည်၊

၄၊ ဆိပ်ကမ်းများနှင့်ဆိုင်ပုံ

မြစ်ဆိပ်ပွဲဆိပ်များမှာလည်း ချိတ်ကုန်တိုက်ကုန်ဈေးနှုန်း ပေါက်သည်ကိုတလတကြိမ်မှတ်သား၍ရုံးတော်မှာလျှောက်ရမည်၊ အနောက်အတွင်းတော်သို့လည်း သွင်းမြဲသွင်းရမည်၊ မှတ်ချက်စာပေးအပ်ရမည်၊ ထောင်မှူး ထောင်စာချီတို့လည်း ရုံးသို့မပြတ်တက်ရသည်၊ ရုံးအရာရှိတို့မှာမြို့ဝန်စာရေး ၄၊ ထောင်မှူး ၄၊ ထောင်စာချီ ၈၊ လက်မနွဲ ၁၊ ဈေးနားခံ ၂၊ ရွှေပြည်စိုး ၁၊ ရွှေပြည်စာရေး ၄၊ အမှုဝန် ၁၊ အမှုစာရေး ၁၊ အမိန့်တော်ရ ၄ တို့တက်၍အသီးအသီးအမှုရှိရာဆင့်ဆိုစီရင်ကြသည်၊

ရုံးစေလက်မထောက်တို့မှာရုံးသို့နေ့ညတက်၍ဆင့်ဆိုစေခိုင်းရာနားခံကစောင့်နေထမ်းရွက်ရသည်၊ ချုပ်ထားရန်ရှိသသူတို့ကိုလည်း ဆင့်ဆိုချုပ်ထားရသည်၊

၅၊ မင်းညီမင်းသားများကိုစီရင်ပုံ

မင်းညီမင်းသားဝန်အိမ်ဝင်းအိမ်          ရာထူးရှိသသူတို့ကို ရုံးတော်ကခေါ်ရန်ရှိလျှင်လက်မထောက်ကိုစေလွှတ်ခေါ်စေသည်၊ ရုံးတော်မှာလျှောက်ချက်ထားချက်တွင်ဒဏ်ရာဒဏ်ချက်ကြည့်ရန်မှတ်သားရန်ရှိသည်များကိုလက်မထောက်အကြီးအဝန်းတို့ကိုကြည့်ရှုစေ၍မြို့ဝန်မြို့စာရေးတို့ကမှတ်သားရသည်၊ ကျမ်းခဲအုံးနာရီခွက်များကိုလည်း ထိန်းထားစေရသည်၊

မင်းညီမင်းသားဆွေတော်မျိုးတော်တို့ကိုအကျဉ်းထားအမိန့်ပါလျှင် ခတ်ရန်ခြေကျဉ်းကိုရစ်ပတ်ရန်ကတ္တီပါ၊ ဖဲနီ၊ နီပါးထည်၊ အသီးသီးလွှတ်တော်မှာအစီရင်ခံလျှင်လွှတ်တော်အရာရှိတို့ကကတ္တီပါတံလျှင်ကတ္တီပါ၊ ဖဲတံလျှင်ဖဲ၊ နီပါးထည်တံလျှင်နီပါးထည်လျော်ရာရွေးချယ်၍ဆိုင်ရာသို့ဆင့်ဆိုပေးရသည်၊ ရလျှင်

လက်မရွံ့က ခြေကျဉ်းကိုရစ်ပတ်၍ ခတ်ရသည်။

၆။ ရေမှာချမှုပ်ပုံ

အဆုံးစီရင်အမိန့်တော်ပါလျှင် ရေသို့ချသည့်ကာလသွတ်ရန်ကွန်ချာန်ဘား ထည်အိတ်။ ဖေါင်းကန်အိုး ၄။ လှေတက်လူများကိုလွှတ်တော်မှာအစီရင်ခံ၍ တောင်းရသည်။ လွှတ်တော်ကလူနှင့် လျှော်ရာကွန်ချာကို ရွေးချယ်၍ကွန်ချာန်ဘား ထည်အိတ် ဖေါင်းကန်အိုး လှေတက်လူများကိုဆိုင်ရာကဆင့်ဆိုပေးလျှင်ယူ၍လူကိုယူသွား မြဲ ၃တန်းနှင့်ယူသွားရာလွှတ်တော်ကဝန်ထောက်စာရေးကြီးတို့လိုက်ရသည်။

ဂိုဏ်းတော်ကလည်း မြို့ဝန်မြို့စာရေး ထောင်မှူး ထောင်စာချီတို့အစုံ အညီလိုက်၍ ရေဆိပ်သို့ရောက်လျှင်ဆိုင်းငံ့စောင့်နေမြဲစောင့်နေရသည်။ နေ့အချိန်နှင့် ၍အမိန့်တော်နှင့်အနှုတ်အယူမလာလျှင်ထုံးစံရှိသည့်အတိုင်း လက်မရွံ့သားတို့က ရေသို့ချရမည့်လူကိုတုပ်စည်း၍ကွန်ချာဆည်းသို့သွပ်ရသည်။ ပြီးလျှင်န်ဘား ထည်အိတ်သို့သွင်း၍လုံချုံစွာစည်းနှောင်ပြီးလျှင် ဖေါင်းကန်အိုး ၄လုံးနှင့်တွဲချည် ရသည်။ တွဲချည်ရန်ကြိုးကိုရောင်းသူတို့မှာမှတ်သား၍ ကောက်ယူသည်။

စည်းနှောင်ပြီးလျှင်လွှတ်တော်ကခန့်ထားပေးသည့် လှေသို့တင်သည်၊ ဖေါင်းကန်အိုး ၄လုံးကိုလှေ၂စင်းစပ်ကြားကချထား၍ယူသွားသည့်ကာလ ရှမ်းသူရဲကောင်းဟန်သုံးတန်းလက်မရွံ့အစုသား ၄ရပ်။ အငန်း ငယ်သားတို့ဝန်းဂုံမြဲဝန်းဂုံယူသွား၍မြစ်လယ်သို့ရောက်မှ လှေ၂စင်းကိုဖွင့်ခွါပြီးလျှင် ရေသို့ချရသည်။ တွဲသည့် ဖေါင်းကန်အိုး ၄လုံးကိုလက်မရွံ့သားတို့က ဖေါင်းကန်အိုးကိုခွဲရသည်။ ဖေါင်းကန်အိုးကိုကွဲ၍ ရေနစ်မြှုပ်သွားပြီး မှလွှတ်ဂိုဏ်းတော်ကလိုက်သည့်အရာရှိတို့ပြန်ရသည်။

၇။ မှူးတော်မတ်တော်တို့စီရင်ပုံ

မှူးတော်မတ်တော်ထင်ရှားသူတစုံတယောက်ကိုအဆုံးစီရင်ရမည်အမိန့် တော်ပါ၍စီရင်ရာလွှတ်တော်ကသင့်ရာထောင်မှူး ထောင်စာချီတို့ကိုဆင့်ဆို၍ ၃တန်းလက်ရ ၄ရပ်။ အဝန်းငယ်သားလက်မရွံ့သားတို့နှင့်သွားမြဲသွား စေ ၍သုံသန်သားတို့ကိုဆင့်ဆိုအပ်ထားခဲ့သည့်လက်ဝါးကပ်ခြေနှင့်လက်ကိုရိုက်အမိန့်တော် ပါလျှင်စီရင်ရန်တိုင်တန်းမျဉ်းခံပျဉ်သံမှိုများကိုလွှတ်တော်မှာအစီရင်ခံ၍

တောင်း လျှင်ဆိုင်ရာသစ်တောလွှစာရေး ၊ ပန်း ပဲစာရေး ကိုကိုဆင့်ဆို၍ ပေး ရသည်၊ ရလျှင်ဆင့်ဆိုသည့်အတိုင်း သုဿန် စောင့်စဏ္ဍာလသား တို့ကတိုင်စိုက် တန်း ရိုက်၍တား နှင့်ရသည်၊ ရုံး တော်ကလည်း ၃တန်း တောင်း မြဲ တောင်း ၍ ၄ရပ်အဝန်း ငယ်သား တို့နှင့်ဝန်း ရံယူသွား ၍သုဿန်သို့ ရောက်လျှင်လက်မရွံ့ သား တို့ကသံမှို့နှင့်ရိုက်မြဲ ချေလက်များ ကိုရိုက်ရသည်၊ ပြီး လျှင်သုဿန် စောင့်တို့ကို ဆင့်ဆိုမြဲဆင့်ဆို၍ထား ရသည်၊

ဂ၊ မီး လောင်တိုက်သွင်း ပုံ

မီး ပုံ၍တိုက်အမိန့် တော်အရလွှတ် တော်ကဆင့်ဆိုလျှင်မီး လောင် (တိုက်) ဆောက်လုပ်ရန်မှာအ နောက်မျက်နှာ ထောင်မှူး ၊ ထောင်စချီတို့ကိုရုံး တော် ကဆင့်ဆို၍ ထောင်မှူး ထောင်စာချီတို့ကသစ်ဝါး ကြိမ်များ ကို ကောက်ယူ၍သုဿန် သို့ ရောက်လျှင်စဏ္ဍာလသား တို့ကမီး လောင်တိုက်ကို ဆောက်လုပ်ရသည်၊ မီး ရှို့ရန် ယမ်း မှာလူအင်ကို ထောက်ချင့်၍လွှတ် တော်မှာ ၅ဝတန်သည် ၆ဝတန်သည် ၇ဝတန် သည်အစီရင်ခံ၍ တောင်း ယူရသည်၊ ယမ်း မှာအ နောက် ထောင်မှူး ထောင်စာ ချီတို့ကိုရုံး တော်ကအပ်ရသည်၊ ထောင်မှူး ထောင်စချီတို့ကဆိုင်ရာငယ်သား တို့ကို ဆင့်ဆို၍ စဏ္ဍာလသား တို့ကိုအပ်ရသည်၊ ယမ်း ကိုမီး လောင်တိုက် (မှာသွင်း ) ခဲ့ သော် အောက်က လောင်စာအမှိုက်ပုံတွင်ယမ်း ကိုထုပ်၍ထား ရသည်၊ မီး လောင် တိုက်သွင်း မည့်သူတို့ကို တောင်း မြဲသုံး တန်း နှင့်ဝန်း ရံမြဲဝန်း ရံ၍ယူသွား ရသည်၊ သုဿန်သို့ ရောက်လျှင်၄င်း လူတို့ကိုလက်မရွံ့သား တို့ကတုပ်စည်း မြဲတုပ်စည်း ၍ လောင် တိုက်အတွင်း သွင်း ရသည်၊ လက်မရွံ့သား တို့ကယမ်း ကိုမီး နှင့်ရှို့ရသည်၊ ပြီး လျှင်လူ ကောင်ကို ရေတွက်မှတ်သား ၍သုဿန် စောင့်စဏ္ဍာလသား တို့ကိုဆင့်ဆိုအပ်ထား ခဲ့ ရသည်၊ စောင့်နေမြဲစဏ္ဍာလသား တို့က စောင့်နေ၍ ၃ရက် စေ့သည့်ကာလရက် စေ့ကြောင်း နှင့်ရုံး တော်မှာအစီရင်ခံလာလျှင်သိမ်း မြဲသိမ်း ဆင့်ဆိုရသည်၊

ဃ၊ လွှနှင့်ဖြတ်၍စီရင်ပုံ

လွှနှင့်ဖြတ်အမိန့် တော်အရလွှတ် တော်ကဆင့်ဆိုလျှင်၃တန်း တောင်း မြဲ တောင်း ၍ဝန်း ရံမြဲဝန်း ရံယူသွား ရသည်၊ ဖြတ်လွှကို တွေ့ရာ ကောက်ယူ၍လက် မရွံ့သား တို့ကဖြတ်ရသည်၊ ကိုယ်နှင့်ဥ ကျောင်း ကိုသုဿန် စောင့်စဏ္ဍာလသား တို့

ကိုဆင့်ဆိုမြဲဆင့်ဆိုအပ်ထား ခဲ့ရသည်။ လေး ဖက်ချ၍တန်း ထိုး အမိန့်တော်အရ
လွှတ် တော်ကဆင့်ဆိုလျှင်တန်း တင်ရန်တိုင်ကိုသူကြီး စောင့်စဏ္ဍာလသား တို့က
သူကြီးတွင်ရှိသည့်သစ်နှင့်စိုက်ရသည်။ တောင်း မြဲ၃တန်း တောင်း ၍ ဝန်း ရံ
မြဲ ဝန်း ရံယူသွား ပြီး လျှင် လေး ဖက်ကိုချမြဲချ၍သူကြီး စောင့်စဏ္ဍာလသား တို့
က ဒုတ်လျှို၍ လေး ဖက်ကိုတိုင်မှာတင်ထား စောင့်နေရသည်။ လွှတ် တော်ကသိမ်း
ဆိုမှသိမ်း ရသည်။ မဆင့်မဆိုလျှင်အလျောက် ဖျောက်ဖျက်ရသည်။

၁၀။ ဥကျောင်း ဆွဲထား ရန်စီရင်ပုံ

လူဆိုး လူသွမ်း မည်သူဥကျောင်း ကိုသူကြီးမှာဆွဲထား ရမည်လွှတ် တော်
ကထူး ၍ဆင့်ဆိုလျှင်တန်း ပျဉ်ကာရန်တိုင်။ စာရေး ရန်ပျဉ်။ အရှည် ၂ တောင်
ခန့်ဖျက်ဂလက်မခန့်။ စာထုမည့်သူလက်သမား ပါလွှတ် တော်မှာအစီရင်ခံ၍ တောင်း
ရသည်။ ပျဉ်ကိုအရင်း အဖျား သင်ပုန်း ခေါင်း လုပ်၍ လေး မျက်နှာသား တို့က
ထုံး နှင့်ရေး ရသည်။ စာမှာပြည်လှေး ပြည်မှူး လူဆိုး လူသွမ်း (မည်သူငယ်)
ဥကျောင်း ဖြစ်သည် ရေး စေပြီး လျှင်စာအတိုင်း လက်သမား တို့ကိုထုလုပ် စေ၍
တိုင်မှာသံနှင့်ကပ်၍ရိုက်ထား ရသည်။ တိုင်စိုက်ရန်တွင်း ကိုစဏ္ဍာလသား တို့ကတူး
၍စိုက်ပြီး လျှင်ဥကျောင်း ကိုဆွဲထား ရသည်။ လွှတ်ကသိမ်း စေဆင့်မှသိမ်း ရသည်။
မဆင့်မဆိုလျှင်ဆွဲထား မြဲတိုင်း အလျောက် ဖျောက်ဖျက်ရသည်။ ဥကျောင်း ဆွဲထား
ရသမျှကိုစီရင်ရသည်။ ဆွဲထား သည့်ဥကျောင်း မှာ (ငသင်း ငယ်) ရာဇဝတ်သင့်
သူဥကျောင်း နှင့်အရပ်ရပ်ဆင့်ဆိုသမျှဥကျောင်း ကိုဆွဲထား ရသည်။

၁၁။ ဖိုနှင့်မီး ပုံထိုး ၍စီရင်ပုံ

ဖိုနှင့်မီး ပုံ၍ထိုး အမိန့်တော်အရလွှတ် တော်ကဆင့်ဆိုလျှင်ဖိုနှင့်မီး သွေး
ကိုလွှတ် တော်မှာအစီရင်ခံ၍ တောင်း လျှင်လွှတ် တော်ကဆိုင်ရာဆင့်ဆို ပေး ရသည်။
၃တန်း တောင်း မြဲ တောင်း ၍ ဝန်း ရံယူသွား သူကြီးသို့ ရောက်လျှင်သူကြီးတွင်
ရှိသည့်တိုင်ကိုစိုက်၍တန်း ပြစ်ပြီး သော်မြဲမြဲစွာကြိုး နှင့် ခြေလက်ကို မြေကြီး နှင့်ထိ
ရုံထား ပြီး လျှင်လက်မရွံ့သား တို့ကချည်နှောင်၍မီး သွေး ပုံ ပေါ်တင်ပြီး ဖိုနှင့်
လက်မရွံ့တို့ကတိုက်ထိုး ရသည်။ ရှေး ကဖိုနှင့်ထိုး ၍စီရင်ရသူမှာအညာက (ငတင်
ဟယ်) ကိုသာစီရင်ဘူး ချေသည်။

## ၁၂။ ရင်ကိုခွဲ၍စီရင်ပုံ

ရင်ကိုခွဲအမိန့်တော်အရလွှတ်တော်ကဆင့်ဆိုလျှင် ၃တန်း တောင်းမြဲ တောင်း၍ဝန်း ရံယူသွားပြီး သေဘ်သုသာန်သို့ရောက်လျှင်လက်မရွှံ့သားတို့က ရင်ကိုခွဲ၍သုသာန်စောင့်စဏ္ဍာလသားတို့ကိုဆင့်ဆိုမြဲဆင့်ဆိုအပ်ထားခဲ့ရသည်။

## ၁၃။ မောင်းကြော်စီရင်ပုံ

အမှုအထူးဖြစ်သောကြောင့်မောင်းကြော်သတ်အမိန့်တော်အရလွှတ်တော်ကဆင့်ဆိုချက်ရှိ၍စီရင်ရသည်မှာဂုံး တော်ကဆင့်ဆို၍ ထောင်မှူး ထောင်စာချီလေးပြင်လေး ရပ်မောင်းနှင့်တောင်းမြဲ၃တန်း တောင်း၍ဝန်း ရံပြီးလျှင်ပတ်မြဲဟစ်စာကိုမြောက်ဇတွင်းအဝန်းကိုအပ်၍အဂန်းကဝတ်သန့် ဝတ်ကောင်းအင်္ကျီနှင့်သိုးဖြူဆောင်း၍ဖတ်ရသည်။ မောင်းကိုအင်းဝမြို့မှာ ဖြစ်လျှင်ကုလားတန်းအရှေ့လမ်းဆုံတွင်ပြန်ရသည်။ အမရပူရမြို့တော်မှာကား အာဋ္ဌဝိတံခါး တော်ပြင်မှန်တန်းလမ်းဆုံသို့ရောက်လျှင်အမိန့်တော်ကိုပြန်မြဲပြန် ၍မောင်းကြော်ရသည်။ လူကိုဝန်းရံမြဲဝန်းရံယူသွား၍သုသာန်သို့ရောက်လျှင် လက်မရွှံ့ကစီရင်မြဲစီရင်ရသည်။ ဥဏ္ဍောင်းနှင့်လူကောင်ကိုသုသာန်စောင့်စဏ္ဍာ လသားတို့ကိုဆင့်ဆိုအပ်ထားခဲ့ရသည်။ သုံးရက်စေ့လျှင်သုသာန်စောင့်စဏ္ဍာလသား တို့ကရက်စေ့ကြောင်းနှင့်ဂုံး တော်မှာအစီရင်ခံလျှင်သိမ်းမြဲသိမ်း စေဟုဆင့်ဆို စီရင်ရသည်။

## ၁၄။ ငှင်ခွဲကားတင်စီရင်ပုံ

အထူးသဖြင့်အမိန့်တော်နှင့်ရင်ကိုခွဲကားတင်လျက်စီရင်စေဟုလွှတ်တော် ကဆင့်ဆိုလျှင်သုံးတန်း တောင်းမြဲတောင်း၍ယူသွားမြဲယူသွား (ပြီးလျှင်အမိန့် တော်အ)တိုင်းလက်မရွှံ့သားတို့က(ရင်ကို)ခွဲရသည်။ ပြီးလျှင်( လေး )ဘက်ကို တိုင်မှာကပ်ရိုက်၍ကားကြက်မြဲကားကြက်ထားရသည်။ စီရင်သမျှသူတို့ကို(သုံး ) ရက်စေ့ကြောင်းနှင့်အစီရင်ခံလျှင်သိမ်းမြဲသိမ်း စေဆင့်ဆိုရသည်။

ခေါင်းဆွဲ( လေး )ဘက်ချတန်းလွန်းတန်းတိုများမှာလည်းသိမ်းရမည် ဟုလွှတ်တော်ကဆင့်ဆိုမှသိမ်းရသည်။ မဆင့်မဆိုနေလျှင်ရှည်ကြာပျောက်ပျက်မှသာ လျှင်ပျက်စေရသည်။ ဂုံးတော်ကအထူးမဆင့်ရ။ ဂုံးတော်ကရာဇဝတ်အပြစ်အ

လျှောက်အကျဉ်း ထား ရာ (လေး) ရပ် ထောင်လက်မငွံ့များ ထွင် ဝေဒနာ စွဲ ရောက် သေဆုံး ကြောင်း ကို ထောင်အမှူး အဝန်း တို့က အစီရင်ခံလျှင်ဆိုင်ရာ ရွှေမြို့တော်ဝန်ကဆင့်ဆိုလျှင်ဆိုင်ရာသုဿန် စောင့်စဏ္ဍာလသား တို့ကို စာ ပေး အပ်၍သိမ်း ယူလာလျှင်လာသူစဏ္ဍာလသား အမည် နေ့ရက်ကိုမှတ်၍ ဂိုး တော်မှာ အငန်း ငယ်သား တို့ကအစီရင်ခံလျှင်သိမ်း ယူသူလူကိုအကျဉ်း စာရင်း အဖျား က မှတ်သား ထား ရသည်။

၁၅။ ဖေါင်နှင့် မျှောရပုံ

အထူး သဖြင့်လူဆိုး လူသွမ်း တို့ကိုအဆုံး စီရင်ပြီး လျှင် ဖေါင်နှင့် မျှောရမည်အမိန့် တော်အရလွှတ် တော်ကဆင့်ဆိုလျှင် ၃တန်း တောင်း မြဲ ငန်း ဂုံယူသွား ၍ စီရင်မြဲ စီရင်ပြီး လျှင် ဖေါင်ကိုစဏ္ဍာလသား တို့က စိုက်ထုတ်လုပ် စေ၍ပြီး လျှင်လူကောင်ကို ဖေါင်ထက်သို့တင်သည်။ ဥ ကျောင်း နှင့်ကိုယ်ကို ဒုတ်ထိုး ၍ မတ်တတ်တိုင် စိုက်ရသည်။ ပြီး လျှင် ချည်ထား မျှောရမည်။ မျှောနည်း မှာ ငကင်း ငယ်တို့ကို မျှောရသည့်နည်း အတိုင်း စီရင်ရသည်။

၁၆။ လက်ကိုဖြတ်ပယ်ရပုံ

လက်ကိုပယ် စေအမိန့် တော်ပါလျှင်တဖက်ဖြတ်ဖြစ်သည်။ နှစ်ဖက်ဖြတ်ဖြစ်သည် အမိန့် တော်အရမှတ်ချက်အတိုင်း လက်မငွံ့သား တို့ကလက် ကောက်ဝတ်တွင်ထုံး တား ၍ ၃တန်း တောင်း မြဲ တောင်း ပြီး လျှင် ၄ ရပ်အဝန်း ငယ်သား လက်မငွံ့သား တို့ နှင့်ဝန်း ဂုံယူသွား ရသည်။ သုဿန်သို့ ရောက်လျှင်လက်မငွံ့သား တို့ကထုံး သား ထား သည့်အတိုင်း ဖြတ်၍လူနှင့်ပယ်လက်ကိုသုဿန် စောင့်စဏ္ဍာလသား တို့ကိုဆင့်ဆိုမြဲဆင့်ဆို ပေး အပ်ခဲ့သည်။

၁၇။ တင်း သား လှီး လက်ဖြတ် စီရင်ပုံ

အသနား တော်မြတ်ကိုမခံရသူတို့သည် ရွှေကြိုး ရွှေကစီး နှင်း ဆောင်ရွက်သည့် (သူ) ထီး ရိုး ရှည်ကိုလူငယ်တို့ကကိုင်၍ မိုး စေသည့်သူများ ကိုရာဇဝတ်အပြစ်အမိန့် တော်အရပြုလုပ်သူ၏တင်သား ကိုလှီး ရသည်။ ထီး မိုး သူအား လက်ကိုပယ်ရသည်။ ထီး မိုး သူငယ်သား ကိုမအပ်နိုင်လျှင်ထီး မိုး ခံသူ၏တင်သား ကိုလှီး လွှာရသည်။ လက်ကိုလည်း ပယ်ရသည်။ အမိန့် တော်အရလွှတ် တော်ကဆင့်ဆိုလျှင် ၃တန်း တောင်း မြဲ

တောင်းဆိုဝန်းရုံယူသွား၍သုဿန်သို့ရောက်လျှင်တင်သွားကိုလှီးလှဲရသည်၊ လက်ကိုလည်းပယ်ရသည်၊ ပြီးလျှင်သုဿန်စောင့်စဏ္ဍာလသားတို့ကိုဆင့်ဆို၍အပ်ထား မြဲအပ်ထားခဲ့ရသည်၊

၁၈၊ ကြိုးနှင့်စီရင်ပုံ

အပြစ်နှင့်လျော်စွာမှတ်ထွက်၍ ၄ ရပ်ထောင်လက်မရှိ ထောင်မှာဖြည့်ထားထမ်းရွက်နေသည့်အတွင်းဆိုးသွမ်းခိုးယူပြန်လျှင်ခိုးပေါင်းခိုး ဖေါ် တို့ကိုစစ်၍ထွက်ပေါ်လျှင်ထွက်ပေါ်သည့်အလျောက်၊ မထွက်မပေါ်လျှင်မထွက်မပေါ်သည့်အလျောက်စစ်ကြောသန့်ရှင်းပြီးလျှင် ရွှေမြို့တော်ဝန်ကအနောက်ပြင်ထောင်သို့ပြောင်းသင့်လျှင်အနောက်ပြင်ထောင်မှူး ထောင်စာချီတို့ကိုဆင့်ဆို၍နောင်ပြင်သားတို့နှင့်သုံးတန်းမတောင်း (ဘဲ) ယူသွားသည်၊ လက်မရှိသားလည်းထည့်လိုက်ရသည်၊ အနောက်ပြင်ထောင်သို့ရောက်လျှင်စီရင်မြဲလက်မရှိတို့ကထုံးစံရှိသည့်အတိုင်းကြိုးနှင့်အဆုံးစီရင်ရသည်၊ ပြီးလျှင်ထောင်မှူး ထောင်စာချီတို့ကသေဆုံးကြောင်းကိုရုံးတော်မှာအစီရင်ခံလျှင်သိမ်းမြဲသိမ်းစေဆို၍ သုဿန်စောင့်စဏ္ဍာလသားတို့ကသိမ်းမြဲသိမ်းယူစေရသည်၊ ထွက်မှတ်သူတို့ကိုသုံးတန်းတောင်းမြဲမဟုတ်၍လွှတ်တော်မှာမလျှောက်မထားပဲဖျောက်ဖျက်ရသည်၊

၁၉၊ မောင်းကြော်ပုံ

မောင်းကြော်၍ရာဇဒဏ်ခတ်အမှုမှန်သမျှကိုလက်မရှိကရိုက်စေသည်၊ ဟစ်စာကိုဘတ်မြဲမြောက်အတွင်းဝန်ကဖတ်ရသည်၊ မောင်းကြော်ကြေးမှာလူအင်အမှုအင်ကိုထောက်၍များလျှင်ရုံးတော်ကတစု၊ မောင်းကြော်ရာပါသည့်ထောင်မှူး ထောင်စာချီအဝန်းငယ်သားတို့မှာတစုခွဲဝေယူကြရသည်၊ နည်းလျှင်ရုံးတော်ကမမှတ်မယူရ၊ မောင်းကြော်ခံရသူတို့ကိုချမ်းသာပေးလျှင်နောင်လိုလျှင်ရအောင်ခံဝန်သူကိုအပ်ရသည်၊ ကြော်မောင်းမှာ ( လေး ) ပြင် ( လေး ) ရပ်မောင်းနှင့်ကြော်ရသည်၊

၂၀၊ အဆုံးစီရင်ပုံ

လေးရပ်ထောင်၊ လက်မရှိထောင်တွင်အဆုံးစီရင်ဆင့်ဆိုလျှင် ( သုံး ) တန်းမတောင်းမီ ( သုံး ) ရပ်၊ ( လေး ) ရပ်က မြောက်အတွင်းသို့သွင်းပြောင်း

ထားရသည်။ မြင်ဘူးတွေ့ဘူးသည်ကား မြို့ဝန်မင်းကြီး နေမျိုးသကြံ၊(မြို့)
ဝန်မင်းကြီး နေမျိုးသင်္ခယာတို့လက်ထက်ကဆင့်ဆိုသည်မှာ စီရင်မည့်နေ့(သုံး )
တန်းတောင်း၍ရလျှင် မြောက်ထောင်ကရုံးတော်သို့ယူခဲ့သည်။ ရုံးတော်မြောက်
တွင်ဝန်းဂုံမြဲဝန်းဂုံ၍ထားရသည်။ မင်းကြီးများလွှတ်တော်ကဆင်း၍ကုန်မှ
သွားမြဲလမ်းသို့သွားစေသည်။

ရွှေမြို့တော်နယ်လေးရပ်မှစ၍အရပ်ရပ်ကစစ်ကြောထွက်ဆိုချက်နှင့်ပို့
ရောက်လာလျှင်ရုံးတော်တွင်မှန်မမှန်ကိုစစ်ပြီး လျှင်လွှတ်တော်မှာအစီရင်မ
ခံ၊ မှတ်ကွက်သင့်သည်သူကိုမှတ်ကွက်သည်။ ရာဇဒဏ်ခတ်သင့်သူကိုခတ်၍လွှတ်သည်များ
ထုံးမှာ ရတနာသိင်္ဃမှစ၍ ရွှေမြို့တော်တိုင်မြို့ဝန်ကြီး နေမျိုးသင်္ခယာတို့၏ဝန်
သည်အတွင်း မှတ်ကွက်ရိုက်သည်များကိုမြင်ရဘူးသည်။ သတ်သင့်သူဖြတ်သင့်သူမှာ
သုံးတန်းတောင်းမြဲတောင်း၍ဖြတ်ရပါသည်။

## ၂၁။ တုန်းဖိနေလှန်းပုံ

တုန်းဖိနေလှန်းရာဇဝတ်ပြစ်ဒဏ်ပေးတော်မူ၍လွှတ်တော်ကဆင့်ဆိုသမျှလူကို
အပ်လာလျှင်အပ်လာသူတို့ကိုထိန်းထားပြီး မှဖိရန်တုန်းကိုလွှတ်တော်မှာတောင်း
၍ဆိုင်ရာဆင့်ဆိုပေးလျှင်မင်းကြီးများလွှတ်တော်သို့တက်၍ကုန်မှအဏာသား
တို့ကိုရွှေးတော်ယူတံခါးပြင်တွင်ရွှေနန်းတော်သို့ဥကြောင်းမူစေ၍တုန်းဖိ
စေသည်။ နေလှန်းရန်ရာဇဝတ်ဒဏ်ပေးသူကိုရွှေနန်းတော်မှရွှေးတော်
ယူတံခါးပြင်တွင်လှန်းထားသည်။ တုန်းဖိနေလှန်းများကိုစောင့်ထိန်းသူမှာ
အဏာစိုးသား၊ ( လေး )မျက်နှာသားတို့ထိန်းစောင့်နေရသည်။ ဖိသူလှန်း
သူတို့မှာလွှတ်တော်ကမင်းကြီးများဆင်း၍ကုန်မှသိမ်းမြဲသိမ်းထားရသည်။
ချမ်းသာပေးတော်မူသည့်အမိန့်တော်ပါမှလွှတ်ရသည်။

## ၂၂။ အဆုံးရင်ရသည့်စည်းကမ်းထားပုံ

အဆုံးစီရင်ရမည်အမိန့်တော်ပါ၍လွှတ်တော်ကဆင့်ဆိုသော်လည်း ရှောင်
ကြဉ်ဆိုင်း ( ငံ့ ) နေရသည့်အ ( ချိန်ကာလသုံး ) ပါး ရှိသည်မှာဘုရင်၏မွေးတော်
( မူသည့် ) နေ့၊ ဥပုသ်သတင်းနေ့၊ ညဉ့်အချိန်မဲ့ဖြစ်ခဲ့သော်ဆင့်ဆိုငြားလည်း မ
စီရင်ဆိုင်းလင့်နေသင့်ကြောင်းနှင့်လွှတ်တော်သို့အစီရင်ခံ၍ဆိုင်းလင့် ( ရ ) သည်။

## ၂၃။ ခဲထောက် စီရင်ပုံ

ခဲသန့်စေရန်ရှိသူတို့မှာ စီရင်မြဲစီရင်၊ အချိန် ၃ ၃ ၃ိ ၃ါး ၃ဲ ငွေးကိုအထက်ကဖြစ်လျှင်ပြည်တန်ဆာအကြီးတို့က ပေးရသည်၊ ပြည်တန်ဆာမရှိစေနှင့်အမိန့်တော်ကိုဦးထိပ် (ထက်ဆင်) ရွက်ရသည်နောက် ခဲထောက်မည့်အမှုသည်တို့က ခဲကိုပေးစေရသည်၊ ခဲကြိုရန်သံအိုးကင်းများကိုလက်မထောက်ကယူမြဲယူခဲ့ရသည်၊ လက်မငွှံသားတို့က ခဲကိုကြိုရသည်၊ မီးဖိုးထင်းဖိုးကိုအမှုသည်တို့ကလက်မငွှံသားတို့ကိုပေးရသည်၊

ခိုးမှုရိုးမှုကိုအမှုသည်တဖက်တဦး (စီ) ရှိ၍ ခဲသန့်စေဆင့်ဆိုချက်ရှိသူတို့မှာ ခဲထောက်မည်ကာလအတည်ကြေးကိုနှစ်ဦးကထည့်ရသည်၊ ၄င်းအမှုတွင်ရသမျှကြေးငွေကျပ်ချိန်ကိုသေချာစွာရေးမှတ်ထားရသည်၊ နောက်ခဲထောက်သူတို့မစွမ်းမညီရှိလျှင်ထိုက်ရာစီရင်ရသည်၊ ခဲစွန်းညီလျှင်အခြားစီရင်ရန်မရှိ၊ ဇာဝတ်ကြောင်းစီရင်ရသည်၊ ခဲရေထောက်သည်ကာလခဲထောက်သူကိုထောင်မှာအကျည်းထားရသည်၊ တဖက်စွဲသူကိုလည်းမှာထားရသည်၊ သန့်ရှင်းကြည့်ရှုပြီးမှထိုက်ရာစီရင်ရသည်၊

(အမိန့်တော်ကိုထူးခြား၍ပါသော်ကြောင့်စီရင်ရဘူးသည်မှာ ငသွတ်တာဝီကသေဒဏ်သေပြစ်စွဲ၍ခဲသန့်ရှင်းကိုခဲမစွန်းမညီသန့်ရှင်းသည်၊ ငသွတ်တာဝီကသေဒဏ်သေပြစ်ငမိုးသို့အသက်ဖိုး ၃ါပေးစေ၊ နောက်ကျကုန်သည်ကိုလည်း ခံစေအမိန့်တော်မြွက်အတိုင်းသက္ကရာဇ် ၁၁၆၃ ခုနှစ်မင်းကွန်းရုံးတော်မှာစီရင် 1801
ရသည်၊ )

၄င်းပြင်အရပ်ရပ်ခဲရေထောက်မှုများကိုအပြန်အပေးမရှိပါ၊ ခဲကြို၍ထောက်စေရသည်မှာ ၃ုံးတော်အရှေ့ရုံး၏အရိပ်တွင်ခဲကြို၍ထောက်စေရသည်၊

## ၂၄။ ရေငုပ်စီရင်ပုံ

ရေငုပ်ရသည်အမှုသည်နှစ်ဦးတို့ကိုအချုပ်နှင့် ရုံးတော် လွှတ်တော်အရပ်ရပ်က ပို့ရောက်လာသည့်အမှုများကို စီရင်ရသည်မှာ ရေငုပ်သူနှစ်ဦး ပွဲနတ် ယကာ အတီးအမှုတ်များကိုအမှုသည်နှစ်ဦးတို့ရှေ့နေအစုံရုံးတော်သို့ ရောက်လါလျှင်တဦးရှေ့နေမည်သူ၊ တဦးရှေ့နေမည်သူ၊ ရေငုပ်မည့်သူနှစ်ဦးတို့၏အသက်

နေ့နံ့နေရပ်များကို မေးစစ်ရေး မှတ်ပြီးလျှင် ဂုံးတော်ကလုလင်မည်သူတို့ (က)အမှုသည် ငမည်သူကိုထိန်းထား ရသည်ကိုလက်မှတ်ကိုယ်စီပေး အပ်ထိန်း စေရသည်။

အချုပ်ကို ရေးရင်း စာရေး တို့က ရေးသား ခဲ့ရသည်။ မိဋ္ဌာန်စာမှာဂုံး တော်စာရေး တို့က ရေးသား ရသည်။ အချုပ်ကို ရေးရင်း စာရေး တို့က ရေး၍ပြီး လျှင်အချုပ်ရင်း အတိုင်း နှင့်မိဋ္ဌာန်စာကိုဂုံး တော်စာရေး က ရေး သား ရသည်။ ရေဆိပ်သို့မြို့စာရေး နှင့်အစုံအညီအထိန်း ထား သည့်လုလင် တို့ကအမှုသည်များ ကိုအသီး အသီး ကြပ်မခေါ်၍ ရန်နှင်တံခါး တော်သို့ထွက်သွား ရသည်။ ရေချမြဲဆိပ်သို့အစုံအညီ ရောက်လျှင်သင့်ရာ နေစေ၍ ရေငုပ်သည့်ကာလ စွဲကိုင်ရန်တိုင် (နှစ်) တိုင်တို့၏အကြား ဝါး ကိုအကြေအညာအတည့်အမတ်မြဲမြဲစွာအ တွင်း အပြင်အဝန်း ငယ်သား တို့ကိုစိုက်ထား စေရသည်။ တိုင်အဖျား တွင်လည်း သက်ငယ် မြေဇာပန်း ရသမျှကိုအဝန်း ငယ်သား တို့ကစည်း ထား ရသည်။ နောက် နှိပ်ရန်ဝါး (ခုနစ်) တောင်ကိုလည်း တိုင် (နှစ်) တိုင်တို့မှာအသင့်ချည်ထား ရသည်။

အမှုသည်နှင့် ရှေ့နေတို့ကိုအစုံအညီလာ စေရသည်။ ထိန်း ရင်း လုလင်တို့က ဆင့်ဆို၍မြို့စာရေး တို့ ရောက်သည်ကာလစာ (နှစ်) စောင်ကိုမည်သူ့တိုင်။ မည်သူ့တိုင် ရေး သား ပြီး လျှင်အမှုသည် ရှေ့နေတို့စုံညီ ရှေ့စာမတ်သူအဝန်း ငယ်သား တို့ကိုတိုင်မှာဆွဲထား စေရသည်။ မှန်စာကျရာပွဲနတ်ယကာခင်း ကျင်း စေပြီး လျှင် ရေငုပ်မည်သူတို့ ရေခံဝတ်ဖြူလဲစေ၍ ရေထဲသို့အဝန်း ငယ်သား တို့ကြပ်မဆင်း ချီး စေသည်။ ရေထဲတွင်အဝန်း ငယ်သား တို့က ရေငုပ်မည့်သူမှာ ဆေး ပယောဂခါး လှည့်လက်ဖွဲ့အင်း အိုင်တို့ပါမပါနှုတ်လျှာခံတွင်း ကိုဟ စေဖြဲ စေပြီး လျှင်လက်နှင့် နှိုက်၍စမ်း သတ်ကြည့်ရှုဆေး ကြော စေရသည်။ ဆံပင် ဖြေ၍စမ်း သတ်ကြည့်ရှုစေရသည်။ ခြေကြား လက်ကြား ဖဝါး များ ကိုလည်း စမ်း သတ်ကြည့်ရှုရှာဖွေ စေရသည်။ ပြီး လျှင် ရေကတက်၍ကျမ်း ကိုလက်မထောက်အကြီး အဝန်း တို့က ရေငုပ်မည့်သူထိပ်မှာ တင်၍ကျမ်း ကိုစွဲကိုင် စေရသည်။ စွဲကိုင်မည့်ကာလလက်မထောက်က ပြောရမည်မှာ ယခု ရေငုပ်သည့်အမှုတွင်ကျွန် တော်ကျွန်မတို့ကိုယ်မှစ၍ကျွန် တော်ဘက်ကပါသမျှလူစုတို့

မှာထိုး ကွင်း လက်ဖွဲ့ခါး လှည့်အင်း အိုင်ယကြာယာယီ ဆေး ပယောဂစတီပညာ ဂါထာမန္တန်မဆောင်မရွက်မပြုမလုပ်ပါ၊ မှန်ပါသည် ရေရွတ်သည့်အတိုင်း မမှန်လျှင်သစ္စာတော်ကျမ်း တွင်ပါသည့်အတိုင်း စူး ရောက်သည်ဖြစ်စေသော်၊မှန်ပါလျှင်လည်း ရေနိုက်ငုပ်နိုင်သည်ဖြစ်စေသော၊ သင်ပြောကိုင်စေပြီး လျှင်အမှုသည်နှစ်ဦး ကိုမြို့စာရေး ကဆင့်ဆို၍အနောက်အတွင်း ပြင်အဝန်း ငယ်သား တို့က ခါး နှိုက်ကြိုး တပ်စေပြီး လျှင်ကြိုး ကိုင်၍အခြား သူတို့မချဉ်း မကပ်စေရ၊ ကြိုး ကြိမ်နှင့်စောင့်နေရသည်၊

အချုပ်မိဌာန်စာကိုတရား လိုသူတို့ရှေ့အလျှင်သုံးကြိမ်ဖတ်ပြနာစေရသည်၊ ရေငုပ်မည့်သူနှစ်ဦး တို့အချုပ်မိဌာန်စာကိုအချုပ်စာကိုအတွင်း ၊ မိဌာန်စာကိုအပြင်ထား ၍ ရေမှာမကျမမျောရအောင် ရေငုပ်သူတို့၏လည်နှိုက်အဝန်း ငယ်သား တို့က ခွေပြီး လျှင်ထန်း ရွက်စိမ်း နှင့်စည်း စေရသည်၊ ငှင်း ပြင်ရတနာသုံး ပါး ကိုပူဇော်စေပြီး ဪသာမှန်စာကျရာတိုင်သို့တညီတညွတ်တည်း ဆင်း သွားစေ၍တိုင်သို့ ရောက်လျှင်မျက်နှာချင်း ဆိုင်၍အထက်ကတိုင်တွင်ချည်ထား သည့်နှိပ်ဝါး ကိုအနောအတွင်း အဝန်း က ကြောဖမ်း ယူပြီး လျှင် ရေငုပ်သူနှစ်ဦး တို့၏ပခုံး ကို တဦး နှင့်တဦး မမြင့်မနိမ့်စေရနှိပ်ဝါး ကိုတင်ထား ၍အိုး စည်ဗုံမောင်း လူသံမများ မတီး မမှုတ် စေရ၊ အနောက်အတွင်း ငယ်သား တို့ကိုဆင့်ဆိုသိမ်း စေရသည်၊

နာရီအင်နာရီခွက်ကိုလည်း လက်မထောက်ကစောင့်နေရသည်၊ ဝါး ကိုနှိပ်စေဆင့်လျှင်နာရီခွက်လည်း တပြိုင်နက်ကျစေသည်၊ တဦး ဦး ရေနိုက်မငုပ်မနေနိုင်၊ နှာခေါင်း ပစပ်မြင်အောင်ပေါ်လျှင်ပေါ်ကြောင်း ကိုမှတ်သား ရသည်၊ တဖက်သား ကြိုး ကိုင်ကိုဆင့်၍ယူစေရသည်၊ နှစ်ဦး ရေနိုက်နာရီနစ်အောင်ငုပ်နေနိုင်လျှင်လည်း ကြိုး ကိုင်စေသူတို့ကို ဖေါ်စေရသည်၊ ကမ်း ပေါ်ကိုမရောက်မီ ရေစပ်နှိုက်တဦး ဦး ရေဝသည်၊ ပြိုအံ့နွမ်း နယ်သည်၊ တိုင်ကလွတ်၍ ရေပေါ်ရသည်များ ကိုအမှုသည်နှစ်ဦး တို့ ရှေ့နေအစုံအညီမြို့စာရေး လက်မထောက်ကြိုး ကိုင်ရင်းလူတို့နှင့်ကြည့်ရှု မေး မြန်း မှတ်ရသည်၊ နှစ်ဦး မနွမ်း မနယ်မပြိုမအံ့ကြလျှင်ပြိုင်ကြောင်း ကိုမှတ်ရသည်၊ တဦး ဦး ရေဝပြိုအံ့နွမ်း နယ်သည်ကိုတိုင်လွှတ် သောအခါ တွေ့ရှိခဲ့လျှင်ရှုံးသူကိုမှတ်သား ရသည်၊ ရေက ပေါ်သူရှုံး သူတို့ကိုအိမ်ကအနောက်မျက်

နှာအဝန်း ငယ်သား တို့အပ်ရသည်၊ ဂုံး တော်ကို ရောက်လျှင် ရွှေမြို့တော်ဝန်ထံ အစီရင်ခံပြီး လျှင်လွှတ်တော်ဂုံး တော်အိမ်ရှေ့ဂုံး တော်များ ကအမှုဖြစ်လျှင် ရေး ရင်း စာရေး တို့ကမှတ်သား ချက်ကိုကူး ယူစေရသည်၊ ဂုံး တော်တွင်လည်း မှတ်သား ချက်များ နှင့်ကူး ယူလာသူတို့အမည် နေ့ရက်များ ကိုစွဲမှတ်ရေး သား ထား ရသည့်အပြင်အရပ်ရပ်က ရေငုပ်ဆန်ဝါး ရောက်သမျှအထည်ကြေး ကိုစစ် ရင်း လူတို့မှာတဝက်ဂုံး တော်ကတဝက်ခွဲယူကြရသည်၊

အတည်ကြေး ငွေကိုလည်း စစ်ရင်း ခုံစာရေး တို့ကခံယူခဲ့ရသည်၊ ရေမ ငုပ်မီအိမ်သို့ ရောက်လျှင်အတွင်း ရွှေပြည်စိုး ကိုအမှုသည်တို့ကတဘက် ၁၂ ပဲ စီ ပေး ရ သည်၊ ကြိုး ကိုင်တိုင်စိုက်ဝါး နှိပ်တွက်ကိုလည်း တဖက် ၁ ပဲ ပေး ရသည်၊ ကျမ်း တိုက်နာ ရီစောင့်တွက်လည်း လက်မထောက်သို့ ငွေ ၁၂ ပဲ စီ ပေး ရသည်၊ ထိန်း ရင်း လုလင် တို့ကိုလည်း ထိန်း ခလိုက်ခတဖက် ၅ စီ ပေး ရသည်၊ စာရေး တို့မှာ ရေး မှတ်ဖတ် ရွတ်ရသည်အတွက်အမှုနှင့် လျော်စွာ ပေး ရယူကြရသည်၊ မြို့စာရေး တို့မှာလည်း ဂုံး တော်က ရေဆိပ်သို့မဆင်း မီအမှုသည်နှစ်ဦး တို့ကအမှုနှင့် လျော်စွာ ပေး ကြ ယူကြရသည်များ ကိုစီရင်ထုံး တွေ့ဘူး ပါသည်၊

၂၅၊ ဆန်စါး ဆန်ဝါး စီရင်ပုံ

ဆန်စါး ဆန်ဝါး စီရင်ပုံအမှုမှာအင်း ဝမြို့နိုက်ဖြစ်လျှင် ရွှေနန်း တော် အနောက်မြောက် ရွှေယင်း ရဲဘုရား ရှေ့ဆန်ဝါး ရသည်၊ အမရပူရမြို့တော်မှာ ဖြစ်လျှင် ရွှေနန်း တော်အနောက်မြောက်ဆင်ကြိုး ရွှေကူဘုရား ရှေ့ဆန်ဝါး ရ သည်၊ စား ဝါး ရန်ဆန်အချိန်တဖက်တကျပ်သား စီဆန်လုံး မကျိုး မပဲ့သည့်ဆန်ကို ရွေး ချယ်၍ ရေဆေး စိမ်ပြီး လျှင်ဖက်က တော့တွင်သွတ်၍ နတ်ရကာပွဲအစုံနှင့်စါး ဝါး မြဲအရပ်သို့ ရှေ့နေအစုံအမှုသည်နှစ်ဦး အစုံမြို့စာရေး လက်မထောက်အဝန်း ငယ်သား တို့နှင့် ရောက်ကြလျှင်ပူဇော်ပသမြဲနတ်ရကာပွဲများ ကိုပူဇော်ပသစေ ၍ဆန်စါး ဝါး မည့်သူနှစ်ဦး ကိုယခုဆန်ဝါး မည့်အမှုတွင်ကျွန်တော်ကျွန်မတို့ကိုယ်နှင့် ကျွန်တော်တို့ဖက်ကလိုက်ပါသူတစုတို့ဆေး ဝါး လက်ဖွဲ့ခါး လှည့်အင်း အိုင်မန္တာန်စတီ ပညာယကြာယာယီမပြုမလုပ်မဆောင်မရွက်ပါ၊ ပြုလုပ်ဆောင်ရွက်ခဲ့လျှင်သစ္စာ တော်ကျမ်း တွင်ပါသည့်အတိုင်း စူး ရောက်သည်ဖြစ်စေသောလက်မထောက်ကကျမ်း

တိုက်ရသည်၊ စား ဝါး သူတို့အသက် နေ့နံကိုမှတ်၍သစ္စာ တော်ကျမ်း ကိုစွဲကိုင် စေပြီး လျှင်နှုတ်လျှာအာခံတွင်း အဝတ်ဆံဦး များ ကိုကြည့်ရှု စေပြီး မှအချုပ်အဓိဋ္ဌာန်စာကိုသုံး ကြိမ်ဖတ်နာ စေ၍အချုပ်စာကိုအတွင်း ဓိဋ္ဌာန်စာကိုအပြင် မြောက်အတွင်း အဝန်း တို့ကလည်းနှိုက်စာ ခွေစွတ်ပြီး လျှင်တဦး ကိုလက်မ ထောက်ရာဇာသီဟ၊ တဦး ကို မြောက်အတွင်း အဝန်း ကအသီး အသီး စား ဝါး မည့်သူခံတွင်း ကိုလက်ညှိုး လျှိုထား ပြီး မှဖက်က တော့နှင့်ထည့်ထား သည့်ဆန်အချိန် ဝကိုခွဲမြဲခွဲ၍ပ စပ်ထဲသို့ သွင်း သည့်အခါလက်ညှိုး ကိုတပြိုင်နက် နှုတ်လိုက်ရသည်၊

စား ဝါး မြဲစား ဝါး စေ၍ စား ဝါး သူတဦး ဦး ကဆန်ကုန် ကြောင်း နှင့်တကွအစီရင်ခံလျှင်စား ဦး ပါး ဦး သုံး ကြိမ်သုံး ခါဆန်ခွံ့သူတို့ကဆိုပြီး လျှင်ထိုဆန်ခွံ့သူတို့ကစား ဝါး သူတို့ခံတွင်း ကိုတပြိုင်နက်မစား မဝါး စေရလက်ညှိုး လျှိုမြဲလျှို၍ ရေကိုငုံစေသည်၊ ခံတွင်း ဆေး ရေကို ထွေး ခံနှင့်ခံယူ၍သုံး ကြိမ် စေ့အောင် ဆေး ပြီး လျှင်ဆန်ကျိုး ဆန်ညှာ ပါသည်မပါသည် ရေ နောက်သည်မ နောက်သည်စား နိုင်သည်မစား နိုင်သည်နှစ်ဦး ပြိုင်သည်မပြိုင်သည်များ ကိုအမှုသည် ရှေ့နေမြို့စား ရေး တို့ရှေ့ အစုံအညီမှတ်သား ရသည်၊ မှတ်သား ချက်ကိုဝန်များ ထံအစီရင်ခံ၍ပြီး လျှင်အခြား ရုံး တော်သို့တင် လျှောက်လျှင်စွဲရင်း ခုံစာ ရေး တို့ကမှတ်သား ချက်ကိုကူး ယူ စေရသည်၊ ရုံး တော်နှိုက်လည်း နေ့ရက်စွဲ၍ မှတ်သား ချက်ကိုဝန်မင်း များ ထံအစီရင်ခံ၍အ သေအချာထား ရသည်၊

## ၂၆၊ စုန်း ရေချစီရင်ပုံ

စုန်း ရေချဖြစ်လျှင်စီရင်ရမည်မှာစုန်း ဆိုသူ၏အသက် နေ့နံမည်အမှတ်ကို နေ့ရက်စွဲနှင့်မှတ်သား ရသည်၊ ရေဆိပ်သို့ရောက်လျှင်ထမီအတွင်း အပြင်ကိုလှန်၍ ဇောက်ထိုး ဝတ်စေသည်၊ နှုတ်လျှာအာခံတွင်း ခံခြေဘဝါး များ ကိုဆေး ကြောကြည့်ရှုစေ၍ဆံပင်ကိုခုနစ်ခွဲခုနစ်ထုံး အနောက်အတွင်း အဝန်း ကခွဲထုံး စေရသည်၊ ဘီး ကြီး ခုနစ်စင်း နှင့်ခုနစ်ချက်ငင်း အတွင်း အဝန်း ကိုဖီး စေသည်၊ ဆံတထုံး လျှင်ဘီး ကြီး တစင်း လင်း တအ တောင်တစ်လူ ရိုး တစ်တံရှူး ဝါး ကိုလုပ်သည့်လေး ကို ခြေမကြိုး လက်မကြိုး ကိုကြစ်၍ညှိုတပ်သည့်လေး ပေါင်း ၇စ်စင်း မြှား ပေါင်း တဆယ့်လေး စင်း အလေး ၇စ်စင်း အနက်ဆံထုံး ပန် လေး ငယ်ကိုင်း အလျား ခြောက်သစ်

ခန့်ပေးရသည်၊ ကြိုးထုံးမည်မျှနစ်သည် ရေထဲတွင်စုန်းမသည်ငုပ်၍ နေနိုင်သည်မနေနိုင်သည်ကိုစာရေးတို့မှတ်သားချက်များကိုဂုံး တော်နှိုက်မြို့ဝန်မင်းတို့ထံအစီရင်ခံရသည်၊ စုန်းမကိုလည်း အနောက်ပြင်အဝန်း ငယ်သားတို့ကိုအပ်ထားခဲ့ရသည်၊ မှတ်သားချက်များကိုလွှတ်တော်ကြီးသို့တင်သည့်ကာလဝန်ကြီးမင်းတို့ဆင့်ဆိုချက်အရကိုလိုက်နာဆောင်ရွက်စီရင်ရသည်၊

၂၇၊ လွှတ်တော်သို့အမြဲတက်ရသောအရာရှိများ

လက်မရွံ့မှူးတို့မှာလွှတ်တော်သို့နေ့စဉ်တက်စေရသည်၊ နားခံတော်အတွင်းတော်မှထွက်လာလျှင်မည်သည့်အမိန့်တော်ပါသည်၊ မည်သည့်ရာဇဝတ်မှုအလျှောက်အားရှိသည်များကိုလွှတ်တော်ကအကြောင်းအရာများကိုရေးမှတ်၍ မြို့ဝန်မင်းထံအစီရင်ခံရသည်၊ ညနေကိုလည်း လွှတ်တော်သို့မတက်မီဂုံးတော်သို့တက်၍အဆင့်အဆိုခံရသည်၊ လက်မရွံ့ထောင်တွင်အကျဉ်းထားသူတို့ကိုမထွက်မလွတ်စေရဆင့်ဆိုမြဲအဝန်းငယ်သားတို့ကိုနေ့စဉ်ညဂုံးဆင်းလျှင်ဆင့်ဆိုရသည်၊ လက်မရွံ့မှူးလွှတ်တော်သို့တက်လျှင်လည်း လက်မရွံ့ငယ်သားအမှတ်အထွက်မရှိသူတို့လိုက်စေရသည်၊ ငယ်သားမှာလွှတ်တော်အောက်ကစောင့်နေရသည်၊

စောင့်နေရသည်မှာရာဇဝတ်မှုနှင့်လူအကျဉ်းထားရမည်ဆင့်လျှင်အမှူးလွှတ်တော်တက်ကအောက်သို့ယူခဲ့ရသည်လူကိုအမှုမှင့်ငယ်သားတို့ကဂုံးတော်သို့ဆောင်ယူခဲ့ရသည်၊ လွှတ်တော်ကဆင့်ဆိုချက်ရှိသည့်အတိုင်းသိမ်းထားစီရင်ရသည်၊ အကျဉ်းထားမှတ်ချက်ပေးမှဆင့်ဆိုရာအကျဉ်းထားရပါသည်၊ မှုပြစ်ရှိသော်လည်း ထောင်စာချီတို့အလျှောက်အကျဉ်းမထားရဖြစ်သည်၊

၂၈၊ အာဏာစိုးတို့ဆောင်ရွက်ပုံ

အာဏာစိုးသားတို့ဆိုင်ရာထိန်းထားရသည်မှာညှပ်ကြိုးသံအိုးကင်းကြိုးသံတံစို့သံတံကျင်သံယောင်းမဂုတ်တွင်းပါးပေါက်ဂဲတင်းပဆိန်ဆောက်လက်ရိုက်များကိုထိန်းထားစောင့်နေရသည်၊ အဝေးထွက်စံတော်မူလျှင်ဆောင်ယူရသည်မှာဂဲတင်းပဆိန်သံတံစို့သံတကျင်ဂုတ်တွင်းပါးပေါက်ဆောက်များနှင့်ထိန်းသိမ်းလိုက်ပါရသည်၊ ဂုံးတော်ကဆင့်ဆိုရာအမိန့်တော်ကိုနားခံစောင့်နေလိုက်ထမ်းရသည်၊ ဂုံးတော်ကအမှုနှင့်လျှော်စွာအပ်လျှင်ချုပ်ထားရသည်၊ ရွှေ

မြို့တော်နှိုက်ဖြစ်လျှင်တရားရုံးတော်ကအပ်လျှင်လည်း ချုပ်ထားရသည်၊

၂၉၊ သေဆွဲနတ်စက်သင့်သူများကိုစီရင်ပုံ

သေဆွဲနတ်စက်သင့်သူများကို ရွှေမြို့တော်ဂင်္ငုအတွင်းဖြစ်၍ သွေးကြီး သွေးဆော်တို့က မည်သူ သေဆွဲမှုကြောင်း နှင့်အစီရင်ခံလျှင် ရွှေမြို့တော်ဝန်တို့ကထုံးစံရှိရာသိမ်းမြဲစဏ္ဍာလသားတို့ကသိမ်း၍သဂြိုဟ်စေရုံးတော်က ထောင်မှူး ထောင်စာချီတို့ကိုဆင့်စာအပ်သည်၊ ထောင်မှူး ထောင်စာချီတို့ကဆိုင်ရာအဝန်းငယ်သားတို့ကိုဆင့်ဆို၍သိမ်းမြဲစဏ္ဍာလသားတို့ကို ခေါ်စေသည်၊ ရောက်လျှင် သေဆွဲမှုကြီးကိုအဝန်းငယ်သားတို့ကဖြတ်ရသည်၊ သေသူကိုသိမ်းမြဲသုဿန်စောင့်စဏ္ဍာလတို့က ဖျာနှင့်လိပ်၍ ချီယူပြီးလျှင် မြေနှံ့ရလေသည်၊

နတ်စက်သင့်သူတို့ကိုလည်း သိမ်းမြဲစဏ္ဍာလသားတို့ကသိမ်းယူ၍ မြေနှံ့ရသည်၊ ကျေးရွာများက သေဆွဲမှုကြောင်း နတ်စက်သင့်ကြောင်းကိုအစီရင်ခံလျှင်ထုံးစံရှိရာသင်းဂြိုဟ်စေဟုရုံးတော်ကမှတ်စာပေးချပါသည်၊ သေဆွဲသူနတ်စက်သင့်သူကိုဖျာနှင့်လိပ်၍ထမ်းဆောင်ယူသွားရသည်၊

၃၀၊ ခါးနှင့်ရစ်၍စီရင်ပုံ

မည်သူကိုခါးနှင့်ရစ်စေအမိန့်တော်အရလွှတ်တော်ကဆင့်အပ်သည်ကို သွေးမြင်ရုံလက်မရှ့သားတို့ကရစ်ရသည်မှာရုံးတော်နှင့်တရားရုံးတော်နှစ်ဖက်အကြားတွင်ရစ်ရသည်၊ လည်ပင်းကိုရစ်ရသည်၊

၃၁၊ အာကိုဟက်၍စီရင်ပုံ

မည်သူအား အာကိုဟက်စေအမိန့်တော်အရမှတ်ချက်နှင့်လွှတ်တော်ကဆင့်လျှင်သုံးတန်းတောင်း၍သုဿန်သို့လေးမျက်နှာအာဏာစိုး သုံးတန်းသားတို့ယူသွားမြဲယူသွားရသည်၊ သုဿန်သို့ရောက်လျှင်လက်မရှ့သားတို့ကအာကိုဟက်ရသည်၊ အာကိုဟက်ရသည်ကား အာရင်းနှစ်ဖက်စပါးလုံးခန့်ရှိရုံသာဟက်ပြီးလျှင်အထက်ပါးရိုးရောက် သွေးမြင်အောင်အရေးအကြောင်းငင်ရသည်၊ ပြီးလျှင်စဏ္ဍာလသားတို့ကိုအပ်ခဲ့ရသည်၊

၃၂၊ ဂုတ်တွင်းပါးဖေါက်စီရင်ပုံ

ဂုတ်တွင်းပါးဖေါက်မှာဂုတ်တွင်းရန်ဆောက်ပါးဖေါက်ရန်ဆောက်

များကိုအာဏာစိုးက ပေးရသည်၊ ထွင်း ဖေါက်ရသည်မှာ ဆောက်ကိုအသွား ပေါ်ဂုံမှုနှင့်လက်နှင့်ဆုပ်၍ သွေးမြင်ဂုံမှု ဆောက်ထွင်း ရသည်၊

ဂုတ်ထွင်း ရန်ပါး ဖေါက်ရန် နေရာကိုထုံး နှင့်လက်မငွဲ့သားတို့က မှတ်သား ပြီး မှထုံးသား သော နေရာကို ဖေါက်ထွင်း ရသည်၊ မည်သူကိုထွင်း မည်သူပါး ကို ဖေါက်အမိန့်တော်အရလွှတ်တော်ကဆင့်ရာ ဖေါက်ထွင်း ရသည်၊

၃၃၊ ပုဏ္ဏားတို့ကိုစီရင်ပုံ

ပုဏ္ဏား တို့ကိုရာဇဝတ်တော်နှင့်မကင်း၍အဆုံး စီရင်အမိန့်တော်ပါလျှင်အမိန့်တော်ရင်း အတိုင်း လွှတ်တော်ကဆင့်လျှင်ရှမ်း သူရဲကောင်း ဟန်လွှတ်တော်မှာ တောင်း၍ ရာဇဝတ်စီရင်ရန်လူကို လေး မျက်နှာလက်မငွဲ့လူတို့ယူမြဲအတိုင်း ယူသွား၍သုဿန်သို့ ရောက်လျှင်စီရင်မြဲအရပ်တွင်ခင်း ကျင်း၍ ဓား နှင့် မစီရင်ရ၊ ဒုတ်နှင့်အဆုံး စီရင်ရသည်၊ လွှတ်တော်ကဆင့်ချက်ရှိလျှင်လည်း ဆင့်ချက်အတိုင်း ရေတွင်ချသင့်သူကိုချရသည်၊ အများ ကြောက်ရွံ့အောင်ဆင့်ချက်ရှိလျှင်လည်း သုဿန်မှာဆင့်ချက်အတိုင်း ထား ရသည်၊

၃၄၊ အကျဉ်း ထား စာရင်း တင်ရပုံ

ရုံး တော်ကိုလွှတ်တော်ကအကျဉ်း ထား စာရင်း တင်ရမည်ဆင့်ဆိုလျှင် ထောင် လေး ရပ်နှင့်လက်မငွဲ့တွင်ရှိသူတို့မှာအမှုအပြစ်အ လေး အ ပေါ့ကို ထောက်၍ အပြစ် လေး သူကိုတသန့်အပြစ်လတ်သူကိုတသန့်အပြစ်ငယ်သူကိုတသန့်အသီး အသီး ခွဲခြား ရေး သား ကောက်နုတ်၍အပြစ် လေး သူကိုအထက်အပြစ်လတ်သူကိုအလယ်အပြစ်ငယ်သူကို အောက်ကတသန့်စီ ရေး သား ပြီး လျှင် ရွှေမြို့တော်ဝန်မင်း တို့မှာမြို့စာ ရေး တို့ကအစီရင်ခံပြီး သော်မြို့စာ ရေး တို့လွှတ်တော်သို့တက်ရသည်၊ ငန် ထောက် တော် တို့ ရှေ့အကျဉ်း စာရင်း နှင့်ပြသအစီရင်ခံရသည်၊

ဝန် ထောက် တော်တို့က ဖတ်ရွတ်ကျွမ်း ကျင်သူစာ ရေး ထည့်၍မြို့စာ ရေး နှင့်လွှတ်တော်သို့ ကောင်ကလှည့်၍အကျဉ်း စာရင်း ကိုဖတ်ရသည်အပြစ် လေး သူမှာအဆုံး စီရင်မင်း ကြီး များ ကဆင့်ဆိုလျှင်စာရင်း အဖျား နှိုက်မှတ်သား ရသည်၊ အပြစ် ပေါ့သူမှာ မောင်း ကြော်၍ရာဇဒဏ်၂၀၊ ၁၀၀ခတ်၍ ဝန်ခံသူနှင့် အပ်မိန့်ဆိုလျှင်စာရင်း အဖျား တွင်မှတ်သား ခဲ့၍ ရုံး တော်သို့ပြန် ရောက်လျှင်မြို့

ဝန်မင်းတို့ထံအစီရင်ခံပြီး မှသုံညှှတ်လျက်ပါသူတို့ကိုကြား မြင်သမျှ ကြောက်ရွံ့အောင် အဆုံး စီရင်ရသည်ရှမ်း သူရဲကောင်း ဟန်သုံး တန်း တောင်း မြို့လွှတ်တော်မှာ တောင်း ရသည်၊ သတ်မှတ်ကွက် မောင်း ကြော်ရာဇဒဏ်ခတ်၍ ခံ ဝန်သူနှင့်အပ် လွှတ်တော်ကဆင့်ဆိုချက်အတိုင်း ကြည့်ရှုစီရင်ရသည်၊

၃၅၊ အမှုထမ်း ငယ်တို့ နေရပုံ

ရှမ်း ပိုက် ကောင်း ဟန်သူရဲသုံး တန်း သား တို့ကရုံး တော်အရှေ့ မြောက်တွင်လှံ မား ခမောက်များ နှင့် နေ့စဉ်ကျင်း ပစိုက်ထား ရသည်၊ အာကာစိုး ကလည်း ထိန်း မြို့ရဲတင်းပဆိန်ကို နေ့စဉ် ပြောင်လက် အောင်မွတ်သပ်၍ကျင်း ပထား ရသည်၊ လေး မျက်နှာအာကာစိုး လက်မရွံ့သား တို့ကလည်း ရုံး တော် မြောက်တွင်ကြိုး နှင့် ကြိမ်ယူထား ရသည်၊ စမြောင်တို့ကလည်း မြို့ဝန်မြို့စာရေး တို့တက်သည်ကာလအခြား သူတို့ နေရာမသင့်မတော် နေသူတို့ကိုလည်း စမြောင်ကကြိမ်ငယ်နှင့်ဆွဲ၍ ရိုက်နှက်ချရသည်၊ မြို့ဝန်တက်ပြီး နောက်ရုံး တော်ဦး သို့လူသူမကူး မသန်း မသွား စေရ၊ရုံး ဦး လှေကား ကမတက် စေရ၊ စောင့်ရသည်၊ ရုံး တော်ထက်မှာ စောင်တင်း တိမ် ဘိနပ်များ ကိုကိုင်ယူလုံခြုံ စေရသည်၊ ကူး သန်း သမျှလူတို့ကိုစမြောင်လက်မထောက် တို့ကဆွဲငင်ဖယ်ရှား ရသည်၊ စမြောင်တန်း မှာလွှတ်လုလင် လေး သွေ်တန်း ရုံး တော်အရှေ့ တောင်ထောင့်တွင် စောင့် နေထမ်း ရွက်ရသည်၊

လွှတ်လုလင် လေး တန်း မှာရုံး တော် တောင် လှေကား ကသည်ငါး တောင် ခြား ခန့်ခွါ၍ ဆောက်လုပ် နေကြရသည်၊ ကောင်း ဟန်တန်း မှာရုံး တော်အရှေ့ ဆယ် တောင်ခန့်ကွာတွင်တန်း နှင့် စောင့် နေကြရသည်၊ သူရဲတန်း မှာရုံး တော် မြောက်လမ်း မြောက်ဘက်တရား မရုံး တော်အရှေ့ကတန်း နှင့် စောင့် နေထမ်း ရွက်ကြရသည်၊ ၄င်း အရှေ့ရှမ်းပိုက်တန်း ၊ ၄င်း အရှေ့လက်မရွံ့ ထောင် ရွှေမြို့တော် ကဆက်လက် ဆောက်လုပ်ထမ်း ရွက် နေကြရသည်၊ အာကာစိုး တန်း မှာ ကောင်းဟန် တန်း အရှေ့က နေရသည်၊ လက်မထောက်တန်း မှာရုံး တော်အနောက် ထောင့် ထား မြို့ဖိတုန်း တင် တောတင်အနောက်ကတန်း နှင့် စောင့် နေထမ်း ရွက်ရသည်၊ ရွှေပြည့်စိုး မှာရုံး တော်သို့ နေ့ညတက် နေရသည်၊ ညကို ရွှေမြို့တော် ဝန်တို့မြို့ကိုလှည့် လှူင် ရွှေပြည်စိုး ငမောင်း နှင့်လိုက်ရသည်၊ မောင်း ထမ်း လူမှာ ရွှေပြည်စိုး မောင်း

သားတို့ကထမ်းလိုက်ရသည်၊ ရုံးတော်ကလက်မထောက်တို့နှင့်ဆိုင်ရာ ထောင်မှူး ထောင်စာချီငယ်သား အဝန်း ငယ်သားတို့လိုက်ရသည်၊

ရပ်စုရပ်ကွက် ကျေးရွာများကိုလှည့်ပတ်သွားလာလျှင်လည်း အထက်နည်း လိုက်ကြစေသည်၊ လူဆိုး လူသွမ်းတို့ကိုဘမ်းဆီး မိကြောင်း နှင့်ရပ်စုသွေးကြီး ကျေးရွာအစီရင်မြေတိုင်သူကြီးတို့ကပို့ရောက်လာလျှင်ဆိုင်ရာ ထောင်မှူး ထောင်စာချီတို့သို့အပ်ထားခဲ့၍ စစ်ကြောထွက်ဆိုချက်ကိုရုံးတော်သို့ ထောင်မှူး ထောင်စာချီတို့ကတင်၍အစီရင်ခံရသည်၊ စစ်ကြောထွက်ဆိုချက်အရကိုထောက်၍အဂျဉ်းထားဆင့်ဆိုမှထားရသည်၊ ထောင်မှူးတို့အလျောက်မထားရ၊ ၎င်းနည်း ရွှေမြို့တော်ဝန်မြို့ကိုလှည့်ပတ်လျှင် လေးရပ်ထောင်မှူး ထောင်စာချီတို့လိုက်ပါရသည်၊

၃၆၊ လက်မရွံ့အာဏာစိုးတို့တရားဖြစ်ကြပုံ

လက်မရွံ့အာဏာစိုး အစုအမှုထမ်း လူတို့တွင်တရား စကား အရှက်အတင်ရှိကြလျှင်ဝန်တို့ကစစ်ဆေး ရှင်းလင်း အမှုအဆုံး သို့ရောက်သည်ကာလလက်မရွံ့ ထောင်မှူးကြီး အတွင်း အမှုသည်တို့ကတုပ်ပျပ်နေစေ၍မြို့ဝန်ကစစ်ရင်း စာရေး ထည့်အပ်ပြီး လျှင်ပြီး ဖြတ်စာကိုဖတ်ဆိုနာခံစေ၍လက်မရွံ့အဝန်း ကဓါး လွတ်ပြုပြီး သော်တရား ပြီး ငြိမ်း ပြတ်ကင်း စေ၊ ထောင်အာဏာအစုအမှုထမ်း လူတို့တွင်တရား စကား အရှက်အတင်ရှိလျှင်ဆိုင်ရာဆိုင်သင့် ထောင်မှူး လေးရပ်တို့ကစစ်ဆေး ရှင်းလင်း စီရင်ပြီး လျှင်မြို့ဝန်တို့ကိုအစီရင်ခံ၍လက်မရွံ့အဝန်း ထောင်အာဏာတို့အား ဆင့်ဆိုပြီး ထောင် လေးရပ်အတွင်း အမှုသည်တို့ကို မြေနှိုက်တုပ်ပျပ်နေစေ၍ဖြတ်စာကိုစစ်ရင်း စာရေး တို့ကလက်မရွံ့အဝန်း တို့ပြ၍တရား ပြီး ငြိမ်း ပြတ်ကင်း စေ၊လက်မရွံ့အာဏာ ထောင်အာဏာအစုအမှုထမ်း သူတို့ သေလွန်လျှင်ဖျာတလိုး အတွင်း အရှည်သုံး တောင်ကြိုး ၁၊ အရှည်တတောင်သတ်ချွန် ၁၊ တင်း ပုတ်၁ထည့်၍ သင်္ဂြိုဟ်မြဲသင်္ဂြိုဟ်စေ၊ လက်မရွံ့အာဏာ ထောင်အာဏာအစုအမှုထမ်း တို့ကိုရာဇဝတ် အပြစ်အလျောက်ရှေး အမိန့်တော်တမ်း များ နှင့်အညီအဆုံး စီရင်ရန်ရှိလျှင်မြို့ဝန်တို့ကစစ်ကြောရှင်း လင်း ၍လွှတ်တော်သို့လျှောက်ထား ပြီး လျှင် ရွှေမြို့တော် အနောက်မျက်နှာအာဠဝီတံခါး ကထွက်စေ၍ ထောင်ကိုပို့ပြီး နှောင်အိမ်အတွင်း အစုသားတို့ထုံး စံရှိရာကြိုး တင်း ပုတ်များ နှင့်ဆုံး ရှုံး အောင်စီရင်မြဲစီရင်

စေ၍သုဿန်သို့ပို့ရသည်၊ ကြိုး သတ်ထည့်မြဲထည့်ပြီး လျှင်သုံး ရက်လည်မှသုဿန် စောင့်တို့ကသိမ်း ဆည်း မြဲသိမ်း ဆည်း ရသည်၊

၃၇၊ ရွှေပြည် တော်လက် ဟောင်း အသည်စဏ္ဍာလအစုအမှုထမ်း တို့တရား ရှက်တင်စီရင်ပုံ

ရွှေပြည် တော်လက် ဟောင်း အသည်စဏ္ဍာလအစုအမှုထမ်း တို့မှာတရား စကား အရှက်အတင်ရှိခဲ့ သော်ဆိုင်ရာအကြီး အကဲတို့ကထုံး စံရှိရာစစ် ဆေး စီရင်စေ၊ မပြီး မပြတ်လျှင်အသည်ဝန်အသည်စာ ရေး တို့ထံ လျှောက်စာတင်၍အယူခံ စေ၊ စဏ္ဍာလအစုအမှုထမ်း လူတို့မှာ ရာဇဝတ် ကြောင်း အလျောက် သေပြစ် သေဒဏ်ရှိလျှင်အကြီး ခေါင်း တို့ကစစ်ချက် ရွှေရုံး သို့တင်၍မြို့ဝန်တို့က ခြေကျဉ်း ပေးအပ်ပြီး လျှင်အစုဆိုင်ရာ ကျေး ရွာအရပ်မှာ ခေါင်း ကြီး တို့က ခြေကျဉ်း စွဲပြီး လုံခြုံအောင်ထား စေ၊ ရာဇဝတ်ပြစ်အဆုံး ရောက်သည်ကာလလွှတ် တော်အသည်ဝန်မြို့ဝန်တို့ထံ လျှောက်ဆို၍အစုသား တို့ဘာသာထုံး စံရှိရာကြိုး တင်း ပုတ်များ နှင့်ဆုံး ရှုံး အောင်ပုတ်ခတ်စီရင် စေ၊ သုံး ရက်လည်လျှင်သုဿန် စောင့်တို့ကသိမ်း ဆည်း မြဲသိမ်း ဆည်း စေရသည်၊

၃၈၊ ဘုရား ကျောင်း အရံ စောင့်ကျွန်သီး တော်တို့တရား စကား အရှက်အတင်စီရင်ပုံ

ဘုရား ကျောင်း အရံ စောင့်ကျွန်သီး တော်တို့တရား စကား အရှက်အတင်ရှိလျှင်ဝတ် မြေဝန်မဟာဒါန်ဝန်တို့ကစစ် ဆေး စီရင်ရှင်း လင်း စေ၊ ရာဇဝတ်အပြစ်အလျောက် သေပြစ် သေဒဏ်ရှိလျှင်ဝတ် မြေဝန်ဝတ် မြေစာ ရေး မဟာဒါန်ဝန်စာ ရေး တို့ကလွှတ် တော်မြို့ဝန်များ ထံအစီရင်ခံ၍ ခြေကျဉ်း စွဲမြဲစွဲခတ်ပြီး လျှင်အာဃာတံခါး ကထွက် စေ၍အနောက် ယောင်တွင်တည် နေရပ်ဆိုင်း ပြီး မှအစုအမှုထမ်း ချင်း ဘာသာထုံး စံရှိရာကြိုး တင်း ပုတ်များ နှင့်ဆုံး ရှုံး အောင်စီရင်၍လည်ပင်း မှာသက်နှန်း စုတ်ကိုစည်း နှောင်ပြီး သုဿန် ရေမြေသင့်ရာအရပ်တွင် ကျောက်လုံး ခဲဆွဲချည်ပြီး လျှင်သုဿန် စောင့်တို့ထုံး စံရှိရာ ရေနှိုက်ချမြှုပ်စေရသည်၊

12 February 1785

၃၉။ မိန်း မစိုး မိန်း မကဲတို့ကိုရာဇဝတ်အပြစ်အလျောက်စီရင်ပုံ

မိန်း မစိုး မိန်း မကဲတို့ရာဇဝတ်အပြစ်အလျောက် သေပြစ် သေဒဏ်အမှု ရှိလျှင်အနောက်ဝန်အနောက်စာရေး တို့ကအတွင်း ဝန်တို့ထံအစီရင်ခံ၍အတွင်း ဝန်တို့ကစစ်ချက်စစ်တမ်း များ နှင့်လွှတ်တော်မှာ လျှောက်ထား ပြီး လျှင်ဆင့်ဆိုမှ မြို့ဝန်က ခြေကျဉ်း စွဲခတ်မြဲစွဲခတ် စေ၍အာဌာဝိတ်ခါး ကထွက်သွား စေပြီး သော် အနောက်ပြင် ထောင်မှာသွင်း ထား ၍လက်မရွံ့အစုသား တို့ကြိုး တင်း ပုတ်များ နှင့်ထုံး စံရှိရာချည် နှောင်ရိုက်နှက်ပုတ်ခတ်ဆုံး ရှုံး အောင်စီရင် စေ၍သုဿန် သို့ပို့မြဲပို့ စေ၊ သုဿန် စောင့်အစုသား တို့ကသုံး ရက်လည်မှသိမ်း ဆည်း မြဲသိမ်း ဆည်း စေရသည်၊

၄၀။ ပုဏ္ဏား ဆက္ကာသူ တော် ယောင် ဇော် ဂီလူမျိုး တို့ကိုရာဇဝတ်အပြစ် အလျောက်စီရင်ပုံ

ပုဏ္ဏား ဆက္ကာသူ တော် ယောင် ဇော် ဂီလူမျိုး တို့ကိုရာဇဝတ်အပြစ်အလျောက် သေပြစ် သေဒဏ်အမှုရှိလျှင်မြို့ဝန်တို့ကစစ် ကြော၍လွှတ် တော်သို့ လျှောက်ထား ပြီး လျှင် ဆင့်ဆိုရာလက်ရသူရဲ ကောင်း ဟန်အာဏာလက်မရွံ့သို့ ပေး အပ်၍ ဖွါး ကြီး ဖွါး စော် အရပ်ရပ်များ သို့လုံခြုံ အောင်ပို့ထား စေ၊ပုဏ္ဏား ဆက္ကာသူ တော် ယောင် ဇော် ဂီ မိန်း မစိုး မိန်း မကဲဘုရား ကျောင်း ကျွန်သီး တော်နတ်ထိန်း နတ်နေသဘင်အ ကအပြက်အ ချော်လူတို့ကိုအဆင့်အဆို မရှိလျှင်လွှတ် တော်သို့မတက်မလာ စေနှင့်အမှုရှိ လျှင်ရှိသည့်အ လျောက်အ ကြောင်း နှင့် လျော်စွာဆိုင်ရာအထိန်း အအုပ်အကြီး အကဲ တို့ကသာအ လျှောက်အထား အစီရင်ခံရသည်၊

29 October 1783

သက္ကရာဇ် ၁၁၄၅ ခုတန် ဆောင်မုန်း လဆန်း ၅ ရက် နေ့ဝန်ရှင် တော်ကြ ခင်းမင်းကြီး၊ပခန်းမင်းကြီး၊ကင်းဝန်မင်းကြီး၊ မြို့လတ်ဝန်မင်း ကြီး လေး ပါး အစုံအညီမိန့်ချက်ကျွန် တော်ရင်း ဝန် ထောက် တော်မင်း မှတ်၊ စာရေး ကြီး ဥ ဒိန်သီရိသို့အပ်၍ ရွေ့ရုံး နှင့်ဆိုင်ရာများ ကိုဆင့်ဆိုရသည်၊

တရား သူကြီး တို့ကတရား ရုံး မှာဘုရား အမိန့် တော်မြတ်ရင်း နှင့်အညီ ရွှေမြို့ တော်မှစ၍ နိုင်ငံ တော်အတွင်း တရား စကား ရှိသည်များ ကိုပြည်သူတို့မပင် မပန်း စေရ၊ အမှန်အကန် ရောက် အောင်အသင့်နှလုံး သွင်း၍ ဆုံး မစီရင်မှ

လောကဓမ္မအကျိုး နှစ်ပါး ဖြစ်ပွါးမည်၊ အရပ်ရပ်တရား စကား ဆင့်ဆိုစီရင် ဆုံး မရန်ရှိသည်များ ကိုအမှုသည်တို့နှင့် ခေါ် ဝေါ်ဆင့်ဆိုချုပ်ကိုင် စေ၊ စေပါး ရန်မရှိပါသင့်ရာတန်း လုလင် ပေး အပ် တော်မူပါမည့်အကြောင်း နှင့် လျှော်သည် ရွှေး မင်း တို့လက်ထက်စစ်တမ်း ထွက်တရား ဆုံး စေ၊

အစုမဖွဲ့မစည်း မီအတွင်း ရွှေရုံး အာဏာ စိုး တန်း တွင်တရား ဖြစ်ပွါး ကြသည့်လူတို့ကိုအမှုနှင့် လျော်စွာအာဏာ စိုး တန်း ကအသာအယာထိန်း သိမ်း ချုပ်ကိုင်နှင့် စေ၊ခေါ် ဝေါ် ရန်လုလင်တို့မှာတရား သူကြီး တို့အမိန့်အရဇာရား အလျှောက်သာယာစွာ ခေါ် စေရသည်၊ သုံး ခေါက် ခေါ်၍ မလိုက်မပါသည့်အမှုရှိ သူတို့ကိုလွှတ် တော်မှာ လျှောက်ထား စေ၊ ရွှေရုံး တရား ရုံး သို့ဆင့်ဆို စေရသည်၊

12 February 1785

သက္ကရာဇ် ၁၁၄၆ ခုတပေါင်း လဆန်း ၅ရက် နေ့ဝန်ရှင် တော်ပခန်း မင်းကြီး၊ကနောင်မြို့စားအသည်ဝန်မင်းကြီး၊မြင်းဝန်မင်းကြီးသုံးပါးမိန့်ချက်ကျွန် တော် ရင်းဝန် ထောက် တော်မင်း နေမျိုးစည်သူ မှတ်ချက် ရေးသား၍ စာရေးကြီးသို့ဆင့်ဆို စေပြီး လျှင် ရွှေရုံး တရား ရုံး များ သို့မှတ်ချက်ရေး သား ဆင့်ဆိုရသည်။

ဝန် ထောက် တော် မြောင်လှမြို့စား မင်း ကြီး သီရိမဟာ ဇေယသူကြီး ကြပ် ရေး သား သည်

(သုတေသီ)

14 February 1785

ငစည့်ကူး စား လက်ထက်အလျှင်လုပ်သည်ပြဿဒ် ဆောင်ကိုအလယ်နန်း မတော် မိဘုရား ကိုသနား တော်မူသည်။

14 February 1785

(သက္ကရာဇ်) ၁၁၄၆ ခုတပေါင်း လဆန်း ၇ရက် နေ့နေ့ ခဇေယ နော်ရထာထွင်ပြန်။

(မှီး ကြည့်၊ ပုံ ၆၁၀)

20 February 1785

ဝင်း တော်၄မျက်နှာအိပ်ဘန်အစောင့်အနေတို့ကိုလွှတ်တော်ရုံး တော်ကခန့်ထား စေသုံး၍ရှိကြောင်း နှင့်ရွှေနား တော်ကြား တော်မူသည်။ အိပ်ဘန်အစောင့်အနေလုတို့ကိုခန့်ထား စေသုံး လျှင်ရာဇဝတ်တော်ရေး မပြေမကုန်ရှိမည်ဖြစ်သည်၊ အိပ်ဘန်တန်း စောင့်တန်း နေလုတို့ကိုလွှတ်ရုံး တော်ကမခန့်မထား မစေမသုံး စေနှင့်၊ အိပ်ဘန်တန်း ထွင်သာမြဲစွဲ စောင့်နေထမ်း ရွက်စေ။

20 February 1785

(သက္ကရာဇ်) ၁၁၄၆ ခုတပေါင်း လဆန်း ၁၃ ရက်နေ့ညနား ခံ စမြောင်မှူး ထွင်ပြန်။

(သူရိယမဂ္ဂဇင်း ၊ တွဲ၁၃၊ မှတ်ရ၊ စက်တင်ဘာ၁၁၉၂၉၊ မျက်၄၀)

ပုခမ်း မင်းသား ၊ ပင်းတလဲမင်းသား တို့မှာ စစ်က ရောက်လျှင်အထိမ်း
အသိမ်း နှင့်ခန့်ထား ရမည်မဟုတ်ဖြစ်သည်၊ ပုခမ်း မင်းသား ကိုယ်ခုနေ
သည့်ဝင်း ခြံအိမ်တွင် နေမြဲ နေစေ၊ ပင်း တလဲမင်းသား မှာ စက်ရှင်တံခါး
လမ်း မြောက်ဘက် တော်သင့်ရာအရပ်တွင်တိုင် ရှေတော်နှင့် ဆောက်လုပ်၍
နေစေ။

20 February 1785

(သက္ကရာဇ်) ၁၁၄၆ ခုတပေါင်း လဆန်း ၁၃ ရက်နေ့နား ခံ
ပြော့ကြီး မှူး တွင်ပြန်။
( မျိုး ကြည့်၊ ပု၊ ၆၁၀ )

4 March 1785

ရခိုင်မြို့တွင်အစောင့်အနေခန့်ထား ရမည်မှာ နန္ဒပကြိုကိုရခိုင်မြို့ဝန်၊ စစ်ကဲနား ခံမြို့စာရေး အစုံ၊ ရန်ငြိကျွန်း မှာပုံရှိ ဇေယ ကျော်ထင်ကိုမြို့ဝန်၊ စစ်ကဲနား ခံမြို့စာရေး အစုံ၊ သံတွဲ တောင်စဉ်ရခိုင်မှာ နန္ဒကာမဏိကိုမြို့ဝန်၊ စစ်ကဲနား ခံမြို့စာရေး အစုံခန့်။

4 March 1785

(သက္ကရာဇ်) ၁၁၄၆ ခုတပေါင်း လပြည့်ကျော် ၁၀ ရက်နေ့နား ခံ ပြော့ကြီး မှူး ထွင်ပြန်။

(မျိုး ကြည့်၊ ပု။ ၆၁၀)

ကျွန်မဟာစည်သူသည်ယုံမှတ်သနား တော်မူ၍ခန့်ထား တော်မူသည့်ဝန်စုဝန်
ငန်း ရှင်သကဲ့သို့ဝန်စုသား တို့ထွင်အမှုကြီး ငယ်ရှိလျှင်မစသိမ်း ပိုက်စစ်ဆေး
မေးမြန်းခြင်းကိုမပြု၊ ဝန်စာရေး တို့သုံး သည့်စာရင်း ကိုလည်း ဟုတ်မဟုတ်
မှန်မမှန်မစစ်မကြောသုံး လို၍ရှိသုံး စာ ရင်း ဆက်သွင်း သည်၊ မဟာစည်သူ
နှင့်သိရိဝေသူကျော်၊ အသင်္ချာကျော်ယင်တို့ကိုဝန်စာရေး အရာကနှုတ်။
25 March 1785

(သက္ကရာဇ်) ၁၁၄၆ ခုတန်ခူး လပြည့်ကျော်၁ရက်နေ့ဇေယနော်
ရထာထွင်ပြန်။

(မှုန်းကြည့်၊ ပု။ ၆၁၀)

အစုအငန်း မဖွေး မရှက်စေရ၊ အရိုး အစည်ထုံး စံမှန်ကန်အောင်စာရင်း
စစ်တော်မူသည်ဖြစ်သည်၊ မြို့ရွာသူကြီး ၊ မြင်း စုကြီး ၊ ရှမ်း မြင်း ၊ တောင်
ဘက်မြင်း ၊ မြောက်ဘက်မြင်း ၊ မြို့ပါမြင်း ၊ ဝင်း တော်လေး မျက်နှာ၊ ဒိုင်း၊
ဝန်း၊ကိုယ်ရံတော်၊ လမိုင်း၊တံခါး ၊ အနောက်ဝန် ဝန်စုမှစ၍အရပ်ရပ်မြို့
ရွာသူကြီး အစုအငန်း ခေါင်း အကြီး တို့က ၂၆ ခု၊ ၂၇ ခု၊ ၄၅ ခုဆက်သွင်း သည့်
စစ်တမ်း များ မှာထမ်း ရိုး ရွက်ရိုး စီး နင်း ဆောင်ရွက်ရိုး များ ကိုအကျုံး
အလွန်မမှန်မကန်သာ ပိုဟိုး ပွါး၍အစစ်ခံကြသည်၊ အထက်စစ်တမ်း များ မမှန်
မကန်ဖြစ်သည်၊ ယခုစစ်တော်မူသည့်စာရင်း တွင်ထမ်း ရိုး ရွက်ရိုး ဝတ်ဆင်စီး
နင်း ဆောင်ရွက်ရိုး ကောက်ရိုး စား ရိုး များ ကိုအရိုး အစည်ထုံး စံမှန်ကန်
သည့်အတိုင်း သာစစ်တမ်း ခံ၍ဆက်သွင်း စေ။

19 April 1785

သက္ကရာဇ် ၁၁၄၇ ခုကဆုန်လဆန်း ၁၂ ရက်နေ့နား ခစ မြောင်
မှူး ထွင်ပြန်။

(အုပ်၊ တ၊ ၁၉၇၄၊ ပိုဒ် ၃၃၀၊ စါ ၄၆)

28 April 1785

မင်းကြီး နန္ဒကျော်ထင်နှင့်ငမြတ်ထား ငယ်သည်ငါ့အမိန့်တော်ကိုဆန့်ကျင်သသူ ဖြစ်သည်၊ ထိုး စံရှိရာဝေး စွာပို့၊ ငပသီမှာလည်း မရေး တန်ရေး မှတ်သ သူဖြစ်သည်၊ လက်ကိုပယ်။

28 April 1785

(သက္ကရာဇ်) ၁၁၄၇ ခုကဆုန်လပြည့်ကျော် ၆ ရက်နေ့နားခံ ဇေယ နော်ရထာတွင်ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၁၀)

16 June 1785

မိထွေးတော်ကကိုယ်စား တော်ဆောက်လုပ်သည့်ကျောင်း ကိုတင်လှူရမည်မှာ

18 June 1785

သက္ကရာဇ် ၁၁၄၆ ခု ဒုတိယဝါဆိုလဆန်း ၁၂ ရက် ၂ လီ နေ့ နံနက် ၄ ချက်တီး ကျော် ၂ နာရီပါတ်ပြည့် ၆ ဗီဇ နာ ၄ ပြန် ခရာပြည့်တွင်အခါတော်ရ ကြောင်း နှင့် ပညာရှိတို့က စာဆက်သွင်း သည့်အတိုင်း ထွက်၍တင်လှူတော်မူသည်၊ စီရင်ခင်း စီရင်ဖွယ်ရှိသမျှကို ပြေကုန်အောင်စီရင်။

16 June 1785

(သက္ကရာဇ်) ၁၁၄၇ ခုပထမဝါဆိုလဆန်း ၁၀ ရက်နေ့နားခံဇေယနော်ရထာတွင်ပြန်။

(မှန်း ကြည့်၊ ပု၊ ၆၁၈)

သတိုး မင်း ကျော်၊ သတိုး မင်း ထင်၊ မင်း ရဲမင်း လှရွှေတောင်၊ မင်း ရဲနန္ဒမိတ်၊ မင်း ရဲမင်း လှကျော်ထင်၊ မင်း ရဲသီဟသူ၊ မင်း ရဲကျော်ထင်၊ မင်း ရဲသီဟကျော်၊ မင်း ရဲဇေယကျော်၊ မင်း ရဲရာဇသူ၊ မင်း ရဲနန္ဒသူတို့မှာလည်း ၅ သွယ်သနား တော်ခံ နှင့်ရင်းရှိသည်၊ ၃ သွယ်တိုး မှန် အောင် ၁ သွယ်တိုး ၍သနား တော်မူသည်။

26 June 1785

(သက္ကရာဇ်) ၁၁၄၇ ခုပထမဝါဆိုလပြည့်ကျော် ၅ ရက်နေ့နား ခံစမြောင်မှူး ဟွင်ပြန်။

(မြို့ ကြည့်၊ ပု၊ ၆၁၀ )

ဘုန်းတော်အလွန်ကြီးမြတ်တော်မူသောဆင်ဖြူသခင်အသျှင်ဘဝရှင်မင်းတရား ကြီးဘုရားအမိန့်တော်ရှိသည်၊ ပဉ္စမပဏ္ဍင်းလောင်းတော်ရှင်လောင်း တော်တို့စာပြန်မှုမှာလူငယ်တပည့်သာမဏေတပည့်စာသင်သားတို့သည်ပညာ အစွမ်းသတ္တိဗျတ္တိရဉ်တုရည်မျှရှိမြဲမဟုတ်၊ အညံ့အလတ်အမြတ်၃ရပ်၃ထွေဆုတောင်း ဆုယူပါရမီကုသိုလ်ကံနှင့်လျှော်စွာရှိကြမည်ဖြစ်သည်၊ အညံ့သာမဏေလောင်းစာ သင်သားတပည့်တို့ပြန်ရိုးမည်သည်တွင်ဖြစ်စေ၊ အလတ်သာမဏေလောင်းစာသင် သားတပည့်တို့ပြန်ရိုးမည်သည်ဖြစ်စေ၊ အမြတ်သာမဏေလောင်းစာသင်သား တပည့်တို့ပြန်ရိုးမည်သည်တွင်ဖြစ်စေ၊ အညံ့ပဏ္ဍင်းလောင်းသာမဏေစာသင် သားတပည့်တို့ပြန်ရိုးမည်သည်တွင်ဖြစ်စေ၊ အလတ်ပဏ္ဍင်းလောင်းစာသင်သား တပည့်တို့ပြန်ရိုးမည်သည်တွင်ဖြစ်စေ၊ အမြတ်ပဏ္ဍင်းလောင်းသာမဏေစာသင် သားတပည့်တို့ပြန်ရိုးမည်သည်တွင်ဖြစ်စေ၊ သင်အားကြားအားကျမ်းဂန်ရေဝံ ကိုထောက်၍အပိုင်းအခြားနှင့်စာပြန်စာမေးခံရမှနောက်နောက်သား တော်အစဉ်မြဲ တော်အဆက်မြစ်တော်အညွန့်အဖွန့်ရှည်သဖြင့်စာမေးစာပြန် မှုထုံးသက်သေဥပဒေကျ၍စာပို့ဆရာစာသင်တပည့်တို့ကျိုးစားအားထုတ်သင် ကြားပို့သကြ၍သာသနာတော်ထွန်းပပွင့်လင်းမည်ဖြစ်သည်၊ စာမေးဆရာ တော်တို့တပည့်ကိုသာလည်းပဉ္စမစာမေးခံစေရမည်မဟုတ်။ စာမေးဆရာ တော်တို့ပြင်တံဆိပ်အလျှတော်ခံမှန်သမျှဆရာတော်တို့တပည့်များကိုကျိုးစားအား ထုတ်ပို့သသင်ကြား စေ၍တနှစ်တကြိမ်ဆရာတော်တဦးလျှင်တပည့်တယောက်စာ မေးစာပြန်ရအောင်သင်ကြားပို့သ၍စာမေးခံစေ၊ အချီးအမြှောက်ကိုခံ စေခြင်းသည်ပဠူပွန်အတင့်အတယ်ကိုလိုက်၍သာခံစေခြင်းမဟုတ်တပည့်ဆရာသံ သရာအကျိုးစီးပွါးများစေလို၍သာသနာတော်ရေးကိုအားထုတ်စေခြင်း ငှါအချီးအမြှောက်ကိုခံစေခြင်းဖြစ်သည်၊ စာသင်တပည့်တို့အားကျိုးစားအား ထုတ်ပို့သသာသနာတော်စည်ပင်ထွန်းလင်းမည်၊ ပရိယတ္တိသာသနာတော်ကိုအ မှီရမှလည်းပဋိပတ္တိသာသနာတော်ပဋိဝေဒ သာသနာတော်ကိုဖြည့်ဖွမ်း ကျင့် ဆောင်နိုင်သည်၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒသာသနာတော်၃ပါးညီ ညွတ်ဖွာစည်ပင်ထွန်းလင်းသည်ဖြစ်မှနတ်ရွာနိဗ္ဗာန်သို့ရောက်နိုင်မည်အကြောင်း

ဖြစ်သောကြောင့်အညံ့သာမဏေလောင်း စာသင်လူတပည့်တို့မှာ မည်သည်မှုရိုး
မဆိုသဒ္ဒါဂစောင်ပါဠ်အနက်ရုပ်အကုန်၊ အဘိဓမ္မတ္ထသင်္ဂြိုဟ်ရပိုင်း ပါဠ်အနက် ဂါ
ထာသရုပ်မာတိကာ၊ ခန္ဓာအာယတနဓါတ်ဘွဲ့စာကုန်သည်ကိုပြန်ရိုး ဖြစ်စေ၊ အ
လတ်သာမဏေလောင်း စာသင်တပည့်တို့မှာ သဒ္ဒါဂစောင်ပါဠ်အနက် ရုပ်အကုန်
အဘိဓမ္မတ္ထသင်္ဂြိုဟ်ရပိုင်း ရုပ်အနက်ဂါထာသရုပ်၊ ပဋ္ဌာန်းသမုတ်ပါဠ်နည်း အဓိပ္ပါယ်
နှင့်တကွပစ္စည်း ပိုင်း မာတိကာ၊ ဓါတုကထာပါဠ်အနက်။ မူလယမိုက်ကုသလတိက်ကုန်
သည်ကိုပြန်ရိုး ဖြစ်စေ၊ အမြတ်သာမဏေလောင်း စာသင်တပည့်တို့မှာ သဒ္ဒါဂစောင်
ပါဠ်အနက်ရုပ်အကုန်၊ ပဏ္ဏမဂါထာ သံဝဏ္ဏနာဖေပါး နှင့်သင်္ဂြိုဟ်၉ပိုင်း စုဏ္ဏိယအဓိ
ပ္ပါယ်၊ ဝိထိလက်ရိုး ၊ မရဏာသန္နဝိတိစေတ သိတ်လက္ခဏာအကျယ်၊ ကိစ္စသင်္ဂဟဌာန
အပြား ရုပ်လက္ခဏာအကျယ်၊ ပုဂ္ဂလဘေဒဘုမ္မိစတုက္ကကမ္မစတုက္ကအကျယ်၊ ပစ္စည်း ပိုင်း ၊
ကမ္မဋ္ဌာန်း ပိုင်း ၊ အဓိပ္ပါယ်အကုန်၊ မာတိကာ၊ ဓါတုကထာပါဠ်အနက်၊ မူလယမိုက်ပါဠ်
အနက်၊ ကုသလတိတ်ကုန်ခန္ဓယမိုက်၊ အာယတနယမိုက်၊ ဓါတုယမိုက်၊ သစ္စယမိုက်၊ သင်္ခါ
ရယမိုက်၊ သည်ကိုပြန်ရိုး ဖြစ်စေ၊ သာမဏေလောင်း စာသင်း သား တပည့်တို့
မှာအသက်၁၅နှစ်အရွယ်ကသာသူကိုစာမပြန်စေနှင့်၊ ၁၅နှစ်အောက်ကိုသာမေး
ခံစေ၊ သာမဏေဖြစ်ပြီး သူကိုလည်း လူဝတ်လဲ၍သာမဏေလောင်း အဖြစ်မပြန်
စေနှင့်၊ အညံ့ပဉ္စင်း လောင်း သာမဏေစာသင်တပည့်တို့မှာ သဒ္ဒါဂစောင်ပါဠ်
အနက်၊ ရုပ်၊ သုတ်၊ ဝုတ္တိစပ်၊ ပုဒ်ဖြတ်၊ နိဒ္ဒေသ၊ သင်္ဂြိုဟ်၉ပိုင်း ၊ ပါဠ်အနက်၊
ဂါထာစုဏ္ဏိယသရုပ်အဓိပ္ပါယ်သင်္ဂြိုဟ်ဖွင့်ပါသမျှဝိတိဆိုရိုး ပဏာမ၊ သံဝဏ္ဏနာဖေပါး ၊
စာစပ်စုဏ္ဏိယ ဝိသဒ္ဒါအကျယ်၊ စေတသိက်လက္ခဏာ၊ ရုပ်လက္ခဏာအကျယ်ကိစ္စသင်္ဂဟ
ဌာနအပြား ၊ ပုဂ္ဂလဘေဒဘုမ္မိစတုက္က၊ ကမ္မစတုက္ကအကျယ်မာတိကာသန္နဝထုတ်နည်း
ပါ၊ ဓါတုကထာမူလယမိုက်ဖေတိက်၊ ခန္ဓယမိုက်၊ အာယတနယမိုက်၊ ဓါတုယမိုက်၊ သစ္စယ
မိုက်၊ သင်္ခါရယမိုက်၊ အနုသယယမိုက်၊ စိတ္တယမိုက်၊ ဓမ္မယမိုက်၊ ကုသလတိတ်၊ ဣန္ဒြိယယ
မိုက်၊ ပဋ္ဌာန်း ရာသီစု၊ ၂ချက်စုနှင့်တကွကုသလတိတ်ကုန်သည်ကိုပြန်ရိုး ဖြစ်စေ၊
အလတ်ပဉ္စင်း လောင်း သာမဏေစာသင်တပည့်တို့မှာ သဒ္ဒါဂစောင်ပါဠ်အနက်၊
ရုပ်သုတ်၊ ဝုတ္တိစာစပ်၊ ပုဒ်ဖြတ်နိဒ္ဒေသ၊ သံဝဏ္ဏနာဖေပါး ၊ သင်္ဂြိုဟ်၉ပိုင်း ၊ ပါဠ်
အနက်၊ ဂါထာစုဏ္ဏိယသရုပ်၊ အဓိပ္ပါယ်၊ သင်္ဂြိုဟ်ဖွင့်ပါသမျှ၊ ဝိထိဆိုရိုး ပဏာမ၊ သံဝ

ဏ္ဏနာဖပါး၊ အစဂ် စုဏ္ဏိယဝိသဒ္ဒါအကျယ်၊ စေတသိတ်လက္ခဏာအကျယ်၊ ရုပ်လက္ခဏာ
အကျယ်၊ ကိစ္စသင်္ဂဟဒွါနအပြား ၊ ပုဂ္ဂလဘေဒ ဘုမ္မိစတုက္က၊ ကမ္မစတုက္ကအကျယ်၊
သင်္ဂြိုဟ်ဇပိုင်း ၊ ဂါထာ၊ သံဝဏ္ဏနာဖပါး ၊ မာတိကာသမ္ဘဝထုတ်နည်း ပါ၊ ဓါတုက
ထာ၊ မူလယမိုက်၊ ဖတိက်ခန္ဓယမိုက်၊ အာယတနယမိုက်၊ ဓါတုယမိုက်၊ သစ္စယမိုက်၊
သင်္ခါရယမိုက်၊ အနုသယယမိုက်၊ စိတ္တယမိုက်၊ ဓမ္မယမိုက်၊ ကုသလတိက်၊ ဣန္ဒြိယယမိုက်၊
ပဋ္ဌာန်း ရသီစု၊ ၂ ချက်စုနှင့်တကွ ပဋ္ဌာန်း ပထမတိက်၊ နေ့ဝါမှာသဒ္ဒါငယ်၊
ကစ္စာယနသာရ၊ သမ္ဗန္ဓစိန္တာ၊ ဥာသ် ၂ ဂါထာအဘွင့်၊ သံဝဏ္ဏနာဖပါး ၊ ဋီကာ
ကျော်တဏ္ဍဝုဏ္ဍာဂါထာအဘွင့်ကုန်၊ ကျမ်း ရိုး ကျမ်း တတ်စာစဝ်၊ ဆန်း ကုန်၊ အ
လက်ာ ၃ ပိုင်း ၊ ကလာပ်ပဋ္ဌမပိုင်း ၊ ပါဠိအနက်ရုပ်နှင့်တကွ သည်ကိုပြန်ရိုး ဖြစ်
စေ၊ အမြတ်ပဉ္စင်း လောင်း သာမဏေစာသင်တပည့်တို့မှာသဒ္ဒါဂ စောင်ပါဠိ
အနက်၊ ရုပ်၊ သုတ်၊ ဝုတ္တိစာစဝ်၊ ပုဒ်ဖြတ်၊ နိဒ္ဒေသ၊ သုတ်သံဝဏ္ဏနာဖပါး ၊ သ
ဂြိုဟ်ဇပိုင်း ၊ ပါဠိအနက်ဂါထာ၊ စုဏ္ဏိယသရုပ်အဓိပ္ပါယ်၊ သင်္ဂြိုဟ်တွင်ပါသမ္ဘဝိတီဆိုရိုး
ပဏာမသံဝဏ္ဏနာဖပါး စာစဝ်၊ စုဏ္ဏိယပိသဒ္ဒါအကျယ်၊ စေတသိက်လက္ခဏာ၊ ရုပ်
လက္ခဏာအကျယ်၊ ကိစ္စသင်္ဂဟဒွါနအပြား ၊ ပုဂ္ဂလဘေဒဘုမ္မိစတုက္က၊ ကမ္မစတုက္ကအ
ကျယ်မာတိကာသမ္ဘဝထုတ်နည်း ပါ၊ဓါတုကထာ၊ မူလယမိုက်ဖဟိက်၊ ခန္ဓယမိုက်၊ အာယတ
နယမိုက်၊ ဓါတုယမိုက်၊ သစ္စယမိုက်၊ သင်္ခါရယမိုက်၊ အနုသယယမိုက်၊ စိတ္တယမိုက်၊ ဓ
မ္မယမိုက်၊ ကုသလဟိတ်၊ ဣန္ဒြိယယမိုက်၊ ပဋ္ဌာန်း ၂၄ ကျမ်း ၊ နေ့ဝါမှာသဒ္ဒါငယ်က
စ္စာယနသာရ၊ သမ္ဗန္ဓစိန္တာ၊ သဒ္ဒတ္ထဘေဒစိန္တာ၊ ဥာသ် ၂ အက္ခရာပါဒယောဂေ
စတ္တာလိသံဘွင့်အကုန်၊ သံဝဏ္ဏနာဖပါး ၊ ဆန်း အလက်ာအကုန်၊ သဒ္ဒိကလာပ်ပဋ္ဌ
မပိုင်း ပါဠိအနက်၊ ရုပ်၊ ဝိတက်ပဋ္ဌမပိုင်း ပါဠိအနက်အကုန်၊ ဋီကာကျော်၊ အ
ဘိတ်စိတ်ဘွင့်၊ သံဝဏ္ဏနာဖပါး နှင့်တကွသည်ကိုပြန်ရိုး ဖြစ်စေ၊ ၎င်း ၃ ရပ်ပြန်
ရိုး ထား သည်ကကိုသာ၍ပြန်ဆိုနိုင်သည့်အစွမ်း သတ္တိရှိလျှင်လည်း တိုး၍သင်ကြား
ပြန်ဆိုစေ၊ စာမေး ဆရာတို့ကလည်း အမေး ခံပဉ္စင်း လောင်း တော်ရှင်
လောင်း တော်တို့ကိုသတ်ကြောင်း သတ်ရာဥပဒေအရိပ်အမြွက်ပေး ကမ်း ပြဿန်
၍ဂတိကဝတ်မကင်း မမေး မမြန်း ကြစေနှင့်၊ အစွမ်း သတ္တိရှိလျှင်ရှိလျောက်၊ မ
ရှိလျှင်မရှိလျောက်သာ၊ လျောက်ထား ကြစေ၊ စာမေး ခံပဉ္စင်း လောင်း တော်

ရှင်လောင်း တော်တို့ကိုဆရာ တော်တို့က မည်သည့်ပြန်ကြိုး မဆို ၂ကြိမ်၃ကြိမ်ပြန်ရ
မည်မိန့်ဆို သော်၄င်း မည်သည့်အရာတွင်ပြန် လော့ဆိုသည်ကိုမပြန်၊ ငြင်း ဆန်နေ
သော်၄င်း ရှိလျှင်၄င်း ပဉ္စင်း လောင်း ရှင်လောင်း တော်တို့မှာတိုး၍ပြန်ရ
ကောင်း သည်မဆို စေနှင့်၊ ၄င်း အရာတွင်ရပ်နေစေ၊ ဆိုခဲ့သမျှပြန်ကြိုး တို့ကို
ဆရာ တော်တို့ကောက်မေး သည်ကာလ ပြေကြေအောင် လျှောက်ထား နိုင်သည်ပ
ဉ္စင်း တို့တွင်ပြန်ကြိုး ရခြင်း ရည်ဘူ၍အမေး အဖြန်း အဆစ်အဘုပါ၍ ထောက်ပါ၍
ထား ယုတ္တိအာဂုံ ဆောင်၍ လျှောက်ထား ပြန်ဆိုနိုင်လျှင် လျှောက်ထား ပြန်ဆိုနိုင်
သူကိုရွေးသွား စေ၊ စာရခြင်း ရည်တူသော်၄င်း အမေး အဖြန်း ရခြင်း ရည်
တူသော်၄င်း ရှိကြလျှင်စာဝါသာသူက ရွေးသွား စေ၊ စာဝါမညီနေ့ဝါသာသူ၊ ည
ဝါသာသူသာရှိလျှင်ရဟန္တာပုထုဇဉ်ဟော၊ ဂန္ဓာရသာသူထက်ဘုရား ဟောသာ
သူကိုရွေးသွား စေ၊ စာရလည်း တူမေး ရလည်း တူစာဝါလည်း တူရှိကြလျှင်သိက္ခာ
ဝါကြီး ဆရာတပည့်တို့ရွေးသွား စေ၊ ပဉ္စင်း လောင်း တော်ရှင်လောင်း တော်
တို့ကိုဝတ်စား တန်ဆာဆင်ယင်ချီး မြှောက်ရမည်မှာအညီ့ပဉ္စင်း လောင်း တော်
ကို့ကိုပုဆိုးအနား ပါ၊ ကတီပါဝတ်လုံဘဲရီတဆင့်တပ်၊ ရွှေစလွယ် ဖြဲသွယ်၊ ဖောင်းနီ၊ ရွှေရေး၅
ပွင့်၊ ရွှေနား တောင်းကြက်ရင်း လက်ကောက်၂ဆင့်၊ လက်စွပ်၂ကွင်း ၊ ကျိုင်း
ဆင်စွယ် ချက်ပြည့်၂၊ ပိုး စုံထီး ၂၊ အထွက်မော်ပွင့်အဖျား ရွှေသံငုံထည့်၊
ကွမ်း ခွက်လာဘ်အိုး ၊ တကောင်း ဘုံး လေး ထောင့်၊ ငွေသွေး အင်၊ သံ
လျှင်းတလဲ၅၊ ပန်း ဆွဲယပ် ရွှေရေး၊ တာယှန်း ထိုး၊ ထမင်းစင်ထမ်း ပြင် အကြပ်အမ
အရွှေ့အရံအဆောင်ကိုင်လူ၁၃ခင်း ကျင်း ဆောင်ရွက်ဝတ်ဆင်စေ၊ ယ် ဆောင်ပြီးသည်ကာလ
ပဉ္စင်းသစ်မိဘတအိမ်ထောင်ကိုရဟန်း တသက်ကျွန်ကိုင်မင်း မှုလွတ်ငြိမ်း စေ၊ ရွှေ
ပြည်တော်တွင်သတင်း သုံး နေလျှင်လစဉ်ဝတ်မှာဆန်၅၊ ငါးပိ၅ဝိ၊ ဆား ၅ဝိ၊
ငါး သွေ့၅ဝိ၊ ပြုပ်၂ဒိ၊ ကြက်သွန်၂ဒိ၊ သင်္ကန်းပရိက္ခရာစုံ မှါကထိန်ကာလ ရောက်လျှင်
တနှစ်တကြိမ်အလှူတော်ကိုခံစေ၊ အလတ်ပဉ္စင်း လောင်း တော်ကိုဆင်ယင်ရမည်
မှာပုဆိုး အနား ပါ၊ ဝတ်လုံကတီပါဘဲရီ၂ဆင့်တပ်၊ ရွှေစလွယ်ဖြဲသွယ်၊ ဖောင်း နီ၊
ရွှေရေး ပန်း ၇ပွင့်၊ ရွှေနား ဘောင်းဘော့ခြယ်၊ လက်ကောက်၃ဆင့်၊ လက်
စွပ်၃ကွင်း ၊ ကျိုင်း ဆင်စွယ်ချက်ပြည့်၂၊ ပိုး စုံသီး အထွက်မော်ပွင့်တင်၊ ထီးလက်

အဖျား ရွှေသံဒိထည့် ၊ကွမ်း ခွက်လဘက်အိုး ၊ တ ကောင်း ဘုံး ရှစ် ထောင့်၊ မိုး ကြိုး ထွေး အင်၊ သံလျှင်း တလဲရ၊ ပန်း ဆွဲရပ် ရွှေ ရေး ၊ တာ ရွှေ ရေး ၊ ထမ်း စင်ထမ်း ပြင်အကြပ်အမအ ခြွေအရုံအ ဆောင်ကိုင်လူ ၂ဝခင်း ကျင်း ဆောင်ရွက် ဝတ်ဆင် စေ၊ ကံ ဆောင်ပြီး သည်ကာလ ပဋ္ဌင်း သစ်မိဘအစ်ကိုညီနှမ ပေါက် ဘော်တစုတို့ကိုရဟန်း တသတ္တာန်တိုင်မင်း မှုလွတ်ငြိမ်း စေ၊ ရွှေပြည် တော်အတွင်း သတင်း သုံး နေလျှင် လစဉ်ဝတ်မှာဆန်၃ဝ်၊ ငါး ပိ ရ ၅ိ၊ ဆား ရ ၅ိ၊ ငါး သွေ့ ရ ၅ိ၊ ပြုတ် ၃ ၅ိ၊ ကြက်သွန် ၃ ၅ိ၊ သက်န်း ပရိက္ခရာ စုံမှာကထိန်ကာလ ရောက်လျှင်တနှစ်တကြိမ်အလှူတော်ကိုခံ စေ၊ (အမြတ်ပဋ္ဌင်း လေါင်း တို့ကိုဆင်ယင်ရမည်မှာ ပုဆိုး အနား ပါ)၊ ရွှေဖျင် ဝတ်လုံ ဘဲရုံ ၃ဆင့်တပ်၊ ရွှေစလွယ် ၁၂ သွယ်၊ ဖေါင်းကတ္တီပါနီ၊ ရွှေသါးပန်း ၉ ပွင့်၊သင်းကျစ်တွင် စိန် တေါင် ၄ မျက်နှာ၊ ရွှေနား ထောင်းပန်းခြယ်၊လက် ကေါက် ကျောက်စီ ၃ဆင့်၊လက်စွပ် ၅ကွင်း၊ကျိုင်း ရွှေချက်၊ အရိုး နီသုတ်၊ပိုး စုံထီး အထွတ် ရွှေ မော်ပွင့်၊ ထီး လက်အဖျား ရွှေသံဒိထည့်၊သ တောင်လည်ကြာယပ် ၃ဆင့်၊ ရွှေ ညောင်ရွက်ဆွဲ၊ အရိုး ရွှေကြဲဆစ် ၂၊ ကွမ်း ခွက်၊ လဘက်အိုး ၊ တ ကောင်း ဘုံး ရှစ် ထောင့်ပယင်း တပ်၊ ကွမ်း လိပ် ၃မြွာ၊ ရွှေ ထွေး အင်၊ သံလျှင်း တလဲ ၉၊ ပန်း ဆွဲယပ် ရွှေပိန်း ၊ တာ ရွှေပိန်း ၊ ထမ်း စင် ထမ်း ပြင်အကြပ်အမအ ခြွေအရုံအ ဆောင်ကိုင်လူ ၃ဝခင်း ကျင်း ဆောင်ရွက် စေ၊ ကံ ဆောင်ပြီး သည်ကာလပဋ္ဌင်း သစ်မိဘ ပေါက် ဘော်အမျိုး ရဆက်တို့ကိုနိမ့်ရာအစု မှသည်မြင့်ရာအစုသို့ ပြောင်း ၍ဖြည့်ဘွဲ့ စေရမည်၊ ၎င်း အစု ပြောင်း ကိုအလိုမရှိ လျှင်အလတ်ပဋ္ဌင်း လောင်း တို့နည်း မိဘနှင့် ပေါက် ဘော်မှန်သမျှ ရဟန်း ကိုယ်ရှိစဉ် တသတ္တာန်တိုင် မင်း မှုလွတ်ငြိမ်း စေ၊ ရွှေပြည် တော်တွင်သတင်း သုံး နေလျှင် လစဉ်ဝတ်ဆန်၅်၊ ငါး ပိ ၁။၊ ဆား ၁။၊ ငါး သွေ့ ၁။၊ ပြုပ် ၅ ဝိ၊ ကြက်သွန် ၅ ဝိ၊ သက်န်း ပရိက္ခရာ စုံမှာ ကထိန် ကာလ ရောက်လျှင် တနှစ် တကြိမ် အလှူတော်ကိုခံ စေ၊ အမြတ်သာမဏေ လောင်း တို့ကိုဆင်ယင်ချီး မြှောက် ရမည်မှာ ပုဆိုး အနား ပါ၊ ကတ္တီပါ ဝတ်လုံ ရွှေဖျင်၊ သ တောင်လည်း ရွှေ၊ ရွှေ့ ပေါက်ချမ်း ၊ ရွှေကုန်း ၊ ရွှေလက် ကောက် ၂ဆင့်၊ လက်စွပ် ၂ကွင်း ၊ နာ တောင်း ဆင်စွယ်ချင်စွပ်၊ ထမ်း စင်လက်ခတ်ယပ်နီ ရွှေ ရေး ၊ တာယွန်း ထိုး ၊ ပိုး စုံထီးအထွတ် မော်ပွင့်၊အနားသံငုံ ရွှေထည့်ကျပ်လဘက်အိုး ၊ တ ကောင်း ပိတ်အဝန်း ၊

ကျိုင်းဆင်စွယ်ချက်ပြည့်၊ ထမ်းစင်ထမ်းပြင်အကြပ်အမအ ဆောင်ကိုင်လူ ၁၃ ခင်းကျင်း ဆောင်ရွက်စေ၊ ရှင်ဖြစ်ပြီးသည်ကါလ မိဘတအိမ် ထောင်တိုင်မင်းမှုလွှတ်စေ၊ အလတ်သာ မဏောမှာ ပုဆိုးအနားပါ၊ ဝတ်လုံမိုင်းလုံး၊ ငွေပေါက်ချမ်း၊ ငွေကုန်း၊ ငွေလက်ကောက် ၂ ဆင့်၊ လက်စွပ် ၂ ကွင်း၊ နားတောင်းဆင်စွယ်ချင်စွပ်၊ ထမ်းစင်လက်ခတ်၊ ကျိုင်းဆင်စွယ်ချက် ၂ ခန့် ၁၊ ပိုးစုံထီးအထွတ် မော်ပွင့်၊ အနားသံ ၂ ငွေထည့် ၁၊ ကျပ်လဘက်အိုး၊ ယပ်နီ ငွေရေး၊ တာယွန်းထိုး၊ ထမ်းစင်ထမ်းပြင်အကြပ်အမအ ဆောင်ကိုင်လူ ၁၀၊ အညံ့သါ မဏော လောင်းမှာ ပုဆိုး အနားပါ၊ ဝတ်လုံမိုင်းလုံ၊ ငွေပေါက်ချမ်း၊ ငွေကုန်း၊ ငွေလက်ကောက် ၂ ဆင့်၊ လက်စွပ် ၂ ကွင်း၊ နားတောင်း ဆင်စွယ် ချင်စွပ်၊ ထမ်းစင်လက်ခတ်၊ ကျိုင်း ဆင်စွယ်ချက်လက် ၁ ခန့် ၁၊ ပိုး စုံထီး အထွတ် မော်ပွင့်အနားသံ ၂ ငွေထည့် ၁၊ ယပ်နီ ငွေရေး၊ တာယွန်းထိုး၊ ထမ်းစင်ထမ်းပြင်အကြပ်အမအ ဆောင်ကိုင်လူ ၈ ယောက်သည်သာဆင်ယင်လိုက်စေ၊ တနှစ်တကြိမ်အလှူတော်ခံစေ၊ အရှင်ဧကရာဇ်မင်း မြတ် ပဉ္စင်း လောင်း တော်တို့ကိုယ်မှာ ဝတ်စား တန်ဆာ အဆင်အယင်အချီး အမြောက်အညံ့ အလတ်အမြတ်အပိုင်း အခြား နှင့်အသီးသီး ရှိကြလေပြီး သည်ကိုပြင်လွင်ပြည်သူပြည်သားတို့ ကောင်း မှုကုသိုလ်ပြုကြသည်၊ ပဉ္စင်း လောင်း ရှင်လောင်းတို့မှာ ငွေထီး၊ ငွေဝတ်လုံ၊ ငွေအစ်၊ ငွေဖလား အများ အပြား ဆောင်ရွက်ကြကြောင်း နှင့် ငွေနား တော်ကြား တော်မူသည်၊ အမိန့်တော်ထုတ်ပြန်သည့် နောက်အကျိုး အလွန် မဆောင်ရွက်မစီး နင်း ကြစေနှင့်၊ ပဉ္စင်း လောင်း တော်ရှင်လောင်း တော်တို့အောက် လျော့၍ ဆောင်ရွက်ကြစေ၊ အမိန့်တော်မကြည် ခွင့်လမ်း မရသည်ကို ဆောင်ရွက်ကြလျှင် ပဉ္စင်းတကာ ရှင်တကာတို့ကိုအပြစ်နှင့် လျော်စွာစီရင်၊ ပဉ္စမ ပဉ္စင်း လောင်း တော်တို့နှင့်၎င်း တို့ကိုကြပ်မပို့သသည့်တံဆိပ် တော်ရ ဆရာတော် ဘောက်ပြားခြင်း ရှိသည် မရှိသည်၊ ငွေပြည်တော်အတွင်း အမြဲသတင်း သုံးနေ၍သာသနာ တော်မှုကို ရွက်ဆောင် မရွက်ဆောင်သည်ကိုလည်း ဝန်တို့ကမဟာဒါန်ဝန်ကိုကြည့်ရှုမှတ်သား စေ၍ ဖလ ဘကြိမ်သိ တော်မူသာ အောင်စာသွင်း၊ စာမေး ဆရာတို့မှ စ၍ တံဆိပ်တော်ရဆရာ တော်တို့လည်း သုဓမ္မာဇရပ် တွင်စည်းဝေး ခွင့်အမှုရှိ၍ လျှောက်ထား ပင့်ဘိတ်သည်ကိုသာသနာ တော် ရေး သာသနာမှု သဃ်ာ ကိစ္စ မဟုတ်သကဲ့သို့ ညီညွတ်စွာမလာ မရောက်ကြောင်းနှင့် ငွေနား တော်

8 July 1785

ကြား တော်မူသည်၊ မနာမဖွား သည်ကိုရိုး ကိုး ကပ်ခို၍ မနေစေနှင့်၊ သာသနာ တော်မူကိန်းဖြစ်သည်၊ ညီညွတ်စွာလာ ရောက်စည်း ဝေး ကြစေ၊ ပဥ္စင်းလောင်း တော်ရှင်လောင်း တော်တို့ကိုအိမ်ရှေ့မင်း မှစ၍ မင်း ညီမင်း သားမျိုး မတ်တို့ကို ဝေငှ ကောင်း မျိုးပြုစုစေရမည်မှာ ပဌမ ပဥ္စင်း လောင်း တော်ရှင်လောင်း တော်တို့ရအင်ကိုသိ တော်မူသာသည်ကာလမှ ခွဲဝေသမုတ်ပိုင်း ခြား တော်မူမည်။

8 July 1785

သက္ကရာဇ် ၁၁၄၇ ခု ဒုတိယ ဝါဆိုလဆန်း ၂ ရက် နေ့[illegible] ဘော်စခြောင် မျိုး ပြန်။

( တောင်ခွင်သာသနာပိုင်ပိဋကတ်တိုက်ပေမူ )

တရုပ်ဝန် နေမျိုး သီဂိ ဇေယျသင်္ခါရကို ရွှေတိုက်ဝန်၊ မင်းကြီး နန္ဒကျော်ထင်ကို
လမိုင်း ဝန်၊ မင်း လှမင်း ကျော်ကို ရွှာလတ်ဝန် (ခန့်)။ 17 July 1785

(သက္ကရာဇ်) ၁၁၄၇ ခု ဒုတိယဝါဆိုလဆန်း ၁၁ ရက် နေ့ နား ခံ
ကျော်စွာ နော်ရထာ ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၁၀)

လက်ျာသူရကျော်ကို စစ်လျှင်ထောင်မှူး ခန့်။ 18 July 1785

(သက္ကရာဇ် ၁၁၄၇ ခု ဒုတိယဝါဆိုလဆန်း ၁၂ ရက် နေ့ နားခံ နေမျိုးသကြိန်တွင် ပြန်။

(မျိုးကြည့်၊ ပု၊ ၆၁၀)

**18 July** 1785

ပင်း တလဲစါး အကြည်းထား (သက္ကရာဇ် ၁၁၄၇ ခုဒုတိယဝါဆို) လဆန်း ၁၂ ရက်နေ့ နားခံ ကျော်စွာနော်ရထာကို ခေါ်၍ပြန်၊ ဝန်ကြီး ဝန်ထောက်တို့ကိုယ်ခုရုံး သို့ တက်စေ၊ မြင်း စုကြီး ဝန်ကအပ်သည်၊ ပင်း တလဲစါး လူစုကိုစစ်ရိုး ရှိသည့်အတိုင်း

18 July 1785

စစ်၍သွင်း ၊ (သက္ကရာဇ် ၁၁၄၇ ခုဒုတိယဝါဆိုလဆန်း ၁၂ ရက်နေ့) နားခံ ကျော်စွာနော်ရထာထွင်ပြန်၊ ပင်း တလဲစါး ဟောင်း သည် ကျေး ဇူး သစ္စာ တော်ကိုမစောင့်အကြိမ်ကြိမ်ကြံစည်သူဖြစ်သည်၊ ထုံး စံရှိသည့်အတိုင်း စီရင်မည်၊ စာသွင်း ချက်အတိုင်း သင့်ပြီ၊ နောက်ရုံး တွင်အကြည်းရှိသည့်မယား နှင့်သား ကို

18 July 1785

ပါစေ၊ တိုင်ပင်ရာပါသည့်သူတို့ကိုအဆုံး စီရင်၊ (သက္ကရာဇ် ၁၁၄၇ ခုဒုတိယဝါဆို လဆန်း ၁၂ ရက်နေ့) ည (နားခံ ကျော်စွာနော်ရထာ) ကိုခေါ်၍ပြန်၊ ပင်း တလဲစါး နှင့်မယား မိရှင်သား အမိသုံး ယောက်ကိုနှုတ်စေဦး ။

18 July 1785

(သက္ကရာဇ် ၁၁၄၇ ခုဒုတိယဝါဆိုလဆန်း ၁၂ ရက်နေ့) ည (နားခံ ကျော်စွာနော်ရထာကွင်) ပြန်။

(မျိုးကြည့်၊ ပု၊ ၆၁၀)

နှမတော်ပန်းတောင်း၄မြို့စား မှာအရာကနှုတ်၊ မြို့စား တွင်အစေအပါး ကျွန်
ယောကျ်ား တယောက်မျှမရှိစေနှင့်၊ မိဘမရှိမိမ္မ စေကျွန်၃ ယောက်သာ စေပါး
စေ၊ သတိုး သီရိမဟာဥဇနာကိုစလွယ်၉သွယ်သနား တော်မူရင်း တွင်၃သွယ်တိုး
မှန်အောင်၁၂သွယ်၊ မဟာဥတ္တမဇေယသူယ၊ မဟာဥဿုမသကြန်၊ မဟာဥတ္တမကျော်၊
သီရိဥတ္တမဇေယသူယ၊ မဟာသီရိသည်ဟသူ၊ မဟာသိဟသူယ၊ မင်းကြီး မဟာသက်
တော်ရှည်၊ မဟာသရိဇေယသင်္ခယာ မင်းကြီး မဟာမင်းခေါင်၊ မဟာမင်း
လှကျော်စွာ၊ မင်းကြီး မင်းခေါင်ကျော်တို့ကိုစလွယ်၇သွယ်သနား တော်မူရင်း
မှာ၁၂သွယ်တိုး မှန်အောင်၉သွယ်၊ မဟာသင်္ခါရာ၊ မဟာမင်းလှမင်းခေါင်၊
မဟာတယပြား၊ မဟာမင်းရာဇာ၊ မင်းလှစည်သူ၊ မင်းကြီး နန္ဒကျော်
ထင်၊ နေမျိုး နော်ရထာကျော်ထင်၊ မင်းလှကျော်စွာ၊ နေမျိုး စည်သူ၊ မင်း
လှကျော်ထင်၊ မဟာစည်သူ၊ နေမျိုး ကျော်ထင်သီဟသူ၊ နေမျိုး သီရိဇေယသင်္ခရာ
တို့ကိုစလွယ်၅သွယ်သနား တော်မူရင်း မှာ၁၁သွယ်တိုး မှန်အောင်၆သွယ်သနား
တော်မူသည်။

20 July 1785

(သက္ကရာဇ်)၁၁၄၇ခုဒုတိယဝါဆိုလဆန်း ၁၄ရက်နေ့နား ခံစ
မြောင်မှုး တွင်ပြန်။
(မျိုးကြည့်၊ ပု၊ ၆၁၀)

23 July 1785

မဟာမင်း လှကျော်စွာခံငလွဲတွင်ရာဇဝတ်တော်ရေး မကင်း မလွတ်အမှုရှိကြောင်း ကိုအစစ်အကြောထွက် သောကြောင့် မေး တော်မူသည်ကို ကျေး ဇူး သစ္စာတော်ရှိသည့်အတိုင်း ဖြောင့်မှန်အောင်မထွက်မဆိုမကွယ်တန်သည်ကို မျက်ကွယ်ထွက်ဆိုသူဖြစ်သည်၊ သင့်ကိုယ်နှင့် မယား သား တို့ကိုအနောက်သို့သွား စေ၊ သင့်တွင်ရှိသည့်လက်နက်ကိရိယာမှစ၍သက်ရှိသက်မဲ့ဥစ္စာရပ်တို့ကိုလွတ်ကလူနှင့်လမိုင်း ဝန်ကိုစေ့ငုကုန်စင်အောင်သိမ်း စေပြီး လျှင်ဆိုင်ရာတိုက်တော်ကျ တော်သွင်း ၊ မဟာဥတ္တမသကြီခံငကုလား ၊ နေမျိုး ရွှေတောင်စည်သူခံငရွှင်တို့သား အမိဒု ယောက်မှာအရာအထူး စား ဖြို့စား ရွာသနား တော်မူသည့်ဘွဲ့အမည်နေရာအဆောင်အရွက်တို့ကိုသိမ်း နှုတ်၍ကျန်လက်ရှိဥစ္စာနှင့် နေရင်း အုတ်ရှစ်ကန်အရပ်မှာလုပ်ဆောင်စား သောက်နေထိုင်စေ၊ ငလွဲသမီး မှာလည်း ကျေး ဇူး သစ္စာတော်ကိုမစောင့်သူသမီး ဖြစ်သည်၊ ငါ့သား တော်စကုမင်း သား နှင့်မသင့်မနေစေနှင့်၊ ရှုင်း ကင်း စေ၊ ငလွဲကိုယ်မှစ၍သား မယား တို့အသက်ကိုချမ်း သာစေ။ 23 July 1785

(သက္ကရာဇ်) ၁၁၄၇ခု ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်နေ့နား ခံစမြောင်မှူး ထွင်ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၁၀)

ငကုလား လင်မယား ၂ယောက်မှာမိထွေး တော်နှင့်နေစေ၊ ငရွှဲ၊ ငရွှင် တို့လင်မယားသား အမိတစုကိုအကျည်း ကလွှတ်၍လွှတ်ရာမှာနေစေ။

24 July 1785

(သက္ကရာဇ် ၁၁၄၇ ခု ဒုတိယဝါဆို) လပြည့်ကျော် ၃ ရက် နေ့နား ခံ ဇေယနော်ရထာတွင်ပြန်။

(မျိုးကြည့်၊ ပု၊ ၆၁၀)

တကာ တော်အတွင်း ဝန်တို့ လျှောက်ပါသည်ဆရာ တော်ဘုရား ၊ ကျောင်း ဘုရား
ဝတ်မိုး ဝတ် မြေနှင့်စပ်သည့်အရာများ ကို မေး လျှောက် စေ၍ဆရာ တော်တို့ဆက်
သွင်း သည့်စာအရမရှင်း မလင်း သင်္ကာကင်း လောက် အောင်မရှိ သေး ဖြစ်သည်၊
သီသာရှင်း လင်း သင်္ကာကင်း လောက် အောင်စာ မေး ဆရာ တော်တို့မှစ၍ကျမ်း
ဂန်သိမြင်သည့်တံဆိပ် တော်ရဆရာ တော်တို့ကိုအသီး သီး လျှောက်ထား စေ၍တရား
27 July 1785
ကျမ်း ဂန်နှင့်အညီအသီး စာဆက်သွင်း စေဦး သက္ကရာဇ်၁၁၄၇ခုဒုတိယဝါဆိုလပြည့်
ကျော် ၆ ရက် နေ့ဘုရား အမိန့်မြတ်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း သက်ပန်း စါး၊
ညောင်အုပ်စား ၊ အဆောင်မြင်ကြွင်း ၊ ငမွေး တို့ကို လျှောက်ထား လာပါစေသည်၊
၁၊ မင်း တို့ရေ မြေကိုအစိုး ရသည်နှင့်ဆင်း ရဲသား တို့လယ်ယာမိုး မြေကိုအစိုး ရသည့်
အရာသည် မည်သို့အထူး ရှိသည်ဖြစ်မည်၊
၂၊ ဆင်း ရဲသား တို့အသီး သီး လယ်ယာမိုး မြေကိုအစိုး မရမင်း တို့သာအစိုး ရမည်
ဖြစ်သည်၊
၃၊ ကန်သင်း ပြောင်း ခြင်း စသည်များ မှာ မြေမည်သည်အဖိုး အနဂ္ဃဖြစ်၍တဆံဖျား
မျှသာလွန်လျှင်ပင်အဒိန္နာ ဒါန် ပါရာဇိက ရောက်သည်ဆိုသည်၊ မင်း ဥစ္စာအား ဖြင့်
ရောက်သည်ဖြစ်မည်၊ ဆင်း ရဲသား တို့ဥစ္စာအား ဖြင့် ရောက်သည်ဖြစ်မည်၊
၄၊ ဝတ်မိုး ဝတ် မြေကိုမင်း တို့သာလှူထိုက်သည်ဖြစ်မည်၊ ဆင်း ရဲသား တို့လည်း လှူထိုက်
သည်ဖြစ်မည်၊ နှစ်ဦး ပင်လှူထိုက် သော်မင်း လှူသည်နှင့်ဆင်း ရဲသား တို့လှူသည့်အရာ
သည် မည်သို့အထူး ရှိသည်ဖြစ်မည်၊
၅၊ မင်း တို့ပယ်နယ်ပိုင်း ခြား သတ်မှတ်၍လှူသည့် မြေအတွက်ဆင်း ရဲသား တို့လုပ်စား
သည့်လယ်ယာဥယျာဉ်များ သည် ကျောင်း ဘုရား ဥစ္စာဖြစ်သင့်သည်ဖြစ်မည်၊ ဆင်း ရဲ
သား တို့ဥစ္စာပင်ဖြစ်သင့်သည်ဖြစ်မည်၊
၆၊ ကျောင်း ဘုရား ဝတ်မိုး ဝတ် မြေများ မှာသိမ်း ခံသူမရှိလျှင် ကျောင်း ဘုရား
နှင့်ဆိုင်သင့်သည်၊ အဖိုးအစုကိုလုပ်စား သူတို့မည်သို့ပြုရသည်ဖြစ်မည်၊ သိမ်း ခံသူမရှိ
သော ကြောင့်လုပ် ဆောင်သူတို့အစုအဆမပေး သုံး စား မိသော်သုံး စား ထိုက်သည်
ဖြစ်မည်၊ မသုံး စား ထိုက်သည်ဖြစ်မည်၊
၇၊ ဝတ်မိုး ဝတ် မြေများ တွင်ထိန်း သိမ်း စောင့်ရှောက်သူမရှိ၍သစ်သီး သစ်ပွင့်

သစ်ရွက်များကိုဆွတ်ယူသုံးစားမိသော်သုံးစားထိုက်သည်ဖြစ်မည်၊ မသုံးစား
ထိုက်သည်ဖြစ်မည်၊
၈၊ ဆီမီးဝတ်မည်မှုသင်ပုတ်ဝတ်မည်မှုဖြစ်စေစသည်ဖြင့်ပိုင်းခြား၍အနည်းမှုသာ
လှူသည့်အရာများမှာကြွင်းကျန်သာလွန်သည့်အခွန်အတုတ်များကိုမည်သသူဆိုင်ပိုင်
ထိုက်သည်ဖြစ်မည်၊
၉၊ လှူရင်းသံဃာကျောင်းဘုရားမရှိသည့်ဝတ်မိုးဝတ်မြေအခွန်အတုတ်များသည်
သံဃာကျောင်းဘုရားဥစ္စာပင်ဖြစ်မည်၊ မင်းဥစ္စာဖြစ်သင့်သည်ဖြစ်မည်၊
၁၀၊ မင်းတို့လှူသည့်အရာများမှာလှူရင်းမင်းမရှိသော်အလှူပျက်ထိုက်သည်ဖြစ်
မည်၊ အလှူမပျက်ထိုက်သည်ဖြစ်မည်၊
၁၁၊ ရှေးမင်းတို့ကျောက်စာထိုးမှတ်၍လှူသည့်အရာများမှာတရားကျမ်းဂန်
နှင့်ညီသည့်အရာလည်းရှိသည်၊ တရားကျမ်းဂန်နှင့်မညီသည့်အရာလည်းရှိသည်၊ တ
ရားကျမ်းဂန်နှင့်အညီကျောက်စာထိုးမှတ်လှူဒါန်းသည့်အရာများမှာအလှူမြောက်
ထိုက်သည်၊ မမြောက်ထိုက်သည်၊ အလှူခံထိုက်သည်၊ မခံထိုက်သည်ဖြစ်မည် အရာများနှင့်
သိသာရှင်းလင်းသင်္ကာကင်း လောက်အောင်တရားကျမ်းဂန်နှင့်အညီအသီးအသီး
စာဆက်သွင်း တော်မူပါမည့်အကြောင်းကိုလျှောက်ထားပါသည်ဆရာတော်ဘုရား၊
(သက္ကရာဇ်)၁၁၄၇ခုဒုတိယဝါဆိုလပြည့်ကျော်၆ရက်နေ့လျှောက်လာသည်တွင်အမိန့် 27 July 1785
ရှိလိုက်သည်ကား၊ အမေးတော်တဆယ့်တချက်တွင်မင်းတို့ရေမြေကိုအစိုးရသည်နှင့်
ဆင်းရဲသားတို့လယ်ယာမိုးမြေကိုအစိုးရသည့်အရာမည်သို့အထူးရှိသည်ဖြစ်မည်ပဉ္စမ
အမေးတော်မှာ ခေတ္တာနံ အဓိပတီတိ ခေါဝါသေဋ္ဌ ခတ္တိယော တွေဝ ဒုတိယံ
အက္ခရံ ဥပနိပတ္တံ၊ ဟူ၍လယ်ယာမိုးမြေတို့၏အရှင်ဖြစ်သောကြောင့်ရေမြေသေဋ္ဌ
နင်းမင်းတို့သည်ခတ္တိယမည်ကြောင်းကိုဒီဃနိကာယ် သုတ်ပါထေယျဝါ ကျမ်းမှာ
လာသည်နှင့်အညီမင်းတို့သာရေမြေကိုအစိုးရသည်၊ ဆင်းရဲသားတို့မှာလုပ်ဆောင်
သိမ်းပိုက်ကာသာဖြစ်သည်၊ လုပ်ဆောင်သိမ်းပိုက်သည်မှာလည်းမင်း၏ဥစ္စာကိုလက်
စွဲလုပ်စားရိုးဖြစ်၍လည်းကောင်း၊ လုပ်စားရိုးဖြစ်သည့်သူတို့မှကာလဒေသထုံး
စံရှိရာပေး၍လည်းကောင်းလက်စွဲပြု၍လုပ်ဆောင်သိမ်းပိုက်ခြင်းသာဖြစ်သည်၊
မင်းကဲ့သို့အစိုးရ၍လုပ်ဆောင်ခြင်းမဟုတ်၊ ထိုအကြောင်းကိုလည်းရေမြေရှင်ဖြစ်

၍ ရေမြေသေဌ်နင်းမင်းအား အခွန်အတုတ်ဆက်သွင်းမြဲဖြစ်သည်ကိုလည်း ကောင်း၊ ရေ့မြေရှင်အား ဆယ်ဖို့တဖို့အခွန်အတုတ်ပေး ရသည်ဟူ၍ ဒသကောဋ္ဌာသေ ဂတွာ ဧကော ကောဋ္ဌာသော ဘူမိသာမိကာနံ ဒါတဗ္ဗော၊ ဟူ ဝိနည်း အဋ္ဌကထာလာ ရှိသည်ကိုလည်း ကောင်း ထောက်၍သိရသည်၊ ထိုကြောင့်မင်းတို့ ရေမြေကိုအစိုး ရသည်နှင့်ဆင်းရဲသားတို့လယ်ယာမိုး မြေကိုအစိုး ရသည့်အရာသည်မင်းမှာအချုပ်သခင်အဖြစ်ဖြင့်ဆင်းရဲသားတို့မှာလက်စွဲလုပ်ဆောင်သိမ်း ပိုက်ခြင်းဖြင့်အစိုး ရသည်ဟု ခေါ်ဝေါ်ခြင်းဖြစ်သည်ဟူ၍အထူး သိအပ်သည်၊ ဆင်းရဲသားတို့အသီး အသီး လယ်ယာမိုး မြေကိုအစိုး မရ၊ မင်းတို့သာအစိုး ရသည်ဖြစ်မည်ဟူသော ဒုတိယအမေး တော်မှာ ခေတ္တာနံ အဓိပတီတိ ခေါ် အစရှိသော ရှေး ဆိုခဲ့ပြီး သောသုတ်ပါထေယျဝါ ပါဠိတော်နှင့်အညီ ရေမြေသေဌ်နင်းမင်းတို့သာလယ်ယာမိုး မြေကိုပိုင်သည်ဖြစ်၍မင်းတို့သာအစိုး ရသည်၊ ဆင်းရဲသားတို့အစိုး မရထိုက်၊ ကန်သင်း ပြောင်းခြင်း စသည်များ မှာ မြေမည်သည်အဖိုး အနဂ္ဃဖြစ်၍တဆံဖျား မျှသာလွန်လျှင်ပင် အဒိန္နဒါန်ပါရာဇိက ရောက်သည်ဆိုသည်၊ မင်း ဥစ္စာအား ဖြင့် ရောက်သည်ဖြစ်မည်၊ ဆင်းရဲသားတို့ဥစ္စာအား ဖြင့် ရောက်သည်ဖြစ်မည်ဟူ သောတတိယအမေး တော်မှာ ယခင်ဆိုခဲ့ပြီး သောနည်း ဖြင့် ရေမြေသေဌ်နင်းမင်းတို့သာ ရေမြေကိုအစိုး ပိုင်သည်၊ အစိုး ပိုင်သောအရှင်စိုး မင်း ကမူလဆဏ္ဍအား ဖြင့်ပိုင်လေတော့ဟု ပေးကမ်းမှဆင်းရဲသားတို့မှာလည်း ပိုင်မည်ဖြစ်၍အစိုး ရပိုင်သောမင်း၏ဥစ္စာအား ဖြင့်လည်း ရောက်သင့်၏၊ မင်း ကမူလဆဏ္ဍအား ဖြင့် ပေး ၍ပိုင်သောဆင်းရဲသားတို့ဥစ္စာအား ဖြင့်လည်း ရောက်သင့်၏၊ ကျမ်း ဂန်မှာ မည်သူ့ဥစ္စာသာ ပါရာဇိကဝတ္တုဟူ၍ မဆို၊ ပိုင်ထိုက်၍ဥစ္စာရှင်ဖြစ်သောသူခပ်သိမ်း တို့၏ဥစ္စာကိုပင်ပါရာဇိကဝတ္တုဟူ၍ဆိုခြင်း ဖြစ်သည်၊ ဝတ်မိုး ဝတ်မြေကိုမင်း တို့သာလှူထိုက်သည်ဖြစ်မည်၊ ဆင်းရဲသားတို့လည်း လှူထိုက်သည်ဖြစ်မည်၊ နှစ်ဦး ပင်လှူထိုက်သော်မင်း နှင့်ဆင်းရဲသားတို့လှူသည့်အရာမည်သို့အထူး ရှိသည်ဖြစ်မည်ဟူ သောစတုတ္ထအမေး တော်မှာ မြေကြီး ကိုဆိုခဲ့ပြီး သောကျမ်း ဂန်နှင့်အညီမင်း တို့သာပိုင်ထိုက်သည်ဖြစ်၍ဆင်းရဲသားတို့မပိုင်ထိုက်သောကြောင့်ဝတ်မိုး ဝတ်မြေကိုဆင်းရဲသားတို့မလှူထိုက်၊ မိမိတို့လုပ်ဆောင်၍ရသည့်ပိုင်ထိုက်သည့်အပေါ်ယံပစ္စည်း ကိုသာလှူဒါန်း ထိုက်မည်၊ မင်း တို့ပယ်နယ်ပိုင်း ခြား

မှတ်သား၍လှူသည့် မြေအတွင်း ဆင်းရဲသားတို့လုပ်စားသည့်လယ်ယာဥယျာဉ်များသည် ကျောင်းဘုရားတို့ဥစ္စာဖြစ်သင့်သည်ဖြစ်မည်။ ဆင်းရဲသား ဥစ္စာဖြစ်သင့်သည်ဖြစ်မည်ဟူသော ပဥ္စမအမေးတော်မှာ ကျောင်းဘုရားတို့အား ရည်၍ မှတ်သား ပိုင်းခြားလှူထားခဲ့သည့် မြေအတွင်း လယ်ယာဥယျာဉ်များသည် မြေဖြစ်၍ လှူရင်းတိုင်းပင် ကျောင်းဘုရားတို့ဥစ္စာသာဖြစ်သင့်သည်။ ဆင်းရဲသားတို့ဥစ္စာ မဖြစ်သင့်။ အသီးအနှံကိုမူကား ဆယ်ဖို့တဖို့အခွန်အတုတ်မှတပါး ဆင်းရဲသားတို့ဥစ္စာ သာဖြစ်သင့်သည်။ ကျောင်းဘုရား ဝတ်မိုး ဝတ်မြေမှာ ခံသူမရှိလျှင် ကျောင်းဘုရား တို့နှင့်ဆိုင်သင့်သည့်အဖို့တစုကိုလုပ်စားသူတို့မည်သို့ပြုရမည်ဖြစ်မည်။ သိမ်းခံသူမရှိသော ကြောင့်လုပ်ဆောင်သူတို့အစုမပေး သုံးစားမိသော်သုံးစားထိုက်သည်ဖြစ်မည်။ မသုံးစားထိုက်သည်ဖြစ်မည်ဟူသော ဆဋ္ဌမအမေးတော်မှာ သိမ်းခံသူပင် (မ) ရှိသော်လည်း ကျောင်းဘုရားတို့နှင့်ဆိုင်သင့်သည်။ ဒသမဘာဂကို ကျောင်းဘုရားတို့မှာ သာပေးသွင်းသင့်သည်။ သိမ်းခံသူမရှိသည်ဟူ၍ အဖို့အစုမပေး မသွင်း မသုံးစား ထိုက်။ ထိုအကြောင်းကိုလည်း သံဃိကာနံ ဘဂ္ဂဝေ ဗီဇာနံ စသော ဝိနည်းပါဠိ တော်။ ဒသ ကောဋ္ဌာသေ ကတွာ ဧကော ကောဋ္ဌာသော ဘူမိသာမိကာနံ ဒါတဗ္ဗောဟူသော ဝိနည်းအဋ္ဌကထာတို့၌ မြေရှင်တို့အား ဒသမဘာဂ အဖို့အစုပေး သွင်းရသည်ကိုဆိုသောကြောင့်သိအပ်သည်။ ဝတ်မိုး ဝတ်မြေများတွင်ထိန်းသိမ်း စောင့်ရှောက်သူမရှိ၍သစ်သီး သစ်ပွင့်သစ်ရွက်များကိုဆွတ်ယူသုံးစားမိသော်သုံး စားထိုက်သည်ဖြစ်မည်။ မသုံးစားထိုက်သည်ဖြစ်မည်ဟူသော သတ္တမအမေးတော်မှာ ထိန်းသိမ်း စောင့်ရှောက်သူမရှိသည့်အရက္ခိတ အဂေါပိတ သစ်သီး သစ်ရွက်သစ်ပွင့် ပစ္စည်း ဝတ္ထုများကိုရဟန်းတို့ပင်သုံးဆောင်ထိုက်သည်ဟုသုဒိန္နကထာအဖွင့်တွင်ဝိနည်း အဋ္ဌကထာလာသောကြောင့်လည်းကောင်း ။ အစောင့်အရှောက်မရှိသည့်သစ်သီး သစ်ရွက်သစ်ပွင့်ပစ္စည်းများသည်သံဃိကအာရာမ်မှာပင်ဖြစ်သော်လည်းကောင်း၊ သံဃာဥစ္စာဂရုဘဏ်မဖြစ်ဟုဝိနည်းအဋ္ဌကထာလာသောကြောင့်လည်းကောင်း ။ ထိန်းသိမ်း စောင့်ရှောက်သူမရှိလျှင်မည်သူ့ ,ဥစ္စာမျှမဟုတ်ဖြစ်၍သုံးစားထိုက် တော့သည်။ ထိုစကား၌ ကျောင်းသံဃာတို့ဥစ္စာမှာသင့်တန်စေ။ ဘုရားစေတီတို့ ဥစ္စာမှာဘုရားစေတီကိုမစောင့်မရှောက်တတ်သည်ဖြစ်၍ယနေ့လှူလျှင်နက်ဖြန်ပင်

ယူစား ထိုက်၏ဆိုသကဲ့သို့စကား မကျပြီ လောဆိုဖွယ်ရှိ၏၊ ထိုသို့ကား မဆိုသင့်၊ အဘယ်
ကြောင့်နည်း ဟူမူကား စေတီဘုရား တို့ကပ္ပိယကာရကဝတ္ထုကံသိမ်း အာရာမ်စောင့်
အရာ၌တည်၍လှူသူပင်သိမ်း ဆည်း သည်ဖြစ်စေ၊ သူတပါး တို့သိမ်း ဆည်း သည်ဖြစ်စေ၊
သိမ်း ဆည်း စောင့်ရှောက်သင့်သည်ပင်မည် ချေသော ကြောင့်တည်း ၊ ဆီမီး ဝတ်မည်
မျှသင်း ပုတ်ဝတ်မည်မျှဖြစ်စေစသည်ဖြင့်ပိုင်း ခြား ၍အနည်း ငယ်မျှသာလှူသည့်အရာ
များ မှာကြွင်း ကျန်သာလွန်သည့်အခွန်အတုတ်များ ကိုမည်သူဆိုင်ပိုင်ထိုက်သည်ဖြစ်မည်
ဟူသောအဋ္ဌမ အမေး တော်မှာဘုမိသာမိကာနံ ဒါတဗ္ဗောဟူသောဝိနည်း အဋ္ဌ
ကထာပါဠ်နှင့်အညီ မြေရှင်တို့သာပိုင်ဆိုင်ထိုက်သည်ဖြစ်၍ မြေရှင်ဟုဆိုအပ်သော ကျောင်း
ဘုရား သံဃာတို့သာပိုင်ဆိုင်ထိုက်သည့်အခွန်များ ကိုသာမလှူ၊ ဝတ်မိုး ဝတ် မြေနှင့်တကွ
လှူချေ၍လှူရင်း သူတို့စကား ကိုပမာဏ မပြုသင့်၊ လှူရင်း သံဃာ ကျောင်း ဘုရား မ
ရှိသည့်ဝတ်မိုး ဝတ် မြေအခွန်အတုတ်များ သည်သံဃာ ကျောင်း ဘုရား ဥစ္စာပင်ဖြစ်
သင့်သည်ဖြစ်မည်၊ မင်း ဥစ္စာပင်ဖြစ်သင့်သည်ဖြစ်မည်ဟူသော နဝမ အမေး တော်
မှာ ပဋိဂ္ဂါဟကေသု မတေသု တဒသော စာတုဒ္ဒိသသံဃောစ အနာဂတသံဃော
စ ဣဿရော ထဿ သန္တကော တေန ဝိစာရေတဗ္ဗော ဟုဝိနည်း ဋီကာနှင့်
အညီသံဃာ ကျောင်း ဥစ္စာမှာလှူရင်း သံဃာ ကျောင်း မရှိ သော်လည်း ရောက်ပြီး
မရောက် သေး ဖြစ် သောသံဃာဥစ္စာသာဖြစ်ထိုက်သည်၊ မင်း ဥစ္စာမဖြစ်ထိုက်၊ စေ
တီဥစ္စာမှာလည်း လှူမည်သွတ်ဆဲပစ္စည်း ဝတ္ထုကိုသာတဆူ သော စေတီသို့မသွတ်စေသင့်၊
လှူပြီး သည်တို့မှာတဆူ သော စေတီမှာပူဇော်ထား တင်သင့်ကြောင်း ကို သစေ ပန
ကေသ္မိံ စေတိယေ ပူဇံတံ ပုဗ္ဗံ ဂဟေတွာ အညသ္မိံ ပူဇေတိ ပဋ္ဌတိဟူ၍ ဝိနည်း
ဋီကာလာရှိသည်နှင့်အညီလှူရင်း စေတီပင်မရှိ သော်လည်း ဘုရား မြတ်စွာကိုယ် တော်
စား ချင်း အတူတူဖြစ်၍တပါး စေတီများ ဥစ္စာသာဖြစ်ထိုက်သည်၊ မင်း ဥစ္စာမဖြစ်
ထိုက်၊ မင်း တို့လှူသောအရာများ မှာလှူရင်း မင်း မရှိ သော်အလှူပျက်ထိုက်သည်မပျက်
ထိုက်သည်ဖြစ်မည်ဟူ သော ဒသမအမေး တော်မှာလာဘသိမ်အဖြစ်ဖြင့် မြေဆီ မြေခွန်ကို
သာလှူဒါန်း သည့်အရာဖြစ်လျှင်ဝတ်မိုး ဝတ် မြေကိုမူလကိုမလှူခြင်း ကြောင့်လည်း ကောင်း၊
အခွန်ကိုပင်လှူရင်း မင်း မရှိလျှင်ပျက်ထိုက်၏၊ ဝတ်မိုး ဝတ် မြေနှင့်တကွလှူသည်များ မှာ
လှူရင်း မင်း မရှိ သော်လည်း မပျက်ထိုက်၊ ရှေး မင်း တို့ကျောက်စာထိုး မှတ်၍လှူသည့်

အရာများ မှာတရားကျမ်းဂန်နှင့် ညီသည့်အရာလည်း ရှိသည်၊ မညီသည့်အရာလည်း ရှိသည်၊ တရားကျမ်းဂန်နှင့်မညီ ကျောက်စာထိုး မှတ်၍လျှူဒါန်းသည့်အရာများ မှာ အလျှူမြောက်ထိုက်သည်၊ မမြောက်ထိုက်သည်၊ အလျှူခံထိုက်သည်၊ မခံထိုက်သည်ဟူသော ကောဒသမအမေး တော်မှာတရားကျမ်းဂန်နှင့်အညီမလျှူနိုင်သော်လည်း ပိုင်ထိုက်သည့် ပစ္စည်းကိုပိုင်သူလျှူ၍အလျှူခံသူခံချေက ဒေယျဓမ္မဟူသောအလျှူဝတ္ထု ပဋိဂ္ဂါဟကဟူသော အလျှူခံပုဂ္ဂိုလ်ဒါနဟူသောလျှူခြင်း စေတနာဤအကြောင်းသုံးပါး ပြည့်စုံခြင်းကြောင့် အလျှူမြောက်ထိုက်၏၊ ထိုသို့တရားနှင့်မညီလျှူသည်တို့မှာအလျှူခံပုဂ္ဂိုလ်တို့ကအလျှူမခံသင့်ဖြစ်သည်အကြောင်းကိုမကျဉ်း မကျယ်မှတ်နာလွယ်အောင်မေတ္တာစာဆက်သွင်း ပါသည်သာသနဒါယကာမဟာဓမ္မရာဇာတရားမင်းမြတ်။

(အမေးတော်ဖြေ၊ ၁၉၆၁၊ စာ ၁၂၂-၅)

နေမျိုး ဇေယကျော်သူကိုအသည်ဝန်ခန့်။ 28 July 1785

(သက္ကရာဇ် ၁၁၄၇ ခု ဒုတိယဝါဆို) လပြည့်ကျော် ၇ ရက်နေ့ နားခံ ဇေယနော်ရထာ တွင်ပြန်။

(မျိုးကြည့်၊ ပု၊ ၆၁၀)

ဗန်း မော် ကောင်း တုံမြို့မှာ နေမျိုး ကျော်ထင်တရဖျား ကိုမြို့ဝန်၊ ကာမဏီ
ကျော်ထင်၊ အိန္ဒြစည်သူတို့ကိုစစ်ကဲ၊ ကာမဏီ ကျော်စွာ ကိုနားခံ၊ သိဒ္ဓိရဲမှန်(ခံ)
ငမြတ်သာ ကိုမြို့စာရေး ခန့်။

18 August 1785

(သက္ကရာဇ်) ၁၁၄၇ ခုဝါခေါင်လဆန်း ၁၃ ရက်နေ့နားခံဇေယ
နော်ရထာတွင် ခေါ်၍ပြန်။
(မျိုးကြည့်၊ ပု၊ ၆၁၀)

ဘုန်းတော်အလွန်ကြီး မြတ်တော်မူလှသော ဆင်ဖြူများ သခင်အသျှင်ဘဝရှင်မင်း
တရားကြီး ဘုရားအမိန့်တော်ရှိသည်၊ ဧကရာဇ်မင်း မြတ်တို့ဝယ်သင်္ဂဟတရား
၄ ပါး ၊ အပရိဟာနိယတရား ၇ ပါး ၊ ရာဇဓမ္မတရား ၁၀ ပါး ၊ ၁၂ ပါး စသော
တရားတို့ကိုအမြဲစောင့်ရှောက်၍ပြည်ထဲရေးကိုထိန်းသိန်း အုပ်ချုပ်ရသည့်မှူး
မတ်အရာနှင့်ချုပ်ကိုင်စီရင်ရသူတို့မှာလည်း မှူး မတ်တို့ကျင့်ဝတ်တရား ၈ ပါး ကို
စောင့်ရှောက်၍ပြည်ထဲရေးကိုအုပ်ချုပ်စီရင်ရမည်၊ မင်း ဧကရာဇ်မှူး မတ်
တို့ညီညွတ်စွာကျင့်ဝတ်တရားကိုထိန်း သိမ်း အုပ်ချုပ်စီရင်ရသည်ဖြစ်မှ ပစ္စုပ္ပန်ဘ
ဝ၊ ပြည်ထဲရေး ၄ မျက်နှာသာယာငြိမ်ဝပ်သည်၊ သံသရာဘဝအဆက်ဆက်လည်း အ
ကျိုး စီး ပွါး များ သည်ကိုတရား ကျမ်း ဂန်ထုံး စံထင်ရှား ရှိသောကြောင့်ငါအ
ရှင်ဧကရာဇ်မင်း မြတ်အထွတ်အထိပ်ရောက်တော်မူစကာလကပင်လွှတ်တော်ရုံး
တော်မှစ၍အတွင်း ပြင်ချုပ်ကိုင်ကြသည်သူတို့ကိုမှူး မတ်အင်္ဂါနှင့်ညီညွတ်စွာပြည်ထဲရေး
ကိုထိန်း သိမ်း အုပ်ချုပ်စီရင်ကြရမည်၊ မင်း ဧကရာဇ်တို့ဝယ်အသုံး တော်အဆောင်
တော်အလုပ်သဏ္ဍာန်များ စွာစီရင်ရန်ရှိသည်ကိုလည်း မည်သည့်မင်း မှုထွင်မည်သို့
လုပ်ဆောင်၍မည်သို့ကျေကုန်သည်၊ ကြေး လမ်း ငွေလမ်း မှန်အောင်ခန့်[illegible]သုံး
များ ကိုဖလတကြိမ်သိတော်မူသာအောင်သွင်း ရမည်၊ လွှတ်တော်ရုံး တော်တက်
သက်ထမ်း ရွက်ကြသည့်ဝန်ထောက်စာရေး ကြီး အမိန့်စာတင်စာချ၊ ရှေ့နေ
စာချဝတ်လာဝတ်မှစ၍မည်မျှမည်၍သာထုံး တမ်း ဖြစ်စေရမည်၊ အမိန့်တော်
တမ်း ထုံး စံကျူး လွန်၍ကျင့်ကြံကြလျှင်ရာဇဝတ်တော်စီရင်၊ အကြိမ်ကြိမ်အမိန့်
တော်တမ်း ထုတ်ပြန်၍စီရင်ကြသည်ကိုမှူး ကြီး မတ်ကြီး တို့အင်္ဂါနှင့်အညီထုံး စံတော်
တမ်း ကိုတည်တန့်ရပ်နေအောင်မကြည့်မရှု၊ မသိမ်း မဆည်း ၊ မစစ်မကြော၊ မ
မေး မမြန်း ၊ ကျင့်လိုရာနေလိုရာ၊ ကျင့်ကြံနေကြသောကြောင့်အရပ်ရပ်ခွဲခန့်
စီရင်ကြသည့်လုပ်မှုဆောင်တာများ မှာအမေး တော်ရှိသည့်ကာလ၊ အင်း စာ
ရင်း ကိုကြေး လမ်း ငွေလမ်း မှန်အောင်မဆက်မသွင်း နိုင်ကြရှိသည်ဖြစ်မည်၊
ကမ္ဘာထုံး တမ်း ကျမ်း ဂန်နှင့်အညီအခွန်အတုပ်ရေး စစ်သိမ်း ခံစေသည့်အမှုမှာ
လည်း အခွန်မကိုမည်သို့ဖြစ်စေ၊ အပိုအကဲ၊ တင်း နှီး လက်ခုပ်ဆောင်စား ဆော်
ဝတ် မည်သို့ဖြစ်စေ၊ ရေစား တိုင်စား မည်သို့သာစား ယူစေ၊ သေချာစွာအ

21 August 1785

မိန့်တော်ထုတ်ပြန်၍ ရှိသည်ကိုအမိန့်တော်အတိုင်း တည်အောင်သာ ရေး မှတ်စား ယူရမည်၊ ရေး စစ်သိမ်း ခံသူတို့ကိုမမှား မထား သိနိုင်ကြား နိုင်သည်မဟုတ်၊ အယူနှင့် ပေါ့ပေါ့လျော့လျော့ခန့်ထား စေပါး ၍လုပ်သား အခွန်သည်တို့တွင်မပေး တန်မကုန်တန်ပေး ကမ်း ရကြောင်း နှင့်ရွှေနား တော်ကြား တော်မူရသော ကြောင့်စစ်ကြောစေသည်ကိုလည်း မှူး မတ်တို့အင်္ဂါနှင့်ညီ အောင်မစစ်မကြော၊ ဝတ်ကြေတန်း သာစစ်ကြောဆက်သွင်း ပြန်သည်၊ ယုံမှတ်သနား တော်မူ၍ခန့်ထား စီရင်ရချေသည် မစွဲမယူကြ၊ ပေါ့ပေါ့လျော့လျော့တိုင်း ရေး ပြည်ရေး မဟုတ်သကဲ့သို့ ကျေး ဇူး သစ္စာတော်ကိုမထောက်ကျင့်ကြသည်၊ ဝန်ထောက်ငယ်တို့မှာလည်း ဝန်တို့မေ့ကျန်၍အမှုသွား အမှုလမ်း မမှန်လျှင်မှန်ကန်ဖြောင့်မတ်အောင်ထောက်မလဲဆိုစိမ့်မည်ခန့်ထား တော်မူသသူများ ဖြစ်လျက်မလဲမဆို ကျေး ဇူး သစ္စာကိုမထောက်နေလိုကျင့်လိုရာနေကြကျင့်ကြသော ကြောင့်အမှုမကုန်မတွင် ကြေး လမ်း ငွေလမ်း အမှုလမ်း မမှန်ရှိသည်ဖြစ်သည်၊ အရပ်ရပ်အမှုလစ်ဟင်း သည်ကိုထောက်လျှင်အသက်စည်း စိမ်ကိုသိမ်း သင့်နှုတ်သင့် လေပြီး သည်၊ ယိုး ဒယား မြို့သို့ချီသွား သိမ်း ရုံး မည်ခန့်ရန်သည် အမှုနည်း သည်တကြောင်း ဝါတွင်း ခေတ္တနှင့်ကြိမ်သည်တကြောင်း ဖြစ်၍သာရာဇဝတ်တော်ကိုချမ်း သာပေး တော်မူသည်၊ အုပ်လုပ်မှူ အခွန်ရေး တို့ကိုစစ်ကြောသည့်အမှုမှစ၍အရပ်ရပ်ရာဇဝတ်တော်မကင်း စစ်ကြောရန်ရှိသည့်အမှုကိုချမ်း သာပေး တော်မူသည်၊ ချမ်း သာစေ၊ နောင်သည်ကဲ့သို့မကြား ရစေနှင့်၊ ချမ်း သာစေ အမိန့်တော်ထုတ်ပြန်သည့်နောက်မည်သည့်မင်း မှုကိုမည်သို့ခန့်ထား သည်၊ မည်မျှ ကြေကုန်ရန်ရှိသည်၊ မည်မျှ ကြေကုန်သည်၊ အသုံး စာရင်း ကို၆လတကြိမ် ကြေး လမ်း ငွေလမ်း မှန်အောင်စာရင်း သွင်း ၊ စာချွန်နှင့်ဆက်စပ်သည်ကိုလည်း ခန့်ထား တော်မူသည့်စာရေး ကြီး ၄ ယောက်ပြင်အခြား သူကိုမရေး မပေး စေနှင့်၊ စာရေး ကြီး တို့ကလက်ချပြီး အုပ်သင့်မသင့်ကိုပြသတိုင်ပင်၍စာရေး ကြီး တို့ကသာရေး ပေး စေ၊ အခြား သူတို့ရေး ပေး လျှင်လက်ကိုဖြတ်၊ လွှတ်တော်ရုံး တော်တက်သက်ထမ်း ရွက်ကြသူ၊ ရှေ့ရုံး နေံရုံး တရား ရုံး အရပ်ရပ်မင်း ညီမင်း သား တို့ကိုအကြီး အကဲဝန်စုရှင်တို့အိမ်တွင်

3 March 1782

စီရင်သည့်ခုံစာရေး တို့ကိုခေါ်၍သက္ကရာဇ်၁၁၄၃ ခုတပေါင်း လပြည့်ကျော်၅ ရက်

21 August 1785

နေ့ထုတ်ပြန်သည့်အမိန့်တော်တမ်း နှင့်အရပ်ရပ်ကျင့်ဆောင်စီရင်ရန်ထုတ်ပြန်သည့်အမိန့်တော်တမ်း များ ကိုတလတကြိမ်ဖတ်ပြန်နား ခံကြစေ၊ အမိန့်တော်တမ်းအတိုင်း သာကျင့်ဆောင်စီရင်ကြရမည့်အကြောင်း ကိုလည်း မှတ်စာမှာတမ်း ကပ်၍အပ်၊ အမိန့်တော်တမ်း နှင့်မညီနောင်ကြား တော်မူပြန်ရလျှင်နှစ်ခွန်း ချေရမည်မမှတ်နှင့်။

21 August 1785

သက္ကရာဇ် ၁၁၄၇ ခုဝါခေါင်လပြည့်ကျော် ၁ ရက်နေ့နားခံတော်စမြောင်မှူးတွင်ပြန်။

( တောင်ခွင်သာသနာပိုင်)

အတွင်း ဝန်တို့ လျှောက်ထား ပါသည်ဆရာ တော်ဘုရား ။ ရွှေ မင်း တို့လှူခဲ့သည့်အ ရပ်ရပ် ကျောင်း ဘုရား ဝတ္တုကံမိုး မြေမျှား ကိုအသစ်ထပ်မံ၍ ကျောက်စာကမ္ပည်း စိုက် ဆောက်လှူဒါန်း တော်မူမည်၊ အသစ်ရေး ရန် ကျောက်စာကိုဂါထာဗန္ဓနှင့်ဖွဲ့စီ ဆက်သွင်း မည့်အကြောင်း နှင့်ဆရာ တော်မှာ လျှောက်ဘုရား အမိန့် တော်မြွက်ကိုဦး ထိပ်ထက်ရွက်ရပါသည်၊ အသစ်ရေး ရန် ကျောက်စာကိုဂါထာဗန္ဓနှင့်ဖွဲ့စီဆက်သွင်း တော် မူပါမည့်အကြောင်း ကို လျှောက်ပါသည်ဆရာ တော်ဘုရား ။ 22 August 1785 (သက္ကရာဇ်) ၁၁၄၇ခု ဝါခေါင်လပြည့်ကျော် ၂ ရက် နေ့ လျှောက်လာသည်တွင်သွင်း သည့် မေတ္တာစာကား

၁၊ ယထာ နေရု ရဝိ သသီ၊ ပါကဋော ဋ္ဌိတိယာ သဒါ၊ တထာ စာယန္တိ ဥဿာဟ၊
မိဒံ ရာဇာဓိရာဇိနော၊

၂၊ သောဟိ နေကရဋ္ဌန္တာနံ၊ ရာဇူနံ ဝရဝံသဇော၊ အတီတေ နိမိရာဇာဝ၊
ကာတုံ သဒ္ဓမ္မဇောတနံ၊

၃၊ အနန္တပုည တေဇဿ၊ ရတနာသိင်္ခ သာမိနော၊ သုတော အာဒိ ခတ္တိယောဝ၊
ရာဇဝံသာဘိဝဍ္ဎိနော၊

၄၊ ဇေယပုရ သာမိကဿ၊ သစ္စရဋ္ဌဝဍ္ဎိနော၊ မိဂသဃ် ယထာ သီဟော၊ အ
ရိန္ဒမဿ ဘာတိကော၊

၅၊ ရတနပ္ပူရပတိနော၊ သေတိ ဘိန္ဒဿ ဘာတိကော၊ ဝိဒ္ဓော သကုဏ မဇ္ဈေဝ၊
ဒုဋ္ဌေဒ ဝေရဘာဒိနော၊

၆၊ ဣတိ အာဒိစ္စဝံသောဝ၊ အဋ္ဌင်္ဂသမနာဂတော၊ ဝိဇိတာဝီ ယထာ ရာဇာ၊
အနန္တဗလဝါဟနော၊

၇၊ အနေကာဝုဓရတနာ၊ ပုရရဋ္ဌာဒိ သာမိကော၊ အနေက သေတိ ဘိန္ဒော စ၊
အနန္တပုညဣဒ္ဓိမာ၊

၈၊ အနေက စေတိ ယာဝါသ၊ ကာရကော သဂိုလဍ္ဎနော၊ သော တမ္ဗဒီပရဋ္ဌမှိ၊
သပုညကမ္မနိမ္မိတေ၊

၉၊ ဖီတေ အမရသင်္ကာသေ၊ အမရပ္ပူရနာမကေ၊ အဇေယျေ အဘိသေကောဝ၊
ဒွိက္ခတ္တုံ ဂန္ဓဥာယတော၊

၁၀၊ စက္ကဝတ္တိယ ထူပေ တော၊ ပဋ္ဋင် ဇေဋ္ဌကာဒိနာ၊ ယသပ္ပတ္တော ဝိသော မေယ်၊

ရဋ္ဌကမ္ဗုဇ္ဇ သာသနံ၊

၁၁၊ တဒါ ပေါရာဏရာဇူဟ်၊ ဒွန္နံပိ စေတိယာဒီနံ၊ သာသနတ္ထံ တထာ ယေဝ၊

ပဿိတွာန အဘူတကံ၊

၁၂၊ နေဒံ ယုတ္တံတိ စိန္တေန္တော၊ ဓမ္မရာဇာ ဟိတင်္ကရော၊ သမာနေတွာ တတ္ထတတ္ထ၊

သဗ္ဗ သေလက္ခရာဒိပိ၊

၁၃၊ ယုတ္တာယုတ္တံ ဝိစာရေတွာ၊ ဌိတိယာ သာသနဿစ၊ ပတ္တိယာ စေဝ ဗုဒ္ဓတ္တံ

ပဋ္ဌဒေသိ ယထာတထံ၊

အနက်ကား ၁၊ နေရူ၊မြင်း မိုရ် တောင်မင်း သည်၊ သဒါ၊ ကန္တာအချင်း ပတ်လုံး ၊ ဌိတိယာ၊မြဲမြံတည်ကြည်ခြင်း ဖြင့်၊ ပါကဋော ယထာ၊ထင်ရှား စွာဖြစ်သကဲ့သို့၊ အယဥ္စ သဒ္ဓမ္မော၊ဤသာသနာ တော်မြတ်သည်လည်း ၊ သဒါ၊အနှစ်ငါး ထောင်အချင့်ပတ်လုံး ၊ ဌိတိယာ၊ မြဲမြံတည်ကြည်ခြင်း ဖြင့်၊ ပါကဋော၊ထင်ရှား တည်တွန်း သည်၊ ဘဝတု၊ဖြစ် စေသတည်း ၊ ရဝိ၊နေမင်း သည်၊ သဒါ၊နေ့ညဉ့်မကွာ အခါ လေး မြင့်၊ ဌိတိယာ၊တည်ကြည်တွန်း လင်း သဖြင့်၊ ပါကဋော ယထာ၊ထင်ရှား စွာဖြစ်သကဲ့သို့၊ အယဥ္စ သဒ္ဓမ္မော၊ဤသာသနာ တော်မြတ်သည်လည်း ၊ သဒါ၊နေ့ညဉ့်မကွာ အခါ လေး မြင့်၊ ဌိတိယာ၊တည်ကြည်တွန်း လင်း သဖြင့်၊ ပါကဋော၊ပွင့်နှံ့ထင်ရှား သည်၊ ဘဝတု၊ဖြစ် စေသတည်း ၊ သသီ၊ လမင်း သည်၊ သဒါ၊ နှစ်လ မချာ အခါခပ်သိမ်း ၊ ဌိတိယာ၊မယိုမယွင်း တည်ကြည်ခြင်း ဖြင့်၊ ပါကဋော ယထာ၊ ထင် ပေါ် စွာဖြစ်သကဲ့သို့၊ အယဥ္စ သဒ္ဓမ္မော၊ဤသာသနာ တော်မြတ်သည်လည်း ၊ သဒါ၊နှစ်လ မချာ အခါခပ်သိမ်း ၊ ဌိတိယာ၊မယိုမယွင်း တည်ကြည်ခြင်း ကြောင့်၊ ပါကဋော၊ စည်ပင်ထင် ပေါ် သည်၊ ဘဝတု၊ဖြစ် စေသတည်း ၊ ဣတိ မနသိကရောယ၊ဤသို့နှလုံး ထား တော်မူ၍၊ ရာဇာဓိရာဇ်နော၊မင်း များ သော်နင်း မင်း တရား ၏၊ ဣဒံ ဥဿာဟံ၊ဤသို့ဆိုလတ့်ေ သာသာသနာ တော်မြဲမြံနိုင်ခန့်စွာတည် ကြောင်း ကောင်း စွာ အား ထုတ် တော်မူခြင်း ဖြစ်သတည်း ၊

၂၊ ဟိဝိတ္တာရဝစနံ၊ ထိုသို့အား ထုတ် တော်မူခြင်း အကြောင်း အရာကို ဖွင့်ဆိုသည် ကား ၊ သောရာဇာဓိရာဇ်နော၊ထိုမင်း များ သော်နင်း မင်း တရား သည်၊ အတီတေ၊ရှေး လွန် လေပြီး သောအခါ၌၊ နိမိရာဇာဝ၊ နေမိမင်း တရား ကဲ့သို့၊ သဒ္ဓမ္မဇောတနံ၊သူတော် ကောင်း တရား တွန်း လင်း စည်ပင်ခြင်း ကို၊ ကာတုံ၊ပြုအံ့ သောငှာ၊

အနေကရဋ္ဌန္တာနံ၊ များ စွာ သော တိုင်း ကား နိုင်ငံကို အစိုး ရကုန် သော၊ ရာဇူနံ၊
မင်း တရား တို့၏၊ ဝရဝံသ ဇောတ၊ မြတ် သော မင်း နွယ်၌ ဖြစ် တော်မူ၏၊
၃၊ အနန္တပုည တေဇဿ၊ တိုင်း မသိ သော ဘုန်း တန်ခိုး ရှိ တော်မူ သော၊ ရတနာ
သိမ်သာမိ နော၊ ရတနာသိမ်မည် သော ကုန်း ဘောင်ပြည်ကြီး ရှင်ဖြစ် တော်မူ သော၊
အာဒိစ္စ ဃော ဝ၊ ကမ္ဘာတည်ဦး မဟာသမ္မတ မင်း တရား ကဲ့သို့၊ ရာဇာဝံသာ
ဘိဝဍ္ဎိ နော၊ ရာဇာဝင်မင်း နွယ်ကို အထူး သဖြင့် ပွား စေ တော်မူတတ် သော၊ မဟာ
ဓမ္မရာဇာဿ၊ လောင်း မင်း တရား ကြီး ၏၊ သု တော၊ သား တော်ရင်နှစ်လည်း
ဖြစ် တော်မူ၏၊
၄၊ ဇေယျပူရသာမိကဿ၊ မဟာ ဇေယျပုရ မည် သော စစ်ကိုင်း ပြည်ကြီး ရှင်ဖြစ် တော်
မူ သော၊ သစက္ကရဋ္ဌ ဝဍ္ဎိ နော၊ သာသနာ တော်နှင့်တကွ တိုင်း ကား နိုင်ငံကို စည်ပင်
ပြန့်ပွား စေ တော်မူတတ် သော၊ မိဂသ ဃာ၊ သား များ ဘောင်၌၊ သီ ဟာ ယထာ၊
ကေသရာဇာခြ သေ့ မင်း ကဲ့သို့၊ အရိန္ဒမဿ၊ ရန်သူ များ ကို ပယ်ရှား ဆုံး မ တော်မူ
နိုင် သော၊ မဟာ ဓမ္မရာဇာဿ၊ လောင်း တော်မင်း တရား ကြီး ၏၊ ဘာတိ ကော၊ ညီ
တော်ရင်း စစ်လည်း ဖြစ် တော်မူ၏၊
၅၊ ရတနပ္ပုရပတိ နော၊ ရတနာပုရ အဝ ရွှေပြည်ကြီး ရှင်ဖြစ် တော်မူ သော၊ သေ
တိဘိန္ဒဿ၊ ဆင်ဖြူ တစီး ရှင်လည်း ဖြစ် တော်မူ သော၊ သကုဏ မဇ္ဈေ၊ ငှက်များ ဘောင်၌၊
ဝိနေယျာ ဝ၊ ကဠုန်မင်း ကဲ့သို့၊ ဒုဋ္ဌေ ဒဝေရ ဘေဒိ နော၊ အောင်မြင်ဖျက်ဆီး နိုင်ခဲ
သော ရန်သူတို့ကို နှိမ်နင်း ဖျက်ဆီး တော်မူနိုင် သော၊ မဟာ ဓမ္မရာဇာဿ၊ လောင်း
တော်မင်း တရား ကြီး ၏၊ ဘာတိ ကော၊ ညီ တော်ရင်း စစ်လည်း ဖြစ် တော်မူ၏၊
၆၊ ဉာတိ၊ ဤသို့၊ အာဒိစ္စ ဝံ သော ဝ၊ အာဒိစ္စ ဝင်စင်စစ်နွယ်ရိုး ဖြစ် တော်မူ၍လျှင်၊
ဝိဇိတာဝီ ရာဇာယထာ၊ မဟာ ဝိဇိတာဝီမည် သော မင်း တရား ကဲ့သို့၊ အဋ္ဌင်္ဂသမန္နာ
ဂ တော၊ ဥဘ တော သုဇာတ စသည် အပြား အင်ရှစ်ပါး နှင့်လည်း ပြည့်စုံ တော်မူ၏၊
အနန္တဗလ ဝါဟ နော၊ အဆုံး မရှိ သော စစ်သည်ဗိုလ်ပါနှင့်လည်း ပြည့်စုံ တော်မူ၏၊
၇၊ အနေကာ ဝုဓ ရတနပုရ ဋ္ဌာ ဒိသ ဓမိ ကော၊ များ စွာ သော လက်နက်ကိရိယာ ရွှေ
တွင်း ငွေတွင်း ပတ္တမြား တွင်း စ သော ဖြစ်ရာဌာန နှင့်တကွ သော ရတနာ မြို့ကြီး
ပြည်ကြီး တိုင်း ကြီး နိုင်ငံကြီး ထီး ဆောင်း မင်း များ သခင်လည်း ဖြစ် တော်မူ၏၊

အနေက သေတ်ဘိ နေ့ဒွါစ၊ ဆင်ဖြူများ အရှင်လည်း ဖြစ်တော်မူ၏၊ အနန္တပုညတ္တဒ္ဒီမာ၊ အဆုံး မရှိ သောဘုန်း တန်ခိုး နှင့်လည်း ပြည့်စုံ တော်မူ၏၊

၈၊ အနေက စေတိယာဝါသကာရကော၊ အောင်မြေ လောက စေတီ၊ မြို့ထောင့်၊ ရွှေကူ လေး ဆူတရာ့ငါး ဆယ် သော ရွှေကူ၊ ရခိုင်မဟာမုနိဘုရား စသည်များ လှစွာ သော စေတီများ လှစွာ သော ကျောင်း တော်ဒါယကာလည်း ဖြစ်တော်မူ၏၊ သိဂိုလဠ နော၊ ကြက်သ ရေပြ ရာသီဂိုသဒ္ဒါလျှင်အစစွာတည် သောသိဂိုပဝရ ဝိဇယာနန္တ ယသတြိဘဝနာဒိတျာဓိပတိ ပဏ္ဍိတ မဟာဓမ္မ ရာဇာဓိရာဇာဟူ သော ကျေး ဇူး ဘုန်း ကံ ကြောင့်ဖြစ် သောတံဆိပ်နာမံ တော်ဖြင့်လည်း ကျော် စောထင်ရှား တော်မူ၏၊ သောမဟာရာဇာ့ထိုတရား မင်း မြတ်သည်၊ တမ္ဗဒီပရဋ္ဌမှ၊ တမ္ဗဒီပမည် သောတိုင်းကြီး ၌၊ သပုညကမ္မနိမ္မိ တော၊ ဘုန်း ကံပါရမီ တော်ဖြင့်ဖန်ဆင်း အပ် သော၊

၉၊ အမရသက်ာ သော့နတ်ပြည်သဖွယ်ဖြစ် သော၊ ဖီ တော၊ ဝပြောစည်ပင်စွာ သော၊ အဇေယျ၊ ရန်သူတို့မ အောင်နိုင်ရာဖြစ် သော၊ အမရပုရနာမ ကော၊ အမရပုရ မည် သော ရွှေပြည် တော်ကြီး ၌၊ ဒိက္ခုတ္တံ့နှစ်ကြိမ်တိုင်တိုင်၊ ဂန္ဓဥာယ တော၊ ကျမ်း ဂန်ထုံး စံနည်း အသင့်အား ဖြင့်၊ အဘိသေ ကောဝ၊ ဘိသိက်ခံ တော်မူပြီး ၍လျှင်၊

၁၀၊ ပဋ္ဌင်္ဂ ဇော္ဌကာဒိနာ၊ သုဇာတ အဘိရူပ စသည်ငါး မည်နှင့်ယှဉ် သောသား တော်ကြီး စ သောရတနာနှင့်၊ ဥပေ တော၊ ပြည့်စုံ တော်မူသည်ဖြစ်၍၊ စက္ကဝတ္တိယထာ၊ စကြာမင်း ကဲ့သို့၊ ယသပ္ပ တ္တော၊ စည်း စိမ်ချမ်း သာသို့ ရောက် တော်မူသည်ရှိ သော်၊ ရဋ္ဌကမ္မမ္ဗိတိုင်း ရေး ပြည် ရေး ကိုလည်း ၊ ပဝေဏိဂတမိနာ၊ တိုင်း ဖက်ခြင်း စ သော ထုံး နှုန်း အစီအရင်ဖြင့်၊ ဝိ သော မေသိ၊ သုတ်သင်ပြုစု တော်မူ၏၊ သာသနမ္ပိ၊ သာသနာအ ရေး ကိုလည်း ၊ အဓမ္မနိ သေဝနာဒိနာ၊ လက်ကန် တော့တင်စ သောအဓမ္မဝါဒကို မြစ်ခြင်း ၊ ငါး ဆယ်မက သောတိုင်း ကား မြို့ရွာသို့သာသနာပြု စေလွှတ် တော်မူခြင်း စ သောအစီအရင်ဖြင့်၊ ဝိ သော မေသိ၊ပြုစုသုတ်သင် တော်မူ၏၊

၁၁၊ တဒါ၊ ထိုအခါ၌သာသနတ္တံ့သာသနာ တော်ကိုချီး မြှင့်ခြင်း အကျိုး ငှာ၊ စေတိယာဒီနံ၊ စေတီပုထိုး ကျောင်း ကန်သံဃာတို့အား ၊ ပေါရာဏရာဇူဟိ၊ ရှေး ဘေး ဘေးလောင်း တော်မင်း တရား တို့သည်၊ ဒိန္နမ္ပိ ၊ ပေး လှူခဲ့ သော ဝတ္တုကံမိုး မြေကိုလည်း ၊ တကာ ဃေ ဝ ၊ ထိုသို့ ပေး လှူခဲ့တိုင်း လျှင်၊ အဘူတကံ ၊ သမိုင်း ကျောက်စာယိုယွင်း သည် အနှောက်

အရှက်ရှိသည်စသောအကြောင်းအားဖြင့်မမြဲမတည်သည်ကို၊ ပဿိတ္တာန၊ ရွှေဉာဏ်
တော်ဖြင့်ရှုတော်မူ၍၊
၁၂၊ ဣဒံ၊ ဤသာသနာတော်နှင့်စပ်သော ဝတ္တုကံမိုး မြေ၏မမြဲမတည်ခြင်းသည်၊
နယုတ္တံ၊ မသင့်လေ၊ ဣတိဤသို့လျှင်၊ စိန္တေန္တော ကြံဆင်ခြင်တော်မူလျက်၊ တိတက်ရော၊
တိုင်းကား နိုင်ငံနှင့်တကွဘုရား သာသနာတော်မြတ်စီးပွါး များခြင်းကိုပြုတော်
မူတတ်သော၊ ဓမ္မရာဇာ၊ တရားမင်းကြီးသည်၊ တတ္ထတတ္ထ၊ ထိုထိုအရပ်၌၊ သဗ္ဗ သေလက္ခ
ရာနိပိ၊ အလုံးစုံသော ကျောက်စာတို့ကိုလည်း၊ သမာနေတွာ၊ ကောင်းစွာစုရုံး စေ၍၊
ဥဍ၊ ယုတ္တာယုတ္တံ၊ သို့သင့်သို့မသင့်၊ ဝိစာရေတွာ၊ စီစစ်ဆင်ခြင်တော်မူ၍၊ သာသနဿ၊
သာသနာတော်မြတ်၏၊ ဋ္ဌိတိယာစ၊ တည်ကြည်မြဲမြံစေခြင်းငှာ၎င်း၊ ဗုဒ္ဓတ္တံ၊ သဗ္ဗညုတ
ဆုသို့၊ ပတ္တိယာစ၊ ရောက်စေခြင်းငှာလည်းကောင်း၊ ယထာတထံ၊ ရှေးလျှုရင်း
တိုင်း မှန်ကန်သင့်တင့်စွာ၊ ပဋ္ဌဒေသိ၊ မော်ကွန်း စိုက်ထူကြည်ဖြူလှူဒါန်းတော်မူပြန်
သတည်း ၊

ဤသို့ ရှေးဦးစွာ ဂါထာဗန္ဓပါဠ်အနက်ကို ရေးတင်ပြီးမှ ရှေးကျောက်စာရင်းရှိ
တိုင်း နယ်ပယ်အမှတ်အသား နှင့်အသေအချာ ရေးတင်ရမည်။

(<u>အမေးတော်</u>ဖြေ၊ ၁၉၆၁၊ စါ၁၃၀-၃)

ဇရွံ့မြို့သူကြီး နှင့်ဟသ်ာတမြို့သူကြီး တို့နယ် မြေမှုလုဆိုကြသည့်စကား တွင်နှစ်ဦး ထွက်
ဆိုချက်မညီ၍ ရေနှင့်စစ် ကြောလျှင်အချုပ်ဝန် တောင်ဘက် မြေ ဘက် မြေ ရေ့ကိုသို့ဇရွံ့
မြို့သူကြီးကျွန်အုပ်စီရင် စေ၊ ဟသ်ာတမြို့သူကြီး ကရကောင်း ၏မဆိုသာ၊ လွတ်စေ
သာစီရင်ရမည်ကိုအချုပ်မဝင် အချုပ်ပြင် မြေဘက်ဘက် ကျေး ရွာ မြေကို သာ
လွန်တိုး ပွါး ၍ဇရွံ့မြို့သူကြီး သို့ ကျောက်တိုင်စိုက်မှတ် ပေး အပ် ကြောင်း နှင့် ရွှေ
နား တော်ကြား တော်မူသော ကြောင့်ဟုတ်မှန်တိုင်း စာဆက်သွင်း ရမည်အမိန့်
တော်ထုတ်ပြန်သည်ကိုမှား လျှင်မှား ပေးသည်၊ လွန်လျှင်လွန် ပေးသည်အစားသနား
တော်ခံစာဆက်သွင်း ရမည်ဖြစ်လျှက် ကျေး ဇူး သဗ္ဗာ တော်ဝမ်း တွင်း ရှိသည့်အ
တိုင်း စာမဆက်မသွင်း ၊ မှား လေသည့်အမှုကိုအမှန်ပြု၍စာဆက်သွင်း ပြန်သည့်
အရာသည်မသင့်၊ စာစီကုံး သူမဟာသိရိသီဟသူ ခံငမြွတ်၊ မဟာသီဟသူရခံငရွှေ
ရောင်တို့ကိုလက်ကိုဖြတ်၊ စာစီကုံး ၍ပြသလျှင်သင့်ပြီဆိုသူသတိုးသီရိမဟာဥဇနာခံ
ငနှောင်း ၊ မဟာဥတ္တမဇေယျသူရခံငချင်တီ တို့ကိုလည်း လျှာကိုဖြတ်၊ အစောင့်
အနေထား မြဲထား ။

1 September 1785

သက္ကရာဇ် ၁၁၄၇ ခု ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့နား ခံဇေယျ
နော်ရထာ တွင်ပြန်။
(မျိုးကြည့်၊ ပု၊ ၆၁၀၊ မကွေး ဦး လှ)

ငနှောင်း ၊ ငချင်းတီး ။ ငမြတ်၊ ငရွှေရောင်တို့လေး ယောက်မှာလက်ဖြတ်
လျှာဖြတ်ရာဇဝတ်ကိုလွှတ်၍သစ်တော လေး ရပ်သို့ပို့။

1 September 1785

သက္ကရာဇ် ၁၁၄၇ ခုဝါခေါင်လပြည့်ကျော် ၁၂ ရက်နေ့နား ခံကျော်စွာနော်ရထာတွင်ပြန်။

( မှူး ပြည့်၊ ပု ၊ ၆၃၀၊ မကွေး ဦးလှ )

1 September 1785

ငနှောင်း ၊ ငချင်တီး ၊ ငမြတ်၊ ငရွှေရောင်တို့တစုသည် ငါ့အမိန့်တော်အာဏာတော်ကိုမတည် အကြိမ်ကြိမ်မှားယွင်းကြသည်ကိုအသက်စည်းစိမ်နှင့်တကွဆုံးရှုံးအောင်စီရင်သင့်လေပြီးသည်၊ ငါ့ခမည်းတော်ဘုရားတိုင်းပြည်ပြုစုစကာလကပင်စေသုံးတော်မူသည့်အမှုထမ်း ၊ ခြေသည်း ကျွန်၊ လက်သည်း

ကျွန်ဖြစ်လေသော်ကြောင့်သါသည်တကြိမ်ကိုသည်းခံတော်မူ၍အသက်စည်းစိမ်နှင့်တကွချမ်းသာပေးတော်မူသည်၊ အကျည်းကလွတ်ပြီ၍ရှင်အိမ်မှာပြန်၍ နေမြဲနေကြစေ၊ သားမယားတို့ကို လည်းချမ်းသာစေ။

1 September 1785

သက္ကရာဇ် ၁၁၄၇ ခုဝါခေါင်လပြည့်ကျော် ၁၂ ရက်နေ့နားခံ ကျော်စွာနော်ရထာတွင်ပြန်။

( မျိုးကြည့်၊ ပု၊ ၆၁၀၊ မကွေး ဦးလှ )

သတိုး သီရိမဟာဥဇနာ၊ မဟာဥတ္တမဇေယျသူရ၊ မဟာသီရိသီဟသူ၊ မဟာသီဟသူရ

တို့ကိုလွှတ်တော်ရုံး တော်သို့တက်၍ မင်းမှုမင်းခင်း စီရင်ခင်း စီရင်ဘွယ်ရှိသည်များကို ကျေးဇူး သစ္စာ တော်[illegible]တ် ဝမ်းတွင်ရှိသည့်အတိုင်း ဖြောင့်ဖြောင့်ရိုးရိုး ညီညွတ်စွာတိုင်ပင်စီရင်စေ၊ ဝန်ထောက်လေးယောက်မှာလည်း ဝန်တို့အယူဝါဒ မညီမညွတ်ချွတ်ယွင်း လျှင်အမှုမှန်ကန်အောင်လှံ့ဆော်လဲဆိုရမည်၊ လဲဆိုသည်ကိုမနာယူလျှင် လျှောက်ထား စိမ့်မည်ဝန်ထောက်ခန့်တော်မူခြင်း ဖြစ်သည်၊ စီရင်ခင်း စီရင်ဘွယ်ရှိ၍တိုင်ပင်နှိုင်းချိန်ကြသည့်ကာလ ကတိကဝတ်သို့မလိုက်ဟုတ်မှန်ရာဖြစ်အောင်လဲဆိုရမည်၊ လဲဆိုသည်ကိုမနာယူလျှင်မငြိသည့်အမှုတွင်အမှုမှန်ရာလဲဆိုသည်ကိုမနာမယူကြောင်း နှင့်သိတော်မူသာအောင်ဝန်ထောက်တို့က လျှောက်စာသွင်း ။

2 September 1785

သက္ကရာဇ် ၁၁၄၇ ခုဝါခေါင်လပြည့်ကျော် ၁၃ ရက်နေ့နား ခဇောသျှနော်ရထာတွင်ပြန်။

( မှုံး ကြည့်၊ ပု၊ ၆၁၀၊ မကွေး ဦးလှ )

တရား စစ်ဝန်ထောက်နေမျိုး နန္ဒစည်သူကို တော်နေရာမှာ ချ၍ ဝန်ထောက် အရာနှင့်ထမ်း ရွက်စေ၊ နေရာနေမှုး တော်မတ်တော်တို့မှာ ရွှေစလွယ်၉ သွယ်သနား တော်ခံရသူများ သာကတ္တီပါဝတ်လုံဝတ်ဆင်ကြစေ။

5 September 1785

(သက္ကရာဇ်) ၁၁၄၇ခု တော်သလင်း လဆန်း ၂ရက်နေ့နား ခံ ကျော်စွာနော်ရထာတွင်ပြန်။

(မျိုးကြည့်၊ ပု၊ ၆၁၀)

စလင်း မြို့သူကြီး ဂိုး စကား မှာ မဟာသမန်း ကိုကြီး စိုး စီရင်စေ။ 10 September 1785

(သက္ကရာဇ်) ၁၁၄၇ ခု တော်သလင်း လဆန်း ၇ ရက် နေ့ညနား ခံ ကျော်စွာ နော်ရထာ တွင်ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၁၀)

ပိဋကတ် တော် ရေး စာရင်း ကျလူတို့ကိုအထက်အမိန့် တော်တွင်အခွန် ပေး အပ် သည့်အတိုင်း မတည်၊ ယခုအမှု တော်တွင်စစ်လက်နက်ကိုင်ခန့်ထား ပြန် ကြောင်း နှင့်မောင်း ထောင်းရာ တော်က မေတ္တာစာဆက်သွင်း၍ ရှိသည်၊ ပိဋကတ် တော် ရေး အစုအငန်း အခြား ငှါသည်မဟုတ်၊ သာသနာ တော် ရေး ကိုထမ်း ရွက် နေရသည့်အမှုပင်ဖြစ်သည်၊ ပိဋကတ် တော် ရေး တို့ နေထိုင်သည့်မြို့ရွာခွဲစု ကျတွင်စာရင်း ချပိဋကတ် တော် ရေး လူတို့အထွက်ကိုနှိမ်၍ စစ်လက်နက်ကိုင်မင်း မှုကိုမြင်း ဝန်အသည်ဝန်တို့က မခန့်မထား စေနှင့်၊ ပိဋကတ် တော်မှုကိုသာငြိမ် ဝပ်စွာ ရေး မှတ်ထမ်း ရွက်ကြစေ။

20 September 1785

သက္ကရာဇ် ၁၁၄၇ခု တော်သလင်း လပြည့်ကျော် ၂ ရက် နေ့နား ခံ ပြောကြီး မှူး တွင်ပြန်။

( ရှေး ဟောင်း သုတေသန )

ပိဋကတ်တော်စာရေး စာရင်း ကျွလူတို့ကိုလက်နက်ကိုင်မင်း မှု(မ)ခန့်မထား စေနှင့်၊ အထက်အမိန့်တော်ပါသည်မှာ ပိဋကတ်တော်ရေး လူတို့အင်း စာရင်း မငြိမ်၊ အပွါး အများ ရှိကြောင်း နှင့်မြင်း ဝန်ကသံတော်ဦး တင်ပြန်သည်၊ ပိဋကတ်တော်ရေး သား နိုင်သူကို ရွေး ချယ်၍လူ ၁၀၀၊ ပေလုပ်၅၀ကျို ရေး သား လုပ်ဆောင်စေ။

25 September 1785

သက္ကရာဇ် ၁၁၄၇ ခု တော်သလင်း လပြည့်ကျော် ၇ ရက် နေ့ နားခံတော် ဇေယနော်ရထာ ထွင်ပြန်။

(ပိဋကတ်တော်ရေး ၁၀၀၊ အကြီး ၈၊ ၎င်း အနက်အသည် ၇၄၊ မြင်း ၂၃၊ ရွေး ၇၊ ကိုး သန်း တံခါး ၃၊ မြေနန်း ၁၊ ၅စု ၁၀၈၊ ပေလုပ် ၅၀၊ အကြီး ၄၊ ၎င်း အနက်အသည် ၄၃၊ မြင်း ၁၁၊ ၂စု ၅၄၊ ပိဋကတ်တော်ရေး ပေလုပ် ၂စု ၁၅၀၊ အကြီး ၁၂၊ ၎င်း အနက်အသည် ပေါင်း ၁၁၇၊ မြင်း ပေါင်း ၃၄၊ ရွေး ၇၊ ကိုး သန်း တံခါး ၃၊ မြေနန်း ၁၊ စုစု ပေါင်း ၁၆၂)၊

(ရှေး ဟောင်း သုတေသန)

26 October 1785

ဌာလဝ်ဝန်မင်း လှမင်း ကျော်ကိုဆင်ဝန်ခန့်။ 26 October 1785

(သက္ကရာဇ်) ၁၁၄၇ ခုသတင်း ကျွတ်လပြည့်ကျော် ၈ ရက်နေ့နံနက်

ခံစမြောင်းများ တွင်ပြန်။

(မှန်း ကြည့်၊ ပု၊ ၆၁၀)

မင်း လှစည်သူကို တောင်ဘက်တိုက်ဝန်ခန့်။ 2 October 1785

(သက္ကရာဇ်) ၁၁၄၇ ခု တော်သလင်း လပြည့်ကျော် ၁၄ ရက် နေ့

နား ခံ နေမျိုး သင်္ကြန်ထွင်ပြန်။

(မျိုးကြည့်၊ ပု၊ ၆၁၀)

ရန်ကုန် ရေဝန်စစ်ကောင်သီဂိုကိုသား တော်ကါမမင်း သား သတိုး မင်း စော
တပ်တွင်မင်း လှစည်သူနှင့်ဘက်၍ စစ်ကဲခန့်။ 1 October 1785

(သက္ကရာဇ်) ၁၁၄၇ခု တော်သလင်း လပြည့်ကျော် ၁၃ ရက် နေ့နားခံ
ဇေယနော်ရထာတွင်ပြန်။

(မှူး ကြည့်၊ ပု၊ ၆၁၀)

တပ်မတော်တွင်အသည်ဝန်နေမျိုး ဇေယကျော်သူကိုတပ်မှူး ၊ မိုးတားမြို့စား ဝန်ထောက်နေမျိုး ကျော်စွာကိုလမိုင်းဝန်နှင့်ဘက်၍စစ်ကဲခန့်။

30 November 1785

(သက္ကရာဇ်) ၁၁၄၇ခုတန်ဆောင်မုန်းလပြည့်ကျော်၁၄ရက်နေ့ တောင်ငူရွှေရပ်တော်ကုန်းတွင်အမိန့်တော်၊ ရုံးတော်မှာသံတော်ဆင့်ဇေယကျော်ထင်တွင်ပြန်။

(မျိုးကြည့်၊ ပု၊ ၆၁၀)

မင်း ဝဲနန္ဒမိတ်ကို တောင်ငူမြို့အစောင့်အနေဝန်ခန့်။ 6 December 1785
(သက္ကရာဇ်) ၁၁၄၇ ခုနတ်တော်လဆန်း ၅ ရက်နေ့ နားခံ ဇေ
ယနော်ရထာတွင်ပြန်။
(မျိုးကြည့်၊ ပု၊ ၆၁၀)

သါသနာ တော်မြတ်အား ခြေမမြစ်ဖြစ်ထွန်း စေရန် ရည်သန် တော်မူ၍ ပိဋကတ် တော် ရွှေ ရေးမင် ရေးကညစ် ရေး ပေလုပ်မျဉ်း ကိုင်ဘွဲ့စည်း (၍) ပိဋကတ်တိုက် တော်မှာ စါတည်း စါပြင် ခန့်ထား ရေးသါးလုပ် ဆောင်ထမ်းရွက် စေသည်ကို ပိဋကတ် တော် ရေး စါရင်းကျလူတို့ကို စစ်လက်နက်ကိုင် ခန့်ထား ကြောင်း၊ ပိဋကတ် တော်ကျွမ်း ကျင်သည်ဆို၍ စါဘည်း စါပြင် ခန့်ထား သောသူတို့သည်တည်းဖြတ်ပြင်ဆင်သည့်အရါပုဒ်အက္ခရါအသတ် ပင့်ရစ် ရေးရိုး ရေးထုံး မကျကွဲလွဲထူးခြားချွတ်ယွင်းသည့်အရါပါရှိ ကြောင်းများနှင့်ကြား သိ တော်မူရသည်၊ ပိဋကတ် တော် ရွှေ ရေးမှင် ရေးကညစ် ရေး ပေလုပ်မျဉ်း ကိုင်ဘွဲ့ စည်းထမ်းရွက် စေသည့်လူတို့ကိုအရပ်အရပ်မြို့ရွာသူကြီး စုထိမ်း စုအုပ်တို့က စစ်လက်နက် ကိုင်မှုမှ စ၍ မင်းမှုမင်းခင်း စရိတ် ကြေး ငွေအ သေးအဖွဲ့အခွဲအခန့်အ တောင်းအခံ မရှိ စေနှင့်၊ အခြားအစုသို့ စါရင်းဘွဲ့ ရါပါလျှင် စါရင်းကိုနှုတ်သိမ်း၍ ပိဋကတ် တော်အ စုမှာငြိမ်ဝပ်စွါထမ်းရွက် စေ၊ စါတည်း စါပြင် ခန့်ထားသူတို့ ရေးရိုး ရေးထုံး မကျကွဲလွဲထူး ခြားရှိသည်မှာလည်းသ ရေ ခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ ပင်းယ၊ စကိုင်း၊ အဝ စ သော ရှေး ဘေး ဟောင်း တော်ဘိုး ဟောင်း တော်တို့လက်ထက်အဆက်ဆက် ပညတ်မှတ်ထား ပိုင်း ခြား ပြဋ္ဌာန်းခဲ့သည့် ရေးထုံးအစဉ် ပျက်ယွင်းလျှင်အ ခေါ်သညာအမှတ်အသါး ပျက်ယွင်း ရါ သည်၊ အ ခေါ်သညာအမှတ်အသါး ပျက်ယွင်းလျှင်လည်းအနက်အဓိပ္ပါယ် ဝတ္ထုတရား ကိုယ်ကွဲ လွဲ ဖေါက်ပြန် ရါသည်၊ အနက်အဓိပ္ပါယ် ဝတ္ထု ဘရါးကိုယ်ကွဲလွဲ ဖေါက်ပြန်လျှင်လည်းတရါး ကျမ်း ဂန်လမ်းမှန်မကျတိမ်းယိမ်း သွေဖွက် ရါသည်၊ တရါး ကျမ်း ဂန်လမ်းမှန်မကျတိမ်းယိမ်း သွေဖွက်ပြန်လျှင်လည်းသါသနါတော်သုံး ပါးအရင်းပ င် မ မူလဘူတဖြစ် သောပရိယတ္တိ ဓမ္မကွယ် ပ ဆုတ်ယုတ် ရါသည်၊ ပရိယတ္တိ ဓမ္မကွယ် ပဆုတ်ယုတ်လျှင်လည်း သါသနါ တော်ကိုမှီကုန် သောရဟန်း ရှင်လူပြည်သူအ ပေါင်းတို့အယူအကျင့် ပျက်ယွင်း၍ဆင်းရဲကြီး စွါ ရောက်ကြ ရါသည်ဖြစ်သည်၊ ရှေး ရေးရိုး ရေးထုံးအစဉ်များကို ပြောင်းလွဲပြင်ဆင်သင့်သည်၊ ယုတ္တိအ ဖေါက်အထါးကိုး ကါး ချက် ရှိ၍ပြင်ဆင်သည်ဖြစ်မည်၊ မည်သည့်အ ကြောင်း ကြောင့်ပြင်ဆင်သည်ဖြစ်မည် များကို ပိဋကတ်ကျွမ်း ကျင်သည်ဆိုသူ စါတည်း စါပြင်တို့က ဆ ရါ တော်တို့နှင့် ဝန်ကြီးအတွင်း ဝန်တို့ ရှေ့ဆို စေ။

14 December 1785

သက္ကရါဇ် ၁၁၄၇ ခုနတ်တော်လဆန်း ၁၃ ရက် နေ့ နါးခံ တော် ဇေယျနော်ရထါ ဖွင့်ပြန်။

( ရှေး ဟောင်း သုတေသန၊ ဝဏ္ဏ ဗေါဓနသတ်အင်း ၊ မျက်တ–ထ၊ ထွန်း ညို၊ သတ်ထူး ကဗျာ နှင့်အတိုကောက်၊ ရန်ကုန်၊ တိုး ပုံနှိပ်၊ မျက် ၁၀၉–၁၁၀၊ သူရိယ၊ တွဲ ၆၊ မှတ် ၁၊ မတ် ၁၉၃၂၊ မျက် ၂၆)

မင်း ရဲသီဟသူကို မုတ္တမမြို့ဝန်ခန့်။ 16 December 1785

(သက္ကရာဇ်) ၁၁၄၇ ခုနှစ် တော်လဆန်း ၁၅ ရက် နေ့ညကျိုက်ကော ခွန်တော်တွင်နား ခံဇေယနော်ရထာကို ခေါ်၍ပြန်။

(မျှိုး ကြည့်၊ ပု၊ ၆၁၀)

ရှေး ကမ္ဘာတည်ဦး အခါမဟာသမတမင်း တို့လက်ထက်က စ၍ မည်သည့်အရာမဆို မင်း ဧကရာဇ်တို့ပြဋ္ဌာန်း ပိုင်း ခြား သုံး စွဲ ခေါ် ဝေါ် ရာလိုက်နာ ခေါ် ဝေါ် ရေး မှတ်သုံး စွဲအတည်ဖြစ်စေသည့်အကြောင်း ရှေး အရိုး အစဉ် ရှေ့နန်း ရှေ့ဘုံ ရေး ထုံး ရေး နည်း ပျက်ယွင်း လျှင်အမှတ်အသား အခေါ်အဝေါ်သညာအနက်အဓိပ္ပါယ်ကွဲလွဲ ဘောက်ပြန်မည်ဖြစ်သည့်အကြောင်း ပိဋကတ်ကိုကျွမ်း ကျင်လင့်ကစား ဓမ္မဝတ်၊ လောကဝတ်၊ ရာဇဝတ်အကြောင်း သုံး ပါး လုံး နား လည်နိုင်မည်မဟုတ်သည့် အကြောင်း များ ကို ပိဋကတ်ကျွမ်း ကျင်သည်ဆိုသူစာတည်း စာပြင်တို့က မည်သို့မှထူး ထွေ လျှောက်လဲမပြောမဆိုနိုင်ရှိကြောင်း များ နှင့်ဆရာတော်နှင့်ဝန်ကြီး အတွင်း ဝန်တို့က စာဆက်သွင်း၍ ရှိသည်ဖြစ်သည်၊ ပုဒ်အက္ခရာအသတ်ပင့်ရစ် ရေး ရိုး ရေး ထုံး မကျ ကွဲလွဲထူး ခြား ချွတ်ယွင်း တိမ်း ယိမ်း အောင်ပြင်ဆင်သူတို့ကိုလွှတ်က အပြစ်အလျှောက်ထိုက်သင့်ရာစီရင်စေ၊ ပိဋကတ်တော်တည်းဖြင့်ပြင်ဆင်ရန်ရှိသည်ကို ရှေ့နန်း ရှေ့ဘုံအစဉ်သုံး စွဲမြဲပုဒ်အက္ခရာအသတ်အပင့်ရစ် ရှေ့ထုံး ရေး နည်း ကျွမ်း ကျင်နား လည်သူသင့်ရာ ရွေး ချယ်ခန့်ထား စေ၊ ရွှေ ရေး မင် ရေး ကညစ် ရေး ပိဋကတ် တော်များ မှစ၍ ကျောက် ရေး အက္ခရာများ မှာလည်း အစဉ် ရေး မြဲရာဝန်းအက္ခရာကိုသာ ရေး စေ။

29 December. 1785

(သက္ကရာဇ်) ၁၁၄၇ ခုနတ်တော်လပြည့်ကျော် ၁၃ ရက် နေ့နား ခံ ပြောကြီး မှူး ထွင်ပြန်။

( ရှေး ဟောင်း သုတေသန၊ <u>ဝဏ္ဏ ဗေါဓနသတ်အင်း</u> ၊ မျက်ထ - ဒ၊ ထွန်း ညို၊ <u>သတ်ထူး ကဗျာနှင့်အတိုကောက်</u>၊ ရန်ကုန်၊ တိုး ပုံနှိပ်၊ မျက် ၁၁၀၊ <u>သုရိယ</u>၊ တွဲ ၁၆၊ မှတ် ၁၊ မတ် ၁၉၃၂၊ မျက် ၂၆ - ၇)

ငါဘိုကိုယ ခုအဆုံး စီရင်၊ သား မယား တို့ကိုလည်း မီး ပုံ၍တိုက် စေ၊ ရွှေပြည်
တော်သို့လည်း သာဝတ္တိစား ကို စေ၍သက်ရှိသက်မဲ့ဥစ္စာများ ကိုလည်း သိမ်း ရုံး
၍ဆိုင်ရာတိုက် တော်ကျ တော်သို့သွင်း စေ။

17 January 1786

(သက္ကရာဇ်) ၁၁၄၇ ခုပြာသိုလပြည့်ကျော် ၃ ရက် နေ့နား ခံ ကျော်
စွာ နော်ရထာ တွင်ပြန်။
(မှန်း ကြည့်၊ ပု၊ ၆၁၀)

ငမြတ်တင်၊ ငတောတို့နှင့်ငမြတ်တင်တပ်ပါတပ်မှူး စစ်ကဲတပ်မှူး တစုတို့ကိုမီး ပုံ
၍တိုက်တော်မူမည်။မီး လောင်တိုက်ထုံး စံရှိရာလုပ်စေ။

14 March 1785

(သက္ကရာဇ်) ၁၁၄၇ ခု တပေါင်း လဆန်း ၁၅ ရက် နေ့ည ဇေတုဝတီ နန်း တော်မှာနား ခံနော်ရထာတွင်ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၁၀)

အတွင်း ဝန်အသည်ဝန်လမိုင်း ဝန်တပ်မှူး တစုခံဝန်ချက်ကိုဆင့်ဆိုနားခံစေ၍
သင်း တို့တစုကိုဗိုလ်မှူး နေမျိုးသင်္ခယာသို့အပ်စေ၊ နေမျိုးသင်္ခယာဆင့်ဆိုရာ
နားခံထမ်း ရွက်စေ၊ ဝန်ထောက်နေမျိုး ကျော်စွာ၊ နေမျိုး ကျော်သူတို့ကိုလည်း
အထက်အမိန့်တော်အမှာတော်အတိုင်း အပ်၊စာရင်း ကိုစစ်ကြော ဆောင်ယူ၍
ရွှေဘဝါး တော်အောက်လာစေ။

14 March 1786

(သက္ကရာဇ်) ၁၁၄၇ ခုတပေါင်း လဆန်း ၁၅ ရက် နေ့ည ဇေတုဝတီ
နန်း တော်မှာနား ခံကျော်စွာ နော်ရထာတွင်ပြန်။
(မျိုးကြည့်၊ ပု၊ ၆၁၀)

ငတောကိုချမ်းသာစေ၊ ငမြတ်တင်မှာငရဲခေါင်အပ်မှချမ်းသာစေရမည်၊
သင်းတို့တပ်မှူး စစ်ကဲတစုမှာအတွင်း ဝန်အသည်ဝန်တပ်မတော်တပ်မှူးတို့က
အာမခံ၍သံတော်ဦးတင်စေ။

15 March 1786

(သက္ကရာဇ်) ၁၁၄၇ ခုတပေါင်းလပြည့်ကျော် ၁ ရက်နေ့ဇေတုဝတီ
နန်း တော်မှာနား ခံကျော်စွာနော်ရထာတွင်ပြန်။
(မျိုးကြည့်၊ ပု၊ ၆၁၁)

မယ်တော်ဘုရားကြီး ကျေးကျွန်အမှုထမ်းတို့ကို မိဘုရားဝန်ကစစ်ကြောသိမ်း ရုံးစေ၊ မြင်းဝန်တွင်ရှိသည့်မယ်တော်ဘုရားကြီး ကျေးကျွန်အမှုထမ်းတို့ကိုလည်း မိဘုရားဝန်သို့အပ်စေ။

18 March 1786

သက္ကရာဇ် ၁၁၄၇ ခုတပေါင်းလပြည့်ကျော် ၄ ရက်နေ့နားခံတော် ဇေယနော်ရထာတွင်ပြန်။

( ရွှေးဟောင်းသုတေသန )

အိမ်ရှေ့မင်း မှစ၍ မင်း မိဘုရား မင်းသား မင်းသမီး တို့မှာ ရှေ့လောင်း ကို ရွှေထည့်၍ မစီး စေနှင့်၊ ထည့်မိသည့် ရွှေကိုပွတ်သိမ်း စေ၊ စကုမင်း ကာမမင်း စီး သည့် ဘောင်မှာ နေပြည်တော် ရောက်လျှင်ယခုလုပ် ဆောင်သည့်အတိုင်း မစီး စေနှင့်၊ အမိုး ယွန်း ဆက်တိုက် လှေပဲ့ချင်ပိတ်မြင်း နား အနီသုတ်စီး စေ၊ မှူး တော်မတ် တော်တို့စီသည့် လှေမှာလည်း နေပြည်တော်သို့ ရောက်လျှင်အမိုး ယွန်း ဆက်လုပ် ဆောင်၍ မစီး စေနှင့်၊ ကုန် လှေဦး ကုန် လှေပဲ့အမိုး ခေါင်စင်း လုပ် ၍ စီး စေ၊ လှော်ကား လှေမှတ်မရသည်ကို လှော် လောင်းအနီသုတ်မစီး စေနှင့်၊ လှေမှတ်ရမှအနီသုတ် လောင်း စီး စေ၊ ဘောင်ဖြူဘောင်ပြာနှင့်မဆိုင်မသင့် သည်သူတို့ ဘောင်ဖြူဘောင်ပြာဆွဲ ကြောင်း များ နှင့်ကြား တော်မူသည်၊ မဆောင် မဆွဲကြစေနှင့်၊ ဘောင်တော် လှော်ကား တော်နန်း ရမိဘုရား မင်းသားကြီး တို့မှာသာတွဲ လှေ ဆောင် စေ၊ မထိုက်မတန် ဆောင်ရွက်သူတို့ ဆောင် လှေကိုသိမ်း ၊ အာဏာ တော်ကိုမတည် ဘောက်ကြလျှင် ရာဇဝတ်အပြစ်အလျောက်စီရင်၊ ဆင်အခင်း မြင်း အခင်း လှေဦး အခင်း များ မှာလည်း အငုပ်ရုပ်မင်း ညီမင်း သား တို့မှာ ထူး ထွေ၍ မခင်း စေနှင့်၊ ကော်ဇောကိုသာခင်း စေ၊ ပြင်အိမ်မထွက် သေး သည့် သား တော်သမီး တော်များ မှာထုံး စံရှိသည့်အတိုင်း ဆါ ဝတ်ဆင် ဆောင်ရွက် ကြစေ။

18 April 1786

(သက္ကရာဇ်) ၁၁၄၈ ခုတန်ခူး လပြည့်ကျော် ၅ ရက် နေ့ရန်ကင်း စံ ရာနန်း တော်မှာနား ခံဇေယနော်ရထာတွင်ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၁၀)

အသည်ဝန်နေမျိုး ဇေယကျော်သူကိုဝန်တို့နေရာမှာနေ၍စီရင်စေ၊ အသည်ဝန်နေမျိုး ဇေယကျော်သူကိုကွမ်း လဘက်အိုး ဂ ထော်င့်ါခွေး မခွေး ငယ်နော် ပိတ်ပတ္တမြား စီအိမ်မည်သာရီမွမ်း သံပတ်ရတန့်ပတ္တမြား စီသနား ဘော်မူသည်၊ မကွေး မြို့စား အတွင်း ဝန်မဟာသိရိဇေယသင်္ခယာခံငမြတ် အောင်သည်အစည် အမြဲအင်း အိုင်ယတရာဥပဒေနှင့်စီရင်သည်၊ မင်္ဂလာစည်တော်တန်ဆောင်းကိုဖျက်၍လည်ဘော် ဆောက်လုပ်ပြီး လျှင်မင်္ဂလာစည်တော်နှင့်အမြောက်မဆိုင်သည်ကိုအတူထွေး ရောရှက်တင်၍ထား သူဖြစ်သည်၊ သစ်တောသို့ပို့။ 24 June 1786

(သက္ကရာဇ်) ၁၁၄၈ ခုနယုန်လပြည့်ကျော် ၁၃ ရက်နေ့နားခံပြော့ကြီး မှူး ထွင်ပြန်။

(မျိုးကြည့်၊ ပု၊ ၆၁၀)

ငမြတ်အောင်မှာစစ်ရန်ရှိသေးသည်၊ သစ်တောသို့ပို့ရာမှာလိုက်၍ ခေါ်စေ၊ ငမြတ်အောင် ရောက်လျှင်အကျဉ်းထား၍ပြင်မှာစစ်စေ။ 26 June 1786

(သက္ကရာဇ်) ၁၁၄၈ ခုဝါဆိုလဆန်း ၁ ရက်နေ့နား ခံကျောင်းစွာ နော်ရထာကို ခေါ်၍ပြန်။

(မျိုးကြည့်၊ ပု၊ ၆၁၀)

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော သာသနဒါယကာဖြစ်တော်မူသော ဆင်ဖြူသခင်အရှင်ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်၊ ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း သတင်းသုံးနေသည့်တိုက်အုပ်ပုဂ္ဂိုလ်သင်္ဃာသာမဏေတို့တွင်ဂိုဏ်းအုပ်ဂိုဏ်းထောက်ခန့်ထားပေးအင်ရန်အမှု၊ သာသနာတော်ရေး သာသနာမှုကိုဂုဏမုနိန္ဒာဘိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်ကြီးကိုခန့်အပ်တော်မူသည်၊ သာသနံပရိယတ္တိမူလံ၊ ကျမ်းဂန်ရှိသည်နှင့်အညီပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ၊ သာသနာတော်စည်ပင်ပွင့်လင်းစေကြောင်း သာသနာတော်ရေးသါသနါတော်မှုရဟန်းသာမဏေတို့ကျင့်ဝတ်သိက္ခာပုဒ်တရားနှင့်အညီတိုက်အုပ်ပုဂ္ဂိုလ်တို့မှာပါဠိမောက်နှစ်စောင်၊ အဋ္ဌခန္ဓာပရိသုတ်၊ ရဟန်းပဉ္စင်းတို့မှာဘိက္ခုပါဠိမောက်၊ အဋ္ဌခန္ဓာပရိသုတ်၊ သာမဏေတို့မှာလိင်ဒါဏ် သေခိယခန္ဓကဝတ်များကိုအသီးအသီးလေ့ကျက်၍တလတကြိမ်သုဓမ္မာစရပ်မှာပြန်ဆိုစေရမည်ဖြစ်သည်၊ ရွှေပြည်တော်အတွင်းပြင်တိုက်အုပ်သင်္ဃာတော်သာမဏေတို့ကိုတလတကြိမ်သုဓမ္မာစရပ်မှာဆရာတော်ကြီးပြဋ္ဌာန်းမိန့်ဆိုရာဆရာတော်တို့ရှေ့ပြန်ဆိုစေရမည်၊အဝေးအလံမြို့ရွာသင်္ဃာသာမဏေတို့မှာဆိုင်ရာဂိုဏ်းအုပ်ဂိုဏ်းထောက်ဆရာတို့ရှေ့ပြန်ဆိုစေ၊ ပြန်ဆိုသည့်အချက်ကိုလည်းဆရာတော်ကြီးသို့စာရင်းလျှောက်ထားပို့အပ်စေရမည်၊ အဝေးအလံမြို့ရွာဂိုဏ်းအုပ်ဂိုဏ်းထောက်တို့ကိုယ်မှာတနှစ်တကြိမ်တန်သည်နှစ်ကြိမ်တန်သည်သုဓမ္မာစရပ်မှာပြန်ဆိုလှာစေရမည်၊ တောင်လေးလုံး မုနိန္ဒာလင်္ကာရသဒ္ဓမ္မဓဇသာမိမဟာဓမ္မရာဇဂုရုဆရာတော်၊ မဟာဒါန်တိုက်ဝန်ကျောင်း ပရမသီရိဝံသဓဇမဟာရာဇဂုရုဆရာတော်၊ အိမ်ရှေ့ကျောင်း ဂုဏသီရိသဒ္ဓမ္မဓဇမဟာရာဇဂုရုဆရာတော်၊ ပလိုင်း မုနိန္ဒာဘိသီရိပဝရညာဏဓဇမဟာဓမ္မရာဇဂုရုဆရာတော်၊ မုံတောဝံသလင်္ကာရသဒ္ဓမ္မာဘိဓဇမဟာဓမ္မရာဇဂုရုဆရာတော်၊ ရွှေတောင်ဂုဏမုနိန္ဒာလင်္ကာရသဒ္ဓမ္မဓဇမဟာဓမ္မရာဇဂုရုဆရာတော်၊ ဗားကရာတိပိဋကာလင်္ကာရသီရိဓဇမဟာဓမ္မရာဇဂုရုဆရာတော်၊ မဲထီး ပဝရသီရိဝံသာဘိလင်္ကာရမဟာဓမ္မရာဇဂုရုဆရာတော်၊ ဆင်တဲညာဏလင်္ကာရဘိသဒ္ဓမ္မဓဇမဟာဓမ္မရာဇဂုရုဆရာတော်၊ ကတိုး တိသာသနသီရိသဒ္ဓမ္မဓဇမဟာဓမ္မရာ

ဇာဂုရုဆရာတော်၊ မောင်း ထောင်ညာဏာဘိဝံသသဒ္ဓမ္မ သေနာပတိမဟာဓမ္မ ရာဇာဓိရာဇဂုရုဆရာတော်၊ ညောင်ကန်ကဝိန္ဒာဘိသဒ္ဓမ္မဓဇမဟာဓမ္မ ရာဇ ဂုရုဆရာတော်တို့တကျိပ်နှစ်ပါး ကိုလည်း ရဟန်း တို့အဓိကရုံး ဝိနည်း ဓမ္မဂန် ကြောင်း နှင့်အညီစစ်ကြောဆုံး ဖြတ်ရန်အမှုကိုခန့်အပ် တော်မူသည်၊ ရဟန်း တို့တွင်အဓိကရုံး စစ်ကြောဆုံး ဖြတ်ရန်အမှုကိုသုဓမ္မာစရပ်မှာစည်း ဝေး တိုင်ပင်၍တညီတညွတ်တည်း ဖြောင့်မတ်မှန်ကန် အောင်စစ်ကြောဆုံး ဖြတ် တော်မူကြရမည်၊ စစ်ကြောဆုံး ဖြတ်သည့်အချက်ကိုလည်း ဆရာတော်ကြီး မှာပြုသ လျှောက်ထား၍ဆရာတော်ကြီး မိန့်တော်မူရာပြီး ပြတ်စေရမည်၊ ဆရာတော်ကြီး လည်း တကျိပ်နှစ်ပါး ဆရာတော်တို့က လျှောက်ထား ချက်များ ကိုနာခံ တော်မူ၍သင့်မသင့်ကိုမိန့်တော်မူရမည်၊ စည်း ဝေး ဆုံး ဖြတ်ရန်သံဃာအဓိကရုဏ်း အမှုရှိလျှင်လည်း မဟာဒါန်ဝန်ကိုဆင့်ဆို၍ ပင့်ဘိတ်စည်း ဝေး စေရမည်။ 27 June 1786

သက္ကရာဇ် ၁၁၄၈ ခုဝါဆိုလဆန်း ၂ ရက်နေ့နား ခံတော် ပြော့ကြီး မှူး တွင်ပြန်။

( မျိုး ကြည့်၊ ပု၊ ၆၁၂၊ သူရိယ၊ တွဲ ၁၆၊ မှတ် ၁၊ မတ် ၁၉၃၂၊ မျက် ၂၇-၈ )

27 June 1786

အသည်ဝန် နေမျိုး ဇေယကျော်သူကိုဝန်တို့နှင့်ဘက်၍ ဝန်ကြီး ခန့်။

27 June 1786

(သက္ကရာဇ်) ၁၁၄၈ ခုဝါဆိုလဆန်း ၂ရက် နေ့နာ ၁း ခ် ကျော်ဗွ ၁ နော်ရထ ၁ တွင်ပြန်။

(မျိုးကြည့်၊ ပု၊ ၆၁၀)

28 June 1786

ကြံခင်း မြို့စား ဝန်ကြီး မဟာဥတ္တမဇေယသူရ၊ ထီးလင်း မြို့စား ဝန်ကြီး မဟာသီဟသူရတို့ကို ရွေး တော်ယူတံခါး အတွင်း သို့မဝင်စေနှင့်ဟုရား စစ်ဝန်ထောက် နေမျိုး နန္ဒသူ၊ စာရေးကြီး စည်သူသီဟ ရွှေတောင်တို့နှင့်၎င်း တို့စာရေး တို့ကိုအကျည်း ထား ။

28 June 1786

(သက္ကရာဇ်) ၁၁၄၈ ခုဝါဆိုလဆန်း ၃ ရက်နေ့နား ခံစမြောင်မှူး ထွင်ပြန်။

( မျိုးကြည့်၊ ပု၊ ၆၁၀)

27 January 1784

သက္ကရာဇ် ၁၁၄၅ ခုတပို့တွဲလဆန်း ၆ ရက် နေ့အမြင့်မြို့သူကြီး အရှေ့၄၀၀ ရိုး ၊
ရာဇဝတ္တ၊ နံ ၆ အသက် ၃၇ ၄င်း ပုညာ ရိုး ငမို့၊ နံ ၂၊ အသက် ၃၉ ၄င်း အနောက်
၄၀၀ ရိုး ငရွှေပင်၊ နံ ၅ အသက် ၂၂ သူကြီး တို့ကို မေး သော်ကျွန်တော်တို့အမြင့်မြို့
တွင်မြို့သူကြီး အရှေ့၄၀၀ ရိုး ၁၊ ပုညာ ရိုး ၁၊ အနောက်၄၀၀ ရိုး ၁၊ မြေတိုင်
ရိုး ၁၊ သိမ်ခွေ ရိုး ၁၊ ပွဲ ရိုး ၁၊ တန်ရွန်း ရိုး ၁၊ ကာဘက် ရိုး ၁၊ ကုတို့ ရိုး ၁၊
ပေါက်အင်ဒိုင်း ရိုး ၁၊ ပေါင်းဒေး ရိုး ၁၀ ရှိသည်၊ ဂါဇဝတ္တ မှ ဘေးငမှန်ကြီးသည်၊ မရှိလျှင်ဘိုး
ငဦး ကြီး သည်၊ မရှိလျှင်ဘ ဇေယျဘတ္တရာဇာ ကြီးသည်၊ မရှိလျှင်သားကျွန်တော်ကြီး သည်၊
ငမို့မှာ ဘီ ဇေယျဘတ္တရာဇာ ကြီး သည်၊ မရှိလျှင် ဘေး ဇေယျဝတ္တနာ ကြီး သည်၊ မရှိ
လျှင်ဘိုး ဇေယျနန္ဒရာဇ်ကြီး သည်၊ မရှိလျှင်ဘသီဟရာဇာဖိုလ်ကြီး သည်၊ မရှိလျှင်သား
ကျွန်တော်ဆက်ခံကြီး သည်၊ ငရွှေပင်မှာ ကျွန်တော်ဘီသိရိသမန္တဖိုလ် ငကျော်ကြီးသည်၊
မရှိလျှင်ဘီ တွေး ငသက်ရှည်ကြီး သည်၊ မရှိလျှင် ဘေး ငမြတ်ထွန်း ကြီး သည်၊ မရှိလျှင်
ကျွန်တော်ဘိုး ငအောင်မြတ်စံအရာခံ၍ကျွန်ဘော်ဘသိရိသမန္တဖိုလ်ကြီး သည်၊ မရှိ
လျှင်သား ကျွန်တော်အစ်ကို ငရွှေ ဘော်ကြီး သည်၊ မရှိလျှင်ညီကျွန်တော်ဆက်ခံကြီး သည်၊
ကျွန်တော်တို့စီရင်စု ကျေး လက်ရွာပါနယ်သည်အရှေ့လေး တိုင် ကျော်ကွာဒန်တိုင်
ချောင်း အချား ၊ တဘက်ငယ့်ရွာနယ် မြေနှင့် ကျောခိုင်း ၊ အရှေ့တောင်ကိုငါး
တိုင် ကျော်ကွာဆင် ခေါင်း တောင်ရိုး အချား တဖက် မြောင်နပက်ရွာ မြေနှင့်
ကြောခိုင်း ၊ တောင်ကိုသုံး တိုင် ကျော်ကွာ ပေါက်အင်း ပိုက်ဘန်း ညောင်ပင်အ
ချား တဘက်မန်း ကျည်ပြုပ်ပုံက်သင်ကျား အိုရွာ မြေနှင့် ကျောခိုင်း ။ အနောက်
တောင်ကိုငါး ရာတွင်း ကွာ နွှာပင်လှအချား တဘက်ငါး ခုံရွာ မြေနှင့် ကျော
ခိုင်း ၊ အနောက်ို လေး တိုင် ကျော်ကွာသစည်ကျွန်ဘိပင်အခြား တဘက် ရေမိန်
ရွာ မြေနှင့် ကျောခိုင်း ၊ အနောက် မြောက်ကိုသုံး တိုင် ကျော်ကွာမရင်နွား တ
ပြေး ရေဝင် ချောင်း အခြား တဘက်လက်ပံ တောင်ရွာ မြေနှင့် ကျောခိုင်း ၊
မြောက်ကိုငါး တိုင် ကျော်ကွာ ညောင်ကိုင်း ဇရပ်ဖြူအချား တဘက် လှေကူး ရွာ မြေ
နှင့် ကျောခိုင်း ၊ အရှေ့မြောက်ကိုငါး တိုင် ကျော်ကွာဘလုံ တောင်ရိုး အခြား တ
ဘက် တော ချောင်း ဦး ရွာ မြေနှင့် ကျောခိုင်း ၊ သည်နယ်ရှစ်ရပ်အတွင်း ရှေး
အမွေခံမရှိ၊ မြို့စား အဆက်ဆက်သိမ်း ၍လုပ်သား တို့ကိုကျွန်တော်မြို့သူကြီး ရာဇ

ဝဏ္ဏကချတင်သည် (ဦ) ကာဆည်လယ်နှင့် ၆၂ လှော်ကား လယ်ပဲ ၆ပဲ၊ စစ်သား လယ်ပယ် ၄ပဲ၊ သဖန်း ခွေပယ် ၂ပဲ၊ ကံသင်ဇဆူ ၆၂၊ မိဇောကြီး ၆၂၊ မောင် မကတော်လယ်ဂဲ၊ ကြီး စို့ငသုံး လယ် ၆၂၊ မင်ကိုင်လယ်ပယ် ၂ပဲ ပယ်ပေါင်း ၁၇၃ပဲ ပယ် ၊ ကုန်း ကျင်း ပါလယ်ကိုမိုး မတောင်း ချောင်း မဝင်လုပ်သား တို့ကစား ရသည်ဖြစ်စေ မစား ရသည်ဖြစ်စေ မတိုင်လယ် ၃ပဲ ကိုနှုတ်၍ကျန် ၁၄ပဲ မြေကို ၃ပဲလျှင် စပါး ၁၀်ကျတနှစ်လျှင် ၁၄၀် ပေး ဆက်ရိုး၊ အရှေ့ ၄၀၀ ရိုး ရာဇဝဏ္ဏမှာ သီးချား တိုင်ရိုး ကံပေါက် ဆောက်၇န်လယ်ပယ် ၅ပဲ၊ တပယ်လျှင် ဦ၊ ငင်း ပုညာရိုး ငမို့မှာသီးချားတိုင်ရိုး ကံပေါက်ကံဖိတ် တောင်ဘက် မြောက်ဘက်ပယ် ၄ပဲ၊ လယ်ပဲလျှင် ဦ၊ ငင်း အနောက် ၄၀၀ ရိုး ငရွှေပင်မှာကံပေါက်မြင်းမြေဘရဲကံလယ်ပယ် ၄ပဲ၊ မရင်း သံပြင်ပယ် ၄ပဲ၊ ညောင်ဆိုးကံအရှေ့ ၃ပဲ ၂(၊ ၃ပဲလျှင် ဦ) မြို့တွင်းသီပွတ်သူတို့မှာ ဆီတဆုံလျှင်တနှစ် ကိုဆီတပိဿာ ကောက်ရိုး၊ ပုညာရိုး မှာ မကျွဲကျောင်းရော ၃ပဲ ၂ မြို့တွင်လဘက်ပွဲမှာ လဘက်တတင်း ရောင်း လျှင် ငွေ၁ံ၊ လဘက် ၂၅ ကောက်ရိုး ၊ အနောက် ၄၀၀ ရိုး မှာဘအောင်တောခွင်တောင်များ တွင်လယ် ၁ပဲ ၂၊ ငင်း ကုလားကြီး တောခွင်လယ် ၅ပဲ၊ ကြေး နင့်မြေအခွန်စား လယ်ပယ် ၈ပဲ၊ မြေဆီ မြေခွန်ကို ကောက်စား ရိုး ၊ ကွဲ့နွား သေလျှင်ဆင်ကုန်းကိုမြို့သူကြီး တို့ဝေယူစား ရိုး ၊ ကွဲ့ဝင်နွား ဝင်မြင်ပါး မှာတနှစ်လည်၍အရှင်မပေါ်လျှင်တဝက်အရာတော်ဆက်ရိုး ၊ ကျောင်း ဒုံရား ဝတ် မြေမင်း မြေများ ကိုအခွန်ရေးစစ်တို့ဆိုင်ရာကစာနှင့်သူကြီး မြေတိုင်တို့ပါလျှင် မြေတိုင်ကိုစာအရနှင့်ဆင့်ဆိုရာသည်၊ မန္တရာအင်း မှာအတိုင်ရိုး မရှိ၊ အခွန်ရေး လျှင်တသီး လုပ်ချောင်း ဦး ရွာဆောင် (၃) မကျည်စည်ကဆောင် (၃) သပေါက်ရွာကဆောင် (၃) တလုံး လျှင်ခွန်မစပါး ၁် ကြေး ဦ ၂ ရေး စား တိုင်စပါး ၁်စနတ်ဆန် ၁် ကြေး ၂၅ ပေး ရိုး ထွက်ဆိုသည်။

နိုင်ငံတော်အတွင်း မြို့စုတိုက်စု ကျေး ရွာများ မှာတမြို့တရွာလျှင်နှစ် ရိုး သုံး ရိုး လေး ရိုး ကြီး စိုး ကြ၍တရား တဘောင်အလုအဆို ကြွေး တင်ကျွန်ဖြစ် ကြေး ကုန် ငွေကုန်နှင့်ဆင်း ရဲသား ကျွန် တော်မျိုး တို့အပင်အပန်း ရှိကြသည်၊ ကြီး စိုး ရိုး ရာမှုကိုမှန်မမှန်တရား တွေ့ဆိုစေရမည်လည်း မင်း ကေရာဇ်အဆက် ဆက်တရား စကား ဆိုခန်း ပြီး ပြေနိုင်သည်မရှိဖြစ်သည်၊ အသည်အလာဆင်း ရဲ

သွား ကျွန်တော်မျိုး တို့ကြီး စိုး ရိုး ရာလုဆိုကြသည်၊ သူကြီး နှစ်ဦး သုံး
ဦး လေး ဦး ရှိကြ၍ ကြေး ငွေကုန်ကျပင်ပန်း ရန်ရှိသည်များ ကို ထောက်တော်
မူ၍ တမြို့ဘရွာလျှင်သူကြီး ကလံအများ မရှိစေရ၊ တယောက်စီသာကြီး စိုး စေရ
မည်၊ မြို့ရွာသူကြီး ရိုး အဆက်အနွယ်စစ်တန်း စစ်ချက်အင်း စာရင်း ထန်း ရွက်
တင်စာရင်း များ ကိုဆိုင်ပြိုင်ညီညွတ်ရွေး ကောက်ရှင်း လင်း၍အမှတ်အသား
နှင့်ဝန်တို့ကဆက်သွင်း သည့်အတိုင်း အမြင့်မြို့မှာသူကြီး ရာဇဝတ်ကိုတရိုး တည်း ကြီး 21 July 1786
စိုး စေ။ သက္ကရာဇ် ၁၁၄၈ ခုဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့ဘုရား အမိန့်တော်
မြွက်ဦး ထိပ်ထက်ဆင်ရွက်ရသည်အတိုင်း အမြင့်မြို့မှာ မြို့သူကြီး ရာဇဝတ်ကိုတရိုး ဘည်း
ကြီး စိုး စီရင်စေ။

( ဝင်း မောင်၊ သောင်း ကို )

ရှေးမင်း တို့လက်ထက်လျှဒါန်း သည်ပုပ္ပာရုံ ကျောင်း ကုန်း ကျောင်း ရာဇမဏိ
စူဠာဘုရား ရှင်တွင်တန်း ဆောင်း ၄ ရပ်အရံစောင့်လူစုတို့သည် ကျောင်း နေ
သင်္ဃာဆရာစည်အနွယ်အဆက်ပြတ်လပ်၍ ရှိသည်ကိုသင့်ရာကုသိုလ် တော်ဖြစ်ပွါး အောင်
ပြောင်း လဲကူး သန်း ၍လျှလျှင်သင့်မသင့်ကိုဆရာ တော်တို့ကို လျှောက်ထား စေရာ
တွင်ဝိဟာရဃာတိစ၊ ဝိဟာရဝသနကသံဃာဥဒ္ဒိဿ ဒေဿ၊ တရား ကျမ်း ဂန်ရှိ
သည်နှင့်အညီ ကျောင်း ဆောက်၍အစောင့်အရှောက်လျှသော်လည်း ကျောင်း ကို
အစွဲအမှတ်ပြု၍ ကျောင်း တွင်သတင်း သုံး နေသည်သင်္ဃာတို့ကိုလျှအပ်သည်သာဖြစ်သည်၊
ကျောင်း နေသင်္ဃာကိုလျှသောအရံစောင့်လူသည်သံဃာဒမ္မိတိဒိန္နတ္တာပဋိဂ္ဂါဟကေ
သု၊ ကာလက် တော့သုပိတဒသော စာတုဒ္ဒိသသံဃော စ၊ အနာဂတသံဃော စ၊ ဣဿ
ရောတဿသန္တကော၊ ကျမ်း ဂန်လာ သော ကြောင့်အလျှခံရင်း သင်္ဃာမရှိသော်
လည်း တပါး စတုဒ္ဒိသသင်္ဃာမလာမရောက် သေး သည်သင်္ဃာတို့ဥစ္စာသာဖြစ်သည်၊
လျှရင်း သင်္ဃာတပါး သင်္ဃာတို့ပိုင်ထိုက်သည်၊ သင်္ဃာသန္တကဥစ္စာကိုသင်္ဃာတို့သည်သံဃိ
ကအဖြစ်သုံး ဆောင်သည်တရား ကျမ်း ဂန်လာ ကြောင်း ကိုဂုဏမုနိန္ဒာဘိဓဇမ
ဟာဓမ္မရာဇာဓိရာဇာဂုရုဆရာ တော် မေတ္တာစာဆက်သွင်း သည့်အတိုင်း ပု
ပ္ပာရုံလူဂဂကို ကျောင်း တော်ကြီး အရံစောင့်၊ ကုန်း ကျောင်း လူ ၂၃ ကိုနန်း မ
တော်မိဘုရား ကျောင်း အရံစောင့်၊ ရာဇမဏိစူဠာဘုရား ရှင်တန်ဆောင်း
၄ ရပ်တွင်အနောက်မျက်နှာ မြောက်တန် ဆောင်း လူ ၂၀ ကိုဆုံထား တိုက် အိမ်
ရှေ့ကျောင်း အရံစောင့်၊ အရှေ့မျက်နှာ မြောက်တန် ဆောင်း လူ ၂၀ ကိုကန္နီ
မင်း သမီး ကျောင်း အရံစောင့်၊ အရှေ့မျက်နှာ မြောက်တန် ဆောင်း လူ ၁၃
ကို မြတူး မင်းသမီး(ကျောင်း)အရံစောင့်၊ အနောက်မျက်နှာ တောင်တန် ဆောင်း လူ
၃ ကိုဟင်္သာတမင်း သမီး ကျောင်း အရံစောင့်၊ ကုန်း ကျောင်း လူ ၁၀ ကို မြောက်
နန်း မိဘုရား ကျောင်း အရံစောင့်၊ အရှေ့မျက်နှာ တောင်တန် ဆောင်း လူ
၁၂ ကိုအလယ်နန်း မိဘုရား ကျောင်း အရံစောင့်ဖြစ်စေ၊ အနောက်မျက်နှာ
မြောက်တန်း ဆောင်း လူ ၃၀ ကိုပိဋကတ် တော်တိုက် စောင့်သုဓမ္မာစရပ်သို့အစည်း
အဝေး ဆရာ တော်သင်္ဃာ တော်တို့ရောက်လျှင်လည်း အစေအသုံး ခံစေ။

18 October 1787

(သက္ကရာဇ်) ၁၁၄၉ ခုသတင်း ကျွတ်လပြည့်ကျော် ၁၁ ရက် နေ့နား ခံ ပြော့ကြီး မှူး နေမျိုး သကြံ့န်ထွင်ပြန်။

( ရွှေး ဟောင်း သုံ့ တေသန )

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ဆင်ဖြူသခင်ဘဝရှင်မင်းတရား
ကြီး ဘုရား အမိန့်တော်ရှိသည်။ တိုင်းနိုင်ငံဆိုသည့်အရာသည်အပရိဟာနိယတရား
နှင့်မကင်း စေသင့်ဖြစ်သည်။ မပြတ်စည်းဝေး တိုင်ပင်ခြင်းလည်း တိုင်းပြည်
သာယာ၍ရာဇဝတ်တော်ရေး ယုံခြုံမည့်အကြောင်း အပရိဟာနိယတရား ရပါး
အဝင်ဖြစ်သည်။ ရှေးမင်းတို့လည်း အစည်းအဝေး စည်ကြီးတီး၍တနေ့၃ကြိမ်
မပြတ်စည်းဝေး တိုင်ပင်ကုန်သည်။ မင်းတို့ကျင့်ရိုး ကျင့်[illegible]ကျမ်း ဟောင်း
ထုံး ဝံအပရိဟာနိယတရား ရှိသည်နှင့်အညီလွှတ်တော်ရုံး တော်တက်ကျက်စီရင်သည့်
မှူး တော်မတ်တော်တို့မှာ နေ့ ၁ ချက်တီး လျှင်ဆိုင်ရာလွှတ်တော်ရုံး တော်သို့တက်
၍ စီရင်း ခင်း စီရင်ဘွယ်ရှိသည်များကိုအမှန်အကန်ဥပဒေကြံ အောင်စီရင်။
ခြေရင်း တော်မြဲတို့နှင့်မြင်း မှူးမင်းသား နေရာ၅သွယ် နေ မှူး တော်မတ်တော်တို့
မှာ စေ့ငုစုံညီ အောင်နိုး ဆော်၍ စလွယ်ပေးအမိန့်တော်နှင့်အညီ စလွယ်[illegible]တို့[illegible]ွယ်
ဆင်တင်၊အကျီလက်ကျယ်ဆင်ယင်၊ယပ်ရိုးရှည်စွဲကိုင်၊ဝတ်ကောင်းနှါးဟောင်းနှင့် နေ့၂
ချက်တီး ကျော်၃နါရီခန့်ကိုလွှတ်တော်သို့အစဉ်မပြတ်တက် စေ၊ လွှတ်တော်သို့ ရောက်လျှင်
လည်း နေရာစဉ်အတိုင်းစည်းဝေးနေ စေ၊အစည်းအဝေးစုံညီလျှင်တိုင်ပင်ခင်းတိုင်
ပင်ဘွယ်တိုင်း ရေးပြည်ရေးသာသနာတော်ရေးရှိသည်များကိုနှီးနှော ပြောဆိုတိုင်
ပင်၊လွှတ်တက်နှိုးဆော်လျှင်ဝင်းတော်ခင်း စေ၊နှါးခံတို့မှာ ဝန်တို့တက်လျှင်အဖွင်း
တော်သို့ဝင်မြဲဝင်စေ၊အစုံအညီတက်မတက်၊ရောက်မရောက်ကိုလည်းဗြဲတိုက်သံတော်ဆင့်
နှင့်နှါးခံတို့မှာစာရင်းမှတ်သါးပြီးလျှင်ဗြဲတိုက်သံဆင့်ကအတွင်းတော်မှာအစီရင်ခံ စေ၊
နှါး ခံတို့က ဝန်တို့မှာအစီရင်ခံ စေ၊အိမ်ရှေ့မင်း၊စကုမင်း၊ကါမမင်းတို့မှာထွက်တော်
မူသည့်နေ့မှလွှတ်တက် စေ၊ ဝင်းမှူး၄ယောက်နှင့်အတွင်းတော်မြဲ နေရာနေမှူး တော်
မတ်တော်တို့မှာလည်း အတွင်းမှုနှင့်မကင်း ဖြစ်သည်၊ ထွက်တော်မူသည့်နေ့ကိုလွှတ်
တက် စေ၊ တရားသူကြီးတို့မှာ၂ဦး သားတို့တရားစကား ပြီးပြတ်လွယ်မှ
အမှုသည်တို့မပင်မပန်း ရှိမည်ဖြစ်သည်၊ တက် စေအမိန့်တော်ရှိမှလွှတ်တက် စေ၊
စာတော်ကဲတို့မှာလည်း နေ့ညမလပ်ထမ်းရွက်ရသည့်အမှုနှင့်ဖြစ်သည်၊ လွှတ်
တက်လွှတ် စေ၊ ငါအရှင်ဧကရာဇ်လည်း ကြောင့်ကြမဲ့နေတော်မမူ၊ ပြည်သူပြည်သါး
တို့စီးပွါးသာသနာတော်စီးပွါး သားတော်အစည်မြေးတော်အဆက်စီးပွား ကို

4 November 1786

ထောက်၍ထွက်တော်မူသင့်သည့်ကာလကိုလွှတ်တော်သို့ထွက်တော်မူသည်၊ ထွက်တော်မူလျှင်လည်း ဝန်တို့နှင့်အတွင်းဝန် ရွှေနေအစုံအညီအိမ်ရှေ့မင်း နေရာနှင့် မနီးမဝေး နေ၍ရာဇဝတ်ရေးတိုင်း ရေးပြည်ရေး သာသနာတော်ရေး လျှောက်ထားရန်ရှိသည်များ လျှောက်ပါး၊ တရား စကား လဲဆိုရန်ရှိသည်များကိုလည်း လဲဆိုစေ၊ စကား ၂ပြင်ကို ထောက်၍အိမ်ရှေ့မင်းသည်အတွင်းဝန်တို့နှင့်တိုင်ပင်နှီးနှော၍တရားထုံး စံရှိရာ ဝန်တို့ကောက်ယူစီရင်ရမည်၊ ထွက်တော်မမူလျှင်ဝေါ်တော်သိမ်း မှ ဝန်တို့လွှတ်ကဆင်း၊ ဝန်တို့ဆင်း မှလွှတ်တော်ရုံး တော်တက်သက်စီရင်မြဲ မှုး တော်မတ်တော်တို့ဆင်း စေ၊ ခြေရင်း တော်မြဲတို့နှင့်မြင်းမှုး မင်းသား နေရာနေတို့မှာဝင် တော်မူမြဲအချိန်ရောက်မှဆင်း စေ၊ ဝင်းကော်ကိုလည်း သိမ်း စေ၊ တရား စကား နှင့်စပ်သည်ကိုတရားရုံး မှာသာဆိုစေ၊ လွှတ်တော်မှာမဆိုစေနှင့်၊ တရားရုံး ကစီရင်၍မပြီးသည့်တရားကိုသာလွှတ်တော်မှာအယူခံစေ၊ မပြီးလျှင်စကား ၂ပြင်နှင့်ဝန်တို့က ကောက်ယူချက်ကိုနားခံတို့ကအတွင်း တော်သို့သွင်းမြဲသွင်း စေ၊ ရာဇဝတ်တော်ရေးတိုင်းရေးပြည်ရေး သာသနာတော်ရေး အမှုကြီး ငယ်ကြားသိရှိသမျှတို့ကိုလည်းကြား သိသည့်အတိုင်း နားခံတို့ လျှောက်စေ။

4 November 1786

သက္ကရာဇ် ၁၁၄၈ ခုတန်ဆောင်မုန်း လဆန်း ၁၄ ရက်နေ့နားခံတော် ဇေယနော်ရထာ တွင်ပြန်။

( တောင်ခွင်စါစု၊ အုပ်ချုပ်ပုံ၊ တ၊ ၁၉၇၀၊ ပိုဒ်၃၄၆နှင့်၃၄၇၊ စါ၅၆-၇ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ဆင်ဖြူသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့်တော်ရှိသည်၊ ငလွမ်း စံကိုထီး လင်း မြို့အဝင် လောင်ပိုငယ်ရွာ သူကြီး ခန့်တော်မူသည်၊ အသည်ငယ်သား တို့ကိုအမှုတော်ကိုထမ်း ကုံ၍လုပ်စား ဆောင် စား စီး ပွါး ဖြစ်အောင်မစစီရင်။

11 November 1786

သက္ကရာဇ် ၁၁၄၈ ခုတန်ဆောင်မုန်း လပြည့်ကျော် ၆ ရက်ဝ နေ့။

(ထီး လင်း မြို့ဦး မောက်)

နိုင်ငံတော်အတွင်း မြို့စုတိုက်ရုံ ကျေးရွာများ မှာတမြို့တရွာလျှင် ၂ ရိုး ၃ ရိုး ၄ ရိုး ကြီး စိုး ကြ၍တရား တပေါင်အလုအဆို ကြွေး တင်ကျွန်ဖြစ် ကြေး ကုန်ငွေကုန် နှင့်ဆင်း ရဲသား ကျွန်တော်မျိုး တို့အပင်အပန်း ရှိကြသည်၊ ကြီး စိုး ရိုး ရာမှုကို မှန်မမှန်တရား တွေ့ဆိုစေရမည်လည်း မင်း ဧကရာဇ်အဆက်ဆက်တရား စကား ဆုံး ခန်း ပြီး ပြေနိုင်သည်မရှိဖြစ်သည်၊ အသည်အလာဆင်း ရဲသား ကျွန်တော်မျိုး တို့ကြီး စိုး ရိုး ရာလုဆိုကြသည်သူကြီး ၂ ဦး ၃ ဦး ၄ ဦး ရှိ၍ ကြေး ငွေကုန်ကြပင်ပန်း ရန်ရှိသည်များ ကို ထောက်တော်မူ၍တမြို့တရွာလျှင်သူကြီး ကလန်အများ မရှိစေရ၊ တယောက်စီသာကြီး စိုး စေရမည်၊ မြို့ရွာသူကြီး ရိုး အဆက်အနွယ်စစ်တမ်း စစ်ချက်အင်းစာရင်း ထန်း ရွက်တင်စာရင်း များ ကိုဆိုင်ပြိုင်ညှိညွတ်ရွေး ကောက် ရှင်း လင်း ၍အမှတ်အသား နှင့်ဝန်တို့ကဆက်သွင်း သည့်အတိုင်း ထီး လင်း မြို့အဝင် လောင်ပိုင်ယ်ရွာသူကြီး ငလွှမ်း စံကိုတရိုး တည်း ကြီး စိုး စေ၊ သက္ကရာဇ်၁၁၄၈ ခု 11 November 1786 တန်ဆောင်မုန်း လပြည့်ကျော် ၆ ရက် နေ့ဘုရား အမိန့်တော်မြတ်ကိုဦး ထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း ထီး လင်း မြို့အဝင်လောင်း ပိုင်ယ်ရွာကိုသူကြီး ငလွှမ်း စံ ကတရိုး တဝတည်း ကြီး စိုး စီရင်စေ။

(ထီး လင်း မြို့ဦး မောက်)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ဆင်ဖြူသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့်တော်ရှိသည်၊ ငအောင်ကို ဟာဒါန်တိုက်ကိုင်း ရွာသူကြီး ပြည်စိုး ခန့်တော်မူသည်၊ အသည်ငယ်သား တို့ကိုအမှုတော်ကိုထမ်း ကုံ၍လုပ်စား ဆောင်စား စီး ပွါး ဖြစ်ထွန်း အောင်မစစီရင်။ 24 November 1786

သက္ကရာဇ် ၁၁၄၈ ခုနတ်တော်လဆန်း ၄ ရက်ဩကြာနေ့။

( မြင်း ခြံကိုင်း မြောက်ရွာ ၂ )

နိုင်ငံတော်အတွင်း မြို့စုတိုက်စုမြို့ကျေး ရွာများ မှာတမြို့တရွာလျှင် ၂ ရိုး ၃ ရိုး ၄ ရိုး ကြီး စိုး ကြ၍တရား တဘောင်အလုအဆို ကြေး တင်ကျွန်ဖြစ် ကြေး ကုံငွေ ကုန်နှင့်ဆင်း ရဲသား ကျွန်တော်မျိုး အပင်အပန်း ရှိကြသည်၊ ကြီး စိုး ရိုး ရာ မှုကိုမှန်မမှန်တရား တွေ့ဆိုစေရမည်လည်း မင်း ဧကရာဇ်အဆက်ဆက်တရား စကား ဆုံး ခန်း ပြီး ပြေနိုင်သည်မရှိဖြစ်သည်၊ အသည်အလာဆင်း ရဲသား ကျွန်တော်မျိုး တို့ကြီး စိုး ရိုး ရာလုဆိုကြသည်၊ သူကြီး ၂ ဦး ၃ ဦး ၄ ဦး ရှိ၍ ကြေး ငွေ ကုန်ကျပင်ပန်း ရန်ရှိသည်များ ကို ထောက်တော်မူ၍တမြို့တရွာလျှင်သူကြီးကလန်အများ မရှိစေရ၊ တယောက်စီသာကြီး စိုး စေရမည်၊ မြို့ရွာသူကြီး ရိုး အဆက်အနွယ်စစ်တမ်း စစ်ချက်အင်း စာရင်း ထန်း ရွက်တင်စာရင်း များ ကိုဆိုင်ပြိုင်ညီညွတ်ရွေး ကောက်ရှင်း လင်း ၍အမှတ်အသား နှင့်ဝန်တို့ကဆက်သွင်း သည့်အတိုင်း မဟာဒါန်တိုက်အဝင်ကိုင်း ရွာမှာသူကြီး ပြည်စိုး ၎ အောင်ကတရိုး တည်း 24 November 1786 ကြီး စိုး စေ၊ သက္ကရာဇ် ၁၁၄၈ ခုနတ်တော်လဆန်း ၄ ရက် နေ့ဘုရား အမိန့်တော်မြွက်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း မဟာဒါန်တိုက်ကိုင်း ရွာကိုသူကြီး ပြည်စိုး ၎ အောင်ကတရိုး တဝတည်း ကြီး စိုး စီရင်စေ။

(မြင်း ခြံကိုင်း မြောက်ရွာ ၂)

နိုင်ငံတော်အတွင်း မြို့စုတိုက်စု ကျေး ရွာများ မှာတမြို့တရွာလျှင် ၂ ရိုး ၃ ရိုး
၄ ရိုး ကြီး ကြ၍တရား တဘောင်အလုအဆို ကြွေး တင်ကျွန်ဖြစ် ကြေး ကုန် ငွေကုန်
နှင့်ဆင်း ရဲသား ကျွန် တော်မျိုး တို့အပင်အပန်း ရှိကြသည်၊ ကြီး စိုး ရိုး ရာမှုကို
မှန်မမှန်တရား တွေ့ဆိုစေရမည်လည်း မင်း ဧကရာဇ်အဆက်ဆက်တရား စကား
ဆုံး ခန်း ပြီး ပြေနိုင်သည်မရှိဖြစ်သည့်အလား ဆင်း ရဲသား ကျွန် တော်မျိုး တို့
ကြီး စိုး ရိုး ရာလုဆိုကြသည့်သူကြီး ၂ ရိုး ၃ ရိုး ၄ ရိုး ကြီး စိုး ကြ၍ ကြေး ကုန် ငွေ
ကုန်ပင်ပန်း ရာရှိသည်များ ကို ထောက် တော်မူ၍တမြို့တရွာလျှင်သူကြီး ကလန်
အများ မရှိစေရ၊ တယောက်စီသာကြီး စိုး စေရမည်၊ မြို့ရွာသူကြီး အမျိုး အ
ဆက်အနွယ်စစ်တမ်း စစ်ချက်အင်း စာရင်း ထန်း ရွက်တင်စာရင်း များ ကို
ဆိုင်ပြိုင်ညီညွတ် ရွေး ကောက်ရှင်း လင်း ၍အမှတ်အသား နှင့်ဝန်တို့ကဆက်သွင်း
သည့်အတိုင်း အနောက်ဘက်တိုက်အဝင် ကျေး ၁၀ ရွာသူကြီး ငပိန့်တိုး ကိုတရိုး တည်း
25 November 1786
ကြီး စိုး စေ၊ သက္ကရာဇ် ၁၁၄၈ ခုနတ်တော်လဆန်း ၅ ရက် နေ့ဘုရား အမိန့်
တော်မြွက်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း အနောက်ဘက်တိုက်အဝင် ကြော
၁၀ ရွာကိုသူကြီး ငပိန်တိုး တရိုး တည်း ကြီး စိုး စီရင်စေ။
(ကြာထွန်း၊ ယော၊ စါ၄၇–၅၀)

21 January 1787

1 March 1786

သက္ကရာဇ် ၁၁၄၈ ခုတပေါင်းလဆန်း ၁၃ ရက် ၅ တေး နေ့တချက်တီး ကျော် ၂ နာရီ ၃ ပါဒ် ၁၄ ဗီဇ နာ ၁၄ ပြန်ခရာပြည့်လျှင်ထိမ်းမြားလက်ထပ်သင့်ကြောင်း

24 February 1787

၎င်းလဆန်း ၈ ရက်စနေသို့အဝင်ညည့်သုံးချက်တီး ကျော် ၅ နာရီ ၁ ပါဒ် ၁၄ ဗီဇ နာ ၁၃ ပြန် ၆ ခရာပြည့်လျှင်သကြန်ခေါ်သင့်ကြောင်းမျှားကိုပညာရှိတို့ကအခါတော်ဆက်သွင်းချက်အတိုင်း မြေတူးမင်းသမီးနှင့် စကုမင်းသားတို့

ကိုထိမ်းမြားလက်ထပ်သည့်အခမ်းအနား စီရင်ခင်းစီရင်ဘွယ်ရှိသမျှကိုပြီးစီးအောင်စီရင်။

21 January 1787

သက္ကရာဇ် ၁၁၄၈ ခုတပို့တွဲလဆန်း ၃ ရက်နေ့နားခံဇေယနော်ရထာတွင်ပြန်။

(ရှေးဟောင်းသုတေသန)

27 January 1787

မြေတူး မင်းသမီး နှင့်စကုမင်းသား တို့ကိုထိမ်းမြား မင်္ဂလာဆောင်ရမည် မှာစီရင်ရန်အခန်း အနား ကိုဝန်တို့က စာဆက်သွင်း ချက်အတိုင်း သင့်ပြီ၊ လက်ထပ်အိမ်မှာမဆောက်မလုပ်စေနှင့် တော့၊စကုမင်း နေသည့်အိမ်မှာပင်ထိမ်း မြား တော်မူမည်။

27 January 1787

သက္ကရာဇ် ၁၁၄၈ ခုတပို့တွဲလဆန်း ၉ ရက်နေ့နား ခံကျော်စွာနော်ရထာတွင်ပြန်။

( ရှေးဟောင်းသုတေသန )

နိုင်ငံတော်အတွင်း မြို့စုတိုက်စုမြို့ကျေး ရွာများ မှာတမြို့တရွာလျှင်နှစ်ရိုး သုံး
ရိုး လေး ရိုး ကြီး စိုး ကြ၍တရား တပေါင်အလုအဆိုကြွေး တင်ကျွန်ဖြစ် ကြေး ငွေ
ကုန်ဆင်း ရဲသား ကျွန် တော်မျိုး တို့အပင်အပန်း ရှိကြသည်၊ ကြီး စိုး ရိုး ရာမှုကို
မှန်မမှန်တရား တွေ့ဆိုစေရသည်လည်း မင်း ဧကရာဇ်အဆက်ဆက်တရား စကား
ဆုံခန်းပြီး ပြေနိုင်ဘွယ်မရှိဖြစ်သည်၊ အသည်အလာဆင်း ရဲသား ကျွန် တော်မျိုး တို့
ကြီး စိုး ရိုး ရာလုဆိုကြသည်သူကြီး နှစ်ဦးသုံး ဦး လေး ဦး ရှိ၍ ကြေးငွေကုန်ကျ
ရှိသည်များ ကို ထောက် တော်မူ၍တမြို့တရွာလျှင်သူကြီး ကလန်အများ မရှိစေရ၊
တယောက်စီသာကြီး စိုး စေရမည်၊ ( မြို့ ရွာ )သူကြီး ရိုး အဆက်အနွယ်စစ်တမ်း
စစ်ချက်အင်း စာရင်း ထန်း ရွက်ဘင်စာရင်း များ ကိုဆိုင်ပြိုင်ညီညွတ်ရွေး ( ကောံ
ရှင်းလင်း)၍အမှတ်အသား နှင့်ဝန်တို့ကဆက်သွင်း သည့်အတိုင်း ကျိဝန်ဝန်စု ရွှေခွန်
တော်ဆက် မော်ခွင်အဝင် မော်ခါး ရွာမှာသူကြီး င ကော်ကိုတရိုး တည်း ကြီး စိုး
27 February 1787
စေ၊ သက္ကရာဇ်၁၁၄၈ ခုတပေါင်း လဆန်း ၁၁ ရက် နေ့၊ ဘုရား အမိန့်တော်
မြွက်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း ကျိဝန်ဝန်စု ရွှေခွန်တော်ဆက် မော်
ခွင်အဝင်မော်ခါး ရွာကိုသူကြီး င ကော်က၊ တရိုး တည်း ကြီး စိုး စီရင်စေ။ 27 February 1787

(သက္ကရာဇ် ၁၁၄၈ ခုတပေါင်း လဆန်း ၁၁ ရက်)

(ဆင်တဲ ၄၀)

မော်ခွင်လေး ရွာသူကြီး ငဘညိုမော်ခွင်လေး ရွာအဝင်မော်ခါး ကျေး ရွာ
ဘ ရွှေခွန်တော်မင်း မှုမပြေမကုန်ရှိသည်ကို ပြေကုန်အောင် ဆောင်ရွက်ပါရ
မည့်အကြောင်း နှင့်ငထွန်း ကျွယ်ကအစီရင်ခံ သောကြောင့် ဆောင်ရွက်စီရင်
စေသည်ကိုငထွန်း ကျွယ်သည် ဖြောင့်ဖြောင့်ဂိုး ဂိုး မဆောင်မရွက် မော်ခါး
ကျေး ရွာက ရွှေခွန်တော်( မင်း မှုမပြေမကုန်) ကျေး ရွာတွင်လည်း ရပ်ဘည်
မနေတိမ်း ရှောင်၍အခြား ကျေး ရွာမှာ နေသူဖြစ်သည်၊ ငထွန်း ကျွယ်( ကို)
မော်ခါး ရွှေခွန်တော်ထမ်း လူတို့မှာ ကြေး ငွေမခွဲမခံမ ဆောင်မရွက် စေ
နှင့်၊ ငထွန်း ကျွယ်တွင် ပေး အပ်သည့်အစီရင်စာ ရှိလျှင် နှုတ်သိမ်း ၍ တံဆိပ်စာ ချွန်
တော်ရသူကြီး င ကော်က မော်ခါး လေး ရွာအဝင်မော်ခါး ကျေး ရွာကိုကြီး စိုး
၍ ရွှေခွန်တော်မင်း မှုရပ် ပေါ ရှိသည်များ ကိုဆက်သွင်း ဆောင်ရွက် စေ။

(27 February 1787)

(သက္ကရာဇ်၁၁၄၈ ခုတပေါင်း လဆန်း ၁၁ ရက်)

(ဆင်တဲ၄၀)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သောသာသနာ့ဒါယကာဆင်ဖြူများ သခင်
ဘဂေရှင်မင်း တရားကြီး ဘုရား အမိန့် တော်ရှိသည်၊ ညာဏာဘိဝံသဓမ္မ သေနာ
ပတိမဟာဓမ္မရာဇာဓိရာဇဂုရုဆရာ တော်ကို ရွှေပြည် တော်မှစ၍ နိုင်ငံ တော်
အတွင်း သတင်း သုံး နေသည့်သံဃာ တော်တို့တွင်စီရင်ဆုံး မရန်ရှိသမျှသာသနာ တော်
ရေး ကိုဝိနည်း ဓမ္မဂန်နှင့်အညီစီရင်ဆုံး မစိမ့်မည်သာသနာပြုအပ် တော်မူသည်၊
ညာဏာဘိဝံသဓမ္မ သေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရုဆရာ တော်ကသာသနာ
တော် ရေး နှင့်စပ်သမျှစီရင်ဆုံး မရန်ရှိသည်များ ကိုတဝတည်း ထိန်းသိမ်းအုပ်ချုပ်စီ
ရင်ဆုံး ဖြတ် စေ၊ အရပ်ရပ်ပင့် ခေါ် ဝေါ် ရန်ရှိသည်ကိုလည်း မဟာဒါန်ဝန်ကိုဆရာ
တော်ကဆင့်ဆို၍ မဟာဒါန်ဝန်ကလွှတ် တော်မှာစာရင်း တင်ဆက်ပြီး လျှင်မြို့စုတိုက်စု
19 March 1787
မြို့စား ရွာစား ဆိုင်ရာဆင့်ဆို၍ ကြေး ငွေမကုန်မကျ စေရပင့် ခေါ် စေ၊ သက္ကရာဇ်
၁၁၄၉ ခုတန်ခူး လဆန်း ၁ရက် နေ့သုဓမ္မာစရပ် တော်မှာ ရွှေမြို့ တော်ပတ်လည်
သံဃာ တော်အစည်း အဝေး တွင်အတွင်း သေနာပတိ၊ ပြင် သေနာပတိအစုံအညီပွဲ
သဘင်အစုံနှင့်အမိန့် တော်ကိုဖဲနီ ရွှေဖျင်ကွတ်အိတ်နှင့် ငွေသား ကလပ်ထက်တင် ဆောင်
၍ ရွှေနား ခံတော်ကြီးဘတ်သည်၊ ပြီး လျှင်ဆရာ တော်သို့အပ်သည်။
( မျိုး ကြည့်၊ ပု၊ ၆၁၂၊ အုပ်ချုပ်ပုံ၊ ၎၊ ၁၉၇၆၊ ပိုဒ်၅၀၉၊ စါ၂၅၃ )

အနောက်အတွင်း မီး နေအိမ်မှာသက္ကယ်အသစ်မိုး စေ၊ အကာကလား ထရံ မျှား ကိုလည်း အသစ်လုပ်စေ။

23 April 1787

(သက္ကရာဇ်) ၁၁၄၉ ခုကဆုန်လဆန်း ၇ ရက် နေ့နား ၈ ကျော် စွာ နေ ၁ ရထာကို ခေါ်၍ပြန်။

( မေမြို့ဘုန်း ကြွယ် ပေမူ )

သတိုး သီရိမဟာဥဇနာကိုလွှတ်တော်ကိုတက်မြဲတက်၍ ကျောင်းတော်ကိုပြီး ပြေလွယ်အောင်ကြပ်မလုပ်ဆောင်စေ။

(သက္ကရာဇ်) ၁၁၄၉ ခုကဆုန်လဆန်း ၈ ရက်နေ့စာရေးကြီး 24 April 1787 နေမျိုးရာဇကျော်ထင်တွင်ပြန်။

( မေမြို့ဘုန်းကြွယ် ပေမှု )

1787
( သက္ကရာဇ် ) ၁၁၄၉ ( ၉ ) ခုတရုတ်ဥတည်သွား က ရောက်သည်၊ အနောက်မျက်နှာ တိုင်းကြီးပြည်ကြီးထီးဆောင်းမင်းအပေါင်းတို့ကိုအစိုးရတော်မူသောဆင်ဖြူ ဆင်နီဆင်ကြားများသခင် ရွှေတွင်း ငွေတွင်း ပယင်းတွင်း ပတ္တမြားတွင်း သခင်ညီတော် နေထွက်ဘုရင် ရွှေနန်းရှင်၊

မြင့်မိုရ်တောင်မျက်နှာဇမ္ဗူဒီပါကမ္ဘာတည်ဦး စကြည်တော် နောင်တော် နှစ်ပါး ဘေးလောင်းတော်ဘိုးလောင်းတော်အရိုက်အရာကိုတက်သက်အုပ်စိုးကြ ရသည်၊ အရှေ့အနောက်တိုင်းကြီးနိုင်ငံကြီးတွင်ညီတော်နောင်တော်နှစ်ပါးကြီး လှစွာသောဘုန်းတန်ခိုးအာဏာနှင့်သိကြားနတ်မင်းစည်းစိမ်ကဲ့သို့စံပါယ်ကြရသည်၊

ညီတော်နောင်တော်တို့ဘေးလောင်းတော်ဘိုးလောင်းတော်လက်ထက် ကပင်ဆင်းသက်၍ရန်မရှိ၊ ညီတော်နေထွက်ဘုရင်လည်းတိုင်းကြီးနိုင်ငံကြီးထီးဆောင်း မင်းတရားတို့ရှိခိုးခံရသောမင်းဧကရာဇ်ဖြစ်သည်၊ နောင်တော်နှင့်ညီတော် သည်ဘဝအဆက်ဆက်ပေါင်းခဲ့ဘူးသည်နှင့်အညီဂတိသစ္စာမြဲမြံစွာရာဇမဟာမိတ်ဖွဲ့ကြ ရလျှင်သမိုင်းနက်သကဲ့သို့သားတော်အစဉ်မြေးတော်အဆက်ဖြစ်ပါမည်၊

အနောက်မျက်နှာတိုင်းကြီးပြည်ကြီး ရွှေထီး ရွှေနန်းကိုစိုးအုပ်သောညီ တော် ရွှေနန်းရှင်၊ ကိုယ်တော်၊ မိဘုရား ၊ သား တော်၊ အိမ်ရှေ့မင်း၊ သား တော်၊ သမီး တော်၊ မှူး တော်၊ မတ်တော်၊ ပြည်သူပြည်သားအပေါင်းတို့ငြိမ်း ချမ်းသာယာကြောင်းကိုကြားသိချင်ပါသည်၊

ရှေးဘဝကမိတ်ဖြစ်ခဲ့ဘူးသည်တကြောင်း ၊ ချစ်ကြည်သည်တကြောင်း ၊ နောင် တော်ကရွှေပေရာဇသံနှင့်ညီတော်ဆီသို့ရွှေတပြားဆက်ပါစေသည်၊ ရွှေနှစ်ပြားကို တပြားတည်းကဲ့သို့ဖြစ်လိုပါသည်၊

1750
သက္ကရာဇ်၁၁၁၁ခုနှစ်တိုင်းနှစ်နိုင်ငံချစ်ကြည်လေးမြတ်စွာရာဇမဟာ မိတ်ဖြစ်မည့်အကြောင်းကိုသံကြီး ၊ တမန်ကြီး စေပါး ပေါက်ရောက်ပြောဆိုကြသည်နှင့် ယခုတိုင်နောင်တော်ညီတော်ရွှေလမ်း ငွေလမ်း ရွှေတံတား ငွေတံတား မပေါက်မ ရောက်၃၇နှစ်ရှိပါမည်၊

ပြည်ကြီးနှစ်ပြည်ထောင်ရာဇမဟာမိတ်ဖြစ်ရပါလျှင်တယောက်ကျေးဇူးကို တယောက်ခံစားရပါမည်၊ ရှေးထုံးစံအတိုင်းကမ္ဘာဦးကကိုးကွယ်သည့်ဗြဟ္မာရှစ်

9 June 1787

ရုပ်ကို နောင်တော်နန်း တွင်ထား၍ ကိုး ကွယ်ပါသည်။ ညီတော်ကိုချစ်ကြည်သည်နှင့် အညီ နောင်တော်မှာ ကိုး ကွယ်သကဲ့သို့ ကိုး ကွယ် စေလို၍ ညီတော် နေထွက်ဘုရင်ကိုဆက်လိုက်ပါသည်။ ညီတော်ကိုး ကွယ်ပါလျှင်ဘုန်း တန်ခိုး တော် နေထွက်သကဲ့သို့ထွန်း တောက်ပါမည်။ ညီတော်သို့လက် ဆောင် ရွှေကိုသွန်း လုပ်သည့်ဗြဟ္မာရုပ် ၈၊ ကမ္ဗလာ ၈၊ ရွှေဖြင် ၁၀၊ မြင်း ၁၀၊ ရာဇသံ ရွှေ ပေနှင့် နောင်တော်တွင်မြဲ သောကိုင်း မား စား သား ကို စေလွှတ်လိုက်ပါသည်။ ညီတော် ရွှေနန်း ရှင်ဆီသို့ ရောက်လျှင် မရှည်မကြာ ရာဇသံ ရွှေ ပေနှင့်သံကြီး တမန်ကြီး ဘက်ခန့်၍ စေလွှတ်လိုက် (သည့်) ကိုင်း မား စားသား နောင်တော်ဆီသို့ပြန် ရောက်မြင်ရလျှင် ရွှေနန်း ရှင်မျက်နှာကိုမြင်ရသကဲ့သို့ ရှိပါမည်။

အနောက်မျက်နှာတိုင်း ကြီး ပြည်ကြီး ထီး ဆောင်း မင်း အပေါင်း တို့ကိုအစိုး ရတော်မူ သောဒါဆင်ဖြူဆင်နီဆင်ကြား များသခင် ရွှေတွင်း ငွေတွင်း ပတ္တမြားတွင်း ပယင်းတွင်း သခင်သီရိပဝရဝိဇယာနန္တရသကြိဘဝနာတိဒြာဓိပတိပဏ္ဍိတမဟာဓမ္မရာဇာဓာတ်ဆိပ် နာမံတော်ရှိ သော်သာသနာဒါယကာ တော် နေထွက်ဘုရင်မင်း တရား ကြည်ချစ်စွာ ကြား ရောက်သည်။

အရှေ့မျက်နှာတိုင်း ကြီး ပြည်ကြီး ထီး ဆောင်း မင်း အပေါင်း တို့ကိုအစိုး ရတော်မူ သောအကြည် တော် ရွှေနန်း ရှင်။

ကမ္ဘာ ဦး စကပင်အရှေ့မျက်နှာအနောက်မျက်နှာပြည်ကြီး ပြည်ရန်မရှိ။ ရွှေထီး ရွှေနန်း အဆက်ဆက်ထီး ဆောင်း မင်း အပေါင်း တို့ရှိခိုး ခံရ သောမင်း ဧကရာဇ်ဖြစ်ကြသည်။

အကြည် တော်ကကိုင်း မား စော်ဘွား သား ကို စေ၍သက္ကရာဇ် ၁၁၄၉ ခု နယုန်လဆန်း ၁၀ ရက် နေ့တွင်အမရပူရ ရွှေပြည် တော်ကြီး သို့ ရောက်၍ ရာဇသံ ရွှေ ပေစာနှင့်အာဘာသရဗြဟ္မာရုပ် ၈၊ ကမ္ဗလာ ၈၊ ရွှေဖြင် ၁၀၊ လက် ဆောင် တော် များ ကို ရွှေနန်း ဥကင်ရာဇပလ္လင် တော် ရှေ့ခင်း ကျင်း ပြီး လျှင်အိမ်ရှေ့မင်း ၊ မင်း ညီမင်း သား ၊ ဆွေ တော်မျိုး တော်၊ မှူး တော်မတ် တော်ခြံရံလျှက်ထွက်စံ တော်မူ၍ ရာဇသံ ရွှေ ပေစာကို ဘတ် လျှောက် စေသည်။

26 May 1787

ပြည် ထောင်ချင်း မင်း နှစ်ပါး ဘဝအဆက်ဆက် ပေါင်း ဘက်ဘူး သည်နှင့်အညီ ဂတိသစ္စာမြဲ မှန်စွာသံမှို့နှက်သကဲ့သို့ရာဇမဟာမိတ်ဖွဲ့ကြရလျှင်သား တော်အစဉ် မြေး

တော်အဆက် ရွှေနှစ်ပြား သည်တပြား တည်း ဖြစ်ကြရမည့်အကြောင်း ၊ အကြည် တော် ရွှေနန်း ရှင်ကိုယ်၊ မင်း မိဘုရား ၊ အိမ် ရှေ့မင်း ၊ သား တော်၊ သမီး တော်၊ ဆွေ တော်၊ မျိုး တော်၊ မှူး တော်၊ မတ် တော်တို့လည်း ချမ်း သာရသည်၊ ဘဝအဆက်ဆက် မဟာ မိတ်ဖြစ်ဘူး ကြ၍ယခု ရာဇ မဟာ မိတ်ဖြစ်ကြရသည်၊ ပြည်နှစ်ပြည် ရာဇ မဟာ မိတ်ဖြစ်ကြရလျှင်တဦး ကျေး ဇူး ကိုတဦး ခံကြရမည်ဖြစ်သည်၊ အကြည် တော်ကကိုး ကွယ် စေလို၍ဆက်လိုက်သည့်အာဘဿရဗြဟ္မာရုပ်ကိုလည်း ရွှေနန်း တော်ဥကင်တန် ဆောင်း ပြဿဒ်နှင့် ရွှေ ငွေ ချယ်လှယ်၍ ကောင်း မွန် လျောက်ပတ် အောင်ထား သည်၊

အနောက်မျက်နှာတိုင်း ကြီး ပြည်ကြီး ကိုအုပ်စိုး သော နေမင်း အနွယ် ဧကရာဇ် အဆက်ဆက်ကိုး ကွယ် သော လောကသုံး ပါး တွင်အတုမရှိ သောလူမင်း နတ်မင်း တို့ချမ်း သာ ပေး နိုင် သောဘုန်း တန်ခိုး နှင့်ပြည့်စုံ သောဘုရား သ ခင်သာသနာ တော်ကို မပြတ်သျှိး မြှင့်ပြုစု တော်မူသည်အကျိုး ဆက်ကိုလည်း သာမုခေါ် စေခြင်သည်၊ အကြည် တော် တွင်မြဲ သောအမတ် နေမျိုး ရွှေ တောင်သီဟ ကျော် ခေါင်၊ ဝေလုသာ ရတို့ကိုကိုင်း မား စော်ဘွား သား နှင့်သံကြီး တမန်ကြီး ဘက်ခန့်၍ ရာဇသံ ရွှေ ပေစာ၊ ဆင် ၄ စီး ၊ ဆင်စွယ်ချိန် ၁၀၀၊ ပတ္တမြား အထွတ်ပါဆင်စွယ်ခမောက် ၁၊ ပတ္တမြား ဂုံနီလာအထွတ် ၁၊ ပတ္တမြား တင်လက်စွပ် ၁၊ နီလာတင်လက်စွပ် ၁၊ မိုး ပြေး ကျောက်ချိန် ၁၊ သက္ကလပ် အဝါကပ် ၁၊ သက္ကလပ်အနီကပ် ၁၊ သက္ကလပ်အစိမ်း ကပ် ၁၊ သရက်ထည်အုပ် ၁၀၊ ပဝါ ၁၀၊ ကော် ဇော ၁၀၊ ရွှေဆိုင်း ၁၀၀၊ ငွေဆိုင်း ၁၀၀၊ နံ့သာဖြူချိန် ၁၀၊ နံ့သာနီချိန် ၁၀၊ ကွမ်း အစ်ကြီး ၄၊ ကွမ်း အစ်ငယ် ၅၀လက် ဆောင် တော်များ နှင့် စေလိုက်သည်၊

သံတို့မရှည် မကြာပြန်လာ ပါစေသံတို့ ရောက်လျှင်အကြည် တော်နှင့် တွေ့သကဲ့သို့ ရှိ ပါမည်။

9 June 1787

(သက္ကရာဇ်) ၁၁၄၉ ခုနယုန်လပြည့် ကျော် ၉ရက် နေ့ ရွှေ ပေ ရာဇသံကိုဗြဲတိုက် ဆောင် တော်ဦး ပိတ်ခင်း ပြီး လျှင်သံ တော်ဆင့် ကျော်ထင်စည်သူ ရေး သည်၊ စာ ကြောင်း ရေ ၁၂၊ ရွှေချိန် ၁၉ မူးခွဲ ငွေ ၁။ အနား တဘက် ကျောက်ဝင်လုံး ရေ---

(သုတေသီ စါစု)

3 July 1787

သက္ကရာဇ် ၁၁၄၉ ခု ဝါဆိုလပြည့်ကျော် ၅ ရက်နေ့ ကျောင်း 'တော်ကြီး သို့ထွက်တော်မူ မည်မှာ အိမ်ရှေ့မင်း ကိုလိုက်မြဲလိုက်စေ။

3 July 1787

(သက္ကရာဇ်) ၁၁၄၉ ခု ဝါဆိုလပြည့်ကျော် ၄ ရက်နေ့ညနာ၁း ခံ ဇေယနော်ရထာ ထွင်ပြန်။

( မမြို့ဘုန်း ကြွယ် ပေမူ )

မြို့တွင်းမှာ ရက်မပိတ်ဆင်မ တော်ကိုယူစေ။ နေမျိုး ဇေယနော်ရထာကိုသံလျှင် မြို့ကိုသနား တော်မူသည်၊ မြိတ်မြို့ဝန်မယား ကရွာသစ်ကြီး ချိုင် ရှေး ကောင်း မှာဘုရား ယိုယွင်း၍ပြင်လုပ်သည်ဘုရား မှာစရပ်ကိုအမွှမ်း အနီ ၂ စု ရွှေတစု ထည့်စေ။

3 July 1787

(သက္ကရာဇ်) ၁၁၄၉ ခုဝါဆိုလပြည့်ကျော် ၄ ရက် နေ့နား ခံ ဇေယ နော်ရထာတွင်ပြန်။

( မမြို့ဘုန်း ကြွယ် ငေ မှူ )

5 July 1787

ဆင်ကျုံး တော်ရှိမြို့သစ်တိုင်တား တောရပ်ဆင် တော်သည်ဆင်ထူး ဆင်ကောင်း ဖြစ်သည်၊ ဆင်စာမျက်ကို လောက်အောင်တိုး၍ ပေးသွင်း စေ၊ အတွင်း ပြင် သေနတ်လုပ်သူတို့ကို ရိက္ခာတလစာ ပေး စေ။

5 July 1787

(သက္ကရာဇ်) ၁၁၄၉ ခု ဝါဆိုလပြည့်ကျော် ၆ ရက် နေ့ညနေ ခံပြော့ ကြီး မှူး တွင်ပြန်။

(မေမြို့ဘုန်းကြွယ်ပေမူ)

ဆင်ဖြူတော်ရေး ပေး လျှင်သိုင်း လက်ဝဲလက်ယာဝင်း သား လှံကိုင်လက်ဝဲလက်ျာ ၂၅ စီလိုက်စေ။ စည်လည်းလိုက်စေ၊ မြေနန်း ဆောင်မြေဘုံဘင်း ကုတ်တော်မှာအ ရှေ့တောင်အနောက်၃မျက်နှာကိုကန့်သား ပြင်၃တာစီယခုအလျှင်ပြီး အောင် လုပ်စေ၊ အတီး အကတို့နေရန်သဘင်တဲလည်း ဆောက်စေ။

6 July 1787

(သက္ကရာဇ်) ၁၁၄၉ ခု ဝါဆိုလပြည့်ကျော်ရရက်နေ့နား ခံဇေယ နော်ရထာကိုခေါ်၍ပြန်။

(မေမြို့ဘုန်း ကြွယ်ပေမူ)

6 July 1787

အိမ်ရှေ့ပန်း ပဲမှစ၍အရပ်ရပ်မင်း ညီမင်း သား မှူး တော်မတ်တော်မည် သူလူမဆိုပန်း ပဲလုပ်သမျှလူတို့ကိုသိမ်း၍သွင်း၊ သေနတ်ကွဲလှည့်ရန်လည်း လူငါး ရာ သင့်ရာကလူကိုသွင်း ။ ဆင်ဖြူတော်ထား ရန်မြေနန်း တော်အရှေ့မြောက်တင်း ကုပ်တွင်လုပ် ဆောင်ရန်ရှိသမျှကိုယခုအလျှင်ပြီး ပြေအောင်ပြင်လုပ်စေ၊ သက္ကရာဇ် ၁၁၄၉ ခုဝါဆိုလပြည့်ကျော် ၇ ရက် နေ့ဆင်ဖြူတော်ကိုပြည်သူတို့ ရေချမ်း အိုး ပန်း အမွှေး အထုံရည်နှင့်ပူဇော်စေ။

7 July 1787

6 July - 1787

(သက္ကရာဇ်) ၁၁၄၉ ခုဝါဆိုလပြည့်ကျော် ၆ ရက်နေ့နား ခဗေယ နော်ရထာတွင်ပြန်။

(မေမြို့ဘုန်း ကြွယ်ပေမူ)

ခမည်း တော်နောင်တော်တို့လက်ထက် တော်ကသည် ရွှေလက်ထက် တော်တိုင်အမှု
တော်ကိုထမ်း ရွက်သူတို့မှစ၍အရပ်ရပ်အစုအဝန်း တိုင်ဝင်တိုင်ပါမဆိုအမှုတော်
ကိုစိတ်ပါကိုယ်ပါထမ်း ရွက်သူတို့ကိုအစုအဝန်း တိုင်ဝင်တိုင်ပါမဆို စေနှင့်ရှုတ်နှိမ်၍
အမှုတော်ကိုထမ်း ရွက်စေ၊ အမှုတော်ကိုစိတ်ပါကိုယ်ပါထမ်း ရွက်လိုသူတို့စာရင်း
ကိုလည်း သွင်း ၊ နော်ရထာ ကျော် ခေါင်ကိုလည်း ရွှေဘဝါး တော် အောက်ခေါ်
စေ၊ ကျွဝန်ဝန်စု ရွှေခွန်စု၊ ဦး ရုရွာမှာသူကြီး ငသံ၊ ကျွဝန်းဝန်စုဦး ရုရွာ
အဝင်ပါဘုတ်ရွာမှာသူကြီး ငအဲ၊ ကျွဝန်းဝန်စုဦး ရုအဝင်ဖက်နွဲ့ရွာမှာသူကြီး င
ဦး ကျော်၊ ကျွဝန်းဝန်စုဦး ရုအဝင်မော်နွဲ့ရွာမှာသူကြီး ငသော်၊ ကျွဝန်းဝန်
စုဦး ရုအဝင်မန်စိန်ရွာမှာသူကြီး ငစံ၊ ကျွဝန်းဝန်စုဦး ရုအဝင်လဲစဲရွာမှာ
သူကြီး ငစံတိ၊ ကျွဝန်းဝန်စုဦး ရုအဝင်ဆဲဆင်ရွာမှာသူကြီး ငစံ၊ ကျွဝန်းဝန်စုကွန်
ဟဲရွာမှာသူကြီး ငရေ၊ ကျွဝန်းဝန်စု ရွှေခွန်ဆက်၊ မော်နိုင်ကျေး ကမ္ဘား အဝင်
ခေါင် ပါ ရွာမှာသူကြီး ငသက်ထွန်း ၊ ကျွဝန်းဝန်စုကမ္ဘား အဝင်ဝဲလာရွာမှာ
သူကြီး ငပန်း အင်၊ ကျွဝန်းဝန်စု ရွှေခွန်ဆက်ခဲနန်အဝင်နန်ခန်ရွာမှာသူကြီး င
ချစ်လှော်၊ ကျွဝန်းဝန်စု ရွှေခွန်ဆက်စည်နန်အဝင်စကား တောင်ရွာမှာသူကြီး
ငပန် အောင်၊ ကျွဝန်းဝန်စု ရွှေခွန်ဆက်မလုရွာမှာသူကြီး ငလသည်၊ ကျွဝန်းဝန်
စု ရွှေခွန်ဆက်မင်း သာရွာမှာသူကြီး ငကျည်တောင်၊ ကျွဝန်းဝန်စု ငွေခွန်ဆက်
ထိန်စည်ရွာမှာသူကြီး ငထွန်း ဖြူတို့ကိုကြီး စိုး စေ။

9 July 1787

(သက္ကရာဇ်) ၁၁၄၉ ခုဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့နား ခံ ကျော်
စွာနော်ရထာတွင်ပြန်။

( မေမြို့ဘုန်းကြွယ်ပေမူ )

အဝမြို့မှာအရှေ့ကိုမြစ်ငယ်ကောက်ကောက်စင်းစင်း၊ တောင်ကိုမြစ်သား၊ အနောက်ကိုမြစ်သား ပေါက်၊ မြောက်ကိုရေဝတီမြစ် ကောက်ကောက်စင်းစင်း နယ်လေး ရပ်အတွင်း မြေကိုဆင်စား ကျက် မြေဖြစ်စေ။

(သက္ကရာဇ်) ၁၁၄၉ ခုဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့ [10 July 1787] နံနက် ၃ နာရီ ၁ ချက်တီးစေကာ နေ့ ဗေဒ်ယျ နှင့် ကြသော် ရာထာတွင်ပြန်။

(မေမြို့ဘုန်း ကြွယ်ပေမူ)

ရွှေတောင်သီရိနော်ရထာကိုအနောက်ဘက်တိုက်အဝင်ဗျူသီဝရွှေကိုသနားတော်မူသည်။

(သက္ကရာဇ်) ၁၁၄၉ ခုဝါဆိုလပြည့်ကျော် ၁၂ ရက်နေ့နံး ခံ ပြေ့ာ 11 July 1787
ကြီး မှူး တွင်ပြန်။

( မေမြို့ဘုန်းကြွယ်ပေမူ )

မိုးနဲ စော်ဘွား စစ်ကဲအမတ်တို့ကအစီရင်ခံ ရောက်သည့်စာအရကို ထောက်၍ ပြန်ဆိုမှာထား မည်ဝန်တို့ကစာဆက်သွင်း ချက်အတိုင်း သင့်ပြီ၊ ပြင်စည်မြို့မှာ လူ၃၀၀ ကျော်တိုင်စာရင်း ဘက်စည်ရာမပါမဝင်သည်မှန်လျှင်င လှေနှင့်၄င်း လူတို့ကိုစကိုင်း မင်းသား မှာထမ်း ရွက်စေ၊ မြောက်ဝင်းအိမ်ဟောင်း မှာ မြောက်ကတ ဆောင်ထုတ်စေ၊ ကျှင်သည်မိုင်း ညောင်အကြောင်း အရာများ ကိုလာလူတို့စစ်မေး ထွက်ဆိုချက်များ တွင်အသီး သီး ထွက်ဆိုကြသည်၊ ပေါ့ပေါ့လျော့ လျော့နေကြသောကြောင့်ယခုတိုင်မှအတပ်အကြပ်မကြား မသိတော်မူရဖြစ်သည်၊ မြင်တော့သည်လည်း ရှားသည်မဟုတ်၊ အလျှင်သိတော်မူရအောင်ထပ်၍စေ။

12 July 1787

(သက္ကရာဇ်) ၁၁၄၉ ခုဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့နား ခံကျော် စွာ နော်ရထာတွင်ပြန်။

(မေမြို့ဘုန်းကြွယ်ပေမူ)

ကလေး မြို့ကျေး မှာမြစ် ခြေရှာထနက်ပလာသား တို့ ကြော့ဘမ်း ၍ ရသည့်ဆင်တော် ပုဂံမြို့တွင် လှေကို ကောက်ယူ၍ ဘောင်လုပ်ပြီး လျှင် နေ့ညအလျင် ရွှေဘဝါး တော် အောက် ရောက် အောင်မြို့ဝန်ကိုယ်ကြပ်မ၍ ဆောင်ယူခဲ့စေ။

13 July 1787

(သက္ကရာဇ်) ၁၁၄၉ ခု ဝါဆိုလပြည့်ကျော် (၁၄) ရက် နေ့ နားခံ ဇေယ နော်ရထာကို ခေါ်၍ပြန်။

(မေမြို့ ဘုန်းကြွယ် ပေမူ)

16 July 1787

သီရိနန္ဒာမဟေသီမှာ အမြင့်မြို့ကိုလဲ၍ လှိုင်း တက်မြို့ကိုသနား တော်မူသည်၊ စာ
ချွန်ရေး မြဲရေး ၍သွင်း ။

(သက္ကရာဇ်) ၁၁၄၉ ခုဝါခေါင်လဆန်း ၂ ရက်နေ့နား ခံကျော် 16 July. 1787
စွာနော်ရထာတွင်ပြန်။

( မေမြို့ဘုန်းကြွယ်ပေမူ )

နှစ်စဉ်စာရေး ဒါန်မှာမင်း ညီမင်း သား မျိုး တော်မက်တော်တို့ကိုပဒေ
သာမခန့်နှင့်ဆွမ်း စာရေး ဒါန်အစည်မပျက်သဒ္ဓါကိုအား သမျှစာရေး ဒါန်
ချမြဲချ၍ပျစေ။

17 July 1787

(သက္ကရာဇ်) ၁၁၄၉ ခုဝါခေါင်လဆန်း ၃ ရက်နေ့နား ခ ကျော်
စွာ နော်ရထာတွင်ပြန်။

( မေမြို့ဘုန်းကြွယ်ပေမူ )

ဘုတ်သစ်ခွရေတော်မှာတွင်း သင်း တိုက်ပေါင်စကန်ကြီး ရွာကိုမခန့်မထား စေနှင့်၊စောင့်မြဲ ကျေး ရွာကသာလုံခြုံအောင်ခန့်ထား စောင့်နေစေ၊ ပေါလယ်ဘအိုင်၊ ရန်ကင်း စံရွာ၊ ဒကယ်၊ မြောင်း တငါ၊ တောင်ဘက်မြောက်ဘက် ကျေး ရွာများ နှင့်ရွာ ပေါင်း ၁၆ ရွာမှာလှိုင်မင်း သား လျှောက်ချက်ကို ထောံ၍စာရင်း တော်ပါဝင်သည့်မှန်လျှင်မကွဲမပြား စေနှင့်၊ အထက်အမိန့်တော်ရင်း အတိုင်း လှိုင်မြို့ကတဝတည်း စီရင်စေ၊ မင်း တုံး မြို့မှာမြို့ဝန်စစ်ကဲအရာရှိတို့ကို နှုတ်၊ ကသည်း အတ္တပတ်မြင်း စာရေး အရာတ ယောက်လွှတ်လပ်သည်မှာထိန်း မှတ်သူကိုခန့်ထား ပါရမည့်အကြောင်း နှင့်ဝန်တို့ကစာသွင်း ချက်အတိုင်း ထိန်း မှတ်သူကိုအတ္တပတ်မြင်း စာရေး ခန့်။

18 July. 1787

(သတ္တရာဇ်) ၁၁၄၉ ခုဝါခေါင်လဆန်း ၄ ရက်နေ့နား ခ ပြော့ကြီး မှူး တွင်ပြန်။

( မေမြို့ဘုန်း ကြွယ် ပေမူ )

မြောက်ဘက်တိုက်အဝင်သစ်ဆိမ့်ငယ်ရွာမှာသူကြီး ငနက်စံကိုကြီး စိုး စေ။

19 July. 1787

(သက္ကရာဇ်) ၁၁၄၉ ခုဝါခေါင်လဆန်း ၅ ရက် နေ့နား ခ ကျော်

စွာနော်ရထာတွင်ပြန်။

( မေမြို့ဘုန်း ကြွယ်ပေမူ )

20 July 1787

ကျပ်ပြင်ကသည်းမြို့သူကြီး ငရွှန်း၊ ကျောက်ကောင်း ရသူငညီနှင့်ကသည်း တို့ကိုကျပ်ပြင်သို့အလျင်ပြန်စေ၍ ကျောက်ကောင်း ရမြဲတွင်း မှာ ရအောင်တူး လုပ်စေ။

20 July 1787

(သက္ကရာဇ်) ၁၁၄၉ ခုဝါခေါင်လဆန်း ၆ ရက်နေ့ နားခံ ဇေယ
နော်ရထာတွင်ပြန်။

(မေမြို့ဘုန်းကြွယ်ပေမူ)

ယိုး ဒယား မြို့ကိုလုပ်ကြံသိမ်း ယူ တော်မူ မည်အမှုကို ဝန်ကြီး အတွင်း ဝန် ဝန် စု ရ
တို့ ရှိ ခိုး သံ တော် ဦး တင်သည့်အတိုင်း သင့်ပြီ၊ မင်း လှ ကျော်ထင်ကိုအမိန့် တော်
ပေး အပ်၍ မှုထွာမသို့အလျင်အမြန်သွား စေ၊ မှာထား ရန်ရှိသည်ကိုလည်း အတွင်း
ပြင်ကမှာ၊ တောင်ဘက်တိုက်ဝန်နှင့်လမိုင်း ဝန်တို့မှာ နောက်လိုက် နောက်ပါ
ရင်း ချာသသူနှင့် ရွှေဘဝါး တော် အောက်လာ စေ၊ မြင်း သေနတ်အမှုထမ်း
တို့ကို ပေး အပ် ခဲ့ စေ။

21 July 1787

(သက္ကရာဇ်) ၁၁၄၉ ခုဝါခေါင်လဆန်း ၇ ရက် နေ့ နား ခံ ပြော့
ကြီး မှူး ထွင်ပြန်။
( မေမြို့ဘုန်း ကြွယ် ပေမူ )

မင်း လှ ကျော်ထင်ကိုပုသိန်မင်း သား က လှေလျှင်ခတ်လှူအစုံခန့်ထား ပေး အပ်၍တပ် တော်ရှိရာအလျှင်အမြန်စုန်သွား စေ။

21 July 1787

(သက္ကရာဇ်) ၁၁၄၉ ခုဝါခေါင်လဆန်း ၇ ရက် နေ့ညနား ခံ ပြော့ကြီး မှူး ထွင်ပြန်။

( မေမြို့ဘုန်း ကြွယ် ပေ မှူ )

မုတ္တမမြို့မှာ မွေးတူ ရည်ခြား ဆင်တော် ဖွေ့၍ ဝန်း ရံ ရှိကြောင်း နှင့်ရှိခိုး သံတော်ဦး တင်သည်။ဆင် ဘော်ကို ရမည်း သင်း မြို့သို့သွား စေသည့် အောက်မား စု၊ ရွှေကျင်ဓနက်ပလာစု၊ ဇေယဝတီ တောင်ငူမနက်ပလာစုတို့ကို ခန့်ထား နှိုး ဆော်၍ အောက်မား ဝန်နှင့်သွား စေ။

22 July 1787

(သက္ကရာဇ်) ၁၁၄၉ ခုဝါခေါင်လဆန်း ၈ ရက်နေ့နား ခံ ကျော် စွာ နော်ရထာတွင်ပြန်။

( မေမြို့ဘုန်း ကြွယ် ပေမူ )

သရက်ကန်ဥယျာဉ်တော်ကိုနန္ဒဝန်ဥယျာဉ်သမုတ်၍ ကောင်းမွန်အောင်ပြင်
ဆင်လုပ်ဆောင်စေ၊ ရွှေမြို့တော်အတွင်း ညည့်အချိန်မတော်မြင်းကိုခလေက်
ဆွဲ၍စီးသွား ကြောင်းကိုရွှေနား တော်ကြား ဘော်မူသည်၊ မြို့ဝန်ကရပ်စုရပ်
ကွက်ငယ်ချင်း သွေး သောက်တို့ကိုမနှိုး မဆော်မစစ်မကြောသောကြောင့်လှည့်
ပတ်သွား လာရသည်ဖြစ်သည်၊ မြို့ဝန်မြို့စာရေး တို့ကအရပ်အကွက်ခေါင်း သွေး
သောက်တို့ကိုနှိုး ဆော်၍ရအောင်ဘမ်း စေ။

23 July 1787

(သက္ကရာဇ်) ၁၁၄၉ ခုဝါခေါင်လဆန်း ၉ ရက်နေ့နား ဒံ ကျော်
ကျော်စွာနော်ရထာတွင်ပြန်။
(မေမြို့ဘုန်းကြွယ်ပေမူ)

24 July 1787

ရန်းပြေမြို့ဝန်စစ်ကဲနား ခံတို့ကအစီရင်ခံချက်ကိုဝန်တို့ကစာဆက်သွင်းသည့် အတိုင်းသင့်ပြီ၊ ရန်းပြေမြို့ဝန်နရာသမန်း ကျော်ကိုဓား ကံတော့ခွေးမ ခွေးငယ်နောက်ပိတ်ပတ္တမြား စီအိမ်ကတီပါစိမ်း မွမ်းသံပတ်၅တန့်ပတ္တမြား စီ၊ ကျိုင်းဆင်စွယ်ချက်ငှံခံ၊ ငွေထွေးအင်သနား တော်မူသည်၊ ရန်းပြေမြို့မှာ စက်သီဟကိုစစ်ကဲ၊ ရဲသူနိုင်ကိုမြို့စာရေးခန့်၊ သူခိုး ငချင်း ငရွှေလှတို့နှင့်စာ ကျလူတစုတို့ကိုသင်း တို့အဘော်အပေါင်းများ ကိုကုန်စင်အောင်မြို့ဝန်တို့ကစစ် စေ၊ စာရင်း ကျလူတစုကိုလည်း စစ်ကိုင်းမြို့စား အထိန်း တော်အချီ တော်တို့ မှာတောင်း ။

24 July 1787

(သက္ကရာဇ်) ၁၁၄၉ ခုဝါခေါင်လဆန်း ၁၀ ရက်နေ့နားခံ ကျော်စွာနော်ရထာတွင်ပြန်။

(မေမြို့ဘုန်းကြွယ်ပေမူ)

25 July 1787

ပုဂံဆင်တော် ရွှေဘဝါး တော်အောက် ရောက်မည့်နေ့ရက်နီး ပြီဖြစ်သည်၊ မည်သည့်အရပ်သို့ ရောက်သည်ကိုသိသာ အောင်စုံစမ်း စေ။

25 July 1787

(သက္ကရာဇ်) ၁၁၄၉ ခုဝါခေါင်လဆန်း ၁၁ ရက်နေ့နဝ်း ခံပြော

ပြော့ကြီး မှူး ထွင်ပြန်။

( မေမြို့ဘုန်း ကြွယ်ပေမူ )

ဝန်ထောက်နေမျိုး စည်သူကိုလွှတ်သို့တက်၍ စီရင်မြဲစီရင်စေ၊ ရာဇဓမ္မသကြံန် ကိုကွမ်းသီး တိုက်စိုး ခန့်၊ ရခိုင်ရန်းဗြဲသံတွဲမန်အောင်မြို့များ မှာဆရာတော် သံဃာတော်တို့ကသိမ်သမုတ်လိုလျှင် ကျေး ရွာနယ်ကအသီး အခြား ဝိသုံဂါမဖြစ် အောင် သိမ်သမုတ်လိုရာအရပ်အကွက်ကိုပိုင်း ခြား ၍သိမ်သမုတ်ရမည့်အကြောင်း ကိုထပ်၍ မှာ။

(သက္ကရာဇ်) ၁၁၄၉ ခုဝါခေါင်လဆန်း ၁၁ ရက်နေ့နား ခံ ပြော့ ကြီး မှူး ထွင်ပြန်။ 25 July 1787

( မေမြို့ဘုန်း ကြွယ် ပေမူ )

အိမ်ရှေ့က လှေ ၂၊ စကုမင်းသား က လှေ ၁၊ မိဘုရား ဝန်က လှေ ၁၊ ဟင်းသာ
တမင်းသမီး က လှေ ၁၊ စကိုင်း မင်းသား က လှေ ၁၊ ခန့်ထား ၍ဆင်ဖြူတော်
ဘောင်ကိုအလျှင်အမြန် ရောက် အောင်ကြိုယူ စေ။

25 July 1787

(သက္ကရာဇ်) ၁၁၄၉ ခုဝါခေါင်လဆန်း ၁၁ ရက်နေ့ မြေနန်း တော်
တွင်စာရေး ကြီး မနော်သာကို ခေါ်၍ပြန်။
( မေမြို့ဘုန်း ကြွယ် ပေမူ)

သီရိဒေဝပြဖ္ဖာတို့မှာ ဘေး ဘိုး ကပင်သုဒြမနှင့်သင့်နေကြောင်း အစစ်ခံချက် ရှိလေပြီးသည်၊ ဘေး လောင်း တော်ဘိုး လောင်း တော်တို့လက်ထက်နိမ့်ရာပါ စေ အမိန့်တော်တမ်း ထုံး စံရှိသည့်အတိုင်း သီရိဒေဝပြဖ္ဖာနှင့်ပုဏ္ဏား ၂၂တို့ ကို ဗေါင်း စလွယ်မတင်စေနှင့်၊ သုဒြအစုမှာထမ်း ရွက်စေ၊ ရွှေတောင်နန္ဒ ကျော်ထင်ကို ဝေါကြီး မှူး ခန့်၊ မင်း အိုဆရာ တော်တပည့်ပထမရှင်ဝီမလဗုဒ္ဓိ ဆွေသား မျိုး သား ရွှေပြည်တန်ဆောင်မြင်း စုဖွဲ့သူတို့ကိုမြို့ရွာသူကြီး တို့ကတိုင် စာရင်း ပေး ရာပါဝင်လျှင်မပါမဝင်စေနှင့်၊ စာရင်း တော်ကိုသိမ်း၍ အထက်ဘွဲ့တော်မှူရင်း အတိုင်း ရွှေပြည်တန်ဆောင်မြင်း စုမှာထမ်း ရွက်စေ။

27 July 1787

(သက္ကရာဇ်) ၁၁၄၉ ခုဝါခေါင်လဆန်း ၁၃ ရက်နေ့နားခံ ဇေယ နော်ရထာကိုခေါ်၍ပြန်။

(မေမြို့ဘုန်း ကြွယ်ပေမူ)

မြင်းဝန်ကေ့၏လာလွှတ်စာရင်း တွင်ပါသမျှကိုသိသာ အောင်အထက်ပေး အပ်သည့်လက်နက်ကိုင်စာရင်း များ နှင့်တိုက်ဆိုင်၍ စာရင်း သွင်း ၊ ရွှေတောင်သီဟသူ သောလွန်ရာမှာပြင်ဖိုး ကမွတ် ရွှေထည့်နှင့်သကြိုဟ် စေ။

27 July 1787

(သက္ကရာဇ်) ၁၁၄၉ ခုဝါခေါင်လဆန်း ၁၃ ရက်နေ့နား ခံဇေယနော်ရထာကို ခေါ်၍ပြန်။

( မေမြို့ဘုန်း ကြွယ်ပေမူ )

မဟာသီဟသူရမှာလျှင် ကျောက်မော်မှစ၍ ရန်ကုန်မြို့အဝင်အပါစီရင်စုများတွင်စီရင်ခင်း စီရင်ဘွယ်ရှိလျှင်တဝတည်း စီရင်စေ၊ တမြို့တရွာများကိုလှမ်းကမ်း၍ မစီရင်စေနှင့်၊ ဒလမြို့မှာအထက်အမိန့်တော်ရင်း အတိုင်း ရွှေမော်ဓော်ဘုရား ရှင်လုပ်မှုဆောင်တာရှိသည်များကိုစီရင်စေ၊ ၁၁၄၉ ခုခန့်ထား 1787
သည့်လက်နက်ကိုင်ကိုရန်ကုန်မြို့အဝင်အပါမြို့ကျေးရွာများကိုမခန့်မထားနှင့်လွှတ်စေ၊ အသည်ဝန်နှင့်ထမ်းသည့်လူစုတို့မှာစာရင်းကျအတိုင်း အမှုတော်ကိုလိုက်ထမ်းစေ၊ ငတလွတ်ကြီးတို့နှင့်လူပေါင်း ၄၀ ကျော်သားတို့မှာဆား ငါးပိမဆက်မသွင်းစေနှင့်၊မြို့နေရွာသား တကာနည်း ရန်ကုန်မြို့မှာထမ်းရွက်စေ၊ သင်္ဘောရောက်လက်ဆောင်များကိုရန်ကုန်မြို့တွင်ရှိရင်း အရာရှိမဟာသီဟသူရနှင့်ပါသည့်အရာရှိတို့သိမှုအောင်ခွဲဝေစားယူကြစေ၊ ရဟိုင်းစားနှင့်ရဟိုင်းစား အုပ်စုငယ်သားတို့ကိုရွှေဘဝါးတော်အောက်လာစေ၊ မုတ္တမကြောင်း ချီဗိုလ်မှူး တင်မှူးသူရဲသူခက်တို့ကိုကျွေးမွေးပေးကမ်း ရန်စားရိတ်အဝတ်ပုဆိုး ကျွဲနွား မျိုးရိက္ခာများကိုမြစ်စဉ်တလျှောက်မြို့ကျေးရွာများမှာမဟာသီဟသူရကခွဲခန့်တောင်းယူကြောင်းနှင့် ရွှေနားတော်ကြားတော်မူသည်၊ မခွဲမခံမတောင်းစေနှင့်၊ ဥပါကောင်းကိုတပ်ရန် တပ်မှူး ခန့်။

28 July 1787
(သက္ကရာဇ်) ၁၁၄၉ ခုဝါခေါင်လဆန်း ၁၄ ရက်နေ့နားခံပြောကြီးများတွင်ပြန်။

(မေမြို့ဘုန်းကြွယ်ပေမှ)

30 July 1787

မြို့သစ်နယ်တွင် တောင်အင်း မြောက်အင်း တတွေအင်း ယံဘိုအင်း ရနံ့အင်း၊ ဇောင်ချမ်းအင်း ၊ မြှာအင်း ၊ လက်ဆည်ကန်အင်း ၊ တပျက်ရန်အင်း ၊ ညောင်ဖြူအင်း ၊ ပင်တွင်းအင်း ၊ အင်း ပေါင်း ၁၁ ကရသည့်အဆီအနွှန်များ မှာအင်း တိုင်တို့က ရှင်ဖြူရှင်လှဘုရား ရှင် မြေဖြစ်သည်၊ တိုက်တော်ကျ တော် ဆက်သွင်း စေ။

30 July 1787

(သက္ကရာဇ်) ၁၁၄၉ ခုဝါခေါင်လပြည့်ကျော် ၁ ရက်နေ့နား ခ ကျော်စွာ နော်ရထာတွင်ပြန်။

(မေမြို့ဘုန်းကြွယ် ပေမှု)

နောင်တော်ဆင်ဖြူရှင်သမီး သေလွန်ရာမှာစာတမ်း စာဟောင်း ထုံး စံ ရှိသည့်အတိုင်း သင်္ဂြိုဟ်မည် စီရင်ရန်ရှိသမျှကိုအလျှင်ပြီး ပြေအောင်စီရင်။

30 July 1787

(သက္ကရာဇ်) ၁၁၄၉ ခုဝါခေါင်လပြည့်ကျော်၁ ရက် နေ့ညနေ ခံ ကျော်ရွာနော်ရထာတွင်ပြန်။

(မေမြို့ဘုန်းကြယ်ပေမူ)

နောင်တော်ဆင်ဖြူရှင်သမီး သေလွန်ရာမှ သက္ကရာဇ်၁၀၂၀တွင်စလင်း 1658
မင်းသမီးကိုသဂြိုဟ်သည့်နည်း သဂြိုဟ်စေ၊ ၁၁၄၉ ခုဝါခေါင်လပြည့်ကျော် ၂ ရက် 31 July 1787
နေ့သဂြိုဟ်မည်၊ စီရင်ရန်ရှိသမျှကိုအလျင်ပြီး ပြေအောင်စီရင်၊ မင်းညီမင်း
သားများ တော်မတ်တော်တို့ကိုလည်း နှိုးဆော်၍ကူစေ။

(သက္ကရာဇ်) ၁၁၄၉ ခုဝါခေါင်လပြည့်ကျော် ၁ ရက်နေ့ညနား ခံ 30 July 1787
ကျော်စွာ နော်ရထာ တွင်ပြန်။

( မေမြို့ဘုန်း ကြွယ်ပေမူ )

နောင်တော်ဆင်ဖြူရှင်သမီး သေလွန်ရာမှာအိမ်ရှေ့မင်း ၊ အိမ်ရှေ့မင်း
သမီး မြေတူး မင်း သမီး တို့ကိုလိုက်ပို့သင်္ဂြိုဟ်စေ။

31 July 1787

(သက္ကရာဇ်) ၁၁၄၉ ခုဝါခေါင်လပြည့်ကျော် ၂ ရက် နေ့ မသာအိမ်
တွင်နား ခံ ကျော်စွာ နော်ရထာကို ခေါ်၍ပြန်။
( မေမြို့ဘုန်းကြွယ် ပေမူ )

နေမျိုး ကျော်ထင်သခ်ယာကိုဗိုလ်မှူး ခန့်၍ စစ်ကဲနား ခံတပ် ရေး တပ်ရုံတပ် မှူး လက်နက်ကိုင် ၅၀၀၀၊ မြင်း ၅၀၀၊ သေနတ် ၁၅၀၀၊ တန်သည် ၂၀၀၀၊ တန်သည်ခန့်ထား ပေး အပ်၍သံလွင်အရှေ့ဘက်တပြင်မငြိမ်မဝပ်ရှိသည်များ ကို ချိသွား လိုက်လံစေ၊ နေမျိုး ကျော်ထင်သခ်ယာကိုလည်း ရှမ်း ပြည် မြေလပ်တပြင် စော်ဘွား မြို့စား တို့မှာအရေး အကြောင်း ကို မှောက်ထောက်၍ ခန့်ထား နှိုး သော်စီရင်စေရမည့်အကြောင်း နှင့်မှာ၊ ရွှေလေးသား ဘို့သည်ဘိုင်း ပြည်ပြုစု စကပင်အမှုတော်ကို ဖြောင့်ဖြောင့်ငိုး ငိုး ကျိုး စား အား ထုတ်ထမ်း ရွက်ကြ သည့်သူများ ဖြစ် သည်၊ ခမည်း တော်ဘုရား နောင်တော်ဆင်ဖြူရှင်လက် ထက်ထမ်း ရွက်သည့်ရွှေလေးစုသား တို့ကိုအကွဲအပြား မရှိစေရ၊တိုင်စာရင်း အစု ဆိုင်ရာစာရင်း တော်များ တွင်ပါဝင်သော်လည်း နှုတ်သိမ်း ၍အခြား မင်း ညီမင်း သား မင်း မိဘုရား မင်း သမီး မှူး တော်မတ်တော်တို့မှာမကပ်မနို စေနှင့်၊ရွှေနန်း တော်မှာတလုံး တပတည်း ထမ်း ရွက်စေ၊ သိမ်း ဂိုး ၍ ရနှင့် သမျှလူတို့ကိုလည်း ပေး အပ်၍သွန်သင်စေ၊ အရပ်ရပ်ကျွန်တော်မျိုး တို့တစုကသည်း တစုမင်း ညီမင်း သား မင်း မိဘုရား မှူး တော်မတ်တော်တို့မှာကပ်နိုထမ်း ရွက်ကြောင်း များ ကို ရွှေနား တော်ကြား တော်မူသည်၊ အကပ်အနိုမရှိစေ နှင့်၊ဆိုင်ရာထမ်း ရွက်စေ၊ ရန်ကုန်မြို့မှာစပါး တော် ၂၀၀၀၀ ကျော်နှင့်ဒ လမြို့တွင်လမိုင်း စပါး ရှိသည်များ ကိုမုတ္တမမြို့ မင်း ကြီး မဟာမင်း ခေါင်ဘပ် သို့ရိက္ခာ ပေး စေ၊ သူနိုး (ငချင်း) နှင့်လူ ပေါင်း ၁၁၊ခပ်ပြုရည်ပွတ်ကို ရောင်း သူငရွှန်း ၊ ငခဲ၊ ငဖြူ၊ ငရွဲ၊ ငဝမြင်နိုး၊ကုလား ဝန်မယား နိုး ငထွား၊ ယောက်ခမကိုသတ်သူတို့ကိုခါး နံ့စထိုး ၍ဇင်း မယ်အမှုတော် ကောင်း ရာ လိုက်ထမ်း စေ။

2 August 1787

(သက္ကရာဇ်) ၁၁၄၉ ခုဝါခေါင်လပြည့်ကျော် ၄ ရက် နေ့နား ခံ ကျော်စွာ နော်ရထာတွင်ပြန်။

(မေမြို့ဘုန်း ကြွယ်ပေမူ)

မောင်း ထောင်ကြေး စကား ကိုအသည်ဝန်ရှေ့စစ်စေ၊ စာရေး ရွာမြေ
တိုင်း မမိဝေနှင့် ငအောင်ကျော်စံ၊ လျှော်ကား သုံး ထောင်မြေဖြစ်သည်
ရှင်ဖြူရှင်လှဘုရား ဝတ်မြေဖြစ်သည်ဆိုကြသည့်စကား မှာ ရှင်ဖြူရှင်လှ ကျောက်စာ
နှင့်တိုက်ဆိုင်ကြည့်ရှုလျှင် ကျောက်စာမထွက်မရှိဖြစ်သည်၊ ငအောင်ကျော်စံကပယ်
၁၀၀ ကျော် မြေရပ်ကိုရှင်ဖြူရှင်လှဝတ်မြေဖြစ်သည်မဆိုသာ ရွှေတိုက်စာရင်း
တော်ပါဝင်သည့်အတိုင်း လျှော်ကား သုံး ထောင်မြေဖြစ်စေ။

3 August 1787

(သက္ကရာဇ်) ၁၁၄၉ ခုဝါခေါင်လပြည့်ကျော် ၅ ရက် နေ့နား ခံဇော
ယနော်ရထာတွင်ပြန်။
( မေမြို့ဘုန်း ကြွယ်ပေမူ )

သက္ကရာဇ် ၁၁၄၉ ခု တော်သလင်း လဆန်း ၁ ရက် ၂ နေ့ နံနက်တချက်တီး ကျော် 13 August 1787
၅ နာရီ ၁ ပါဒ် ၂ ဗီဇနာ ၁ ပြန် ၆ ခရာပြည့်လျှင်အရှေ့စူး စူး သို့မျက်နှာရည်၍
ရတနာသုံးပါး သာသနာတော်စောင့်သမ္မာဒေဝနတ်တို့ကိုတိုင်ကြား ပူဇော်
ပြီး လျှင်သားကိုနဖူး ၌ကအက္ခရာရေး စေပြီး မှ ရှေ့တည်စေ၍ အောင်တပ်
ချီစေသင့်ကြောင်း နှင့်ပညာရှိတို့ကအခါစာဆက်သွင်း သည့်အတိုင်း ချီသွား စေ။

4 August 1787
(သက္ကရာဇ် ၁၁၄၉ ခု ဝါခေါင်)လပြည့်ကျော် ၆ ရက် နေ့နား ခံပြော ကြီး မှူး ထွင်ပြန်။

( မေမြို့ဘုန်း ကြွယ် ပေမူ )

5 August 1787

ပြည်စည်မြို့မှ ၁၀ လှေနှင့်လူ ၃၀၀ ကျော်သား တို့ကိုအထက်အမိန့်တော်ရင်း အတိုင်း စစ်ကိုင်း မင်းသား မှာထမ်း စေ၊ ပြည်စည်မြို့စား မှာလည်း မြို့စား တကာ နည်း ထုံး စံ ရှိသည့်အတိုင်း အဘို့ အခွန်ကိုစား စေ။

5 August • 1787

(သက္ကရာဇ်) ၁၁၄၉ ခုဝါခေါင်လပြည့်ကျော် ၇ ရက် နေ့နား ခ ကျော်စွာ နော်ရထာတွင်ပြန်။

( မေမြို့ဘုန်း ကြွယ် ပေမူ )

မုတ္တမထား ဝယ်မြို့မှာယိုး ဒယား သို့အသိမ်း အငုံး ခန့်တော်မူသည့်ဗိုလ်မှူး တပ်မှူး ဘို့သည်အမှုတော်ကို ဖြောင့်ဖြောင့်ရိုး ရိုး ထမ်း ရွက်ကြမည်မဟုတ်အိမ် ရှေ့မင်း ကိုမုတ္တမထား ဝယ်ရှိဗိုလ်စုတပ်စုများ ကိုအုပ်ချုပ်၍ယိုး ဒယား မြို့ကိုအသိမ်း အရုံး

13 August 1787

ခန့်တော်မူသည်၊ ၁၁၄၉ ခု တော်သလင်း လဆန်း ၁ ရက် နေ့အခါ တော်အတိုင်း ချီသွား စေ၊ မုတ္တမမြို့ရှိဘပ်စုကလူတ သောင်း ကိုထား ဝယ်မြို့မဟာသီရိသီဟသူသို့ ပေး အပ် စေ မင်း လှ ကျော်ထင်တွင်အမိန့် တော်ပြန်ဆို စေသည်မှာ မုတ္တမမြို့က လူတ သောင်း ကိုမဟာသီရိသီဟသူသို့မ ပေး မအပ်သာ ပြီးအိမ် ရှေ့ မင်း ချီသွား ရာ ဗိုလ်မှူး ဘပ်မှူး ရဲမက်လက်နက်ကိုင်တို့စီး ရန်ခဲယမ်း တင်ရန် လှေတက်များ ကိုသင့် ရာခန့်ထား ပေး အပ် စေ။

8 August 1787

(သတ္တရာဇ်) ၁၁၄၉ ခုဝါခေါင်လပြည့်ကျော် ၁၀ ရက် နေ့ နှား ခဲ ပြော ကြီး မှူး ကို ခေါ်၍ပြန်။

(မေမြို့ဘုန်း ကြွယ်ပေမူ)

လေး ခရိုင်ငါး ခရိုင်အဝင်လယ် တော်လယ်ပိုမျှား ကို သေနတ်အမှုထမ်း တို့ကလုပ် စား ရဘူး သည်ဆို၍ မလုပ်မစား စေနှင့်လမိုင်း လယ် တော်ကိုလမိုင်း အစုသား တို့ကသိမ်း လုပ် စေ၊ ကသည်း မြန်မာလမိုင်း အစုလယ်လုပ်သား တို့ကိုစစ်လက်နက် ကိုင်မခန့်မထား နှင့်၊စီး ပွား တော်ဖြစ်လယ် တော်တို့ကိုပွား ၍လုပ် စေ။

8 August 1787

(သက္ကရာဇ်) ၁၁၄၉ ခုဝါခေါင်လပြည့်ကျော် ၁၀ ရက် နေ့နား ခံ ပြေ ၁့ကြီး မှူး ထွင်ပြန်။

( မေမြို့ဘုန်း ကြွယ် ပေမူ )

မန်းကျည်း စောက်ရွာနေစစ်ထွက် ဒီပလေသိအိုး ၊ငကြော့၊ငထွန်းကျော်၊ င
ဖြိုးထွန်း ၊ ငချစ်နိုင်၊ ငဖြိုးကျော်၊ ငချစ်လောက်၊ ငဖုန်း ၊ ငရွှေရည်၊ င
သာကျော်၊ ငအောင်ဆု၊ ငဖြိုးလှ၊ ငရွှေခဲ၊ ငမြတ်ဦး ၊ ငကုလားညို၊ ငမြတ်
ထွန်းကြီး ၊ ငမွေး ၊ ငသာထင်၊ ငစံပြည့်၊ ငရဲလှ၊ ငရ၊ ငဘီလူး ၊ ငကုလား ၊
ငစံဖြိုး ၊ ငပန်းဖြူ၊ ငထွန်းကျော်ငယ်၊ ငပန်းဖြိုး ၊ ငစံငြိမ်း ၊ ငချစ်ကောင်း၊
ငညို၊ ငပု၊ ငဈော်၊ ငသာမှန်၊ ငရည်၊ ငဆူဖြိုး ၊ ငထွန်းအောင်၊ ငသာထွန်း
အောင်၊ ငအိပ်၊ ငစံအို၊ ငအုပ်၊ ငနေထွန်း တို့နှင့်အိမ်ပေါင်း ၄၄ လူတို့ကိုတိုင်
စာရင်း အစုစာရင်း ကိုနှုတ်၍ဆင်ခြေဖုံး သေနတ်၊ အာကာကျော်စွာ သွေး
သောက်မှာယမ်း ရွက်စေ၊ အိမ်ခြေအသက်နေ့နံသား မယား စာရင်း ကိုလည်း
အတွင်း တော်မှာကူး ယူစေ၊ အိမ်ရှေ့မင်း ချီသွား ရာပခန်း စား ဟောင်း
မြို့စား မင်း သား တို့နှင့်မြင်း မျိုး က တော်သင့်သူကိုလိုက်ထမ်း စေ၊ အုန်း အင်း
ဘုရား ကအာရှေ့ကိုတ ၁၁၀၀ မြေဝ်ကိုတ ၁၁၀၀ တောင်ကိုတ ၁၁၀၀ မြေရပ်ကို ရွှေ
မြို့တော်နယ်ကအသီး အခြား နှုတ်၍သီရိရာဇာကို မြေစား သနား တော်မူသည်။

9 August 1787

(သက္ကရာဇ်) ၁၁၄၉ ခုဝါခေါင်လပြည့်ကျော် ၁၁ ရက်နေ့နားခံ
ကျော်စွာနော်ရထာတွင်ပြန်။

( မေမြို့ဘုန်းကြွယ်ပေမူ )

11 August 1787

29 August 1787

သက္ကရာဇ် ၁၁၄၉ ခု တော်သလင်း လပြည့်ကျော် ၂ ရက် ၄ နေ့ နံနက် ၄ ချက်တီး ကျော် ၂ နာရီ ၂ ပါဒ် ၆ ဗီဇ နာအပြန် ခရာပြည့်လျှင် အရှေ့အရပ်သို့ မျက်နှာရည်လျက် ရတနာသုံးပါး သာသနာတော် စောင့်သမ္မာဒေဝနတ်မြတ်တို့အား ပူဇော်တိုင်ကြားပြီး လျှင်သုံးသား လေးသား တို့ကို ရှေ့ထားသည် စေ၍ မင်္ဂလာ အောင်တပ်တော်ချီစေသင့်ကြောင်း နှင့်ပညာရှိတို့က အခါစာဆက်သွင်း သည့်အတိုင်း အိမ်ရှေ့မင်း ကိုချီစေ၊ အောင်တပ်တော်ကိုလည်း အောင်မြေလောကမှာချစေ၊ အသည်ဝန်ကိုလည်း ၄င်း အခါတော်အတိုင်း ဇင်း မယ်ကြောင်း ချီသွား စေ၊ တွင်း သင်း တိုက် အောင်ချမ်း သာရွာသူကြီး ငအောင်ပန်း ကိုအိမ်ရှေ့မင်း ချီသွား ရာအမှုတော်ကိုလိုက်ထမ်း စေ၊ ရန်နိုင်မြို့သူကြီး သား ခြေရင်း တော်မြဲသက်နှံ့ဝေကိုအရွှတ်ဝန်က ကျွေးမွေး ထောက်ပံ့စေ၊ မဟာဒါန်တိုက်ရွှေရင်း မာအဝင်ပဲ တောင့်ရွာမှာသူကြီး ငမြတ်ဘော်၊ မဟာဒါန်တိုက်ရွှေရင်း မာအဝင်မဲနေရွာမှာသူကြီး ငခွေး ၊ မဟာဒါန်တိုက်ရွှေရင်း မာအဝင် တောချောင်း ဦး ရွာမှာသူကြီး ငအိုလည်၊ တောင်တွင်း ကြီး မြို့အဝင်လိပ်ရကုန်း ရွာမှာသူကြီး ငရှမ်း ၊ တလုပ်မြို့အဝင်မီး ပေါက်ရွာမှာသူကြီး ငမင်း တို့ကိုကြီး စိုး စေ၊ ဟင်း သာတမြို့ကိုင်ဆိုသူ ငကံပေး ၊ ငပဲတို့သည် ရာဇဝတ်တော်ရေး စကား ကိုကိုယ်နှင့်အင်မတန် လျှောက်ထား ပြောဆိုသသူဖြစ်သည်၊ ငကံပေး ကိုဆုံး ရှုံး အောင်စီရင်၊ ငပဲကိုသစ်တောပို့။

11 August 1787

(သက္ကရာဇ်) ၁၁၄၉ ခု ဝါခေါင်လပြည့်ကျော် ၁၃ ရက်နေ့နား ခံ ကျော်စွာနော်ရထာတွင်ပြန်။

( မေမြို့ဘုန်း ကြွယ်ပေမူ )

ငကံပေး ကိုအသက်ကိုချမ်းသာပေး တော်မူသည်သစ်တောသို့ပို့။

11 August 1787

(သက္ကရာဇ်) ၁၁၄၉ ခုဝါခေါင်လပြည့်ကျော် ၁၃ ရက်နေ့နား ခံ
ကျော်စွာနော်ရထာကိုခေါ်၍ပြန်။

( မေမြို့ဘုန်းကြွယ်ပေမှု )

ကလေး မြို့ကျေး မှာမြစ်ခြေရွာမနက်ပလာသား တို့ကျော့ဘမ်း ၍ရသည့်ဆင်
တော်ပုဂံမြို့တွင် လှေကို ကောက်ယူ၍ ဘောင်လုပ်ပြီး လျှင် ဖန့်ညအလျင် ရွှေဘဝါး
တော် အောက် ရောက် အောင်မြို့ဝန်ကိုယ်ကြပ်မ၍ ဆောင်ယူခဲ့စေ။

12 August 1787

(သက္ကရာဇ်) ၁၁၄၉ ခုဝါခေါင်လပြည့်ကျော်၁၄ရက်နေ့နား ခံ
ဇေယနော်ရထာကို ခေါ်၍ပြန်။

( မေမြို့ဘုန်း ကြွယ်ပေမူ )

မြို့ထွင်း သို့ အောင်စည် အောင်မောင်း အောင်လံဗိုလ်မှူး တပ်မှူး စစ်ကဲနား ခံအစုံတစုတဂိုဏ်း တည်း ရှေ့နောက်တပ်စဉ်အတိုင်း ခင်း ကျင်း၍ မဝင်စေနှင့် သေနတ်သွန်သင်ရာအရိပ်ကတဆယ်စု နှစ်ဆယ်စုဖုံခါး မျှား ကဝင်စေပြီး လျှင် အစဉ်ခင်း ကျင်း မြဲအတိုင်း ဂိုဏ်း တော်ထွင် ရှေ့နောက်တပ်စဉ်အတိုင်း ခင်း ကျင်း၍ကုန်း မော်တံခါး ကထွက်စေ။

13 August 1787

(သက္ကရာဇ်) ၁၁၄၉ ခု တော်သလင်း လဆန်း ၁ ရက် နေ့နား ခ ဇေယနော်ရထာ ထွင်ပြန်။

( မေမြို့ဘုန်း ကြွယ်ပေမှု )

13 August 1787

နေမျိုး ကျော်ထင်သင်္ခယာကမိုး နဲ မြေလပ်တပြင်ရှိသည့် နော်ရထာ ကျော်ခေါင် တပ်စုကိုသိမ်း အုပ်၍ စီရင်စေရမည့်အကြောင်း နှင့်မှာ၊ မြေလပ်တပြင်စော်ဘွား မြို့စား တို့ကိုလည်း အရေး အကြောင်း ကို ထောက်၍သိမ်း အုပ်စီရင်စေရမည့်အကြောင်း နှင့်မှာ။

13 August 1787

(သက္ကရာဇ်) ၁၁၄၉ ခု တော်သလင်း လဆန်း ၁ ရက် နေ့နား ခံ ဇေယ နော်ရထာကို ခေါ်၍ပြန်။

( မေမြို့ဘုန်း ကြွယ် ပေမူ )

အောင်ပင်လယ်ကန်တော် ရေလာရေကျ မြောင်း မတော်မှာ ရေကိုလုပ်သား တို့ကကန်တော်လယ် တော်သို့ပြည့်ဝ အောင်မငင်မရောက်ရအမိန့်တော်အရ မြောင်း တရာ မြောင်း ၊ အုန်း တပင်မြောင်း ၊ ရေလောင်း မြောင်း များ ကအ သီး သီး ယူလိုရာယူ သောက်ကြ ကြောင်း ကိုရွှေနား တော်ကြား တော်မူသည်၊ မြောင်း မတော်မှာ ရေကို ဖေါက်လိုယူလိုရာမဖေါက်မယူ စေနှင့်ကန်တော်လယ် တော်ပြည့်ဝမှ ဒရှေး စာတန်း စာရင်း ထွက်ရှိသည့်အတိုင်း ပြွန်ကိုလက်သစ်လက်မှတ် ပေး၍ ခွဲဝေခံ သောက်စေ၊ ဆည်တော် မြောင်း မတော်တလျှောက် မြောင်း ဘောင်ယိုယွင်း ဘိတ်လှုံသည်များလည်း ခိုင်ခံ့လုံခြုံအောင် ရေသောက်လုပ်သား တို့ ကဆည်ဖို့တက်သက် စေ။

13 August 1787

(သက္ကရာဇ်) ၁၁၄၉ ခု တော်သလင်း လဆန်း ၁ ရက် နေ့ညနား ခ ပြော့ကြီး မျှား တွင်ပြန်။

( မေမြို့ဘုန်း ကြွယ်ပေမူ )

မြို့စား မင်းသား မြင်းမှူး မင်းသား ထမ်းအား ရွက်အား ရှိသူတို့ကိုအိမ်ရှေ့မင်း ချီသွား ရာလိုက်ထမ်း စေ၊ ဗထုံမြို့ကျေး သဖန်း ရွာနေငရ၊ ငရာ၊ ငကျော်စံ၊ ငညိုကြီး၊ ငကြွား၊ ငပွား၊ ငစာလှ၊ ငလှ၊ ငချင်း၊ ငစံ၊ ငစံဦး၊ ငပေါက်၊ ငကောက်၊ ငတုန်း၊ ငမြတ်ဘော်တို့ကိုအိမ်ရှေ့စာရေးကြီး စည်သူရန္တမိတ်နှင့်ထမ်း စေ၊ ခြေရင်း တော်မြဲစံရာပူရိမြို့စား စောနော်မိုင်၊ မိုင်လုံမြို့စား၊ ခြေရင်း တော်မြဲစောစဲ၊ မိုင်း ညောင်စား ညိတောက်ခဲတို့ကိုအသည်ဝန်နှင့်လိုက်ထမ်း စေ၊ ကျောက်တလုံး ကင်း မှာ ဖေါင်တော်ရက်ဘုရား ထုရွာစား မီလည်ပွဲ မီလည်နှုတို့ကကင်း တိုင်စိုက်၍ထိုး စံရှိသည့်အတိုင်း စစ်ကြော ကောက်ခံ စေ။

(သက္ကရာဇ်) ၁၁၄၉ ခု တော်သလင်း လဆန်း ၂ ရက်နေ့ နား ခံ (14 August 1787) ကျော်စွာ နော်ရထာ တွင်ပြန်။

(မေမြို့ဘုန်းကြွယ်ပေမူ)

ဗန်း မော်မြို့ကောင်း တုံမြို့မှာ နေမျိုး သီရိနော်ရထာကိုမြို့ဝန်ခန့်၊ ဒေဝ
နော်ရထာစည်သူ နန္ဒ ကျော်စွာတို့ကိုစစ်ကဲလက်ဝဲ ကျော်ခေါင် ကျော်ထင်သူရန်
တို့ကိုနား ခံ၊ ရွှေတောင်ရာဇာသီရိပျံချီတို့ကိုမြို့စာရေး ခန့်၊ အိမ်ရှေ့ပါမြို့
ရွာလက်နက်ကိုင်မှာအထက်မြို့စောင့်လူပိုသည်မှန်လျှင်အရပ်ရပ်မြို့ရွာနှင့်ညီမျှ
အောင်နှိမ်လျှော၍ခန့်ထား စေ၊ အိမ်ရှေ့ပါလင်း ဇင်း သေနတ်ခင်ဦး သား
သူကောင်း ဖြစ်ထမ်း လူငါး ဆယ်ကိုခင်ဦး ဗိုလ်နှင့်လိုက်ထမ်း စေ၊ ကျန်အိမ်ရှေ့
မင်း သေနတ်စုမှာတဝက်ဇင်း မယ်ကြောင်း ချီတပ်သို့လိုက်ထမ်း စေ၊ ရွှေနန်း
တော်အစု သေနတ်က မြေနန်း သေနတ် ရှေ့ဝန်း ကျင်နောက်ဝန်း ကျင် သေနတ်
ပြင်ကျန်သာမျှအစု သေနတ်ကိုလိုက်ထမ်း စေ။

14 August 1787
(သက္ကရာဇ်) ၁၁၄၉ ခု တော်သလင်း လဆန်း ၂ ရက် နေ့နား ခံ
ပြော့ကြီး မျိုး တွင်ပြန်။
( မေမြို့ဘုန်း ကြွယ်ပေမူ )

အနောက်ဝန်တို့က ကောက်မြဲ ရွှေမြို့တော်အနောက် ရွှေမြို့တော် တောင်ပွဲတည်ကို ကောက်စေ။

15 August 1787

(သက္ကရာဇ်) ၁၁၄၉ ခု တော်သလင်း လဆန်း ၃ ရက် နေ့နား ခံပြော့ကြီး မှူး ထွင်ပြန်။

( မေမြို့ဘုန်း ကြွယ်ပေမူ )

သံတွဲမြို့ဝန်စစ်ကဲမြို့သူကြီး တို့ကသံတွဲ တောင်စည်ခုနစ်ခရိုင်ကိုကပင် ရွှေထီး လက်ထက်အုပ်ချုပ်စီရင်သည့်နည်း စီရင်စေ၊ ဘုရား အမိန့်တော်မြွက်ကိုဦး ထိပ်ရွက်ရပါသည့်အတိုင်း မတည်ဂု ယမ်း ဖြိုမြို့ဝန်စစ်ကဲနား ခံတို့ကသံတွဲမြို့စီရင်စုမြို့ ချောင်း၊ မရစိန်၊ သပွတ်ချိုင်၊ဝကျွန်၊ ရင်ကထိန်၊ အမိန့်တော်မြွက်နှင့်ပိုင်း ခြား သည့်မြို့ရွာများ ကိုယမ်း ဖြိုစီရင်စုဆို၍ ခေါ်ချခဲ့သည်၊ ပုသိန်ကလည်း ဘုရား ကျွန်တော်တို့စီရင်စု ကျေး ရွာဝ ချောင်း ၊ သလူကင်း များ ကိုသိမ်း ယူခဲ့သည့်အကြောင်း နှင့်သံ တော်ဦး တင်သည်၊ ရခိုင်သံတွဲယမ်း ဖြိုမန် အောင်ကိုပယ်နယ်ပိုင်း ခြား တော်မူ၍ ရှိလေပြီး သည်၊ မြို့ချောင်း၊ မရစိန်၊ သပွတ်ချိုင်၊ ဝကျွန်၊ ရင်ကထိန် ကျေး ရွာများ ကိုယမ်း ဖြိုမြို့ဝန်စစ်ကဲနား ခံတို့ကမစီရင် စေနှင့်၊ သံတွဲမြို့ဝန်စစ်ကဲတို့ကစီရင် စေ၊ ဝချောင်း၊ သလူကင်း များ ကိုလည်း ပုသိမ်မြို့ကိုင်မြို့အုပ်မြို့စာရေး မြို့သူကြီး တို့ကပုသိန်နယ်အတွင်း စီရင်မြဲမဟုတ်သည်ကိုမသိမ်း မယူမစီရင် စေနှင့်၊သံတွဲမြို့နယ်တွင်း မှန်လျှင်သံတွဲမြို့ဝန်စစ်ကဲတို့ကစီရင် စေ၊ သံတွဲမြို့မှာအ စောင့်အ နေထား သည့်လက် ကောင်း ဗိုလ်နား ခံတို့နှင့်လူတဆယ် ကျော်ကိုတိုက်၍အ သေသတ်ပြီး လျှင် သေနတ်လက်နက်သား မယား တို့ကိုယူသွား ၍ပုသိန် ကျေး ငစံတ ပေါ်ရွာမှာမြို့ကိုင်ငသက်၊ ငရဲစံ၊ အံ့ထော်လူထွက်တို့ရှိ နေ ကြောင်း ရေကင်း ကျေး တုန်စံရွာတွင်ဟရီနှင့်လမိုင်း သား တစုတို့ရှိနေ ကြောင်း များ ကိုသံ တော်ဦး တင်သည်၊ ပုသိန် ရေကင်း မြို့ရွာများ ကမဆီး မတား စေနှင့်၊သံတွဲမြို့ဝန်စစ်ကဲတို့ကသိမ်း ၍ ရွှေဘဝါး တော် အောက်ဆက် စေ၊ သံတွဲမြို့စီရင်စုနယ်အတွင်း ဘုရား ပုထိုး ဟောင်း နှမ်း ယိုယွင်း သည်ကိုပြုပြင်ဆင်လုပ် ဆောင် စေ၊ သံတွဲမြို့သူကြီး ငရုံမသူ၊ သ တေရွာသူကြီး ငစံပတို့ကိုတံဆိပ်လက်ဆွဲစာချွန် ပေး အပ် စေ၊ ဟင်း သဂမြို့အဝင်သရက်ပင်အ နောက်ဘက်ရွာမှာသူကြီး ငရွှေအိ၊ ဟင်း သာတမြို့အဝင်ဒုံးယား ရွာမှာသူကြီး ငဆန်မဲတို့ကိုကြီး စိုး စေ။

18 August 1787

(သက္ကရာဇ်) ၁၁၄၉ ခုတော်သလင်း လဆန်း ၆ရက်နေ့နား ခံကျော်စွာနော်ရထာတွင်ပြန်။

( မေမြို့ဘုန်း ကြွယ်ပေမူ )

နေမျိုး သင်္ခယာကိုမုတ္တမရှိတပ်မှူး ပြည်လုံး ငြိမ်၊ နေမျိုး ဥတ္တမသင်္ကြန်၊ နေမျိုး
လက်ဝဲသီဟ၊ နေမျိုး ကျော်ထင်၊ နေမျိုး သူရသင်္ကြန်၊ နေမျိုး ဂုဲကျော်၊ နေမျိုး
သီဟကျော်ထင်၊ သီဟပတေ့ နေမျိုး ကာမဏိ၊ ကျော်စွာနော်ရထာ၊ နေမျိုး
ကျော်ထင်သူရ၊ နေမျိုး သီရိကျော်ခေါင်၊ နေမျိုး ရာဇာသင်္ကြန်၊ ရွှေတောင်
သီရိစည်သူ၊ ဥတိန်ရွှေဘောင်၊ သူရိန်တန်ဆောင်၊ နေမျိုး သီရိကျော်ထင်၊
နေမျိုး သိဳရိစည်သူ၊ နေမျိုး သီရိကျော်စွာ၊ နော်ရထာရဲခေါင်၊ ကျော်ခေါင်
ပျံ့ထင်၊ ရဲလှကျော်ထင်၊ သီရိဥတ္တမကျော်စွာ၊ သီဟကျော်ခေါင်၊ သူရသင်္ကြန်၊
သီဟနန္ဒကျော်ခေါင်၊ သိဒ္ဓိသူရ၊ ဗန္ဓုသူရ၊ အမတ်ဒိန်၊ ဗညားကျမ်းတော၊
သမိန်သံလိုက်၊ မင်းကြီး နန္ဒကျော်ထင်၊ နန်ခုပ်စား ၊ မင်းလှစည်သူတို့အုပ်စု
မုတ္တမမြို့ရှိမြင်း သေနတ်လက်နက်ကိုင် ၁၄၁၆၉၊ မုတ္တမမြို့လက်နက်ကိုင် ၃၀၀၀၊
ကင်းတပ် ၂၅၀၊ မြိတ်ကြောင်းထား ဝယ်ကြောင်း ရှိမဟာသီရိသီဟသူအုပ်စု
မြင်း သေနတ်လက်နက်ကိုင် ၁၃၇၅၆၊ အစုစုမြင်း သေနတ်လက်နက်ကိုင် ၃၁၂၇၅၊
အမြောက် သေနတ် ဆေး ခဲယမ်း လက်နက်ကိရိယာ မျိုး ရိက္ခာ စစ်အင်္ဂါလေး ပါး အ
စုံပေး အပ်၍ဘီလောက်ထား ရိုက်ကြောင်း ယိုး ဒယား မြို့ကိုအသိမ်း အရုံး ခန့်
ထား ချီသွား စေ၊ တပ်စာရင်း ကိုလည်း အတွင်း တော်မှာကူး စေ၊ မဟာသီ
ရိသီဟသူ မှာထား ဝယ်မြို့တွင်စောင့်နေအုပ်ချုပ်စီရင်၍ မျိုး ရိက္ခာ ပေး ပို့စေ၊
မုတ္တမမြို့တွင်ဗိုလ်မှူး နေမျိုး သင်္ခယာကသင့်ရာလူကိုခန့်ထား ၍ စောင့်နေစေ၊
မင်းကြီး မဟာမင်း ခေါင်၊ မင်းကြီး နန္ဒကျော်ထင်၊ မင်း လှစည်သူ၊ ငရွဲတို့
ကိုနောက်လိုက်နောက်ပါနှီး စပ်ရင်း ချာသူတို့နှင့်သာ ရွှေဘဝါး တော်အောက်
လါစေ၊ စာရင်း ကျစာရင်း မကျအမည်ရအမှုထမ်း သေနတ်ကိုင်မြင်း စီး မြင်း
သည်တို့ကို နေမျိုး သင်္ခယာဘပ်တွင်ထမ်း စေ၊ လက်ယာနန္ဒသင်္ကြန်ကိုမုတ္တမမြို့ရှိတပ်
မှူး သီရိနန္ဒကျော်သူ၊ ကာမဏိကျော်ခေါင်၊ ရဲကျော်အာကာ၊ တုရင်ဇေယသူ၊
နေမျိုး လက်ယာသူရ၊ ဥတိန်နော်ရထာ၊ ကျော်စွာစည်သူ၊ လက်ဝဲကျော်စွာ၊
သူရိန်ရဲထင်၊ သူရရဲ၊ ရွှေတောင်စက္က၊ အိန္ဒကျော်စွာ၊ ကျော်ခေါင်စည်သူ၊ ရဲ
ခေါင်သူရန်၊ ရဲခေါင်ကျော်ထင်၊ ဇေယပျံ့ချီသူ၊ ရဲခေါင်သီဟကျော်၊ သီဟဇေယ
ကျော်စွာ၊ ကျော်စကြာရဲခေါင်ကျော်၊ လက်ယာဇေယသင်္ကြန်၊ ကျော်သူဇေတရစ်၊

ရဲစက်ကျော်ခေါင်၊ သီဟကျော်ထင်ကျော်၊ ရဲလှရွှေတောင်၊ သီရိဥတိန်ကျော်သူ၊ လက်ယာရဲခေါင်၊ ရဲခေါင်အိန္ဒသူ၊ ဇလသီဟနော်ရထာ၊ နန္ဒဇလကျော်ထင်၊ သီရိဇလကျော်ခေါင်ထင်၊ ပုံချိရဲကျော်စွာ၊ သီရိရဲခေါင်၊ သိဒ္ဓိဇလကျော်ထင်၊ ဥတိန်ဘီလူး၊ ဇီဝရဲ၊ သီရိသာရကျော်စွာ၊ ရဲခေါင်စတ္တ၊ တေဇကျော်ထင်၊ ဥတိန်ရဲ၊ သီဟသင်္ချယာ၊ ရဲခေါင်ကျော်ထင်၊ အာကာသူရကျော်ခေါင်၊ သီရိရန္တမိတ်ကျော်ထင်၊ ရန်ခွင်သူရ၊ နန္ဒသိင်္ခကျော်ထင်၊ နေမျိုးကာမဏိသကြိန်၊ ဒေဝစတ္တ၊ နန္ဒဇလကျော်ထင်၊ သမန်းပုံထင်ကျော်၊ သမန္တရဲသီရကျော်ခေါင်၊ တုရင်ဒီပသူ၊ တို့အုပ်စုတပ်ပါလက်နက်ကိုင် ၁၀၉၅၃၊ မီး သေနတ် ၃၀၀၀၊ စာခွံ့သေနတ် ၁၀၀၀၊ မြင်း ငါး ရာ၊ အိမ်ရှေ့ပါလင်း ဇင်း ၂၄၀၊ ခင်ဦး သူကောင်း ဖြစ်ထမ်း ၅၀၊ အစုစုမြင်း သေနတ်လက်နက်ကိုင် ၁၅၇၄၃၊ အမြောက်သေနတ် ဆေး ခဲလက်နက်ကိရိယာမျိုး ရိက္ခာပေး အပ်၍ယွန်းဇလင်း ၊ ဇယ်မယ်ကြောင်း ကာဝိလငစဲကျော်တို့နှင့်ဇင်း မယ်၅ရခိုင်မှစ၍ယိုး ဒယား သူပုန်လူဆိုး တို့ကို ချီသွား တိုက်လံစေ၊ မုတ္တမမြို့ရှိ ဆေး ခဲယမ်း သေနတ်မီး ကျောက်မျိုး ရိက္ခာများ ကိုလက်ယာနန္ဒသကြိန်တပ်သို့လုံလောက်အောင်ပေး စေ၊ တပ်စာရင်း ကိုလည်း အထွင်း တော်မှာကူး စေ၊ နန္ဒဝန်ဥယျာဉ်တော်မှာအထက်နီမိတ်သတ်မှတ်သည့်ပန်ကျည်သား များ ကိုအလယ်ထား ၍ဝန်ထောက်နေမျိုး စည်သူမြို့ဝန်တို့ကိုတိုင်း ဘာမှတ်သား စေ။

19 August 1787

(သက္ကရာဇ်) ၁၁၄၉ ခု တော်သလင်း လဆန်း ၇ ရက် နေ့နား ခ
ပြော့ကြီး မှူး ထွင်ပြန်။
( မေမြို့ဘုန်း ကြွယ်ပေမူ )

21 August 1787

3 September 1787

သက္ကရာဇ် ၁၁၄၉ ခု တော်သလင်း လပြည့်ကျော် ၇ ရက် ၂ နေ့ နံနက် ၄ ချက်တီး ကျော်
တနာရီ ၂ ပါဒ် ၁ ၀ ဗီဇနာပြည့်လျှင် လွှတ်တော်သဘင်ခံ တော်မူသင့်ကြောင်း နှင့်ပညာ
ရှိတို့ကအခါစာဆက်သွင်း သည့်အတိုင်း တဲနန်း တော်မှစ၍ စီရင်ရန်ရှိသမျှကိုနှစ်
စဉ့်စီရင်မြဲအတိုင်း စီရင်၊ ပြည်သူပြည်သား တို့ငါး ပါး သီလကိုဝါတွင်း ဝါပ မပြတ်
ဆောက်တည်အပ်သည်၊ ရှေး မင်း ဧကရာဇ်တို့လည်း ဂရုဓမ္မတရား ၅ ပါး ကိုပြည်သူ
ပြည်သား တို့မပြတ် စောင့် ရှောက်မည့်အကြောင်း ကိုနှိုး ဆော်ဆုံး မသည်ဖြစ်သည်၊
ဝါတွင်း ကာလကိုသာ ငါး ပါး သီလကို ဆောက်တည်အပ်သည် မဟုတ်၊ ဝါတွင်း ဝါပအမြဲကျင့်
ဆောက်တည် စေရမည်၊ သီလငါး ပါး ကိုယ်ကျင့်တရား ရှိမှလည်း ပြည်သူလူတကာသတ္တ
ဝါအပေါင်း တို့နတ်ရွာနိဗ္ဗာန်လား မည့်အကြောင်း ဖြစ်သည်၊ သီလငါး ပါး ကိုယ်
ကျင့်တရား မရှိလျှင်အပါယ် လေး ပါး လား မည်အကြောင်း ဖြစ်သည်၊ ရွှေမြို့တော်

7 August 1787

အတွင်း ပြင်မြို့ဝန်စာရေး ကြီး တို့ကြပ်မ၍လဆန်း ငါး ရက် နေ့ ရောက်လျှင်လစဉ်
မပြတ် မောင်း ခတ်၍အမိန့် တော်ကိုဘတ်ပြန်နှိုး ဆော် စေ၊ ရခိုင်ပါတေဇရာမ
ကျောင်း လူ ခေါင်း ငနာသိရာ၊ ငဟာရ၊ ငဆံနာ၊ ငမာလီ၊ ငဆာလီရာ၊ င
ပါဝတ်စာ။ ငအာသူနာလိ၊ ငကော်ရိမာတို့ ၅ စ်အိမ်ထောင်သား ကိုမနှိပ်စက်စေ ဘု
ရား ရှင်မှာလုံခြုံအောင် စောင့် ရှောက်သုတ်သင် စေ၊ သင်း တို့နေရာအရပ်အ
ကွက်ကိုလည်း မြို့ဝန်တို့ကသင့်ရာချထား စေ၊ မြင်း ဝန်ကရွှေဘဝါး တော် အောက်
ဆက်သည့်တလိုင်း တို့ကိုရန် ခေါင်းနင်ဆင် တော်ကိုငါး အိမ်ထောင်၊ ရမည်း သင်း ဆင်
တော်မှာငါး အိမ်ထောင် ပေး စေ။

21 August 1787

(သက္ကရာဇ်) ၁၁၄၉ ခု တော်သလင်း လဆန်း ၉ ရက် နေ့ နား ခံ
ကျော်စွာ နော်ရထာ တင်ပြန်။
( မေမြို့ဘုန်း ကြွယ် ပေ မူ )

24 August 1787

မင်းကြီး ကျော်ထင်မှတ္တမကြောင်း ရှိသွား ရာဆေး ခဲယမ်း လှေဆောင်လှူ လောက်အောင်ပေါင်း တည်မြို့ကလက်နက်ကိုင်လုံလောက်အောင်ပေး ။

22 August 1787

(သက္ကရာဇ်) ၁၁၄၉ ခု တော်သလင်း လဆန်း ၁၀ ရက်နေ့နား ခံပြော့ကြီး မှူး ကိုခေါ်၍ပြန်။

24 August 1787

ဇင်း မယ်ကြောင်း ရှိဗိုလ်မှူး တပ်မှူး တို့ကိုသက္ကရာဇ် ၁၁၄၉ ခု တော်သလင်း လဆန်း ၁၂ ရက်နေ့နား ခံပြော့ကြီး မှူး တွင်ပြန်။

( မေမြို့ဘုန်းကြွယ်ပေမူ )

25 August 1787

1787

သက္ကရာဇ် ၁၁၄၉ ခုနှစ် စစ်လက်နက်ကိုင်မင်း မှူးတော်ခန့်ထား သည်ကိုအမှု တော်ကို ပြေလည် အောင်မဆောင်မရွက်လက်နက်ကိုင်မပြည့်မမီမရသည့်မြို့ရွာ သူကြီး တို့ကိုမဟာဇေယသူရက ရွေး ချယ်၍ စာဆက်သွင်း စေ၊ သင်း တို့ကိုလည်း ဆုံး ရှုံး အောင်စီရင်စေ၊ မဟာဇေယသူရကိုဆင်မ ၂ သနား တော်ခံစေ။

25 August 1787

(သက္ကရာဇ်) ၁၁၄၉ ခု တော်သလင်း လဆန်း ၁၃ ရက် နေ့ညနေ ခံ ကျော်စွာ နော်ရထာ တွင်ပြန်။

( မေမြို့ဘုန်း ကြွယ်ပေမူ )

မဟာဇေယသူရကိုက္ကမ်း ခွက်လဘက်အိုး တကောင်း ဖိတ်ရှစ်ထောင့်ပယင်း တတ်ကွမ်း လိပ်သိုး မြွှာ ရှစ်ထောင့်ပယင်း တတ်ကျိုင်း ဆင်စွယ်ချက်ပြည့်ထား ခွေး မခွေး ငယ်နောက်ဖိတ်ပက္ကမြား စီအိမ်မည်သရီမွမ်း ၊ သံပတ်ရတန့်ပက္ကမြား စီ၊ ရင်ဖျား သက္ကဒန်ငုံခန့်ပက္ကမြား စီဆွဲကြိုး ၊ ပုတရက်ကံတော့လက်ပံကွင်း အနားပက္ကမြား တရစ်စီ၊ စလွယ် ၁၂ သွယ်၊ ထီး နီရွှေညောင်ရွက်သုံး ဆင့်၊ အချက်ရွှေရိုး ရွှေကြိုးဆစ်၊ စည် နီရ၊ ပုံသာ ၁၊ စည်ပုတ် ၁၊ နှဲကြီး ၁၊ နှဲငယ် ၂၊ ခရာ ၁၊ လကွင်း ၁၊ ရွှေနား ထောင်းကြက်ရင်၊ သံလျှင်တလဲ၉ ဝန်း ၊ ဆင်ပေါင်း ဝန်းနက်အချက်ရွှေ၊ ကတောင်ရွှေပြည့်ရေး၊ ကကွက်ရွှေတစုအနီ ၂ စု၊ ဝတ်လုံဘဲဂုံရွှေဖျင်ဒီတဆင့်တပ်၊ မောက်တိုရွှေပိန်း ရွှေကုန်း စိန်တောင်၉၊ ရွှေထိပ်ရွှေထွတ်ငှက်မနား စိန်ပွင့် ၁၂ ပါး ကာနား ကာ မောက်ရှူပါလည်ကွေး ၊ ရှေ့ကာနောံကာကတ္တီပါနီရက်ပြား သတ်၊ မျဉ်း တိုကတ္တီပါစိမ်း ရက်ပြား သတ်၊ မျဉ်း ရှေ့ကတ္တီပါနက်ရက်ပြား သတ်၊ လက်ယာသီဟသက္ကြန်ကိုလဘက်အိုး ဘကောင်း ဖိတ်၊ ကျိုင်း ဆင်စွယ်ချက်ငုံခံ၊ မြင်း ကကိုင်ညောင်ရွက်၅၊ သမ္ဗရာခွံ့ရက် ဖေါက်ကတောင်ဆွဲ၊ ဆက်ပါး ကာရွှေဇာဝါပိန်း နှင်းနင်း သိပ်၊ အိမ် မြွောင်ရင်ပတ်ကွင်း၊ ငွေဇာဝါကတောင်ရွှေရေး စာမရီရုပ်ပန်း ခက်အနား သံငုံရွှေပိန်း ဦး ခက်ထိပ် ဆောင်း မြီးပြန်ရင်ပတ်သက္ကလပ်ကြိုး ရွှေကြယ်တပ်၊ စီး နှီး သက္ကဒန်သက္ကလပ်တင်ရန်းစက်ရွှန်းဥဆင့်သနား တော်မူသည်၊ ကျိုင်း သည်မြို့စောင့်ခန့်ထား သည့်သေနတ်လက်နက်ကိုင်လူတို့ကိုလည်း ရွှေဘဝါး တော်အောက်လာစေ။

25 August 1787

(သက္ကရာဇ်) ၁၁၄၉ ခု တော်သလင်း လဆန်း ၁၃ ရက်နေ့နားခံ ကျော်စွာနော်ရထာ တွင်ပြန်။

( မေမြို့ဘုန်းကြွယ်ပေမူ )

ခင်ဦး ဗိုလ်လက်ယာသီဟသင်္ကြန်စီရင်ရန်သင့်ရန် လျှောက ပေး ။
26 August 1787
(သက္ကရာဇ်) ၁၁၄၉ ခု တော်သလင်း လဆန်း ၁၄ ရက် နေ့ န ၁း
ခံ ကျော်စွာ နော်ရထာ တက္ကင်ပြန်။
( မေမြို့ဘုန်း ကြွယ် ပေမူ )

ဇင်း မယ်ကြောင်း ချိမဟာ ဇေယျသူရတပ်ပါတပ်မှူး စစ်ကဲနား ခံတပ်ရေး မြို့ စုတိုက်စုများ ကလက်နက်ကိုင်တိုက်ရန်စာရင်း များ ကိုမည်သည့်မြို့ရွာကမည်မျှ မည့်သူတပ်တွင်ပါသည်စာရင်း ချုပ်စာရင်း ကျယ်နှင့်သွင်း ။ မှူး တော်မတ်တော် ရပ်စုတွက်စုတအိမ်ဦခံရငွေမြို့ရွာသူကြီး တို့ကတံဆိပ်စာချွန် တော်တွက်ခံရငွေမည် မျှအသုံး မည်မျှကိုလည်း သွင်း ။ ကျော်ထင်နန္ဒစည်သူကိုကွမ်း ခွက်လဘက်အိုး တကောင်း ပိတ်လေး ထောင့်သနား တော်မူသည်၊ မင်းကြီး ကျော်ထင်ချိသွား ရာဆေး ခဲယမ်း သင့်အောင်ပေး ။ သမဏီသံကိုရန်ကုန်မြို့ကပေး စေ၊ သံချက်ဝန်သံတော် ဦး တင်သည့်လှူစုတို့ကိုအကပ်အခိုမမံစေနှင့်၊ အသည်ဝန်ကရအောင်တောင်း၍ သံချက်ဝန်တပ်မှာလိုက်ထမ်း စေ။

28 August 1787

(သက္ကရာဇ်) ၁၁၄၉ ခု တော်သလင်း လပြည့်ကျော်၁ရက် နေ့နား ခံကျော်ရွာနော်ရထာတွင်ပြန်။

( မေမြို့ဘုန်းကြွယ်ပေမူ )

ရွှေတိုက်စိုး စည်သူ ကျော်ထင် သောလှန်ရာမှာ နေရာရှိ လေပြီး သည့်စနည်း နေ တို့ထုံး စံရှိရာသကြိုဟ်စေ။

29 August 1787

(သက္ကရာဇ်) ၁၁၄၉ ခု တော်သလင်း လပြည့်ကျော် ၂ ရက် နေ့နား ခံ ပြော့ကြီး မှူး ထင်ပြန်။

( မေမြို့ဘုန်း ကြွယ်ပေမှူ )

မင်းလှကျော်စွာ၊ မင်းလှကျော်ထင်တို့အထက်အုပ် ဟောင်း ပဒုံသေနတ်နှင့် လက်ယာဝင်း မှူး အုပ်သည့်ပဒိုသေနတ်ကိုတပ်သို့မခေါ်စေနှင့်ရွှေဘဝါး တော်အောက်စောင့်နေစေ။

29 August 1787

(သက္ကရာဇ်) ၁၁၄၉ ခု တော်သလင်း လပြည့်ကျော် ၂ ရက် နေ့ညနား ခံ ပြေဘ့ကြီး မှူး ထွင်ပြန်။

( မေမြို့ဘုန်းကြွယ်ပေမှု )

31 August 1787

3 September 1787

သက္ကရာဇ် ၁၁၄၉ ခု တော်သလင်း လပြည့်ကျော် ၇ ရက် နေ့ နန္ဒဝန် ဥယဉ် တော်သို့ ရေကြောင်း ထွက် တော်မူမည်၊ စီရင်ရန် ရှိသမျှကိုပြီး ပြေ အောင်စီရင်၊ မြင်း ဝန်နှင့် မုတ္တမသို့ ပါသည့် လှေသင်း စုသား တို့ကို ရွှေဘဝါး တော် အောက်အမျှင်လိစေ။

31 August 1787

(သက္ကရာဇ်) ၁၁၄၉ ခု တော်သလင်း လပြည့်ကျော် ၄ ရက် နေ့ညနား ခံ ပြော့ကြီး မှူး ထင်ပြန်။

( မေမြို့ဘုန်း ကြွယ် ပေမှ )

1 September 1787

3 September 1787

သက္ကရာဇ် ၁၁၄၉ ခု တော်သလင်း လပြည့်ကျော် ၃ ရက် နေ့ လှေပွဲသဘင်ထွက်စံ တော်မူမည်မှာ မှူး တော်မတ် တော်တို့ လှော်ကား များ ကိုမြို့ဝန်စီရင်နက်ရပ်စုထွက်စု သား တို့ကိုခန့်၍ လှော်ပြိုင်စေ။

1 September 1787

(သက္ကရာဇ်) ၁၁၄၉ ခု တော်သလင်း လပြည့်ကျော် ၅ ရက် နေ့နား ခံ ကျော်စွာ နော်ရထာကို ခေါ်၍ပြန်။

( မေမြို့ဘုန်း ကြွယ် ပေ မူ )

မင်းလှကျော်စွာ၊ မင်းလှကျော်ထင်တို့မှာအထက်သနား တော်မူရင်း အဆောင် အရွက်အစီး အနင်း ငန်စု နေရာများ ကိုစီရင်စီး နင်း ဆောင်ရွက်မြဲ ဆောင် ရွက်နေထိုင်စေ၊ ပဒုံသေနတ်အပ်ရင်း များ ကိုလည်း အုပ်ချုပ်စီရင်စေ၊ မင်း လှကျော်စွာအုပ်စု သေနတ်ကိုလက်ဝဲဝင်း မှာအိပ်စေ၊ မင်းလှကျော်ထင်အုပ်စု သေ နတ်ကို ရွှေဝင်း မှာအိပ်စေ၊ ရွှေလေး စုမှာ ပိတ်တောလေး မျိုး လက်ယာဒီပကျော် သူကိုဗိုလ်ခန့်၍အုပ်ချုပ်စီရင်စေ။

1 September 1787

(သက္ကရာဇ်) ၁၁၄၉ ခု တော်သလင်း လပြည့်ကျော် ၅ ရက် နေ့နား ခံ ကျော် စွာ နော်ရထာ တွင်ပြန်။

( မေမြို့ ဘုန်းကြွယ် ပေမူ )

1 September 1787

3 September 1787

သက္ကရာဇ် ၁၁၄၉ ခု တော်သလင်း လပြည့်ကျော် ၇ ရက် နေ့ နန္ဒဝန်ဥယဉ် တော်သို့ ထွက် တော်မူမည်၊ ဥယဉ် တော်တွင်သင့်ရာအရပ်မှာ တော်သင့်အောင်တဲနန်း တော် ဆောက်လုပ်၍ ရှိစေ၊ သမ္ဗန်နှင့်ထွက် တော်မူမည်၊ အိမ်ရှေ့ကယဉ် ကျော် လှေလက်ဝဲဝင်း တောင်လုံး လှေခပ်လူတက်လက်အစုံနှင့် လှေ ၄ စင်း ပြည့်မီ အောင် ခန့်ထား ၍သမ္ဗန်ကိုဆွဲ စေ၊ တောင်မဝယ် မြောက်မဝယ်မင်္ဂလာ သေနတ်သား တို့ စီး ရန် လှေတက်အစုံနှင့်လုံ လောက် အောင် ပေး ၊ ဥယဉ် တော်မှာ စိုက်ပျိုး ရန် အတွင်း တော်မှာ ရှိသည့်သစ်ပင်များ ကိုလည်း ဥယဉ် တော် ရောက်ပို့နှင့် စေ။

1 September 1787

(သက္ကရာဇ် ၁၁၄၉ ခု တော်သလင်း လပြည့် ကျော် ၅ ရက် နေ့ညနား ခံ ကျော်စွာ နော်ရထာတွင်ပြန်။

(မေမြို့ဘုန်း ကြွယ် ပေမူ)

2 September 1787

မြို့စား မင်းသား၊ မြင်း မှူး မင်းသား၊ ထီး အသနား တော်ခံရသည့်မှူး တော် မတ်တော်တို့မှာ ထီး ရိုး ၅်လူငယ်ကိုင်၍ မိုး စေ၊ ထီး သနား တော်မခံရသူတို့ မှာ လက်ကိုင်၍ ဆောင်း စေ၊ ဗန်း မော်မြို့မှာ ယခု စော်ဘွား ဆိုသူ ရိုး ရာ မဟုတ်ဖြစ်သည်၊ စော်ဘွား မရှိစေနှင့်၊ အမတ်တို့မှာ ရိုး ရာ မှန်သူကိုမြို့ဝန် ခန့်ထား ရာ နာ ခံ၍ ထုံး စံရှိသည့်အတိုင်း ဆောင်ရွက်စေ၊ ဗန်း မော် စော် ဘွား အမတ်တို့မြို့မှုအတွက် ချေး ယူသည့် ကြွေး မြီ များ ကိုလည်း ကြွေး ရှင်မြီရှင်တို့က ချေး သူ စော်ဘွား အမတ်တို့မှာ မတောင်း မခံ စေနှင့်၊ ဗန်း မော်မြို့တွင် ကောက်ရိုး ခံ ရိုး များ မှာ အစဉ်ထုံး စံရှိသည့်အတိုင်း မြို့ဝန်က ကောက်ခံ၍ ရွှေ ဘဝါး တော် အောက်ဆက်သွင်း စေ။

(သက္ကရာဇ်) ၁၁၄၉ ခု တော်သလင်း လပြည့်ကျော် ၆ ရက် နေ့ [illegible] 2 September 1787
ခံ ပြေ ာ့ကြီး မှူး ထွင်ပြန်။
( မေမြို့ဘုန်း ကြွယ် ပေမူ )

2 September 1787

မြေး တော်စကိုင်း မင်းသား စီး ရန်အလယ်နန်း တော်ဘောင်ကိုဆွဲ လှေငင် လှေနိုင် လောက် အောင်ခန့်၍ နောက်တော်လိုက်စေ။

2 September 1787

(သက္ကရာဇ်) ၁၁၄၉ ခု တော်သလင်း လပြည့်ကျော် ၆ ရက် နေ့နား ခံကို ခေါ်၍ပြန်။

( မေမြို့ဘုန်း ကြွယ်ပေမူ )

5 September 1787

ရေသဘင်နန်းတော်၊ ဇောင်း ကလောကန်တဲနန်းတော်ကိုနန္ဒဝန်ဥယဉ်တော်သို့ ပြောင်း၍ ဆောက်စေ၊ ကုန်ရန်စရိတ်ကိုစာရင်းသွင်း ၊ ပြောင်း၍ ဆောက်ရမည်မှာအလျင်ဆောက်နှင့်သည့်တဲနန်းတော် မြောက်မန်ကျည်းပင်အရှေ့ထွင် ဆောက်စေ၊ တဲနန်းတော်အပါး အနီး သင့်ရာတွင်လူရေထွင်းတူးစေ၊ ရန်ကုန်မြို့မှာ သေနတ်အဘိုး ပေး ရန်ရှိကြောင်း နှင့်မဟာသီဟသူရက ရှိခိုး သံတော်ဦး တင်စာပါသည်၊ သေနတ်ဘိုး ပေး ရန်ခွဲတောင်းသည့်ငွေ ပုသိန်ရန်ကုန် ပေး သည့်ပြင်ကျန်ငွေစာရင်း ကိုလည်း သွင်း ။

5 September 1787

(သက္ကရာဇ်) ၁၁၄၉ ခု တော်သလင်း လပြည့်ကျော် ၉ ရက် နေ့နာခံ ကျော်စွာ နော်ရထာတွင်ပြန်။

( မေမြို့ဘုန်း ကြွယ်ပေမူ )

6 September 1787

ဥပေါ ပြောင်မွန်နာဂဝရဆင်ဖြူတော်ကိုထား မြဲကျွန်း သို့ကူး ပို့စေ။
6 September 1787
(သက္ကရာဇ်) ၁၁၄၉ ခု တော်သလင်း လပြည့်ကျော် ၁၀ ရက် နေ့

နား ခံ ပြော့ကြီး မှူး ထွင်ပြန်။

( မေမြို့ဘုန်း ကြွယ်ပေမူ )

ယင်း တော်မြို့မှာမြို့စား ကကိုယ်စား တော်ပြင်လုပ်သည့်မြို့လယ်ပတ္တမြား ကူ
ဘုရား ကိုဘိနပ်တော်ထိ ရွှေမွမ်း မံစေ။

8 September 1787

(သက္ကရာဇ်) ၁၁၄၉ ခု တော်သလင်း လပြည့်ကျော် ၁၂ ရက် နေ့နား
ခံ ကျော်စွာ ဒနဘ့် ရထာထွင်ပြန်။
( မေမြို့ဘုန်း ကြွယ်ပေမှူ )

လက်နက်ကိုင်မှုကို ပြေကုန် အောင်မြို့ကျိုး ရွာကျိုး ရှိ အောင်မ ဆောင်မ ရွက်သည့်
မြို့သူကြီး တို့ကိုဇာင်း မယ် ကြောင်း ချီသွား ရာ ရှေး ဦး ရှေး ဖျား လိုက်ထမ်း
ပါစေရမည့်အကြောင်း နှင့်မဟာ ဇေယသူရကရှိနိုး သံတော်ဦး တင်သည့်အတိုင်း
အသက်ကိုချမ်း သာ ပေး တော်မူသည်၊ ရှေး ဦး ရှေး ဖျား လိုက်ထမ်း စေ၊ န
န္တဝန်ဥယဉ် တော်မှာနန်း တော်နှင့်လွတ်ကင်း ရာပန်း သစ်ပင်များ ကိုစိုက်
ပျိုး စေ။

(သက္ကရာဇ်) ၁၁၄၉ ခု တော်သလင်း လပြည့်ကျော် ၁၃ ရက် နေ့ည [9 September 1787]
နား ခံ ကျော်စွာ နော်ရထာ တွင်ပြန်။
( မေမြို့ဘုန်း ကြွယ် ပေမူ )

12 September 1787

16 September 1787

သက္ကရာဇ် ၁၁၄၉ ခုသတင်း ကျွတ်လဆန်း ၅ ရက် နေ့ဆီမီး မြင်း မိုတည်လုပ်မြဲတည်

19 September 1787

လုပ် စေ၊ ၄င်း ၈ ရက် နေ့ဆင်ယဉ်မြင်း ယဉ် လှော်ကား လှေယဉ်သဘော် လှေ

ယဉ် ရွှေတိုက်ပုဆိုး တိုက် ကြေး တိုက်စပါး ကျီဆန်ကျီ မှစ၍ နှစ်စဉ်လုပ် ဆောင်ရသည့်

အတိုင်း အလုပ်အဆောင် ကောင်း သည်မကောင်း သည်ကို ရှေ့ရုံး တော်သို့ပြသကြည့်

19 September 1787

ရှုမြဲကြည့်ရှုစေ၊ ၄င်း လဆန်း ၈ ရက် နေ့ကစ၍ ဝင်း တော် လေး မျက်နှာ ရွှေဆင်

25-27 September 1787

ပွဲ စည်ပင် အောင် ခံမြဲခံ စေ၊ သတင်း ကျွတ်လအခါ ၃ ရက်ပွဲသဘင် ခံ၍ဆီမီး တန်

ဆောင်ညှိထွန်း ပူဇော်ရမည်မှာ မဟာမုနိ အောင်၊ မြေ လောက၊ စည်း ခုံ တော်၊

ဆင်ကြိုး ရွှေကူ၊ ရွှေကွန်အုပ်၊ ရွှေစကား ၊ ရွှေလင်း ပင်၊ မန္တလေး ဆု တောင်း

ပြည့်ကူကြီး ၊ ရွှေဂူဘုရား ရှင်များ မှာအကြီး အကြပ်ခန့်၍ ပွဲသဘင်စည်ပင် အောင်

1 October 1787

ခံ စေ၊ ၄င်း လပြည့် ကျော် ၅ ရက် နေ့ နေ့လည်အနောက်အတွင်း တော်မှာဆီမီး

မြင်း မိုတည်လုပ်မြဲတည်လုပ်၍ ပူဇော်မြဲပူဇော် စေ၊ ဝါကျွတ်ကန် တော့ခံ တော်မူ

မည်မှာ စော်ဘွား မြို့စား တပ် ပေါင်း စား တို့ကိုစစ် ရေး မင်း မှူး ဆောင်ရွက်

ရသည့်အနိုက်ဖြစ်သည်၊ မနှိုး မဆော်သာ၊ မင်း ညီမင်း သား မှူး တော်မတ်တော်

နေရာနေ၊ နေရာလွတ်နေ၊ နှီး ကောက် နေ၊ အမည်ရမြင်း ကြီး မြင်း ခေါင်း

သင်း မှူး ဒိုင်း မှူး သွေး သောက်ကြီး ကျေး စား ရွာစား စာရေး စာချီတို့ကို

စေ့နှံ့အောင် ဆော်၍ကံ တော့လက် ဆောင် တော်ဆက်မြဲဆက် စေ၊ မင်း ညီမင်း သား

မှူး တော်မတ် တော်တို့မှာသနား တော်မူသည့်အဆောင်အစီး အနင်း ကျိုင်း ထမ်း

စင်၊ ဆင်မြင်း ဝတ် ကောင်း နား တောင်း နှင့်တက်မြဲတက် စေ၊ ရွှေဘလား ခါ

သာကံ တော့ပြင်၊ ကျန် ဖျင်ကံ တော့ မှူး မတ်တို့မှာ ဖျင် ကောင်း ကိုကံ တော့ စေ၊ သူ

ငှဲဝန်မင်း လှ ကျော်စွာ မယား ကိုမှား ယွင်း သူငတလုပ် နှင့်မယား မိနော်တို့

လည်ထွင်ပျဉ်စက်စွပ်ပြီး လျှင်သုဘရာဇာကိုအပ်၍ အဝတ်မကပ်သုတ်သန်စရပ်မှာ

ထင်ရှား အောင်ထား ၊ လာရောက်သမျှလူတို့ကိုလည်း ကြည့် စေ။

12 September 1787

(သက္ကရာဇ်) ၁၁၄၉ ခုသတင်း ကျွတ်လဆန်း ၁ ရက် နေ့နား ခ

ပြော့ကြီး မှူး ထွင်ပြန်။

(မေမြို့ဘုန်း ကြွယ်ပေမူ)

13 September 1787

မိနော်ကို ထောင်ချင့်မှာဖြည့်၊ ငတလုပ်ကိုဆင်စာရိတ်မှာဖြည့်၊ ငတလုပ်အဘကို လည်း လူဆိုး မျိုး ရင် စာ ထိုး၍ဆိုင်ရာထမ်း ရွက်စေ။

13 September 1787

(သက္ကရာဇ် ၁၁၄၉ ခုသတင်း ကျွတ်လဆန်း ၂ရက်နေ့နား ခံ ကျော်စွာနော်ရထာကို ခေါ်၍ပြန်။

(မေမြို့ဘုန်းကြွယ်ပေမူ)

14 September 1787

15 September 1787

သက္ကရာဇ် ၁၁၄၉ ခုသတင်း ကျွတ်လဆန်း ၄ ရက် စနေနေ့ နေ့ ၂ ချက်တီး ကျော် ရနာဂီတပါဒ်ဗီဇနာပြည့် ၂ ပြန် ဂ ခရာပြည့်လျှင်ပွဲတော်ချက်သွေး သောက် လတ်ဘွဲ့သင့်ကြောင်း နှင့်ပညာရှိတို့အခါစာဆက်သွင်း သည့်အတိုင်း ငအောင်ချမ်း၊ ငဖျော်၊ ငသာဒွန်း အောင်၊ သာဓဗန္ဓု၊ ငကျော်စံ၊ ငမြတ်သာကြီး၊ ငသာစံ၊ ငအိုလည်၊ ငခွေး၊ ငသာရ၊ ငသာအောင်၊ ငပြစ်တော်၊ ငငြိမ်း၊ ငငယ်၊ ငမြတ်ထွေး၊ ငသူ၊ ဇေတုသူ၊ ဇေတုသာ၊ ငရွှေကို၊ ငအောင်ထွန်း၊ ငကျော် ထင်၊ ငစော်ဘွား၊ ငကြာ၊ ငရွှေအင်း၊ ငအောင်ပု၊ ငထွန်းသာအောင်၊ ငပြည့်ထွန်း၊ ငဝက်၊ ငပိုးစီ၊ ငဖဲ၊ ငမြတ်သာတို့နှင့်လူပေါင်း ၃၁ ကိုငအောင် ချမ်းကိုသွေးသောက်ကြီး ခန့်၍အထွင်း သွေးသောက်နှင့်ရည်တူပွဲတော်ချက်သွေး သောက်လတ်အဖွဲ့ဦး ရေသား မယား အသက်နေ့နံစာရင်း ကိုလည်း သွင်း၊ ငပန်း၊ ငညို၊ ငစု၊ ငမြတ်စံ၊ ငညိုသလေး၊ ငမြတ်သာ၊ ငထောင်၊ ငမြတ်ထွန်း၊ ငညို၊ ငကြိုက်၊ ငညို၊ ငမလီ၊ ငရွှေလု၊ ငဟန်စု၊ ငထော်၊ ငတကိုတို့နှင့်လူပေါင်း ၁၆ တို့ကိုလည်း တန်းစောင့်ထမင်း ချက်ခန့်၍စား တော်ကဲတို့နှင့်ထမ်း ရွက်စေ။

14 September 1787

(သက္ကရာဇ်) ၁၁၄၉ ခုသတင်း ကျွတ်လဆန်း ၃ ရက်နေ့နာ ခံပြော့ ကြီး မှူး နေမျိုး သကြိန်ထွင်ပြန်။

( မေမြို့ဘုန်း ကြွယ်ပေမူ )

အနောက်အတွင်း တော်မှာရှိသည့်မီး နေအိမ်ကိုလုံခြုံအောင်မိုးကာစေ၊ ဇောင်း ကလောကန်တော်ကန်ရိုး ဇောင်း ကလောကန်ကကျုံး တော်သို့ဝင်သည့်ပြွန်မြောင်း များ ကိုပြင်စေ။

14 September 1787

(သက္ကရာဇ်) ၁၁၄၉ ခုသတင်း ကျွတ်လဆန်း ၃ ရက်နေ့နား ခ ပြော့ကြီး မှူး ထွင်ပြန်။

( မေမြို့ဘုန်း ကြွယ်ပေမှု )

15 September 1787

ရတနာသိင်္ဃမြို့တော်ပတ်လည်လယ်တော်များကို ငွေရည်နှင့်သင့်ရာလူကိုခန့်၍ပယ်နယ်တွင် ရေမိုးကျလုပ်သားတို့စာရင်းများကိုသိသာသေချာအောင် စစ်ကြော၍သွင်း၊ ငတလုပ်ကိုအကျည်းထားမြဲထား၊ သင်းမိဘတို့ကိုလည်းအလျှင်ရောက်အောင်ခေါ်သိမ်းစေ။

15 September 1787

(သက္ကရာဇ်) ၁၁၄၉ ခုသတင်းကျွတ်လဆန်း ၄ ရက်နေ့နားခံကျော်စွာနော်ရထာတွင်ပြန်။

( မေမြို့ဘုန်းကြွယ်ပေမူ )

15 September 1787

တောင်ဘက်ကိုး ခရိုင်ဆည် တော် မြောင်း တော်မ ကောင်း ဟောင်း နှမ်း ယိုယွင်း သည်မှာစီး ပွား တော်အများ ဖြစ်သည်၊ မင်း မိဘုရား မင်း ညီမင်း သား မျိုး တော်မတ် တော်တို့လုပ်သား ကျေး ကျွန်မည်သည့်အစုအမှုထမ်း မဆိုဆည် ရေ သောက်လူတို့ကို ကျောက်ဆည်ဝန် ကျောက်ဆည်စာရေး တို့ကကြပ်ကြပ်တည်း တည်း ခန့်ထား စီရင်၍ဆည် တော် မြောင်း တော်နိုင်လုံ အောင်ပြင်ဆင်လုပ် ဆောင် စေ။

15 September 1787

(သက္ကရာဇ်) ၁၁၄၉ ခုသတင်း ကျွတ်လဆန်း ၄ ရက် နေ့ညနား ခံ ကျော်စွာ နော်ရထာတွင်ပြန်။

(မေမြို့ဘုန်း ကြွယ်ပေမူ)

15 September 1787

အိမ်ရှေ့မှာ ဒေဝသူရန်၊ ဒေဝသာလွ၊ ငရွှေစံ၊ ငမည်၊ ငသာထွေး၊ ငသွန့်၊ ငရွှေထွန်း၊ ငပု၊ ငပိုက်၊ ငချင်း၊ ငကလား၊ ငမှူး၊ ငငြိမ်း၊ ငပုဝ်၊ ငတုတ်၊ ငကောင်း၊ ငသူ၊ ငမြတ်၊ ငပန်းညို၊ ငတိုး၊ ငစံ၊ ငရွှေရောင်၊ ငအောက်၊ ငသာခွေး တို့နှင့်လူပေါင်း ၂၄ တို့ကို ဒေဝသူရန်ကို သွေး သောက်ကြီး ခန့်၍ အိမ်ရှေ့ပွဲ ချက်သွေး သောက်ဖွဲ့။

15 September 1787

(သက္ကရာဇ်) ၁၁၄၉ ခုသတင်း ကျွတ်လဆန်း ၄ ရက်နေ့နား ခံ ပြော့ကြီး မှူး ကို ခေါ်၍ပြန်။

( မေမြို့ဘုန်း ကြွယ်ပေမူ )

17 September 1787

နှစ်ဆဦးစဒ္ဒိနတ်ပူဇော်မြဲမှာ ရှစ်ပါး ပုဏ္ဏား အစုကပူဇော်မြဲပုဏ္ဏား ကိုရွေး ခြယ်၍ပူဇော်စေ၊ တပြည်း ကျသောင်း တောင်ကျေး ရွာကရင်တို့မှာသျှိုင်မြို့ စား လျှောက်ထား ချက်ကို ထောက်၍ ငွေခွန်စာရေး ငွေခွန်မှူး တို့ကမခန့် မထား မခေါ် မသိမ်း စေနှင့်၊ သျှိုင်မြို့စား လျှောက်ချက်အတိုင်း တဝတည်း ထမ်း ရွက်စေ။

17 September 1787

(သက္ကရာဇ်) ၁၁၄၉ ခုသတင်း ကျွတ်လဆန်း ၆ ရက်နေ့နား ခံ ကျော်စွာ နော်ရထာ တွင်ပြန်။

( မေမြို့ဘုန်း ကြွယ်ပေမူ )

19 September 1787

20 September 1787

သက္ကရာဇ် ၁၁၄၉ ခု သတင်း ကျွတ်လဆန်း ၉ ရက် နေ့ဆင်ကျုံး တော်သို့ထွက် တော်မူ မည်၊ နောက် တော်လိုက်ဝင်း ခင်း ရှေ့တပ် နောက်တပ်အစောင့် အနေမှ စ၍ စီရင်မြဲ စီရင်။

19 September 1787

(သက္ကရာဇ်) ၁၁၄၉ ခု သတင်း ကျွတ်လဆန်း ၈ ရက် နေ့နား ခ ကျော်ဖွာ နော်ရထာကို ခေါ်၍ပြန်။

( မေမြို့ဘုန်း ကြွယ်ပေမူ )

21 September 1787

မင်း လှစည်သူကို ထောင်မှာထား ၊ မုတ္တမက ရွှေဘဝါး တော်အောက် ခေါ်ခဲ့
သည့်အမည်ရအမှုထမ်း မြင်း သေနတ်လက်နက်ကိုင်လူတို့ကိုလည်း အပ်စေ။

21 September 1787

(သက္ကရာဇ်) ၁၁၄၉ ခုသတင်း ကျွတ်လဆန်း ၁၀ ရက် နေ့ညနား ခါ
ကျော်စွာ နော်ရထာ တွင်ပြန်။
( မေမြို့ဘုန်း ကြွယ်ပေမူ )

အရပ်ရပ်ထုံး အင်း အိုင်ဆည် မြောင်း ကန် ချောင်း ကုန်း ကျင်း လုပ်ဆောင် ကောင်း သမ္ဘာမရင်း ကောက်တည် ပြောင်း ပဲလူး ဆတ်မျှား ကိုအလွတ်အလပ်မ ရှိစေရလုပ်ဆောင်စေရမည့်အကြောင်း နှင့်အထက်အမိန့်တော်ရင်း အတိုင်း နှိုး ဆော် စေ။

21 September 1787

(သက္ကရာဇ်) ၁၁၄၉ ခုသတင်း ကျွတ်လဆန်း ၁၀ ရက် နေ့နား ခံ ကျော်စွာနော်ရထာတွင်ပြန်။

(မေမြို့ဘုန်း ကြွယ်ပေမူ)

22 September 1787

နေမျိုး ဂုဏ္ဏကျော်သူသည်အမှုတော်ကိုကျိုး စား အား ထုတ်ထမ်း ရွက်သူဖြစ်သည်၊ ဆွေသား မျိုး သား ငနု၊ ငရ၊ မိလှ၊ မိတော၊ ငပွင့်ကျော်၊ ငအောင်ဖြူ၊ တေဇာဝဏ္ဏ၊ ငသာနိုး နှင့်၅၊ ငအိုလည်နှင့်၃၊ ငထင်၊ ငမွေး အောင်၊ မိငြိမ်း၊ မည်သူတို့နှင့်၁ရအိမ်ထောင်ကိုအစုကနှုတ်၍ နေမျိုး ဂုဏ္ဏကျော်သူနှင့်ထမ်း ရွက်စေ။

22 September 1787

( သက္ကရာဇ် ) ၁၁၄၉ ခုသတင်း ကျွတ်လဆန်း ၁၁ ရက်နေ့နား ခဲ

ပြော့ကြီး မှူး ထွင်ပြန်။

( မေမြို့ဘုန်း ကြွယ်ပေမူ )

ရွှေမြင်မိဆရာတော်မှာသတင်း သုံး နေမြဲတိုက်ထွင်သတင်း သုံး နေနှင့်စေ၊ ကျောင်း ပရဝန်အတွင်း နေသည့်အိမ်များ ကိုလည်း ပြောင်း စေ၊ ဝန်တို့ကအတွင်း ဝန်တို့သို့ဆင့်၍ ရှိခိုး သံတော်ဦး တင်သည့်အတိုင်း ထီး လင်း မြို့မှာငမြတ်စံကိုကြီး စိုး စေ၊ င ရွှေမြတ်ကိုအထက်တံဆိပ်စာချွန်ကိုသိမ်း ၍သွင်း ။

23 September .1787

(သက္ကရာဇ်) ၁၁၄၉ ခုသတင်း ကျွတ်လဆန်း ၁၂ ရက် နေ့နာဏ်း ခါ ကျော်စွာ နော်ရထာ တွင်ပြန်။

( မေမြို့ဘုန်း ကြွယ်ပေမူ)

ကျွန်း လှဆည် မြောင်း မတော် ရေသွား ရေလာကျဉ်း၍ဆည်တော်က ရေ၊ ဆည်
ရေ အောင်ပင်လယ်ကန်သို့အ ပေါက်အ ရောက်နည်း သည်၊ မြောင်း မတော်ကိုအ
နံသုံး တာ ချ၍ မြောင်း ဘောင်ကိုမဘိတ်မလျှံရ အောင်အုန်း ကျွန်း၊ ငှက်ကြီး သိုက်၊
အုန်း ကြော၊ ရက်မန်း၊ ရက်သား၊ ရဲကြောင်၊ ဓိုး ပြိုက်၊ နက်ချိုင့်၊ ဆင်ခေါင်း၊ ဝက်
ဝံ၊ မုန်တော၊ ကင်းတုံ၊ ပယ်၊ မြို့သစ်၊ ညောင်နီပင်၊ ရွှေစာရံ၊ ဇရစ်ပင်၊
ပြင်ဦး၊ လက်ပံ ကျေး ရွာများ နှင့်ဆည်တော် မြောင်း တော် အောင်ပင်လယ်
ရေ သောက်ဆည်ဖို့လုပ် ဆောင်မြဲ ကျေး ရွာများ ကိုမည်သသူအမှုထမ်း လူစုအဆိုခန့်
ထား နှိုး ဆော်၍ဆည်ဖို့တူး လုပ်စေ။

24 September 1787

( သက္ကရာဇ်) ၁၁၄၉ ခုသတင်း ကျွတ်လဆန်း ၁၃ ရက် နေ့နား ခံ
ပြော့ကြီး မှူး ထွင်ပြန်။
( မေမြို့ဘုန်း ကြွယ် ပေမူ )

24 September 1787

ဝါကျွတ်ကံတော့မှာ အိမ်ရှေ့မင်းကို နေရာသို့တက်၍ကန်တော့မြဲကန်တော့စေ၊
ထီးလင်းမြို့စား က တော်ကိုရန်ကုန်သို့သွား လိုလျှင်သွား စေ။

24 September 1787

(သက္ကရာဇ်) ၁၁၄၉ ခုသတင်းကျွတ်လဆန်း ၁၃ ရက်နေ့ညနား
ခံပြေ့ကြီး မှူး ထွင်ပြန်။
( မေမြို့ဘုန်းကြွယ်ပေမူ )

25 September 1787

အနောက်ဝန်ဝန်စုဆူး ပန်း တော်လုပ်အသန့်ကိုင်အသုံး တိုက်ထမ်း စင်ပသီကု
လား တို့မှာအနောက်ဝန်တို့လျှောက်ချက်ကိုထောက်၍ဇင်း မယ်ကြောင်း ချီဗိုလ်
မှူး မဟာဇေယသူရကမှတ်ချက်စာနှင့်လွှတ်ထား ခဲ့သည်မှန်လျှင်စစ်လက်နက်ကိုင်
မခန့်မထား စေနှင့်လွှတ်စေ။

25 September 1787

( သက္ကရာဇ် ) ၁၁၄၉ ခုသတင်း ကျွတ်လဆန်း ၁၄ရက် နေ့ညနား
ခံ ကျော်စွာ နော်ရထာ ထွင်ပြန်။
( မေမြို့ဘုန်း ကြွယ် ပေမူ )

29 September 1787

လမှိုင်း ဝန်ကို တောင်ဘက်တိုက်ဝန်နှင့်အတူ ခြေကျင်း တပ်၍ထား ။

29 September 1787

(သက္ကရာဇ် ၁၁၄၉ ခု) သဘင်း ကျွတ်လပြည့်ကျော် ၃ ရက် နေ့နား

ခံ ပြေ ဘ့ကြီး မှူး တွင်ပြန်။

( မေမြို့ဘုန်း ကြွယ် ပေမူ )

29 September 1787

မဟာ ဒါန်တိုက် ဝန်ကို ထောင်မှာအကျည်း ထား ။

29 September 1787

(သက္ကရာဇ် ၁၁၄၉ ခုသတင်း ကျွတ်) လပြည့်ကျော် ၃ ရက် နေ့နား
ခံ ကျော်စွာ နော်ရထာ တွင်ပြန်။
( မေမြို့ဘုန်း ကြွယ် ပေမူ )

30 September 1787

မဟာဒါန်တိုက်ဝန်ကိုချမ်းသာပေး တော်မူသည်၊ အကျဉ်းကလွှတ်။

30 September 1787

(သက္ကရာဇ်) ၁၁၄၉ ခုသတင်းကျွတ်လပြည့်ကျော် ၄ ရက် နေ့နားခံ ကျော်စွာနော်ရထာကို ခေါ်၍ပြန်။

(မေမြို့ဘုန်းကြွယ်ပေမူ)

2 October 1787

မုတ္တမမြို့မှာ စန္ဒေဝ သော်ကို စောင့်နေစီရင်စေရမည့်အကြောင်း နှင့်မင်းကြီး ကျော်ထင်ကိုမှာ၊ ဓဝယ်မြို့ဝန်ပုံချိုသူရကို ဓဝယ်မြို့ဝန်အရာနှင့် မစီရင်စေနှင့်၊ မဟာသီရိသီဟသူကတဝတည်း ဓဝယ်မြို့မြိတ်မြို့တနင်္သာရီမြို့များ ကိုစီရင်စေ၊ 1785

မုတ္တမမြို့ ဓဝယ်မြို့များ က (၄၇) ခု (၄၈) ခု နှစ်လက်နက်ကိုင်လား ရောက်သမျှလူ 1786

တို့ကိုစစ်ကြော၍ ရဲခေါင် ကျော်ထင်၊ ရန်ကျော် ရဲခေါင်၊ ဒေဝကာ မဏိတို့တွင်အပ်၍ မင်းကြီး ကျော်ထင်တပ်သို့သွား စေ။

2 October 1787

